VICTIM ASSISTANCE CENTER

# Victim Assistance Center (VAC)

အမှတ် (၂)၊ ဗိုလ်ချုပ်လမ်း၊ ဝင်းကြီးရပ်ကွက်
မိခင်နှင့် ကလေးကျန်းမာရေးဌာနအရှေ့
ကော့ကရိတ်မြို့၊ ကရင်ပြည်နယ်

HANDICAP INTERNATIONAL

Myanmar Physically Handicapped Association M.P.H.A Established in 2002

unicef

# အချက်အလက်စာစောင်များ

## ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်း (VICTIM ASSISTANCE – VA)နှင့်စပ်လျဉ်း၍ထားရှိသော တာဝန်ခံချက်များအား မည်ကဲ့သို့ အကောင်အထည်ဖော် ဆောက်ရွက်မည်နည်း။

မြေမြှုပ်မိုင်းများအား တားမြစ်ပိတ်ပင်ခြင်းဆိုင်ရာစာချုပ် (သို့မဟုတ်) စစ်လက်နက်ပစ္စည်းများ အစုအပြုံလိုက် ထားရှိခြင်းနှင့်စပ်လျဉ်းသော သဘောတူစာချုပ် အောက်တွင်ပါဝင်သော တာဝန်ခံချက်များ



ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ၏ လူနေမှုဘဝအရည်အသွေး တိုးတက်စေမည့် လုပ်ဆောင်ချက်များဖန်တီးပေးခြင်း

HANDICAP INTERNATIONAL

## နိဒါန်း

မြေမြှုပ်မိုင်းများ/စစ်အကြွင်းအကျန်ပေါက်ကွဲပစ္စည်းများ (ERW) ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အကူအညီပေးရန်မှာ မြေမြှုပ်မိုင်းများအား တားမြစ်ပိတ်ပင်ခြင်းဆိုင်ရာစာချုပ် (MINE BAN TREATY – MBT) နှင့် စစ်လက်နက်ပစ္စည်းများ အစုအပြုံလိုက်ထားရှိခြင်းနှင့် စပ်လျဉ်းသောသဘောတူစာချုပ် (CONVENTION ON CLUSTER MUNITIONS – CCM) များတွင် ပါဝင်သောအဖွဲ့ဝင်နိုင်ငံများ၏ မဖြစ်မနေ ထမ်းဆောင်ရမည့် တာဝန်ဖြစ်သည်။ ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်း (VA) နှင့် စပ်လျဉ်း၍ထားရှိသော တာဝန်ခံချက်များ၊ အထူးသဖြင့် ဘေးဒုက္ခကျရောက်သူများ၏ လူနေမှုဘဝအရည်အသွေး တိုးတက်မြင့်မားလာစေရေးအားထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်မည်ဟု အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကာတာဂျီနာ (CARTAGENA) လုပ်ငန်းစဉ် နှင့် ဗီယန်တီယိန်း (VIENTIANE) လုပ်ငန်းစဉ်များ တွင် တိတိကျကျ ကတိပြုထားပါသည်။ ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်သည် မိုင်းများ/စစ်အကြွင်း အကျန်ပေါက်ကွဲပစ္စည်းများမှ အသက်ရှင်ကျန်ရစ်သူများ အပါအဝင်မသန်စွမ်းသူများအားလုံး၏ လိုအပ်ချက်များအားဖော်ထုတ်ရန်နှင့် အခွင့်အရေးများရရှိရန်အတွက် ဘက်စုံပြည့်စုံသောမူဘောင်ကို ဖော်ဆောင်ပေးသည်။ အင်ချွန်း (INCHEON) မဟာဗျူဟာကဲ့သို့သော ဒေသဆိုင်ရာမသန်စွမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းမူဘောင်များသည် အာရှ၊ပစိဖိတ်ဒေသနှင့် အာဖရိကဒေသများရှိ မသန်စွမ်းသူများ အတွက်လည်း "အခွင့်အရေးအစစ်အမှန်များ ပေါ်ပေါက်လာစေရန်" ရေးဆွဲထားခြင်းဖြစ်ပါသည်။

## ဤအချက်အလက်စာစောင်များ၏ ရည်ရွယ်ချက်

ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်းဆိုင်ရာ အချက်အလက်စာရွက်များကို HANDICAP INTERNATIONAL (HI) မှ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်းဆိုသည်မှာ မည်သည့်နည်းလမ်းနှင့် မည်ကဲ့သို့သော တိကျခိုင်မာသည့် လုပ်ဆောင်ချက်များအသွင်ဖြင့် မိုင်းများ/စစ်အကြွင်းအကျန်ပေါက်ကွဲပစ္စည်းများ (ERW)မှ အသက်ရှင် ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ၏ လူနေမှုဘဝအရည်အသွေး တိုးတက်မြင့်မားလာစေရန် ဖြစ်နိုင်ချေ ရှိမည်နည်း အစရှိသည့် တိကျပြတ်သားသော သတင်းအချက်အလက်များကို ပေးဝေနိုင်ရန်ရည်ရွယ်ထားခြင်းဖြစ်သည်။ ဤအချက်အလက်စာစောင်များသည် မိုင်းများ/စစ်အကြွင်းအကျန် ပေါက်ကွဲပစ္စည်းများကြောင့် ထိခိုက်ခံရသောအဖွဲ့ဝင်နိုင်ငံများ၊ အကူအညီပေးနိုင်သော အဖွဲ့ဝင်နိုင်ငံများ၊ အသက်ရှင်ကျန်ရစ်သူများနှင့် အခြားမသန်စွမ်းသူများ အဖွဲ့အစည်းများ၊ အခြားလူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အတွက် ရည်ရွယ်ပါသည်။

## အသုံးပြုသည့်နည်းလမ်းများ

အချက်အလက်စာစောင်များသည် လက်ရှိတွင်ရှိပြီးသားဖြစ်သော ပုံနှိပ်ထုတ်ဝေထားသည့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ လူထုအခြေပြု ပြန်လည်ထူထောင်ရေးလမ်းညွှန်ချက်များ၊ HIမှ ကဏ္ဍအလိုက်နှင့် နိုင်ငံအလိုက်ထုတ်ဝေထားသောစာတမ်းများ၊ လူတိုက်မိုင်းတားဆီးရေး သဘောတူစာချုပ် အကောင်အထည်ဖော်ပံ့ပိုးရေးအဖွဲ့ (ANTI-PERSONNEL MINE BAN CONVENTION IMPLEMENTATION SUPPORT UNIT), အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ အသင်း (ICRC) အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းများမှ စာတမ်းများအပါအဝင် ဘေးဒုက္ခ ကျရောက်သူများအား အကူအညီပေးခြင်း၊ မသန်စွမ်းခြင်းနှင့် အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ စာတမ်းများအား ပြန်လည် သုံးသပ်၍ ထုတ်လုပ်ထားခြင်းဖြစ်သည်။ နည်းပညာဆိုင်ရာ တုံ့ပြန်အကြံပြုချက်များကိုလည်း HI၏ နည်းပညာအကြံပေး ပုဂ္ဂိုလ်များနှင့် ကွင်းဆင်းလုပ်ဆောင်သောအဖွဲ့(နယ်ရုံး)များ၏ ပူးပေါင်းပါဝင်ခြင်းဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မိုင်းများ/စစ်အကြွင်း အကျန် ပေါက်ကွဲပစ္စည်းများကြောင့် ထိခိုက်ခံရသောနိုင်ငံများမှ အသက်ရှင်ကျန်ရစ်သူများ၊ အခြားသောမိတ်ဖက် အဖွဲ့အစည်းများနှင့်လည်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ သို့ရာတွင် အချက်အလက် စာစောင်တွင် နောက်ဆုံးပါဝင်မည့် အကြောင်းအရာများမှာမူ HI၏ အဓိက တာဝန်ဖြစ်ပြီး ထိုစာစောင်များတွင် HI အဖွဲ့၏ မူဝါဒများနှင့် အလေ့အကျင့်များအားထင်ဟပ်စေပါသည်။

## အချက်အလက်စာစောင်များအား ခြုံငုံသုံးသပ်ချက်

ဤစာစောင်အစုအဝေးတွင် အချက်အလက်စာစောင်ပေါင်း ၁၂စောင်ပါဝင်ပါသည်။ စာစောင်များအနက်မှ ၆စောင်မှာ ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်းနှင့် အပြည့်အဝသက်ဆိုင်သော သီးခြားကဏ္ဍတစ်ခုချင်းစီ (သို့) အများပြည်သူဆိုင်ရာမူဝါဒနယ်ပယ်များအား ဖော်ပြထားပြီး ကျန်၆စောင်မှာ  ကဏ္ဍများ/နယ်ပယ်များအားလုံးနှင့် ဆက်စပ်သက်ဆိုင်သော  ကိစ္စရပ်များအားဖော်ပြထားပါသည်။ မတူကွဲပြားသော မူဘောင်များအကြားတွင် သဟဇာတမှုပိုမိုရှိစေရန် စာစောင်တစ်ခုခြင်းစီအား ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများနှင့် ၄င်းကိစ္စရပ်များနှင့် အချိတ်အဆက်ရှိစေရန် ပြုလုပ်ထားပါသည်။ ဤချဉ်းကပ်မှုနည်းလမ်းသည် ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်းနှင့် အခြားသော ဖွံ့ဖြိုးတိုးတက်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း တို့အကြားတွင် လုပ်ဆောင်ပြီးဖြစ်သော မလိုအပ်သည့်အားစိုက်ထုတ်မှုများနှင့် ကွာဟချက်များအား ထပ်မံလုပ်ဆောင်မိခြင်းမှရှောင်ရှားရန်၊ တူညီသော အစပျိုးလုပ်ရှားမှုများကြား ချိတ်ဆက်ဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် အရင်းအမြစ်များအား အကျိုးရှိစွာအသုံးချခြင်းကို ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။  ပို၍အရေးကြီးသည်မှာ ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်း လုပ်ငန်းများအား လူတိုင်းအကျုံးဝင်သော ဖွံ့ဖြိုးတိုးတက်ခြင်းလုပ်ငန်းများနှင့် ပေါင်းစပ်လုပ်ဆောင်ခြင်းဖြင့် မိုင်းများ/စစ်အကြွင်းအကျန် ပေါက်ကွဲပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများ၏လူနေမှုဘဝအရည်အသွေးမြင့်မားစေရန်  ဆောင်ရွက်ရာတွင် ပိုမိုသိသာထင်ရှားပြီး ရေရှည်တည်တံ့မည့်  တိုးတက်မှုရလာဒ် များကို  ရရှိမည်ဖြစ်သည်။  ၄င်းမှာ ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်း၏ အဓိကပန်းတိုင်ပင် ဖြစ်သည်။

## # ဤအချက်အလက်စာစောင်များတွင် ပါဝင်သော **ခေါင်းစဉ် ၁၂ ခုမှာ -**

| ကဏ္ဍများ/အများပြည်သူဆိုင်ရာမူဝါဒနယ်ပယ်များ | ကဏ္ဍများ/နယ်ပယ်များအားလုံးနှင့် ဆက်စပ်သက်ဆိုင်သော ကိစ္စရပ်များ |
|---|---|
| ၁ ကျန်းမာရေးစောင့်ရှောက်မှု | ၇ လုပ်ပိုင်ခွင့်ပေးခြင်း/ ပံ့ပိုးမှုပေးခြင်း |
| ၂ ပြန်လည်ထူထောင်ရေး | ၉ လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းနှင့် ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု |
| ၃ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ ပေးခြင်း | ၁၀ အချက်အလက်ကောက်ယူခြင်း |
| ၄ ပညာရေး | ၁၁ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း |
| ၅ လူမှုရေးနယ်ပယ်တွင်အကျုံးဝင်ခြင်း | ၁၂ နိုင်ငံတကာနှင့်ပူပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီပေးခြင်း |
| ၆ စီးပွားရေးနယ်ပယ်တွင်အကျုံးဝင်ခြင်း | |

## ? ဤအချက်အလက်စာစောင်များအား **မည်ကဲ့သို့အသုံးပြုမည်နည်း**

ဤအချက်အလက်စာစောင်များအား အထုပ်လိုက်သော်လည်းကောင်း၊ တစ်စောင်ချင်းစီသော်လည်းကောင်း အသုံးပြုနိုင်ရန် စီမံထုတ်လုပ်ထားသည်။ စာစောင်တစ်ခုချင်းစီတွင် သီးခြားအပိုင်းများခွဲထားပြီး၊ ၄င်းတို့မှာ - ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်း(VA)၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ကဏ္ဍများ/နယ်ပယ်များအားလုံးနှင့် ဆက်စပ်သက်ဆိုင်သော ကိစ္စရပ်များ၊  အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် မူဝါဒဆိုင်ရာ မူဘောင်များ၊ အဓိက အကျိုးတူပူးပေါင်းပါဝင်သူများ၊ ဝင်ငွေနည်းတိုင်းပြည်များတွင် အများအားဖြင့်ကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှုများ၊ ပြီးမြောက်အောင်မြင်သော စီမံချက်၊ ထောက်ခံအကြံပြုချက်များ၊ ညွှန်းကိန်းများ၊ စီမံချက် (သို့) စီမံကိန်းတစ်ခုအား ရေးသားဖော်ပြချက်များနှင့် ကိုးကားချက်များ ဖြစ်သည်။

အပိုင်း(၆)ရှိ အချက်အလက်စာစောင်တစ်ခုချင်းစီသည် MBT နှင့် CCM တို့တွင်ပါဝင်သော အဖွဲ့ဝင်နိုင်ငံများအတွက် အကြံပြုထောက်ခံချက်များကို စာရင်းပြုလုပ်ဖော်ပြထားပါသည်။ မိုင်းများ/စစ်အကြွင်းအကျန် ပေါက်ကွဲပစ္စည်းမကြောင့် ထိခိုက်ခံရသော အဖွဲ့ဝင်နိုင်ငံများနေဖြင့် အမျိုးသားအဆင့်တွင် ဘေးဒုက္ခကျရောက်သူများအား  အကူအညီပေးခြင်းဆိုင်ရာလုပ်ငန်းများ  ပိုမိုတိုးတက်လာစေရန် မည်သို့ဆောင်ရွက်ရမည်ကို  လေ့လာနိုင်မည့် ဥပမာများအား တွေ့နိုင်ပါသည်။ တချိန်တည်းမှာပင် အကူအညီပေးနိုင်သည့်အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း ထိခိုက်ခံရသောအဖွဲ့ဝင်နိုင်ငံများသည် ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်းနှင့်  စပ်လျဉ်း၍ဘာတွေလုပ်နေသည်၊  ဘာတွေလုပ်နိုင်သည်စသဖြင့် အကြံဉာဏ်များလည်း ရရှိနိုင်သကဲ့သို့ အပြည်ပြည်ဆိုင်ရာနှင့်  ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့်  မည်ကဲ့သို့သောမူဝါဒ၊ လုပ်ငန်းစဉ်၊  စီမံကိန်းများ၊ စီမံချက်များတွင် ပါဝင်ကူညီနိုင်မည်နှင့် စပ်လျဉ်းသော အကြံဉာဏ်များလည်း ရရှိနိုင်ပါသည်။ ထို့အပြင်အချက်အလက်စာစောင် ၁၂တွင် အပြည်ပြည်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည်   ဘေးဒုက္ခကျရောက်သူများအား  အကူအညီပေးခြင်း၌ မည်သို့အထောက်အပံ့ဖြစ်စေသည်ကို သေချာစွာ ရေးသားဖော်ပြထားပါသည်။

စာစောင်အများစုတွင် အကြံပြုထောက်ခံချက်များပါဝင်သော အပိုင်း(၆) နှင့် ညွှန်းကိန်းများပါဝင်သော အပိုင်း(၇) တို့အား အသေးစိတ်ထပ်မံ၍ အပိုင်း(၃)ခုစီ ခွဲခြားထားပါသည်။ ၎င်းတို့မှာ -

၁။ လူနေမှုဘဝအရည်အသွေး

၂။ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူသုံးစွဲနိုင်မှု

၃။ ဥပဒေစီရင်ပြဋ္ဌာန်းခြင်းနှင့် မူဝါဒများ

သတင်းအချက်အလက်များအား အထက်ပါနည်းအတိုင်း စုစည်းထားရခြင်းမှာ မတူညီသော ကြားဝင်လုပ်ဆောင်မှု များသည် ဤအဆင့် (၃)ဆင့်အနက်မှ တဆင့်ဆင့်တွင် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိနိုင်သည်ဟူသော အချက်ကို ပြန်လည်သုံးသပ်နိုင်ရန်အတွက်ဖြစ်ပါသည်။ HI အနေဖြင့် ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု၊ ဥပဒေစီရင် ပြဋ္ဌာန်းခြင်းနှင့် မူဝါဒများချမှတ်ခြင်းတို့တွင် ပိုမိုလုပ်ဆောင်ခြင်းသည် အရေးကြီးသည်ဟု ယုံကြည်ထားပြီး ထိုသို့လုပ်ဆောင်ခြင်းများသည် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ၏ လူနေမှုဘဝ အရည်အသွေး နှင့်စပ်လျဉ်း၍ အပြုသဘောဆောင်သော၊ တိုင်းတာနိုင်ပြီး ရေရှည်တည်တံ့သော အကျိုးသက်ရောက်မှုများ ရရှိသည်အထိ ဦးတည်ဆောင်ရွက်သင့်သည်ဟု ယုံကြည်ပါသည်။

## အဓိက တွေးခေါ်ယူဆချက်များ

### • ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူသုံးစွဲနိုင်မှု

ဤအချက်အလက်စာစောင်များတွင် "ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူသုံးစွဲနိုင်မှု" ဟူသော အသုံးအနှုန်းကို သုံးသည့်အခါတိုင်း ဖော်ပြပါစံနှုန်း(၆)ခုသည် "ရယူသုံးစွဲနိုင်မှု" အဓိပ္ပာယ်အား ဖော်ဆောင်သည် - ရရှိနိုင်မှု၊ လက်လှမ်းမီရယူသုံးစွဲနိုင်မှု၊ လက်သင့်ခံနိုင်မှု၊ ကုန်ကျစရိတ်တတ်နိုင်မှု၊ တာဝန်ခံမှု နှင့် နည်းပညာဆိုင်ရာ အရည်အသွေး ကောင်းမွန်မှု (အသေးစိတ်ကို "စာစောင် ၉ -လက်လှမ်းမီရယူသုံးစွဲနိုင်မှု၊ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူသုံးစွဲနိုင်မှု" တွင်ကြည့်ပါ။)

### • ခွဲခြားဆက်ဆံမှု မရှိခြင်း

ဤအကြောင်းအရာသည် ဘေးဒုက္ခကျရောက်သူများအား (သို့) ဘေးဒုက္ခကျရောက်သူများအကြား၊ သို့မဟုတ် အသက်ရှင်ကျန်ရစ်သူများနှင့် အခြားမသန်စွမ်းသူများနှင့်စပ်လျဉ်း၍ လုံးဝခွဲခြားဆက်ဆံခြင်းမပြုသင့်ကြောင်းကို ရည်ညွှန်းပါသည်။ ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်းဆိုင်ရာ ကြိုးစားအားထုတ်မှုများသည် အခြားသောမသန်စွမ်းသူများ အတွက်ပါ အကျိုးကျေးဇူးများရှိသင့်သကဲ့သို့ မသန်စွမ်းသူများနှင့် ၎င်းတို့၏မိသားစုများ အခွင့်အရေးအတွက် လှုပ်ရှားဆောင်ရွက်မှုများတွင် အသက်ရှင်ကျန်ရစ်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များလည်း ပါဝင်သင့်သည်။

### • လူတိုင်းအကျုံးဝင်သော ဖွံ့ဖြိုးတိုးတက်မှု

ဘေးဖယ်ထားခြင်းခံရသော၊ ထိခိုက်လွယ်သော (သို့) ချန်လှပ်ထားခြင်းခံရသောအုပ်စုများ (ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ အပါအဝင်) အားလုံးအနေဖြင့် အကျိုးကျေးဇူးများရရှိမှု သေချာအောင်ပြုလုပ်ရမည်ဖြစ်ပြီး ထိုအုပ်စုများအားလုံးသည် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်များတွင် အဓိပ္ပာယ်ပြည့်ဝစွာနှင့် ထိရောက်စွာပါဝင်နိုင်ရမည်။

### • ဘေးဒုက္ခကျရောက်သူများ

မိုင်းများ၊ စစ်အကြွင်းအကျန်ပေါက်ကွဲပစ္စည်းများ အသုံးပြုခြင်း၏ အကျိုးဆက်ကြောင့် အသက်ဆုံးရှုံးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရခြင်း၊ စီးပွားရေးအရ ဆုံးရှုံးခြင်း၊ လူမှုပတ်ဝန်းကျင်မှ ဘေးဖယ်ထားခံရခြင်း၊ မိမိတို့၏အခွင့်အရေးကို နားလည်သဘောပေါက်နိုင်ခြင်း၌ သိသိသာသာချွတ်ယွင်းခြင်း အစရှိသည့်ထိခိုက်မှုတို့ကို ခံစားရသောလူပုဂ္ဂိုလ်များကို ရည်ညွှန်းပါသည်။ အဆိုပါလူပုဂ္ဂိုလ်များထဲတွင် မိုင်းများ၊ စစ်အကြွင်းအကျန်ပေါက်ကွဲပစ္စည်းများကြောင့် တိုက်ရိုက်ထိခိုက်သူများပါသကဲ့သို့ ၎င်းတို့၏ မိသားစုဝင်များနှင့်လူထုအသိုင်းအဝိုင်းများလည်း ပါဝင်ကြပြီး ၎င်းတို့ကို အချက်အလက်စာစောင်များတွင် ဘေးဒုက္ခကျရောက်သူများအဖြစ် သုံးနှုန်းထားပါသည်။

## • မသန်စွမ်းသူများ

ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ - "မသန်စွမ်းသူများဆိုသည်မှာ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိဉာဏ်ပညာပိုင်း (သို့မဟုတ်) ခံစားမှုအာရုံပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရကာ၊ အဆိုပါချို့ယွင်းအားနည်းချက်များကြောင့်အခြားသူများနည်းတူ လူ့အသိုက်အဝန်းတွင် အပြည့်အဝထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက်လည်း အမျိုးမျိုးသော အဟန့်အတားများကို ရင်ဆိုင် ခံစားနေကြရသူများ ဖြစ်ပါသည်။"

## • နည်းလမ်းနှစ်သွယ်ဖြင့် တပြိုင်နက်တည်းချဉ်းကပ်လှုပ်ရှားမှု

လူတိုင်းအကျုံးဝင်သော ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို မြှင့်တင်ရန်အတွက် တစ်ခုနှင့်တစ်ခုအပြန်အလှန် ဖြည့်စွက်ပြည့်စုံစေပြီး တန်းတူအရေးပါသော နည်းလမ်းနှစ်လမ်းအား အသုံးပြု၍ ချဉ်းကပ်ခြင်းကို ဆိုလိုပါသည်။

- ➤ လူတစ်ဦးတစ်ယောက်ချင်းစီနှင့် အစုအဖွဲ့အလိုက် မိုင်းများ၊ စစ်အကြွင်းအကျန်ပေါက်ကွဲပစ္စည်းများကြောင့် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများအားလုံး၏ လုပ်ပိုင်ခွင့်ရရှိခြင်းနှင့်စပ်လျဉ်း၍ မြှင့်တင်ရန်အတွက် တိကျသောလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ ("စာစောင် ၈ - လုပ်ပိုင်ခွင့်ရရှိခြင်း" တွင်ကြည့်ပါ။)
- ➤ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မသန်စွမ်းသူများပါဝင်လာနိုင်ရန် အဟန့်အတားများဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာ၊ ခံယူချက်သဘောထားပိုင်းဆိုင်ရာ၊ ဆက်သွယ်မှုပိုင်းဆိုင်ရာ အတားအဆီးများအားလုံးကို ဖယ်ရှားရှင်းလင်းခြင်း။ ("စာစောင် ၉ - လက်လှမ်းမှီရယူသုံးစွဲနိုင်မှု/ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု" တွင်ကြည့်ပါ။)

စာဖတ်သူများအနေဖြင့် ဤအချက်အလက်စာစောင်များအား သိကောင်းစရာများနှင့်ပြည့်စုံပြီး အသုံးဝင်ကြောင်း တွေ့ရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။ ထို့အပြင် ဤစာစောင်များသည် ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်းနှင့် လူတိုင်းအကျုံးဝင်သော ဖွံ့ဖြိုးတိုးတက်ခြင်းတို့ ဆောင်ရွက်ရန်အတွက် နည်းလမ်းကောင်းများအား ပိုမိုသင်ယူနိုင်ရန် ဖိတ်ခေါ်ခြင်းလည်းဖြစ်ပါသည်။ HANDICAP INTERNATIONAL အနေဖြင့် ထပ်မံဖြည့်စွက်ခြင်းများနှင့် မှတ်ချက်ပေးခြင်းများအား ကြိုဆိုလက်ခံပါသည်။ ဤအကြောင်းအရာများနှင့်သက်ဆိုင်သော အသေးစိတ်လမ်းညွှန် ချက်များ၊ နည်းပညာပိုင်းဆိုင်ရာ စာရွက်စာတမ်းများနှင့် ကောင်းသောအလေ့အကျင့်များအား စာစောင်တစ်ခုချင်းစီ တွင် စာရင်းပြုလုပ်ဖော်ပြထားပါသည်။


**စာရေးသူ -**

WANDA MUÑOZ, VICTIM ASSISTANCE AND INCLUSIVE LIVELIHOODS CONSULTANT; WITH CONTRIBUTIONS FROM ELKE HOTTENTOT, CAMILLE GOSSELIN, MARION LIBERTUCCI AND HERVÉ BERNARD, HANDICAP INTERNATIONAL



၂၀၁၃ခုနှစ် ဩဂုတ်လတွင် ထုတ်ဝေသည်။

# 1 ဘေးဒုက္ခကျရောက်သူများအားအကူအညီပေးခြင်း အကြောင်းအရာနယ်ပယ် - ကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ - ကျန်းမာရေး

## ကျန်းမာရေးစောင့်ရှောက်မှုဆိုသည်မှာ အဘယ်နည်း။ (WHAT IS MEDICAL CARE?)

ကျန်းမာရေးစောင့်ရှောက်မှုသည် ကျန်းမာရေးဝန်ဆောင်မှုများ၏ အစိတ်အပိုင်းများမှ တစ်ခုဖြစ်သည်။ ၎င်းသည် ကျန်းမာရေးအခြေအနေများ၊ ချွတ်ယွင်းမှုများနှင့်ပတ်သက်၍ ကာကွယ်ခြင်း၊ ရှာဖွေဖော်ထုတ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ကုသမှုပေးခြင်း တို့ဖြစ်သည်။[၁] ဘေးဒုက္ခကျရောက်သူများအားအကူအညီပေးခြင်းဆိုင်ရာ အခြေအနေတွင် ကျန်းမာရေးဝန်ဆောင်မှုများသည် အရေးပေါ်နှင့် ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအား အဓိကဦးတည်သည်။ **အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၏ ရည်ရွယ်ချက်မှာ** မတော်တဆထိခိုက်မှု ဖြစ်ပွားပြီး အသက်ရှင်ကျန်ရစ်သူများအား သေဆုံးခြင်းနှင့် အမြဲတမ်းချွတ်ယွင်းမှုများ ဖြစ်သွားခြင်းမှ ကာကွယ်ရန် ဒဏ်ရာများအားအချိန်တိုတွင်းကုသခြင်း၊ ရှေးဦးသူနာပြုစုခြင်း၊ သွေးသွင်းခြင်းနှင့် အခြားလိုအပ်သောကုသမှုများအား ချက်ချင်းလုပ်ဆောင်ခြင်းတို့ ပြုလုပ်ပေးရန်ဖြစ်သည်။ ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၏ ရည်ရွယ်ချက်မှာ အခြားလိုအပ်သည့် ကုသမှုများအား (ဉပမာ - နာကျင်မှုသက်သာစေရန် ပြုလုပ်ပေးခြင်း) ဆက်လက် ဆောင်ရွက်ပေးခြင်းဖြင့် လူတစ်ယောက်၏ အပြည့်အဝပြန်လည်နာလန်ထူလာခြင်းကို မြှင့်တင်ရန်ဖြစ်သည်။

### အမြန်လေ့လာနိုင်သော အချက်အလက်များ (QUICK FACTS)

- နှစ်စဉ် လူပေါင်းထောင်ကျော်သည် မြေမြှုပ်မိုင်းများ၊ စစ်အကြွင်းအကျန်ပေါက်ကွဲပစ္စည်းများ (ERW)ကြောင့် သေဆုံးခြင်း (သို့) မသန်စွမ်းဖြစ်ခြင်းများနှင့် ရင်ဆိုင်နေရသည်။ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းတစ်ခုမှာ ကျွမ်းကျင်သော ရှေးဦးသူနာပြုစုခြင်းအား ချက်ချင်းရယူနိုင်မှု မရှိခြင်းကြောင့်ဖြစ်သည်။
- အသက်ရှင်ကျန်ရစ်သူများအပါအဝင် မသန်စွမ်းသူများသည် အခြားသော လူများနှင့်နှိုင်းယှဉ်လျှင် ကျန်းမာရေးအဆင့်နိမ့်ကျခြင်းနှင့် ကျန်းမာရေး ဝန်ဆောင်မှုများအား ရယူနိုင်ရန် အခက်အခဲများနှင့် ပိုမိုရင်ဆိုင်ရခြင်းတို့ကို မကြာခဏတွေ့ကြုံရလေ့ရှိသည်။
- အသက်ရှင်ကျန်ရစ်သူများအပါအဝင် မသန်စွမ်းအမျိုးသမီးများနှင့် မိန်းကလေးများသည် အခြားအမျိုးသမီးများနှင့် နှိုင်းယှဉ်လျှင် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်ခံရသည့်နှုန်းမှာ ပိုမိုမြင့်မားပြီး မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်ပြီး သတင်းအချက်အလက်ရယူနိုင်မှု ပိုမိုနည်းပါးသည်။ ၎င်းတို့သည် ခုခံအားကျဆင်းမှုကူးစက်ရောဂါပိုး (HIV) ကူးစက်နိုင်ချေ၊ မလိုချင်ပဲ ကိုယ်ဝန်ရနိုင်ချေနှင့် မီးခင်သေဆုံးနိုင် ချေတို့ ပိုမိုမြင့်မားလေ့ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှုသည် မတော်တဆထိခိုက်မှုတစ်ခုဖြစ်ပွားပါက လူတစ်ယောက်အား အသက်ရှင်နိုင်စေရန်နှင့် အမြဲတမ်းချွတ်ယွင်းမှုများ ဖြစ်သွားနိုင်ခြေအား တတ်နိုင်သမျှ အနည်းဆုံးလျှော့ချနိုင်စေရန်အတွက် ပထမဆုံးသော ခြေလှမ်းဖြစ်သည်။ သို့သော် ထိခိုက်ဒဏ်ရာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းသည် ကျယ်ပြန့်သောကျန်းမာရေးဝန်ဆောင်မှုများအနက်မှ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ အသက်ရှင်ကျန်ရစ်သူများ အနေဖြင့် ကနဦးထိခိုက်ဒဏ်ရာများမှ ပြန်လည်သက်သာလာပြီးနောက် ထပ်မံ၍ သင့်လျော်သောကျန်းမာရေး စောင့်ရှောက်မှုများအား ရယူနိုင်ရန် လိုအပ်ပြီး ထိုသို့ရယူနိုင်ရန် အခွင့်အရေးလည်း ရရှိရမည်။

### ကျန်းမာရေးဝန်ဆောင်မှုများတွင် အောက်ဖော်ပြပါအစိတ်အပိုင်းများ ပါဝင်ပါသည်။[၂]

- ➤ **ကျန်းမာရေးမြှင့်တင်ခြင်း** - တစ်ဦးတစ်ယောက်ချင်းစီ၏ ကျွမ်းကျင်မှုစွမ်းရည်များကို ခိုင်မာအားကောင်းစေခြင်းဖြင့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကိုပြောင်းလဲပြီး ကျန်းမာရေးအပေါ် ထိခိုက်မှု၊ အကျိုးဆက်သက်ရောက်မှုလျှော့ချနိုင်ရန်ဖြစ်သည်။
- ➤ ကြိုတင်ကာကွယ်ခြင်း - ပထမအဆင့် (နာမကျန်းဖြစ်ခြင်းမှ ရှောင်ရှားရန်)၊ ဒုတိယအဆင့် (စောလျင်စွာရောဂါရှာဖွေဖော်ထုတ်ခြင်းနှင့် ကုသခြင်း)နှင့် တတိယအဆင့် ပြန်လည်ကျန်းမာသန်စွမ်းစေခြင်း၊ ပြန်လည်ထူထောင်ခြင်း ကြိုတင်ကာကွယ်ရေးအစီအမံများ။
- ➤ ကျန်းမာရေးစောင့်ရှောက်မှု (အရေးပေါ်နှင့် ဆက်လက်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အပါအဝင်) - ကျန်းမာရေးအခြေအနေများနှင့် ချွတ်ယွင်းမှုများအား ရှာဖွေဖော်ထုတ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်း၊ ခွဲစိတ်မှုပြုလုပ်ခြင်းနှင့် ကုသမှုပေးခြင်း။

### ဥပဒေနှင့်မူဝါဒဆိုင်ရာ မူဘောင်များ

CCM: အပိုဒ် ၅။ | VIENTIANE ACTION PLAN: လုပ်ဆောင်ချက် #၂၅ နှင့် #၂၈။

CARTAGENA ACTION PLAN: အခန်း ၄၊ စာပိုဒ် ၁၂၊ လုပ်ဆောင်ချက် #၃၁။

CRPD: အပိုဒ် ၂၅ နှင့် ၂၆။

MDGS: ရည်မှန်းချက် ၄၊ ၅ နှင့် ၆။

### မည်သူတွေသည် အဓိက အကျိုးတူပူးပေါင်း ပါဝင်သူများ ဖြစ်သနည်း။

အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ။ ဝန်ဆောင်မှုပေးသူများ - အရေးပေါ် ဆေးကုသရန်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ အပါအဝင် ဆေးရုံများ၊ ရပ်ရွာကျန်းမာရေးဌာနများ။ ဝန်ကြီးဌာနများ - ကျန်းမာရေး။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ - WHO

## ဝင်ငွေနည်းတိုင်းပြည်များတွင် အများအားဖြင့် ကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှုများမှာ အဘယ်နည်း။

- ဘေးဒုက္ခကျရောက်သူအများစု နေထိုင်လေ့ရှိသောကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု၊ လူအင်အားနှင့် ပစ္စည်းကိရိယာ အရင်းအမြစ်များ (ရှေးဦးသူနာပြုစုမည့်သူများနှင့် စိတ်ချရသောသွေးအလုံအလောက်ရရှိမှု အပါအဝင်) နည်းပါးခြင်း (သို့) မရှိခြင်း။
- ပြည်သူများအတွက် ကျန်းမာရေးဌာနများသို့ သွားလာရန်အတားအဆီးများဖြစ်သော သွားလာရေးခရီးဝေးလံခြင်းနှင့် ငွေအကုန်အကျများခြင်းတို့ကြောင့် ကျန်းမာရေးဝန်ဆောင်မှုများအား ပုံမှန်ရယူနိုင်ရန် အခက်အခဲရှိပါသည်။ အထူးသဖြင့် ကလေးသူငယ်များမှာ ၎င်းတို့ကြီးပြင်းလာသည်နှင့်အမျှ ကျန်းမာရေးဝန်ဆောင်မှုကို တောက်လျှောက်ပိုမိုလိုအပ်သည့်အတွက် အခက်အခဲဖြစ်စေသည်။
- မိုင်းများ/ERWများကြောင့် ရရှိသော ထိခိုက်ဒဏ်ရာများအား ကုသရန်အတွက် မကြာခဏလိုအပ်သော ခြေလက်ခွဲစိတ်ဖြတ်တောက်ခြင်းနည်းစနစ်များနှင့် အမြင်အာရုံမပျောက်ကွယ်စေရန် ကယ်ဆယ်သည့်နည်းလမ်းများအား ခွဲစိတ်ဆရာဝန်အနည်းငယ်သာ သင်ကြားတတ်မြောက်ထားသည်။
- ကျန်းမာရေးဝန်ဆောင်မှုများရရှိရန်အတွက် အများအားဖြင့် ငွေပေးချေမှုများ ပြုလုပ်ရန်လိုအပ်ပြီး ထိုသို့ပေးချေရန်အတွက် ဆင်းရဲနွမ်း**ပါး**သူများ (အသက်ရှင်ကျန်ရစ်သူအများစုကဲ့သို့) အနေဖြင့် မတတ်နိုင်ပါ။
- ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် ဘေးကင်းလုံခြုံမှုမရှိခြင်းကြောင့် ကျန်းမာရေးဝန်ဆောင်မှုများ တည်ရှိရန်အတွက် အခက်အခဲရှိခြင်း (သို့) မဖြစ်နိုင်ခြင်းကို ရင်ဆိုင်ရသည်။ အများအားဖြင့် ကျန်းမာရေးအတွက် ရွေ့လျားအဖွဲ့များ (သို့) နည်းလှည့်ဝန်ဆောင်မှုပေးခြင်းများ အနည်းငယ် (သို့) လုံးဝမရှိပါ။
- ကျန်းမာရေးဝန်ဆောင်မှုပေးသူ အမျိုးသမီးများမရှိခြင်း - ဤအချက်သည် အချို့သောအခြေအနေများ၌ အမျိုးသမီးအသက်ရှင်ကျန်ရစ်သူများမှ ဝန်ဆောင်မှုများကို ရယူရာတွင် အခက်တွေ့စေသည်။
- မသန်စွမ်းသူများ၏အခွင့်အရေးများအားလည်းကောင်း (သို့) မတူညီသောချွတ်ယွင်းအားနည်းမှုများရှိသူများအနေဖြင့် ကြိုတင်ကာကွယ်ခြင်း၊ မြှင့်တင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သတင်းအချက်အလက်များကို သေချာစွာရရှိစေရန်မည်သို့ဆောင်ရွက်ရမည်အားလည်းကောင်း သင်ကြားတတ်မြောက် ထားသော ကျန်မာရေးဝန်ထမ်းများ မလုံလောက်ပါ။ ထို့ကြောင့် ကျန်းမာရေးဝန်ဆောင်မှုနှင့်ဆိုင်သော သတင်းအချက်အလက်များသည် အသက်ရှင်ကျန်ရစ်သူများထံသို့ ရောက်ရှိခြင်းမရှိသလောက်ဖြစ်သည်။

## ကျန်းမာရေးအား လက်လှမ်းမီရယူခြင်းတွင် အောင်မြင်သောစီမံချက်များ

(SUCCESSFUL PROJECTS)

အာဖဂန်နစ္စတန်တွင် အရေးပေါ်နှင့်မရှိမဖြစ်လိုအပ်သော ခွဲစိတ်ကုသခြင်းအတွက် ဘက်ပေါင်းစုံစီမံခန့်ခွဲခြင်း စီမံကိန်း (INTEGRATED MANAGEMENT FOR EMERGENCY AND ESSENTIAL SURGICAL CARE PROGRAM) မှတဆင့် ဒေသအဆင့်နှင့် ပြည်နယ်အဆင့်ဆေးရုံများတွင် အရေးပေါ်နှင့်မရှိမဖြစ်လိုအပ်သော ခွဲစိတ်ကုသခြင်းနှင့် မေ့ဆေးပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသော စွမ်းဆောင်ရည်များတိုးတက်လာစေရန် WHOနှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန (MINISTRY OF PUBLIC HEALTH) တို့မှ ပူးပေါင်းဆောင်ရွက်ခဲ့သည်။[၃]

ကိုလံဘီယာတွင် ICRC ၏ အထောက်အပံ့ဖြင့် လူမှုရေးကာကွယ်စောင့်ရှောက်မှု ဝန်ကြီးဌာန (MINISTRY OF SOCIAL PROTECTION)သည် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု နည်းပညာပိုင်းဆိုင်ရာလမ်းညွှန်စာအုပ် ပြင်ဆင်ထုတ်လုပ်ခဲ့ပြီး မိုင်းများ/ERW များကြောင့် ထိခိုက်ခံရသော ဒေသများရှိ ဒေသအဆင့်ဆေးရုံများမှ ခွဲစိတ်ဆရာဝန်များအား လေ့ကျင့်သင်ကြားပေးခဲ့သည်။ ICRC နှင့် ကိုလံဘီယာကြက်ခြေနီအသင်း (COLOMBIAN RED CROSS) တို့သည် ထိခိုက်ခံရသော ဒေသ ၁၂ ခုတွင် လူထုအခြေပြု ရှေးဦးသူနာပြုစုခြင်းသင်တန်းအား ပေးခဲ့သည်။[၄]

ထိုင်းနိုင်ငံတွင် အရေးပေါ်ကျန်းမာရေးဝန်ဆောင်မှုစနစ်အား မိုင်းများ/ERWများကြောင့် ထိခိုက်ခံရသော ပြည်နယ် ၂၇ ခု အပါအဝင် ပြည်နယ်အားလုံးနှင့် ဒေသခံပြည်သူများထံသို့ရောက်ရှိစေရန် တိုးချဲ့ခဲ့သည်။ အရေးပေါ်အခြေအနေများတွင် အရေးပေါ်ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်အား ခေါ်ဆိုခြင်းဖြင့် တစ်နိုင်ငံလုံးရှိ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ ကွန်ယက်အား အကြောင်းကြားခေါ်ယူနိုင်သည်။ ၎င်းဝန်ဆောင်မှုအား နယ်စပ်ဒေသတလျှောက် ဝေးလံသောနေရာ များရှိ ပြည်သူများမှလွဲ၍ တစ်နိုင်ငံလုံးတွင် ရရှိအသုံးပြုနိုင်သည်။[၅]

## အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်သည့်အရာများ ပြုလုပ်နိုင်သနည်း။ (WHAT CAN STATES DO?)

### လူနေမှုဘဝအရည်အသွေး တိုးတက်မြင့်မားလာစေရန်

- ရှေးဦးသူနာပြုစုခြင်းအား မိုင်းများ/ERWများကြောင့် ထိခိုက်ခံရသောနေရာများမှ ဒေသခံပြည်သူများအား သင်ကြားလေ့ကျင့်ပေးပါ။
- အသက်ရှင်ကျန်ရစ်သူများနှင့် အခြားထိခိုက်ဒဏ်ရာရသူများအားလုံးသည် ခွဲစိတ်နှင့်သူနာပြုအဖွဲ့နှစ်ဖွဲ့လုံးအပြင် ပြန်လည်ရေးသန်စွမ်းရေးအတွက် လေ့ကျင့်ပေးသော ကျွမ်းကျင်သူများထံမှ နောက်ဆက်တွဲ ဆက်လက်ကုသမှုများ လက်ခံရရှိစေရန် သေချာဆောင်ရွက်ပါ။

- အသက်ရှင်ကျန်ရစ်သူများအပါအဝင် မသန်စွမ်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များအား ခွဲစိတ်ကုသခြင်း၏ အန္တရာယ်များနှင့် အကျိုးကျေးဇူးများကို ကောင်းမွန်စွာအသိပေးထားရန်နှင့် ကုသမှုကုန်ကျစရိတ်နှင့် ကြာချိန်ကိုလည်း သိရှိပြီးဖြစ်စေရန်သေချာဆောင်ရွက်ပါ။
- မိမိတို့၏ကျန်းမာရေးအတွက် ကိုယ်တိုင်ပိုမိုဆင်ခြင်ထိန်းသိမ်းခြင်း အလေ့အကျင့်ပြုလုပ်နိုင်ရန် ကျန်းမာရေး ပညာပေးခြင်းနှင့် အခြားသောသတင်းအချက်အလက်များပေးခြင်းဖြင့် လူတစ်ယောက်ချင်းစီ၏ ကျွမ်းကျင်မှု စွမ်းရည်များကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပါ။
- အထူးသဖြင့် အသက်ရှင်ကျန်ရစ်သူများအပါအဝင် မသန်စွမ်းမိန်းကလေးများနှင့်အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာနှင့်မျိုးဆက်ပွား ကျန်းမာရေး ဝန်ဆောင်မှုများတွင် အခြားသောမသန်စွမ်းမဟုတ်သော မိန်းကလေးများနှင့်အမျိုးသမီးများနည်းတူ ရယူသုံးစွဲနိုင်စေရန် သေချာဆောင်ရွက်ပါ။

## ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု တိုးတက်ကောင်းမွန်စေရန် -

- ကျန်းမာရေးဆိုင်ရာအဆောက်အအုံများတွင် စိတ်ချရသောသွေးနှင့် ဆေးဝါးကုသမှုအတွက် လုံလောက်သော ပစ္စည်းကိရိယာများနှင့် အထောက်အပံ့ပစ္စည်းများရှိနေစေရန် သေချာဆောင်ရွက်ပါ။
- ဒဏ်ရာ ခွဲစိတ်ကုသခြင်းနှင့် နာကျင်မှုသက်သာစေရန်ပြုလုပ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်များ လုံလုံလောက်လောက် ရှိစေရန် သေချာဆောင်ရွက်ပါ။
- အသက်ရှင်ကျန်ရစ်သူများ၊ မသန်စွမ်းသူများနှင့် အခြားလူတစ်ဦးချင်းစီ၏ လိုအပ်ချိန်များတွင် ကျန်းမာရေးဂန်ဆောင်မှုများအား အခဲမဲ့ (သို့) တတ်နိုင်သောဈေးနှုန်းများဖြင့် လက်လှမ်းမီရယူသုံးစွဲနိုင် ကြောင်း အာမခံမှုရှိစေရန်ဆောင်ရွက်ပါ။
- ကျန်းမာရေးလုပ်သားကျွမ်းကျင်ပညာရှင်များအတွက် မသန်စွမ်းမှုအသိပညာပေးခြင်းသင်တန်းအား အကောင်အထည်ဖော်ဆောင်ရွက်ပါ။
- သင်တန်းတွင် ကျန်းမာရေးဂန်ဆောင်မှုပေးသူအမျိုးသမီးများ ပါဂင်လာစေရန် သေချာဆောင်ရွက်ပါ။
- မသန်စွမ်းသူများ၊ အဓိကအားဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် လွဲပြောင်းညွှန်းပို့သည့် စနစ်များအား ထူထောင်ခြင်းနှင့် အထောက်အပံ့ပေးခြင်းဖြင့် ကျန်းမာရေး ဂန်ဆောင်မှုများ ရယူသုံးစွဲရာတွင် လွယ်ကူချောမွေ့စေရန်ဆောင်ရွက်ပါ။

## ဥပဒေများနှင့်မူဝါဒများအား လက်လှမ်းမီရယူနိုင်မှု တိုးတက်ကောင်းမွန်လာစေရန်

- ကျန်းမာရေးဆိုင်ရာ ဥပဒေများနှင့်မူဂါဒများသည် ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRPD) နှင့် အညီဖြစ်သင့်ပြီး ဒေသအဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအစဉ်များနှင့် သက်ဆိုင်သောဘဏ္ဍာငွေများကိုလည်း နောက်ဆက်တွဲအနေဖြင့် ချမှတ်ဆောင်ရွက် ရမည်။
- ဥပဒေများနှင့်မူဂါဒများတွင် ကျန်းမာရေး မြှင့်တင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ပါဂင်ကြောင်း သေချာစေရန်ဆောင်ရွက်ပါ။

## တိုးတက်မှုကို မည်ကဲ့သို့တိုင်းတာမည်နည်း။ (HOW TO MEASURE PROGRESS)

အချက်အလက်စာစောင်များတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြောင်းလဲမှုကိုပြသနိုင်သော နယ်ပယ်အချို့အားဖော်ပြထားသည်။ ဝန်ဆောင်မှုများအားရယူသုံးစွဲနိုင်မှုနှင့် ဥပဒေပြဌာန်းခြင်းနှင့် မူဝါဒများချမှတ်ခြင်းတို့တွင် တိုးတက်လာခြင်းသည် နောက်ဆုံး၌ လူနေမှုဘဝအရည်အသွေးတွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှု များအား ရရှိစေသင့်သည်။

### လူနေမှုဘဝအရည်အသွေး -

*ထိခိုက်ဒဏ်ရာရသူများအနက်မှ အသက်ရှင်သောသူအချိုးအစား။ * မတော်တဆမှုထိခိုက်မှုဖြစ်ပွားပြီးနောက် ဆေးဘက်ဆိုင်ရာ အကူအညီများထံ ရောက်ရှိရန် ကြာချိန်လျော့နည်းခြင်း။ * ကျန်းမာရေးဂန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရန် ပြုလုပ်ရမည့်နည်းလမ်းများအား သိသော အသက်ရှင်ကျန်ရစ်သူများအပါအဂင် မသန်စွမ်းသူဦးရေ။ * ကျန်းမာရေးဂန်ဆောင်မှုများကို ရယူသုံးစွဲနိုင်သော အသက်ရှင်ကျန်ရစ်သူများအပါအဂင် မသန်စွမ်းသူမိန်းကလေး များနှင့်အမျိုးသမီးများအား မသန်စွမ်းမဟုတ်သော မိန်းကလေးများနှင့် အမျိုးသမီးများနှင့် နှိုင်းယှဉ်သောအချိုးအစား။ * အမျိုးသားနှင့်အမျိုးသမီးတို့အကြား သေဆုံးမှုနှုန်း ခြားနားချက်အား လျော့ချခြင်း။

### ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု -

* မတော်တဆထိခိုက်မှုများ ဖြစ်ပွားမှုနှုန်းမြင့်မားသော ရွာများတွင် ရှေးဦးသူနာပြုစုခြင်းအား လေ့ကျင့်သင်ကြားပြီးသူ ဒေသခံပြည်သူဦးရေ။ * ထိခိုက်ခံရသောနယ်မြေများတွင်ရှိသော သင်တန်းပို့ချပြီးသည့် ကျန်းမာရေးလုပ်သားဦးရေ။
* ကျန်းမာရေးလုပ်သားများအကြား မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်လိုအပ်ချက်များအားအပေါ်တွင် အသိပညာတိုးပွားလာခြင်း။

* ထိခိုက်ခံရသောနယ်မြေများအတွင်းသို့ ထိုအနီးတဝိုက်တွင် ခွဲစိတ်ကုသခြင်းနှင့် မေ့ဆေးပေးခြင်းဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်လာခြင်း။ * မသန်စွမ်းသူ အမျိုးသား၊ အမျိုးသမီး၊ မိန်းကလေးနှင့် ယောကျာ်းလေးများအားလုံးထံသို့ ရောက်ရှိရန်နှင့် အာလုံးပါဝင်လာစေရန် ရေးဆွဲထားသော ကျန်းမာရေးစီမံကိန်း၏ လုပ်ငန်းစဉ်အရေအတွက်။

## ဥပဒေများ နှင့် မူဝါဒများ

* ကျန်းမာရေးဆိုင်ရာ ဥပဒေများနှင့်မူဝါဒများသည် ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRPD)နှင့် အညီဖြစ်ပြီး မိုင်းများ/ERWများကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် အခြားဒဏ်ရာရသူများ၏ တိကျသောလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားခြင်း။ * ကျန်းမာရေး မြှင့်တင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းဆိုင်ရာ မူဝါဒများတွင် မသန်စွမ်းသူများအား အခြားသူများနည်းတူ ပါဝင်နိုင်စေရန်အတွက် အစီအစဉ်များနှင့် သီးခြားဘဏ္ဍာငွေတစ်ခု ထည့်သွင်းထားခြင်း။

## စီမံချက်နမူနာ - အာရပ်မြောက်ပိုင်းတွင် ဆေးဘက်ဆိုင်ရာလုပ်သားများ (PARAMEDICS) အား သင်တန်းပေးခြင်း[6]

ဖော်ထုတ်တွေ့ရှိသောပြဿနာ - မိုင်းများ/ERWများကြောင့် သေကြေဒဏ်ရာရသူအများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ဆရာဝန်များနှင့် ကျန်းမာရေးအဆောက်အအုံအများစုမှာ မြို့များတွင်တည်ရှိကြသည်။ အာရပ်မြောက်ပိုင်းတွင် ထိခိုက်ဒဏ်ရာရရှိသော သူများအား ကနဦးဆေးကုသခြင်း၊ အကြိုဆေးရုံစောင့်ရှောက်မှု (PRE-HOSPITAL CARE) ပေးနိုင်သော စွမ်းဆောင်ရည် အနည်းငယ်သာရှိသည်။

ရည်ရွယ်ချက် - ဆေးဘက်ဆိုင်ရာလုပ်သားများ အမာခံအုပ်စုတစ်စုကို သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကနဦးဆေးကုသမှု၊ အကြိုဆေးရုံစောင့်ရှောက်မှုအား ရယူသုံးစွဲနိုင်မှု တိုးတက်ကောင်းမွန်လာစေရန်ဖြစ်ပြီး ၎င်းတို့မှတဆင့် ရပ်ရွာအဆင့်ရှိ အရေးပေါ်ကယ်ဆယ်မည့်သူများအား ပြန်လည်သင်ကြားပေးနိုင်မည် ဖြစ်သည်။

လုပ်ဆောင်ချက်များ - ကျွမ်းကျင်တတ်မြောက်ထားခြင်း မရှိသေးသူ (သာမန်အရပ်သားများ) (၆၀၀၀)ဦးအား အရေးပေါ်ကယ်ဆယ်မည့်သူများ အဖြစ်နှင့် ဆေးဘက်ဆိုင်ရာလုပ်သား (၈၈)ဦးအား လေ့ကျင့်သင်ကြားပေးခဲ့သည် (၁၉၉၆ - ၂၀၀၄)။ လူနာများ အားလုံးကို စာရင်းသွင်းရာတွင် ကြာချိန်ကာလများ၊ ဆောင်ရွက်ခဲ့သော လုပ်ဆောင်မှုအဆင့်ဆင့်၊ ကနဦးဆေးကုသမှု၊ အကြိုဆေးရုံ စောင့်ရှောက်မှု၏ အကျိုးဆက်နှင့် သေဆုံးမှုနှုန်း အစရှိသည်တို့ကို စောင့်ကြည့်လေ့လာပြီး ဖြည့်သွင်းခဲ့သည်။

ရေရှည်တည်တံ့ရေး - သင်ကြားလေ့ကျင့်ပေးထားသော ဆေးဘက်ဆိုင်ရာလုပ်သားများနှင့် အရေးပေါ်ကယ်ဆယ် မည့်သူများမှာ ဦးတည် သတ်မှတ်ထားသောနေရာဒေသများတွင် နေထိုင်ပြီးအလုပ်လုပ်သူများဖြစ်သဖြင့် အရေးပေါ်အတွက်လိုအပ်သည့် အရင်းအမြစ်အင်အားများသည် ထိုနေရာတွင်ပင် စီမံချက်ကာလအားကျော်လွန်၍ ဆက်လက်တည်ရှိနေသည်။ ပါဝင်သူများ အားလုံးသည် မိုင်းများ/ERW များကြောင့် ဒဏ်ရာရသူများနှင့် သေဆုံးသူများအား ကူညီကယ်ဆယ်သည့်နေရာတွင် ကိုယ်ပိုင်အတွေ့အကြုံများ မြောက်မြားစွာရရှိခဲ့သည်။ ရနစ်တာကာလအပြီး၌ စီမံကိန်းတွင်ပါဝင်သော ဆေးဘက် ဆိုင်ရာလုပ်သားများ၏ ၇၂%အား ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ ဤစီမံချက်အား ဒေသအတွင်းရှိပြီးဖြစ်သော ဆေးရုံများနှင့် ဒေသဆိုင်ရာ ကျန်းမာရေးတာဝန်ရှိသူများနှင့် အတူပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

အဓိကညွှန်းကိန်းများ - ဆေးဘက်ဆိုင်ရာလုပ်သား (၈၈)ဦးအား သင်ကြားလေ့ကျင့်ပေးခဲ့သည်။ ထိုသူများမှတဆင့် ကျွမ်းကျင်တတ်မြောက်ထားခြင်း မရှိသေးသော (သာမန်အရပ်သား) (၆၀၀၀)ဦးအား အရေးပေါ်ကယ်ဆယ်မည့်သူများအဖြစ် ၎င်းတို့မှထပ်ဆင့်သင်ကြားလေ့ကျင့်ပေးခဲ့ပြီး အနီးတဝိုက်ရှိရွာများရှိ ထိခိုက်ဒဏ်ရာရသူများအတွက် အခြေခံ အသက်ကယ်ခြင်းကို သင်ကြားပေးခဲ့သည်။ စီမံချက်ကာလအတွင်း လူနာ (၂၃၄၉)ဦးသည် ဆေးကုသမှုခံယူရရှိ ခဲ့သည်။ ၎င်းတို့အနက် (၉၁၉)ဦးမှာ မိုင်းနှင့် အခြားထိုးဖောက်ဒဏ်ရာများရရှိခဲ့ပြီး (၁၄၃၀)ဦးမှာ အသွားတုံးသော လက်နက်ကြောင့်ရသော ဒဏ်ရာများနှင့် အခြားဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ခဲ့သူများ ဖြစ်သည်။ ထိခိုက်ဒဏ်ရာရသူများအနက် သေဆုံးမှုနှုန်းမှာ ၂၈.၇% မှ ၉.၄% အထိ ကျဆင်းသွားခဲ့ပြီး ဒဏ်ရာရချိန်မှ ဆေးအကူအညီရသည့်အချိန်အထိ ကြာချိန်ကာလမှာလည်း ၂.၄နာရီ မှ ၀.၆နာရီ အထိ လျော့နည်းသွားခဲ့သည်။ သေဆုံးမှုများ၏ အများစုမှာ ထိခိုက်ဒဏ်ရာရရှိသည့်နေရာတွင်ပင် အသက်ဆုံးရှုံးပြီးနောက်မှ တွေ့ရှိရခြင်းဖြစ်သည်။ အကြိုဆေးရုံစောင့်ရှောက်မှု၏ အကျိုးဆက်မှာသည် သိသာထင်ရှားစွာ တိုးတက်ကောင်းမွန်လာခဲ့သည်။

ကာလ - ဤရလာဒ်များမှာ ၁၉၉၉ မှ ၂၀၀၅ ခုနှစ်အတွင်း အစီရင်ခံတင်ပြချက်များမှဖြစ်ပြီး စီမံချက်မှာ ယခုအချိန်ထိ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

အကောင်အထည်ဖော်ဆောင်ရွက်သူများ - တရွမ်ဆို မိုင်ကြောင့်ထိခိုက်ဒဏ်ရာရသူများ အရင်းအမြစ်ဌာန (TROMSO MINE VICTIM RESOURCE CENTER)နှင့် အာရပ်ထိခိုက်ဒဏ်ရာစောင့်ရှောက်ကုသပေးသော ဖောင်ဒေးရှင်း (TRAUMA CAREFOUNDATION IRAQ) ပူးပေါင်းလုပ်ဆောင်သည်။

အလှူရှင် - နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန (NORWEGIAN MINISTRY OF FOREIGN AFFAIRS)။

## ကိုးကားခြင်းများ

(1), (2) WHO, UNICEF, ILO, IDDC. CBR HEALTH GUIDELINES. 2010. (3), (5) GICHD. ASSISTING LANDMINE/ERW SURVIVORS IN THE CONTEXT OF DISARMAMENT, DISABILITY AND DEVELOPMENT. 2011. (4) ICBL.LANDMINE AND CLUSTER MUNITION MONITOR. 2012 . (6)WISBORG, MURAD, EDVARDSEN AND HUSUM. PREHOSPITAL TRAUMA SYSTEM IN A LOW-IN-COME COUNTRY. THE JOURNAL OF TRAUMA. MAY 2008; ICRC. CARE IN THE FIELD FOR VICTIMS OF WEAPONS OF WAR. 2001 AND CARING FOR LANDMINE VICTIMS. 2005; TRAUMA CARE FOUNDATION. SAVE LIVES, SAVE LIMBS. 2000; TROMSO MINE VICTIM RESOURCE CENTER. ANNUAL REPORT. 2011; WHO. PREHOSPITAL TRAUMA CARE SYSTEMS. 2005.

HANDICAP INTERNATIONAL

## ပြန်လည်ထူထောင်ရေးဆိုသည်မှာ အဘယ်နည်း။ (WHAT IS REHABILITATION?)

ပြန်လည်ထူထောင်ရေးသည် အသက်ရှင်ကျန်ရစ်သူများနှင့် အခြားမသန်စွမ်းသူများအား ၎င်းတို့၏ ရုပ်ပိုင်း၊ ခံစားမှုအာရုံပိုင်း၊ အသိဉာဏ်ပညာပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာတို့တွင် လုပ်ဆောင်နိုင်ခြင်းများသည် အကောင်းဆုံးအဆင့်အထိရောက်ရှိစေရန်နှင့် ထိုအဆင့်တွင်ဆက်လက်တည်ရှိစေရန်အထောက်အကူပေးခြင်းကို ရည်ရွယ်သော ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ ပြန်လည်ထူထောင်ရေးသည် အသက်ရှင်ကျန်ရစ်သူများနှင့် အခြားမသန်စွမ်းသူများအား ၎င်းတို့၏ကျန်းမာရေးနှင့် ကောင်းစွာရပ်တည်နိုင်ရေးတို့သည် အမြင့်ဆုံးအဆင့်သို့ရောက်ရှိရန်၊ အမှီအခိုကင်းစွာ နေထိုင်နိုင်ရန် နှင့် လူ့အဖွဲ့အစည်းတွင် အကျုံးဝင်ပြီးပါဝင်နိုင်ရန် အထောက်အပံ့ပေးပါသည်။

### အမြန်လေ့လာနိုင်သော အချက်အလက်များ (QUICK FACTS)

- ဝင်ငွေနည်းတိုင်းပြည်အတော်များများတွင် အားပြုကိရိယာများ လိုအပ်နေသောသူများအနက်မှ ၅ - ၁၅% သာ ထိုကိရိယာများအား ရယူအသုံးပြုနိုင်သည်။(၁)
- ၂၀၀၄ခုနှစ်တွင် စစ်တမ်းကောက်ယူခဲ့သော နိုင်ငံပေါင်း ၁၁၄ နိုင်ငံ၏ ၅၀%မှာ ပြန်လည်သန်စွမ်းရေးနှင့် သက်ဆိုင်သော ဥပဒေများမရှိပါ၊ ၄၈%မှာ အားပြုကိရိယာများဆိုင်ရာ မူဝါဒများမရှိပါ။(၂)
- ခန့်မှန်း လူဦးရေ (၁၀၅)သန်း (သို့) ကမ္ဘာ့လူဦးရေ၏ ၁.၅% သည် ဘီးတပ်ကုလားထိုင်လိုအပ်နေပါသည်။(၃)
- ရွေ့လျားသွားလာရေးအတွက် အထောက်အကူပြုကိရိယာများ အသုံးပြုခြင်းသည် ပညာရေး၊ အလုပ်အကိုင် ရရှိရေးတို့အတွက် အခွင့်အလမ်းများရရှိနိုင်ပြီး ကျန်းမာရေး၊ လူ့အဖွဲ့အစည်းတွင်ပါဝင်ဆောင်ရွက်မှုနှင့် လူနေမှုဘဝအရည်အသွေးတို့ တိုးတက်ကောင်းမွန်စေရန် အထောက်အပံ့ပြုပါသည်။(၄)

### ပြန်လည်ထူထောင်ရေးတွင်ပါဝင်သော အစိတ်အပိုင်းများမှာ

- **ခြေတုလက်တုနှင့် အားပြုကရိယာဆိုင်ရာဝန်ဆောင်မှုများ (P&O)** လူတစ်ယောက်အား လမ်းပြန်လည်လျှောက်လှမ်းနိုင်စေရန် (သို့) အပေါ်ပိုင်းရှိကိုယ်လက်အင်္ဂါများအလုပ်လုပ်ဆောင်မှု တိုးတက်ကောင်းမွန်လာစေရန် ခြေတုလက်တုများနှင့် အားပြုကိရိယာများ ထုတ်လုပ်တပ်ဆင်ပေးရပါသည်။ ခြေတုလက်တုသည် ခြေလက်အင်္ဂါ နေရာတွင် အစားထိုးပေးပြီး အားပြုကိရိယာများသည် ခံစားမှုအာရုံနှင့် လှုပ်ရှားမှုများအတွက်အထောက်အပံ့(သို့) ပိုမိုကောင်းမွန်စေရန် ပြုလုပ်ပေးသည်။ ခြေတုလက်တုနှင့် အားပြုကိရိယာများသည် အားပြုကိရိယာများအုပ်စုတွင် ပါဝင်ပြီး ထိုအုပ်စုတွင် ရွေ့လျားသွားလာရေးအတွက် အထောက်အကူပြု ကိရိယာများဖြစ်သော ဘီးတပ်ကုလားထိုင်နှင့် လမ်းလျှောက်ရန် အကူပစ္စည်းများလည်း ပါဝင်ပါသည်။
- **အရိုးအကြောဆိုင်ရာကုထုံး** - လှုပ်ရှားမှုနှင့် ခံစားမှုအာရုံတို့ ဖွံ့ဖြိုးကောင်းမွန်လာစေပြီး နာကျင်မှုကိုပါ ထိန်းသိမ်းနိုင်စေရန် လက်နှင့်ပြုလုပ်ရသောနည်းစနစ်များ၊ လေ့ကျင့်ခန်းများနှင့် အခြေခံကိရိယာများအား အသုံးပြုခြင်း။
- **အလုပ်အကိုင်နှင့်ဆိုင်သော ကုထုံး** - နေ့စဉ်ဘဝ၏လုပ်ရှားမှုများအား တစ်ဦးတစ်ယောက်တည်း (သို့) အုပ်စုဖွဲ့၍ လုပ်ဆောင်သည့်နည်းအား ကုထုံးအနေဖြင့်အသုံးပြုခြင်းဖြင့် အိမ်၊ ကျောင်း၊ အလုပ်နေရာ၊ ရပ်ရွာအတွင်း၊ ယဉ်ကျေးမှု၊ အားကစားနှင့် အနားယူအပန်းဖြေခြင်းဆိုင်ရာ လှုပ်ရှားလုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ပေးရန်။ ရုပ်ပိုင်း၊ သိမြင်မှုပိုင်း၊ စိတ်ပိုင်းနှင့် ခံစားမှုအာရုံပိုင်းဆိုင်ရာ ချို့ယွင်းမှုများနှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။
- **စကားပြောခြင်းဆိုင်ရာကုထုံး** - စိတ်ကျန်းမာရေး (သို့) အကြားအာရုံ ချို့ယွင်းအားနည်းခြင်းနှင့် မသက်ဆိုင်သော စကားသံ၊ စကားပြောခြင်းနှင့် ဘာသာစကားဆိုင်ရာ မူမမှန်မှုများအားလုံးကို ကုသနိုင်သည်။

## ဥပဒေနှင့်မူဝါဒဆိုင်ရာ မူဘောင်များ

**CCM:**

အပိုဒ် ၅၊ စာပိုဒ် ၁ နှင့် ၂။ အပိုဒ် ၆၊ စာပိုဒ် ၇။ အပိုဒ် ၇၊ စာပိုဒ် ၁။

**VIENTIANE ACTION PLAN:**

လုပ်ဆောင်ချက် #၂၅ နှင့် #၂၈။

**CARTAGENA ACTION PLAN:**

အခန်း ၄၊ စာပိုဒ် ၁၂။ လုပ်ဆောင်ချက် #၃၁။

**CRPD:** အပိုဒ် ၂၀ နှင့် ၂၆။

## အဓိက အကျိုးတူပူးပေါင်းပါဝင်သူများ မည်သူတို့ဖြစ်သနည်း။

အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ၏ **အဖွဲ့အစည်းများ။**

**ဝန်ဆောင်မှုပေးသူများ -** ပြန်လည်သန်စွမ်းရေးဌာနများနှင့် NGO၊ နိုင်ငံတကာ NGO နှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများမှ စီမံခန့်ခွဲသော အဖွဲ့များ။

**ဝန်ကြီးဌာနများ -** ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး။

ပြန်လည်ထူထောင်ခြင်းအထူးပြု ပညာရှင်များဖြစ်သည့် **ပြည်တွင်းပညာရှင်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ပညာရှင်အဖွဲ့အစည်းများ** ဖြစ်သည့် အပြည်ပြည်ဆိုင်ရာခြေတုလက်တုနှင့် အားပြုကိရိယာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ခန္ဓာဗေဒကုထုံးနှင့် အပြည်ပြည်ဆိုင်ရာအလုပ်အကိုင်နှင့် ဆိုင်သောကုထုံး အဖွဲ့များ (INTERNATIONAL SOCIETY FOR PROSTHETICS AND ORTHOTICS (ISPO), THE WORLD CONFEDERATION FOR PHYSICAL THERAPY, AND THE WORLD FEDERATION OF OCCUPATIONAL THERAPISTS)၊

**အဖွဲ့အစည်းများ -** ICRC

## ဝင်ငွေနည်းတိုင်းပြည်များတွင် အများအားဖြင့်ကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှုများမှာ အဘယ်နည်း။

- ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ အထူးသဖြင့် **ကျေးလက်နှင့် ဝေးလံခေါင်ဖျားသည့် ဒေသများ**တွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများအတွက် **ငွေအင်အားအရင်းအမြစ်များအကန့်အသတ်ရှိခြင်း။**
- ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အထူးသဖြင့် P&O ဝန်ဆောင်မှုများအတွက်၊ **အမျိုးသားအဆင့်စီမံကိန်းရေးဆွဲထားမှုမရှိခြင်း**နှင့် ကျန်းမာရေးစောင့်ရှောက်မှု စီမံကိန်းများထဲသို့ ထည့်ပေါင်းထားမှု မရှိခြင်း။
- တချို့သောပြန်လည်ထူထောင်ရေးစီမံကိန်းများသည် **အရိုးအကြောအဆစ်ဆိုင်ရာကုထုံးနှင့် အားပြုကိရိယာများ (သို့) လုပ်ဆောင်နိုင်မှုတွင် အကန့်အသတ်ရှိသည့် သတ်မှတ်ထားသောအမျိုးအစားအချို့ (ဥပမာ - အမြင်အာရုံ၊ ရွေ့လျားသွားနိုင်မှု၊ အစရှိသည်) ကိုသာ ဦးတည်ဆောင်ရွက်ပြီး** အခြားသောပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများနှင့် ချိတ်ဆက်ထားမှု မရှိခြင်း။
- ပြန်လည်ထူထောင်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များမှာ အနည်းငယ်သာရှိပြီး ၎င်းတို့သည် ရပ်ရွာအဆင့်တွင်၊ အထူးသဖြင့် မိုင်းများ/ERWများကြောင့် ထိခိုက်ခံရသောဒေသများတွင် ရရှိနိုင်သော အရင်းအမြစ်များနှင့်စပ်လျဥ်း၍ **သင်ကြားလေ့ကျင့်ထားမှု အနည်းငယ်သာရှိခြင်း (သို့) လုံးဝမရှိခြင်း။**
- ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်ခံအသုံးပြုသူတစ်ဦး ထွက်ခွာခွင့်/ဆေးရုံဆင်းခွင့် ရပြီးနောက်ထိုသူအား **နောက်ဆက်တွဲဆက်လက်ကုသမှုများ** ကြပ်မတ်ဆောင်ရွက်မှုမရှိခြင်း။
- ဆေးဘက်ဆိုင်ရာ၊ လူမှုရေးနှင့် စိတ်ကျန်းမာရေး **ဝန်ဆောင်မှုများနှင့် ချိတ်ဆက်မှု အနည်းသာရှိခြင်း (သို့) လုံးဝမရှိခြင်း။**
- ဝန်ဆောင်မှုများအား အသုံးပြုနိုင်ခြေရှိသူတို့သည် လက်ရှိတွင်ရှိပြီးဖြစ်သော ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများနှင့် ၎င်းတို့အား ရယူအသုံးပြုနိုင်မည့် နည်းလမ်းအဆင့်ဆင့်ကို အမြဲတမ်းသိရှိမှုနည်းပါးခြင်း။
- အသုံးပြုသူတို့သည် ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများ၏ အမှန်တကယ်ကုန်ကျစရိတ် (သို့) ဆက်စပ် နေသောကုန်ကျစရိတ်များဖြစ်သည့် သယ်ယူပို့ဆောင်ရေး၊ ဝင်ငွေဆုံးရှုံးခြင်းနှင့် ကလေးစောင့်ရှောက်မှု အစရှိသည်တို့အား **မတတ်နိုင်ခြင်း။**
- ဝန်ဆောင်မှုများဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း အဆင့်ဆင့်တွင် **အသုံးပြုသူများ ပါဝင်ဆောင်ရွက်မှုမရှိခြင်း။**

## ပြန်လည်ထူထောင်ရေးတွင် အောင်မြင်သောစီမံချက်များ (SUCCESSFUL PROJECTS)

ဆူဒန်နိုင်ငံတောင်ပိုင်းတွင် ICRC သည် ကျား/မရေးရာ၊ ကလေးသူငယ်နှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနအား ဂျူဘား ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရေးဌာန (JUBA PHYSICAL REHABILITATION REFERENCE CENTER) စီမံခန့်ခွဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့တွင် အထောက်အပံ့များပေးခဲ့ပြီး ၎င်းဌာနသည် နိုင်ငံအတွက် လွှဲပြောင်းညွှန်းပို့ရာဌာန အဖြစ်ရပ်တည်ခဲ့သည်။ လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများအား တုန့်ပြန်နိုင်ရန်အတွက် ICRC သည် -

၁။ ပြန်လည်ထူထောင်ရေးဌာနသို့ လာရောက်ပြသသူများ၏ သယ်ယူပို့ဆောင်ရေးနှင့် နေထိုင်ရေးအတွက် ကုန်ကျစရိတ်များကို ထောက်ပံ့ပေးခဲ့သည်။

၂။ လွှဲပြောင်းညွှန်းပို့ခြင်းဆိုင်ရာစနစ်တစ်ခု ပေါ်ပေါက်လာစေရန် ပံ့ပိုးပေးခဲ့သည်။

၃။ နယ်ဝေးသို့သွားရောက်ရန်ခရီးစဉ်များနှင့် သတင်းအချက်အလက်ပေးခြင်းများအတွက် ထောက်ပံ့ပေးခဲ့သည်။

ပြန်လည်ထူထောင်ရေးဌာနအနေဖြင့် ဝန်ဆောင်မှုများပေးရန် နည်းလမ်းများရှိစေရန်အတွက် ပစ္စည်းများနှင့်လိုအပ်သောအစိတ်အပိုင်းများအားလည်း လှူဒါန်းခဲ့သည်။ ၂၀၁၁တွင် လူပေါင်း (၁၄၄၀)ဦးသည် ဝန်ဆောင်မှုအမျိုးမျိုးမှ အကျိုးခံစားခွင့်ရရှိခဲ့သည်။ ICRC သည် လုပ်ငန်းခွင်အတွင်း အထောက်အပံ့ပေးခြင်း၊ ညွှန်ကြားပြသခြင်း၊ P&O နှင့်ဆိုင်သောသင်တန်းများအတွက် ပညာသင်ဆုများပေးခြင်းတို့အား ပြုလုပ်ခဲ့ပြီး ဝန်ကြီးဌာနအားလည်း ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ဆောင်ချက်များအား အကောင်အထည်ဖော်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်လာစေရန် ကူညီထောက်ပံ့ပေးခဲ့သည်။[6]

**မိုဇမ်ဘစ်နိုင်ငံတွင်** ၁၉၈၀ခုနှစ်များတွင် HANDICAP INTERNATIONAL (HI)သည် ICRC နှင့်ပူးပေါင်းပြီး ပြန်လည်သန်စွမ်းရေးဌာနများ ဖွင့်လှစ်ခဲ့သည်။ ၁၅နှစ်တာကာလတွင် HI သည် - ဒေသအတော်များများ၌ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးဆေးပညာနှင့် ပြန်လည်သန်စွမ်း ရေးဝန်ဆောင်မှုများ၊ အဓိကအားဖြင့် P&O ဌာနများအား ထောက်ပံ့ခြင်း (သို့) တည်ဆောက်ခြင်းများ ပြုလုပ်ခဲ့ပြီး ဝန်ဆောင်မှုများအား တိုက်ရိုက်ပေးနိုင်ခဲ့ခြင်း၊ ဝေးလံခေါင်ဖျားသောဒေသများမှ လာရောက်သော အကျိုးခံစားခွင့်ရှိသူများအား လက်ခံကုသပေးနိုင်ရန် ဌာနခွဲငယ်များ တည်ဆောက်ပေးခြင်းနှင့် လူထုအခြေပြုသော ပြန်လည်သန်စွမ်းရေး စီမံကိန်း ရေးဆွဲဆောင်ရွက်ခြင်း အစရှိသည်တို့ လုပ်ဆောင်ခဲ့သည်။ HI အဖွဲ့အစည်းသည် ပြန်လည်သန်စွမ်းရေးဆိုင်ရာ ဂိသေသများအား ရုံးတွင်းနှင့် အဖွဲ့အစည်းတွင်း သင်ကြားလေ့ကျင့်ပေးခဲ့သည်။ နောက်ပိုင်းတွင် HI သည် မူဝါဒများ ပေါ်ပေါက်လာစေရန်၊ ဝန်ဆောင်မှုပေးသူ များ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြန်လည်သန်စွမ်းရေးကဏ္ဍအတွင်း အရင်းအမြစ်များခွဲဝေပေးရန်အတွက် ဝန်ကြီးဌာနအဆင့်တွင် အသိပေးတင်ပြနိုင်ရန်အတွက် အထောက်အပံ့များ ပေးခြင်းအားဖြင့် နိုင်ငံအတွင်းရှိ ပြန်လည်သန်စွမ်းရေးစနစ် တိုးတက်ဖွံ့ဖြိုးလာစေရန်ဦးတည်၍ အမျိုးသားအဆင့်ရှိ တာဝန်ရှိသူများနှင့် မိတ်ဖက်ပြုလုပ်ခြင်းအား ပိုမိုအားကောင်းစေခဲ့သည်။

## အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်သည့်အရာများ ပြုလုပ်နိုင်သနည်း။ (WHAT CAN STATES DO?)

### လူနေမှုဘဝအရည်အသွေး တိုးတက်မြင့်မားလာစေရန် -

- အသက်ရှင်ကျန်ရစ်သူနှင့် အခြားမသန်စွမ်းသူများ လိုအပ်နိုင်သော ရုပ်ပိုင်း၊ အလုပ်အကိုင်နှင့် စကားပြောခြင်းဆိုင်ရာ ကုထုံး၊ P&Oနှင့် နာကျင်မှုအား ကိုင်တွယ်ထိန်းသိမ်းခြင်းများ အပါအဝင် ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများအား ရယူသုံးစွဲရာ၌ လွယ်ကူချောမွေ့စေခြင်း။
- အားပြုကိရိယာများ၏ ပုံစံ၊ ကြာရှည်ခံနိုင်မှု၊ အသက်အရွယ်အလျောက်သင့်လျော်မှုတို့တွင် အမျိုးသား၊ အမျိုးသမီး၊ မိန်းကလေးနှင့် ယောက်ျားလေးများ၏ တိကျသောလိုအပ်ချက်များအား ထည့်သွင်းစဉ်းစားခြင်း။
- အားပြုကိရိယာများအပါအဝင် ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများသည် အသုံးပြုသူများ၏ လိုအပ်ချက် များနှင့် ကိုက်ညီရမည်ဖြစ်ပြီး ဒေသပတ်ဝန်းကျင် အခြေအနေများနှင့်လည်း ဆီလျော်ကိုက်ညီအောင်ပြုလုပ် ထားရမည်။
- ပြန်လည်သန်စွမ်းရေးဝန်ဆောင်မှုများအား အသုံးပြုသူများ (အထူးသဖြင့်ကြီးထွားလာသည်နှင့်အမျှ လိုအပ်ချက်များပြောင်းလဲလာနိုင်သော ကလေးသူငယ်များ)အား နောက်ဆက်တွဲဆက်လက်ကုသမှုများ ရရှိကြောင်း သေချာစေခြင်း။

## ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု တိုးတက်ကောင်းမွန်စေရန်

- ➤ နောက်ဆက်တွဲဆိုးကျိုးများကိုကာကွယ်ရန်၊ ပြန်လည်သန်စွမ်းရေးအတွက်ပြင်ဆင်ရန်နှင့် အားပြုကိရိယာ များအသုံးပြုရာတွင် လွယ်ကူချောမွေ့စေရန်အတွက် အရိုးအကြောအဆစ်ဆိုင်ရာကုထုံးအား မတော်တဆ ထိခိုက်မှုဖြစ်ပွားပြီးနောက် စောနိုင်သမျှအစောဆုံး ရရှိစေခြင်း။
- ➤ ဖြစ်နိုင်ပါက ဒေသထွက်ပစ္စည်းများနှင့် ပြုလုပ်ထားပြီး ဒေသအတွင်း၌ထုတ်လုပ်သော အားပြုကိရိယာများ အား ပြုလုပ်ပေးခြင်း။
- ➤ ရပ်ရွာလူထု၏ လိုအပ်ချက်များနှင့် ၎င်းတို့၏ ပထဝီအနေအထားအရ ကိုက်ညီသော ပြန်လည်သန်စွမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ (အရိုးအကြောအဆစ်ဆိုင်ရာကုထုံးဆရာများ၊ ခြေတုလက်တုပညာရှင်များ (P&O)၊ အလုပ်အကိုင်နှင့် စကားပြောခြင်းဆိုင်ရာ ကုထုံးဆိုင်ရာပညာရှင်များ) အလုံအလောက် သင်ကြားလေ့ကျင့်ပေးခြင်း။
- ➤ လူနာများအကျိုးအတွက် ကျွမ်းကျင်ပညာရှင်များ၏ အရည်အသွေးမှီ စောင့်ရှောက်ရေးနှင့် ပညာရေးတို့အား ခြေတုလက်တုပညာရှင်များ (P&O)အတွက် ကမ္ဘာ့စံနှုန်းဖြစ်သော - ISPO အသိအမှတ်ပြုခြင်း (ISPO RECOGNITION)အား ရရှိစေခြင်း။
- ➤ အသက်ရှင်ကျန်ရစ်သူများ၊ အခြားမသန်စွမ်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များအကြား အားပြုကိရိယာများ နှင့်စပ်လျဉ်း၍ ရရှိနိုင်မှု၊ အသိပညာပေးခြင်းနှင့် အသုံးပြုပုံများအား မြှင့်တင်ခြင်း။
- ➤ ရွှေ့လျားသွားလာမှု (နယ်လှည့်)နှင့် ရပ်ရွာလူထုအခြေပြုသော ပြန်လည်သန်စွမ်းရေးဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက် လာစေခြင်း။

## ဥပဒေများနှင့်မူဝါဒများ တိုးတက်ကောင်းမွန်လာစေရန် -

- ➤ ပြန်လည်သန်စွမ်းရေးသည် ကျန်းမာရေးဆိုင်ရာ ဥပဒေများနှင့် မူဝါဒများတွင်အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRPD)နှင့်အညီ ဖြစ်ရမည်။ ထိုသို့ဖြစ်စေရန် မသန်စွမ်းသူတစ်ဦးချင်းစီ၏ ပုဂ္ဂလိကလိုအပ်ချက်များနှင့် အားသာချက်များ အပေါ်တွင် ဘက်ပေါင်းစုံမှ ဆန်းစစ်အကဲဖြတ်ခြင်းအားဖြင့် ၎င်းတို့၏ အမြင့်မားဆုံးကိုယ်တိုင်ရပ်တည်မှုအား ရယူထိန်းသိမ်းနိုင်စေရမည်ဖြစ်သည်။
- ➤ ဥပဒေများနှင့်မူဝါဒများအား ကျေးလက်နှင့် ဝေးလံခေါင်ဖျားသောဒေသများတွင်ပါမကျန် အကောင်အထည် ဖော်နိုင်ရန်အတွက် လုံလောက်သော အရင်းအမြစ်များ ခွဲဝေချထားပေးခြင်းရှိရမည်။
- ➤ လွှဲပြောင်းညွှန်းပို့ရာဌာနများ၊ ရပ်ရွာအတွင်းရှိ P&O အလုပ်ရုံများနှင့် နယ်လှည့်၊ ရွှေ့လျားအဖွဲ့များအပါအဝင် လုံလောက်သောလွှမ်းခြုံမှုရှိနိုင်သည့် ပြန်လည်သန်စွမ်းရေးကွန်ယက်တစ်ခု ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ရမည်။
- ➤ တင်သွင်းလာသော ပြန်လည်သန်စွမ်းရေးဆိုင်ရာ ပစ္စည်းကိရိယာများပေါ်တွင် စည်းကြပ်ထားသော အခွန်အကောက်များအား ဖယ်ရှားရမည်။
- ➤ နိုင်ငံတကာအဖွဲ့အစည်းများသည် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သောအခါ၌ အမျိုးသားအဆင့်ရှိတာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများအား လွှဲပြောင်းယူနိုင်ရန် ရှင်းလင်းသော အစီအစဉ် တစ်ခု ရေးဆွဲထားရမည်ဖြစ်ပြီး ထိုသို့ရေးဆွဲနိုင်ရန် ရေရှည်တည်တံ့မှုရှိစေခြင်းငှာ လိုအပ်သော နည်းပညာ၊ လူအင်အားနှင့် ငွေအင်အားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ရမည်။

## တိုးတက်မှုကို မည်ကဲ့သို့တိုင်းတာမည်နည်း။ (HOW TO MEASURE PROGRESS)

အချက်အလက်စာစောင်များတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြောင်းလဲမှုကိုပြသနိုင်သော နယ်ပယ်အချို့အား ဖော်ပြထားသည်။ ဝန်ဆောင်မှုများအားရယူသုံးစွဲနိုင်မှု၊ ဥပဒေပြဋ္ဌာန်းခြင်းနှင့် မူဝါဒများချမှတ်ခြင်းတို့တွင် တိုးတက်လာခြင်းသည် နောက်ဆုံး၌လူနေမှုဘဝအရည်အသွေးတွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှု များအား ရရှိစေသင့်သည်။

### ➤ လူနေမှုဘဝအရည်အသွေး -

* ဆေးကုသမှုနှင့် အားပြုကိရိယာများ လက်ခံရရှိအသုံးပြုသူများ အရေအတွက်။ * ဝန်ဆောင်မှုတစ်ခုအား စတင်လိုအပ်ချိန်မှ ရယူအသုံးပြုနိုင်ချိန်ကြား ကြာချိန်လျော့နည်းလာခြင်း။ * မိမိတို့၏ ကိုယ်ပိုင် ပြန်လည်သန်စွမ်းရေး အစီအစဉ်အား ရေးဆွဲရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လာသူများ အရေအတွက်။
* ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများအား ရယူအသုံးပြုပြီးနောက် မိမိတို့၏
လူမှုရေးနယ်ပယ်တွင် ပါဝင်ပတ်သက်နိုင်မှု တိုးတက်လာသည်ဟု အစီရင်ခံတင်ပြသော အသုံးပြုသူများ အရေအတွက်။ * မိမိတို့၏ အားပြုကိရိယာများအား လက်ခံရရှိပြီး တစ်နှစ်အကြာအထိ အသုံးပြုနေသူများ အရေအတွက်။

### ➤ ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု -

* မိုင်းများ/စစ်အကြွင်းအကျန်ပေါက်ကွဲပစ္စည်း (ERW) များကြောင့် ထိခိုက်ခံရသော ကျေးလက်နှင့် ဝေးလံခေါင်ဖျားသောဒေသများတွင် ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများ အရေအတွက် တိုးပွားလာခြင်း။ * ISPO မှ တရားဝင် အသိအမှတ်ပြုခြင်းအဆင့်ရှိခြင်း။ * လုံလောက်သော ပစ္စည်းကိရိယာများရှိသော ပြန်လည်သန်စွမ်းရေးဝန်ဆောင်မှုများ၏ ရာခိုင်နှုန်းတိုးတက်လာခြင်း။ * အခမဲ့ဖြစ်သော (သို့) ကုန်ကျစရိတ်သက်သာလွယ်ကူသော ဝန်ဆောင်မှုများ အရေအတွက်။ * ဆေးဘက်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ (သို့) အခြားဝန်ဆောင်မှုများသို့ လွှဲပြောင်းညွှန်းပို့ပေးခြင်းခံရသော အသုံးပြုသူများ အရေအတွက်။ * အရည်အသွေးဆိုင်ရာ စံသတ်မှတ်ချက်များ (ကုန်ကျစရိတ်သက်သာလွယ်ကူမှု၊ ဝန်ထမ်းများ၏ အပြုအမူ (သဘောထား)၊ ကိရိယာများ၏ဆီလျော်မှု၊ အစရှိသည့်)အား ပုံမှန် အစီရင်ခံတင်ပြသော ဝန်ဆောင်မှုပေးသူများ အရေအတွက်။ * ကနဦး (သို့) အဆက်မပြတ်ပေးပို့သော ကျွမ်းကျင်မှုဆိုင်ရာသင်တန်းအား တက်ရောက်သော အမျိုးသမီးများအပါအဝင် ကုထုံးဆရာများနှင့် နည်းပညာရှင်များ အရေအတွက်။ * ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများ၌ အလုပ်ခန့်ထားသော မသန်စွမ်းသူများ အရေအတွက်။ * ဝန်ဆောင်မှုအသုံးပြုသူများအတွက် တောင်းဆိုရန်လိုသောအချက်များရှိပါက ဖော်ပြနိုင်သော ဖွဲ့စည်းတည်ဆောက်ထားသည့်နည်းလမ်းများ ရှိခြင်း။ * ဝန်ဆောင်မှုများဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း အဆင့်ဆင့်တွင် အသုံးပြုသူများအား ပါဝင်ဆောင်ရွက်စေသော ဝန်ဆောင်မှုပေးသူများ အရေအတွက်။

### ➤ ဥပဒေများနှင့် မူဝါဒများ -

* ပြန်လည်သန်စွမ်းရေးသည် ကျန်းမာရေးဆိုင်ရာ ဥပဒေများနှင့် မူဝါဒများတွင် အရေးပါသော အစိတ်အပိုင်းတစ်ခု အဖြစ်ပါဝင်ပြီး မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRPD)ပါ စံနှုန်းများနှင့်အညီဖြစ်ခြင်း။
* ရုပ်ပိုင်းဆိုင်ရာပြန်လည်သန်စွမ်းရေးအတွက် လမ်းညွှန်ချက်များတည်ရှိခြင်း။
* ဆုံးဖြတ်ချက်များချမှတ်ရန်အတွက် သက်ဆိုင်သောအချက်အလက်များအား ပုံမှန်ကောက်ယူစုဆောင်းထားခြင်း။

## စီမံချက်နမူနာ - အယ်ဘားနီးယားတွင် ဆေးဘက်ဆိုင်ရာနှင့် ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု။

**ဖော်ထုတ်တွေ့ရှိသောပြဿနာ** - နိုင်ငံအတွင်းရှိ ပြန်လည်သန်စွမ်းရေးဝန်ဆောင်မှုများသည် ကောင်းစွာဖွံ့ဖြိုး တိုးတက်မှုမရှိခြင်း၊ ပြန်လည်သန်စွမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် သင်တန်းအဆောက်အအုံများ မရှိခြင်း။

**ရည်ရွယ်ချက်** - ရုပ်ပိုင်းဆိုင်ရာ ကုသရေးနှင့် ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လူတိုင်းအတွက် တန်းတူညီမျှပြီး ရေရှည်တည်တံ့သော ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ခြင်းအား အရှိန်အဟုန်တိုးမြှင့်ရန်။

**လုပ်ဆောင်ချက်များ** - ၁။ ပြန်လည်သန်စွမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအား သင်ကြားလေ့ကျင့်ပေးခြင်းနှင့် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ၂။ ထိခိုက်ခံရသောဒေသတစ်ခု (ကုကီ ဒေသဆိုင်ရာဆေးရုံ) တွင် ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများ ပေါ်ပေါက်လာစေရန် ထောက်ပံ့ပေးခြင်း၊ ၃။ ပြန်လည်သန်စွမ်းရေးဆိုင်ရာ မူဝါဒများ ပေါ်ထွန်းလာစေရန် ထောက်ပံ့ပေးခြင်း။

**ရေရှည်တည်တံ့ရေး** - ၁။ အမျိုးသားအဆင့် အကျိုးတူပူးပေါင်းပါဝင်သူများဖြစ်ကြသော - ကျန်းမာရေးဝန်ကြီးဌာန၊ သင်ကြားရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသအဆင့်ဝန်ဆောင်မှုပေးသူများမှ မိမိပိုင်လုပ်ငန်းစီမံကိန်းအဖြစ် ခံယူ သဘောထားစေခြင်း။ ၂။ ဒေသအတွင်း သင်ကြားလေ့ကျင့်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်များ ဖွံ့ဖြိုးလာစေပြီး သင်တန်းဆရာများအား မွေးထုတ်ပေးခြင်း။ ၃။ ပြန်လည်သန်စွမ်းရေးဆိုင်ရာ အမျိုးသားအဆင့်လှုပ်ရှားမှုစီမံကိန်း အား အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ရာတွင် ထောက်ပံ့ပေးခြင်း။

အဓိကသည့္အနောက်ဆုံး - * ရုပ်ပိုင်းဆိုင်ရာ ကုသရေးနှင့်ပြန်လည်သန်စွမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာနှင့် စီမံကိန်းအား အတည်ပြုခဲ့ခြင်း။ * အသစ်တည်ထောင်ထားသော ဘွဲ့ရရှိရေးစီမံကိန်းမှ အရိုးအကြောအဆစ်ဆိုင်ရာ ကုထုံးဆရာ အယောက် (၇၀)ယောက် ဘွဲ့ရရှိခဲ့သည်။ * ရုပ်ပိုင်းဆိုင်ရာ ကုသရေးနှင့်ပြန်လည်သန်စွမ်းရေးဆိုင်ရာ တစ်နှစ်သင်တန်းအား ဆရာဝန် (၁၈)ဦး တက်ရောက်ပြီးစီးခဲ့သည်။ * P&O သင်တန်းတွင် သင်တန်းသား (၆)ဦး ပါဝင် တက်ရောက်ခဲ့သည်။ * P&O ဝန်ဆောင်မှုများအား လူအရေအတွက် (၃၉၉)ဦး လက်ခံရရှိခဲ့သည်။ * ဒေသဆိုင်ရာ ဆေးရုံတစ်ရုံတွင် ကောင်းစွာလည်ပတ်အလုပ်လုပ်လျက်ရှိသော ပြန်လည်သန်စွမ်းရေးဌာနစိတ် (အရိုးအကြော အဆစ်ဆိုင်ရာကုထုံး၊ P&O ဝန်ဆောင်မှုများ) တစ်ခုရှိသည်။ * မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်းများသည် မသန်စွမ်းသူများ၏အခွင့်အရေးများအား အသိပေးလှုံ့ဆော်ခြင်းနှင့် အမျိုးသားအဆင့်မသန်စွမ်းမှုဆိုင်ရာ စီမံကိန်းအား စောင့်ကြည့်လေ့လာခြင်း တို့တွင်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။

အကျိုးတူပူးပေါင်းပါဝင်သူများ - အယ်လ်ဘေးနီးယမ်း မိုင်းလှုပ်ရှားမှုဦးဆောင်အဖွဲ့ (ALBANIAN MINE ACTION EXECUTIVE)၊ ကျန်းမာရေးဝန်ကြီးဌာန၊ NURSERY FACULTY OF TIRANA, ဘယ်လ်ဂျီယံမှ အရိုးအကြောအဆစ်ဆိုင်ရာကျောင်း နှစ်ကျောင်း။

ကာလ - ၂၀၀၅ နှစ်ကုန်ပိုင်း မှ ၂၀၁၀ ခုနှစ်အထိ။

အလှူရှင် - အပြည်ပြည်ဆိုင်ရာ ဘုံရန်ပုံငွေ (INTERNATIONAL TRUST FUND)

## အကောင်အထည်ဖော်ဆောင်ရွက်သူများ - HI

## ကိုးကားခြင်းများ

(1)WHO, UNICEF, ILO, IDDC. COMMUNITY-BASED REHABILITATION HEALTH GUIDELINES. 2010 | (2)WHO, USAID. JOINT POSITION PAPER ON THE PROVISION OF MOBILITY DEVICES IN LESS RESOURCED SETTINGS. 2011 | (3), (4)HI. POLICY BRIEF: WHEELCHAIR MOBILITY AND POSITIONING DEVICES. 2012; HI. THE SUSTAINABILITY ANALYSIS PROCESS: THE CASE OF PHYSICAL REHABILITATION. 2012 | (5)ICBL-CMC. LANDMINE AND CLUSTER MUNITION MONITOR. 2012; ICRC. UNDERSTANDING THE CONCEPT OF PHYSICAL REHABILITATION. 2009 | (6) ICRC. REPORT OF ACTIVITIES. 2011; ISPO, LSN. PROSTHETICS AND ORTHOTICS PROGRAM GUIDE: IMPLEMENTING P&O IN LOW-INCOME SETTINGS. 2006; LANDMINE SURVIVORS NETWORK. SURVIVING LIMB LOSS. 2000

## စိတ်ပိုင်းဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုပေးခြင်း ဆိုသည်မှာ အဘယ်နည်း။

### ➤ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုပေးခြင်းသည် စိတ်ကျန်းမာရေး ဂန်ဆောင်မှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

စိတ်ကျန်းမာရေးဆိုသည်မှာ လူတစ်ဦးတစ်ယောက်ချင်းစီသည် ၎င်းတို့၏ စွမ်းရည်များကို ကောင်းစွာသိရှိခြင်း၊ ဘဝနှင့် လုပ်ငန်းခွင်တွင်ကြုံတွေ့ရလေ့ရှိသော ပုံမှန်စိတ်ဖိစီးမှုများအား ရင်ဆိုင်ဖြေရှင်းနိုင်ခြင်းနှင့် ၎င်းတို့၏ရပ်ရွာလူထုအတွက် အထောက်အပံ့တစ်ခုဖြစ်စေခြင်းအားဖြင့် ချမ်းသာသုခနှင့် ပျော်ရွှင်မှုတို့ဖြင့် ပြည့်စုံသောအခြေအနေ တစ်ခု ဖြစ်သည်။[၁] ၎င်းသည် ကိုယ်ရည်ကိုယ်သွေးစရိုက်များဖြစ်သော ခံနိုင်ရည်စွမ်း၊ အကောင်းမြင်မှု၊ အခက်အခဲများအား ကိုယ်တွယ်ဖြေရှင်းနိုင်မှု၊ မိမိ၏ဘဝအား ကောင်းစွာထိန်းကွပ်နိုင်မှုနှင့် မိမိကိုယ်ကို တန်ဖိုးထားလေးစားမှု အစရှိသည် တို့ဖြင့် ဆက်စပ်လျက်ရှိပါသည်။[၂]

## စိတ်ကျန်းမာရေးဆိုင်ရာ အစိတ်အပိုင်းများမှာ -

- **စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုပေးခြင်း** - စိတ်ပညာနှင့် စိတ်ရောဂါဆိုင်ရာ ကျွမ်းကျင်ပညာရှင်များမှ နှစ်သိမ့်ဆွေးနွေးမှုပေးခြင်း။
- **လူမှုစိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုပေးခြင်း** - စိတ်ပိုင်းဆိုင်ရာ ချမ်းသာသုခနှင့် ပြည့်စုံစေရန် အဓိကရည်ရွယ်၍ ယဉ်ကျေးမှု၊အားကစားနှင့် အနားယူအပန်းဖြေခြင်းဆိုင်ရာ လှုပ်ရှားလုပ်ဆောင်မှုများအား ပြုလုပ်ခြင်း။
- **ဘဝတူချင်းပံ့ပိုးမှုပေးခြင်း** - တူညီသောအခြေအနေများနှင့် စိန်ခေါ်မှုများအား ရင်ဆိုင်ကြုံတွေ့ရသူများသည် လူမှုရေးနှင့် စိတ်ခံစားမှုဆိုင်ရာ ပံ့ပိုးမှုများအား တစ်ဦးချင်းစီတွေ့ဆုံဆွေးနွေးမှုများ (သို့) လူမှုရေးဆိုင်ရာ ထောက်ပံ့မှုပေးသော အုပ်စုများမှတဆင့် ပေးခြင်း။

**အမြန်လေ့လာနိုင်သော အချက်အလက်များ (QUICK FACTS)**

- အသက်ရှင်ကျန်ရစ်သူကွန်ယက်များအနေဖြင့် နိုင်ငံတော်အစိုးရထံမှ အလွန်အမင်းအကန့်အသတ်ရှိသော ထောက်ပံ့မှုကိုသာ ရရှိပြီး ၎င်းတို့အနက် အများစုသောဝန်ဆောင်မှုပေးသူများသော် ထိခိုက်ခံရသောဒေသများတွင်ဘဝတူခြင်းပံ့ပိုးမှုပေးခြင်းပုံစံဖြင့် စိတ်ကျန်းမာရေး ဂန်ဆောင်မှုများကိုသာ ပေးနေသူများဖြစ်သည်။[၃]
- အသက်ရှင်ကျန်ရစ်သူများ၏ စိတ်ကျန်းမာရေးသည် ချမ်းသာသုခနှင့် ပြည့်စုံစေရန်အတွက် အလွန်အရေးကြီး သော်လည်း၊ ၎င်းသည် မူဝါဒများနှင့်စီမံကိန်းအများစုတွင် သတိမမူမိပဲ ရှိနေသေးသည်။
- ဂင်ငွေနည်းတိုင်းပြည်များတွင် ကျန်းမာရေးဆိုင်ရာ ဘဏ္ဍာငွေ၏ ၁.၅၄% သည်သာ စိတ်ကျန်းမာရေးအတွက် ခွဲဝေသတ်မှတ်ပေးထားသည်။[၄]

စိတ်ကျန်းမာရေးဂန်ဆောင်မှုများသည် မိုင်းများ/စစ်အကြွင်းအကျန် ပေါက်ကွဲပစ္စည်းများ (ERW) နှင့် မတော်တဆ ထိခိုက်ခံရမှုကြောင့် ထိတ်လန့်ခြင်းမှ အသက်ရှင်ကျန်သူများအတွက် အရေးကြီးသည့်နည်းတူ ၎င်းတို့၏ မိသားစုများနှင့် ယေဘူယျအားဖြင့် ထိခိုက်ခံရသော ပြည်သူများအတွက်လည်း အရေးကြီးပါသည်။ ဘေးဒုက္ခကျရောက်သူ များအား အကူအညီပေးခြင်း(VA)ဆိုင်ရာ အခြေအနေတွင် ဤဂန်ဆောင်မှုများသည် မိုင်းများ/ERWများကြောင့် မတော်တဆထိခိုက်ခြင်းကဲ့သို့သော မသန်စွမ်းမှုကိုဖြစ်စေသည့် ဒဏ်ရာများနှင့် ထိခိုက်မှုကြောင့်ရရှိသော စိုးရိမ်ထိတ် လန့်မှုများအား တွေ့ကြုံခံစားရသည့် အများပြည်သူတို့အား စိတ်ပိုင်းဆိုင်ရာပူပင်သောကရောက်ခြင်းမှ ကာကွယ်ရန် (သို့) တုံ့ပြန်မှုပေးရန်နှင့် ထိခိုက်ဒဏ်ရာရခြင်းကြောင့်ဖြစ်ပေါ်လာသော စိတ်ဖိစီးမှုဝေဒနာ (POST-TRAUMATIC STRESS SYNDROME) ကဲ့သို့သော စိတ်ရောဂါများအား ကာကွယ်ရန်နှင့် တုံ့ပြန်မှုပေးရန် ရည်ရွယ်ပါသည်။ စိတ်ကျန်းမာရေး ဂန်ဆောင်မှုများသည် သက်ဆိုင်ရာလူပုဂ္ဂိုလ်နှင့် တိုက်ရိုက်ထိတွေ့လုပ်ဆောင်ရပြီး ၎င်း၏ ပတ်ဂန်းကျင်နှင့်လည်း လုပ်ဆောင်ရပါသည်။ လူတို့သည် မိမိတို့နေထိုင်ရာ ပတ်ဂန်းကျင်နှင့် သဟဇာတဖြစ်ခြင်းနှင့် ညီညွတ်မျှတမှုရှိခြင်း တို့အား ရှာဖွေလုပ်ဆောင်နိုင်ရန် ဤဂန်ဆောင်မှုများမှ အထောက်အကူဖြစ်စေပါသည်။

## ဥပဒေနှင့်မူဝါဒဆိုင်ရာ မူဘောင်များ

**CCM**

အပိုဒ် ၅၊ စာပိုဒ် ၁ နှင့် ၂ (ဓ)၊ အပိုဒ် ၆၊ စာပိုဒ် ၇၊
အပိုဒ် ၇၊ စာပိုဒ် ၁ (ဋ)

**VIENTIANE** လုပ်ငန်း အစီအစဉ်

လုပ်ဆောင်ချက်များ #၂၅ နှင့် #၂၈

**CARTAGENA** လုပ်ငန်း အစီအစဉ်

အပိုင်း ၄၊ အပိုဒ် ၁၂၊ လုပ်ဆောင်ချက် # ၃၁

**CRPD** အပိုဒ်၊ ၁၉၊ ၂၅ နှင့် ၂၆

## မည်သူတွေသည် အဓိက အကျိုးတူပူးပေါင်း ပါဝင်သူများ ဖြစ်သနည်း။

အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ။ **ဝန်ဆောင်မှုပေးသူများ - ကျန်းမာရေးဌာနများ၊** ဘဝတူချင်း ပံ့ပိုးမှုပေးသောအုပ်စုများ။

**ဝန်ကြီးဌာနများ** - လူမှုရေးရာဝန်ကြီးဌာန။

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအရေးပေါ် အခြေအနေအတွက် WHO အပါအဝင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုအတွက် ဖွဲ့စည်းထားသော ကိုယ်စားလှယ်အဖွဲ့စည်းများရှိ ကော်မတီဝင်များ။

## ဝင်ငွေနည်းတိုင်းပြည်များတွင် အများအားဖြင့်ကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှုများမှာ အဘယ်နည်း။

- စိတ်ကျန်းမာရေးအပါအဝင် လူမှုစိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုပေးခြင်းသည် အခြားကျန်းမာရေးပြဿနာများနည်းတူ ယေဘုယျအားဖြင့် ဦးစားပေးစဉ်းစားမှုမရှိပါ။
- ထိခိုက်ခံရသော နိုင်ငံများတွင်စိတ်ပညာနှင့် စိတ်ရောဂါဆိုင်ရာနယ်ပယ်များ၌ ကျွမ်းကျင်သောပညာရှင်များ အနည်းငယ်သာရှိပြီး မြို့ကြီးများတွင်သာ အခြေစိုက်လေ့ရှိသည်။
- ရပ်ရွာလူထုအဆင့်တွင် စိတ်ကျန်းမာရေးအား ပိုမိုကြီးမားကျယ်ပြန့်သော ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်း လုပ်ရှားလုပ်ဆောင်မှုများတွင် ထည့်သွင်းလုပ်ဆောင်ရန် အားစိုက်ထုတ်မှုအနည်းငယ်သာ ရှိသည်။
- ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းနှင့် စပ်လျဉ်းသော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက် အားထုတ်မှုများတွင် စိတ်ကျန်းမာရေးဆိုင်ရာ စီမံကိန်းများအား အထောက်အပံ့ပေးခြင်းအပေါ်တွင် လုံလောက်သောအလေးပေးမှုများ မရှိချေ။
- ယေဘုယျအားဖြင့် စိတ်ရောဂါဝေဒနာ ခံစားသူများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် သင့်လျော်သောစောင့်ရှောက်မှုကို ခံယူရန်အတွက် အသိပေးလှုံ့ဆော်မှုများအား ထိရောက်စွာဆောင်ရွက်နိုင်ရန် အလုံအလောက် စီစဉ်ထားမှုမရှိပါ။
- စိတ်ပိုင်းဆိုင်ရာကျန်းမာရေးဝန်ဆောင်မှုများကို အခြေခံကျန်းမာရေးဝန်ဆောင်မှုများထဲသို့ ပေါင်းစည်းထည့်သွင်းရန် ကျန်းမာရေး ဝန်ဆောင်မှု ပေးသူများအတွက် အလွန်များပြားသော အလုပ်တာဝန်များအား ရင်ဆိုင်ဖြေရှင်း လာရမည်ဖြစ်၍ အခက်ခဲပါသည်။
- စိတ်ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဘဝတူချင်းပံ့ပိုးကူညီသူအများစုမှာ အမျိုးသားများ ဖြစ်သောကြောင့် အမျိုးသမီးများ အနေဖြင့် စိတ်ကျန်းမာရေးဝန်ဆောင်မှုများအား ရယူသုံးစွဲရာတွင် ပိုမိုခက်ခဲစေပါသည်။ ကလေးသူငယ်များအတွက် စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ အများအားဖြင့် မရရှိပါ။

## အောင်မြင်သော စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုပေးခြင်း စီမံချက်များ

(SUCCESSFUL PROJECTS)

တာဂျီကစ်စတန်နိုင်ငံတွင် အလုပ်သမားရေးရာနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ကြီးဌာနမှ ဦးဆောင်၍ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း၊ အားစိုက်ထုတ်မှုများဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် ဘဝတူချင်းပံ့ပိုးမှုပေးခြင်းတို့ အားကောင်းစေရန် ဆောင်ရွက်ခဲ့သည်။ ဒူရှန်ဘီ (DUSHANBE) တွင် ဒေသဆိုင်ရာ လူမှုစိတ်ပိုင်းဆိုင်ရာပြန်လည် သန်စွမ်းရေး ညီလာခံနှစ်ခုအား တာဂျီကစ်စတန် မိုင်းလုပ်ရှားဆောင်ရွက်မှုဌာန (TAJIKISTAN MINE ACTION CENTER - TMAC)နှင့် ကုလသမဂ္ဂ၏ အာဖဂန်နစ္စတန် မသန်စွမ်းသူများထောက်ပံ့မှုပေးခြင်းစီမံကိန်း (UN AFGHANISTAN DISABILITY SUPPORT PROGRAMME)တို့နှင့် ပူးပေါင်း၍ ကျင်းပခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံ ကဘူလ်မြို့တွင်ရှိသော အာဖဂန်နစ္စတန် မြေမြှုပ်မိုင်းမှအသက်ရှင်ကျန်ရစ်သူများအဖွဲ့အစည်း (AFGHANISTAN LANDMINE SURVIVORS' ORGANIZATION)မှ အထောက်အပံ့ပေးသော ဘဝတူချင်းပံ့ပိုးမှုပေးခြင်းဆိုင်ရာ တစ်ပတ်အလုပ်ရုံဆွေးနွေးပွဲသင်တန်း အား တာဂျစ်အသက်ရှင်ကျန်ရစ်သူများအဖွဲ့အစည်းမှ အသင်းဝင်များလည်း တက်ရောက်ခဲ့သည်။ TMACနှင့် UNDP သည် ဒူရှန်ဘီနှင့် ကူဂျန် (KHUJAND)ရှိ ဘဝတူချင်းပံ့ပိုးမှုပေးခြင်းအားမြှင့်တင်ရန် အသစ်ဖွဲ့စည်းတည်ထောင် ထားသော အသက်ရှင်ကျန်ရစ်သူများမှလည်ပတ်ဆောင်ရွက်နေသည့် NGO နှစ်ခုအား ထောက်ပံ့ပေးခဲ့သည်။[၅]

ယူဂန်ဒါနိုင်ငံတွင် ကျား/မရေးရာ၊ အလုပ်သမားရေးရာနှင့် လူမှုရေးရာ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနသည် "မြေမြှုပ် မိုင်းများနှင့် ERW များမှ အသက်ရှင်ကျန်ရစ်သူများအတွက် လူမှုစိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုပေးခြင်း - ရပ်ရွာ လူထုအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်သူများအတွက် သင်တန်းလက်စွဲ" လက်ကိုင်စာအုပ်အား ပြင်ဆင် ထုတ်ဝေပေးခဲ့သည်။ ဤသင်တန်းလက်စွဲအား ထိခိုက်ခံရသော ရပ်ရွာလူထုအတွင်းရှိ လူထုဖွံ့ဖြိုးတိုးတက်ရေးလုပ်သားများနှင့် ပြန်လည်သန်စွမ်းရေးဆိုင်ရာ အရာရှိများအား သင်ကြားလေ့ကျင့်ရန်အတွက် အသုံးပြုခဲ့သည်။[၆]

## အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်သည့်အရာများ ပြုလုပ်နိုင်သနည်း။ (WHAT CAN STATES DO?)

### လူနေမှုဘဝအရည်အသွေး တိုးတက်မြင့်မားလာစေရန် -

- ထိခိုက်ခံရသော ရပ်ရွာလူထုအတွင်း ထိခိုက်ဒဏ်ရာရသူများ၏ စိတ်ကျန်းမာရေးအပေါ်တွင် အပြုသဘော ဆောင်သည့် အကျိုးသက်ရောက်မှုများ ရစေသော တစ်ဦးချင်းစီအား စိတ်ပိုင်းဆိုင်ရာကုထုံးဖြင့် ကုသပေးမှုများ၊ ဘက်ပေါင်းစုံမှလူများပါဝင်သော ရွေ့လျားအဖွဲ့များ ဖွဲ့စည်းခြင်း၊ ရောဂါကုသခြင်းဆိုင်ရာ ဆွေးနွေးသည့် အုပ်စုများ၊ ဘဝတူချင်းပံ့ပိုးမှုပေးခြင်းနှင့် ရောဂါကုသခြင်းဆိုင်ရာ ယဉ်ကျေးမှု၊ အားကစားနှင့် အနားယူအပန်းဖြေခြင်း လှုပ်ရှားဆောင်ရွက်မှုများအား ပြုလုပ်ပေးခြင်း။
- လူတစ်ဦးချင်းစီ၏ တိကျသောလိုအပ်ချက်များနှင့် မျှော်လင့်ချက်များအား တုန့်ပြန်ဖြည့်ဆည်းနိုင်မည့် ကိုယ်တိုင်ရေးဆွဲသော ကုသမှုအစီအစဉ်အား အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများနှင့် အတူရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

### ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု တိုးတက်ကောင်းမွန်စေရန် -

- စိတ်ကျန်းမာရေးဝန်ဆောင်မှုများ၊ အထူးသဖြင့် ဘဝတူချင်းပံ့ပိုးပေးမှုများ ပြုလုပ်ပေးနေသော လူထုအခြေပြု အသင်းအဖွဲ့ အသစ်များနှင့် လက်ရှိအဖွဲ့များအား နည်းပညာပိုင်း၊ ငွေကြေးပိုင်းနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ တို့တွင် အထောက်အပံ့များပေးခြင်း။
- ဤသို့အထောက်အပံ့ပေးခြင်းသည် ကျေးလက်နှင့်ဝေးလံခေါင်ဖျားသော ဒေသများရှိ ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများအနေဖြင့် ရရှိနိုင်သည့်အထိရောက်ဆုံးသော အနီးကပ်ဝန်ဆောင်မှုဖြစ်သည်။

› စိတ်ကျန်းမာရေးဝန်ဆောင်မှုများပေးသော လူထုနှင့်လူမှုရေးလုပ်သားများ၊ လူမှုစိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးသူများနှင့် အခြားသူများအား ၎င်းတို့၏ အလေ့အကျင့်များ တိုးတက်ကောင်းမွန်လာစေရန် သင်ကြားလေ့ကျင့်ပေးခြင်း၊ ကူညီပံ့ပိုးခြင်းနှင့် ကြီးကြပ်ညွှန်ကြားခြင်း။

› စိတ်ကျန်းမာရေးရောဂါနှင့် စိတ်ပိုင်းဆိုင်ရာပူပင်သောကရောက်ခြင်း ခံစားနေရသူများအား လိုအပ်သော ဝန်ဆောင်မှုများထံ လွှဲပြောင်းညွှန်းပို့နိုင်ရန်အတွက် လွှဲပြောင်းညွှန်းပို့ခြင်းစနစ်များဖြစ်ပေါ်လာစေခြင်း (သို့) အားကောင်းလာစေခြင်း။

› အထူးသဖြင့် ထိခိုက်ဒဏ်ရာရသူများ ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများနှင့် ဆက်စပ်လျက်ရှိသော အလေ့အကျင့်များအား ဖလှယ်ရာတွင် လွယ်ကူချောမွေ့စေရန်ရည်ရွယ်၍ စိတ်ပညာကျွမ်းကျင်သူများနှင့် စိတ်ရောဂါကုပညာရှင်များ၊ လူမှုရေးလုပ်သားများ၊ မသန်စွမ်းသူများ၊ ထိခိုက်ဒဏ်ရာရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များပါဝင်သော ဆွေးနွေးခြင်းနှင့်ညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာအသိပညာဖလှယ်ပွဲများ ဖြစ်ပေါ်လာစေရန် အားပေးလှုံ့ဆော်ခြင်း။

› စိတ်ကျန်းမာရေးလုပ်သားများဆိုင်ရာ အမျိုးသားရေးအသင်းအဖွဲ့တစ်ခုပေါ်ပေါက်လာစေရန် အထောက်အပံ့ပေးခြင်း။

## ဥပဒေများနှင့်မူဝါဒများ တိုးတက်ကောင်းမွန်စေခြင်း -

› မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRPD)အတိုင်း အစိုးရတာဝန်ရှိသူများအနေဖြင့် အများပြည်သူဆိုင်ရာဝန်ဆောင်မှုကဏ္ဍများတွင် စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ရောဂါဆိုင်ရာ ပြဿနာရှိသူများ၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေအား လေးစားမှုအားပေးသော မူဝါဒများချမှတ်သင့်သည်။

› ပြည်သူ့ကျန်းမာရေးဆိုင်ရာ မူဝါဒများအားလုံးတွင် စိတ်ကျန်းမာရေးသည် အရေးကြီးသောကဏ္ဍတစ်ခုအဖြစ် ထည့်သွင်းရမည်ဖြစ်ပြီး ၎င်းတွင် ကြိုတင်ကာကွယ်ခြင်း၊ စောင့်ရှောက်မှုပေးခြင်းနှင့် နောက်ဆက်တွဲ ဆက်လက်ကုသမှုပေးခြင်းများအား လွှမ်းခြုံထည့်သွင်းထားရမည့်အပြင် စိတ်ရောဂါများနှင့် ဆက်စပ်လျက်ရှိသော ခွဲခြားနှိမ့်ချမှုများကို ဖယ်ရှားရန် တိကျသောလုပ်ဆောင်ချက်များလည်း ပါဝင်ရမည်။

› မူဝါဒများသည် လူနာများနှင့် ၎င်းတို့၏မိသားစုဝင်များ၏ အခန်းကဏ္ဍအား ကျန်းမာရေးစနစ်တွင် အကျိုးတူပူးပေါင်းပါဝင်သူများအဖြစ် အားဖြည့်ပေးရမည်။ ထိုသို့အားဖြည့်ရာတွင် ကျန်းမာရေးဆိုင်ရာကျွမ်းကျင်ပညာ ရှင်များနှင့် ပူးပေါင်းယှဉ်တွဲလုပ်ဆောင်ရမည်။

## တိုးတက်မှုကို မည်ကဲ့သို့တိုင်းတာရမည်နည်း။ (HOW TO MEASURE PROGRESS)

* အချက်အလက်စာစောင်များတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြောင်းလဲမှုကိုပြသနိုင်သော နယ်ပယ်အချို့အား ဖော်ပြထားသည်။ ဝန်ဆောင်မှုများရယူသုံးစွဲနိုင်ရန် ဥပဒေပြဋ္ဌာန်းခြင်းနှင့် မူဝါဒများပြင်ဆင်ချမှတ်ခြင်းတို့ဖြင့် လူနေမှုဘဝအရည်အသွေးတွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများ ရရှိစေသင့်သည်။

## လူနေမှုဘဝအရည်အသွေး -

* စိတ်ပိုင်းဆိုင်ရာပူပင်သောကရောက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာရောဂါများရှိသော ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများသည် စိတ်ကျန်းမာရေးဝန်ဆောင်မှုများရယူနိုင်ရန် မိမိတို့ကိုယ်တိုင်လွှဲပြောင်းညွှန်းပို့သော အရေအတွက် တိုးပွားလာခြင်း။

* စိတ်ပိုင်းဆိုင်ရာရောဂါများနှင့် စိတ်ပိုင်းဆိုင်ရာပူပင်သောကရောက်ခြင်းများ၏ ပျံ့ပွားမှုနှုန်း လျော့နည်းလာခြင်း။

* ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများသည် ၎င်းတို့အတွက် အရေးပါသောယဉ်ကျေးမှု၊ အားကစားနှင့် အနားယူ အပန်းဖြေခြင်းဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်မှု တိုးပွားလာခြင်း။

## ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု -

* စိတ်ပိုင်းဆိုင်ရာပူပင်သောကရောက်ခြင်းနှင့် (သို့မဟုတ်) စိတ်ရောဂါများ ခံစားနေရသူတို့အတွက် ကြိုတင်ကာကွယ် ခြင်း၊ ဆန်းစစ်ခြင်းနှင့် စိတ်ကျန်းမာရေးဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု တိုးတက်ကောင်းမွန်လာခြင်း။ *စိတ်ပိုင်းဆိုင်ရာပူပင်သောကရောက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာရောဂါများရှိသော ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်း သူများအား စောင့်ရှောက်မှုပေးခြင်းဆိုင်ရာ စီမံခန့်ခွဲမှု စဉ်ဆက်မပြတ်စေရန်ဆောင်ရွက်နေသော ကျန်းမာရေး၊ လူမှုရေးနှင့် ဒေသခံ အသင်းအဖွဲ့များတိုးပွားလာခြင်း။

*လူဦးရေ ၁၀၀၀၀၀ ဦးလျှင် စိတ်ကျန်းမာရေးဆိုင်ရာကျွမ်းကျင်ပညာရှင် တစ်ဦးနှုန်းအထိ တိုးချဲ့ခန့်ထားရန်။ *ကျေးလက်နှင့် ဝေးလံခေါင်ဖျားသောဒေသများအထိ အရောက်သွားနိုင်သော စိတ်ကျန်းမာရေးဆိုင်ရာ လူထုလုပ်သားများအရေအတွက် တိုးပွားလာခြင်း။ *သတ်မှတ်ထားသော နယ်မြေအတွင်း ဘဂတူအုပ်စုအဖွဲ့များအရေအတွက် များပြားလာခြင်း။ *စိတ်ကျန်းမာရေးဆိုင်ရာ လူထုလုပ်သားများအရေအတွက် တိုးပွားလာခြင်း။ *ဘဂတူချင်းပံ့ပိုးမှုပေးခြင်းအတွက် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများအား သင်ကြားလေ့ကျင့်မှုများများပေးခြင်း။

## ဥပဒေများနှင့် မူဝါဒများ

*စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုရှိသူများအား ခွဲခြားဆက်ဆံခြင်းကိုအားပေးရာရောက်သော မည်သည့် ဥပဒေနှင့်မူဝါဒ ကိုမဆို ဖျက်သိမ်းခြင်း။ *နိုင်ငံ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအား စီမံခန့်ခွဲမှုစနစ်ကို စောင့်ကြည့်လေ့လာရန်နှင့် အကဲဖြတ်ရန်အတွက် နည်းလမ်းများ အရေအတွက် တိုးပွားလာခြင်း။ *CRPD နှင့်အညီ လိုက်နာသော အမျိုးသားအဆင့် စိတ်ကျန်းမာရေးဆိုင်ရာ မူဝါဒများ (သို့) သက်ဆိုင်ရာဥပဒေများ အကောင်အထည်ဖော်ခြင်း ဆိုင်ရာ ပြဌာန်းချက်များနှင့် ဘဏ္ဍာငွေများသတ်မှတ်ထားသော အမျိုးသားအဆင့် စိတ်ကျန်းမာရေးဆိုင်ရာစီမံကိန်း တည်ရှိခြင်း။

## စီမံချက်နမူနာ - အယ်လ်ဆာဗဒေါတွင် ဘဂတူခြင်းပံ့ပိုးမှုပေးခြင်း။[၇]

**ပြဿနာဖော်ထုတ်တွေ့ရှိချက် -** လက်နက်ကိုင်ပဋိပက္ခများမှ အသက်ရှင်ကျန်ရစ်သူများ အပါအဝင် မသန်စွမ်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များအား လူမှုရေးနယ်ပယ်မှ ထုတ်ပယ်ထားခြင်းခံရမှုနှင့် အလွန်ဆင်းရဲမွဲတေမှု။

**အနီရောင်အဖွဲ့ (THE RED)မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စီမံကိန်းများ -**

၁။ ကျန်းမာရေးအား ရယူသုံးစွဲနိုင်မှု - စိတ်ပိုင်းဆိုင်ရာကျန်းမာရေ မြှင့်တင်ရန် (မိမိကိုယ်ကို တန်ဖိုးထားလေးစားမှု၊ မိမိကိုယ်ကို စီမံခန့်ခွဲနိုင်မှု)၊ ပြန်လည်သန်စွမ်းရေး (ရွေ့လျားသွားလာရေးအတွက် အထောက်အကူပြုကိရိယာများ)နှင့် ကြိုတင်ကာကွယ်ခြင်း (အာဟာရ၊ ကူးစက်ရောဂါများအား ကာကွယ်ခြင်း)။

၂။ သင့်လျော်သောအလုပ်အကိုင်ရရှိရန်အတွက် အထောက်အပံ့ပေးခြင်း - စီးပွားရေးလုပ်ငန်းဆိုင်ရာ သင်တန်းပေးခြင်းနှင့် ငွေပင်ငွေရင်းမတည်ပေးခြင်း။

၃။ လူမှုရေးဆိုင်ရာ လုပ်ပိုင်ခွင့်အား မြှင့်တင်ခြင်း - မသန်စွမ်းမှုနှင့်လူ့အခွင့်အရေးများ၊ ခေါင်းဆောင်မှု အသိပညာ ပေးခြင်းနှင့် တရားဝင်မှုဘောင်များနှင့်စပ်လျဉ်း၍ သင်တန်းပေးခြင်း၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အမျိုးသား အဆင့်တွင် အသိပညာပေးလှုံ့ဆော်စည်းရုံးခြင်းတို့အား အားကောင်းစေခြင်း။

**လုပ်ဆောင်ချက်များ -** ဘဂတူချင်းပံ့ပိုးမှုပေးခြင်း - အသိပညာ၊ စွမ်းဆောင်ရည်များနှင့် ကိုယ်ပိုင်အတွေ့အကြုံများ အပေါ်တွင် အခြေခံ၍ မသန်စွမ်းသူတစ်ဦးမှ အခြားမသန်စွမ်းသူတစ်ဦးအား ပံ့ပိုးမှုပေးခြင်း။ လူတစ်ဦး၏ ဦးစားပေးခြင်း များ၊ စွမ်းဆောင်နိုင်ခြင်းများနှင့် ပတ်ဝန်းကျင်တို့နှင့်အညီ ၎င်းတို့၏ လိုအပ်ချက်များအား နားလည်သဘောပေါက်စေ ရန်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လှုပ်ရှားလုပ်ဆောင်မှုအတွက် အစီအစဉ်ရေးဆွဲနိုင်ရန်အတွက် THE RED ရှိမသန်စွမ်းသူ ကွင်းဆင်း လုပ်သားများအဖွဲ့တစ်ခုသည် အခြားမသန်စွမ်းသူများထံသို့ သွားရောက်တွေ့ဆုံခဲ့သည်။ THE RED အနေဖြင့် ဘဂတူချင်းပံ့ပိုးမှုပေးခြင်းသည် စိတ်ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန်အတွက် အထောက်အကူဖြစ်စေသော်လည်း ၎င်းသည် ကျွမ်းကျင်သော စိတ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးမှု အစားထိုးခြင်း တစ်ခုအဖြစ် မမြင်သင့်ကြောင်း သတိပြုမှတ်သားခဲ့သည်။

**ရေရှည်တည်တံ့ရေး -** ဘဂတူချင်းပံ့ပိုးမှုပေးခြင်းသည် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုစီးပွားရေး တိုးတက်ကောင်းမွန်လာပြီး ချမ်းသာသုခနှင့် ပြည့်စုံစေရန် လုပ်ဆောင်ရာတွင် အလွန်အောင်မြင်ခဲ့သည်။ ၎င်းအား ရေရှည်တည်တံ့စေရန် နည်းလမ်း(၃)သွယ်ဖြင့် မြှင့်တင်ပေးသည် -

၁။ မသန်စွမ်းသူများကိုယ်တိုင်သည် သင်ကြားလေ့ကျင့်ပေးခြင်းခံရပြီး ၎င်းတို့၏ အသိပညာဗဟုသုတနှင့် စွမ်းဆောင်ရည်များလည်း တိုးတက်လာပြီး မိမိတို့နှင့် ဘဂတူများအားလည်း မျှဝေပေးနိုင်ခဲ့သည်။

၂။ မသန်စွမ်းသူများသည် မိမိကိုယ်ကိုတန်ဖိုးထားလေးစားမှု မြှင့်တင်ရန်နှင့် စိတ်ပိုင်းဆိုင်ရာချမ်းသာသုခနှင့်ပြည့်စုံစေရန် အဓိကရည်ရွယ်၍ ဘဝတူချင်းပံ့ပိုးမှုပေးခြင်းအားအသုံးပြုနိုင်သည်။ ထို့အပြင် သီးခြားသတ်မှတ်ထားသောကဏ္ဍ (ဥပမာ - အလုပ်အကိုင် သို့ ကျန်းမာရေး) များတွင် အထောက်အပံ့များပေးနိုင်ရန် နည်းလမ်းတစ်ခုအနေဖြင့်လည်း သုံးနိုင်ပါသည်။

၃။မသန်စွမ်းသူများဆိုင်ရာ ဒေသခံအသင်းအဖွဲ့များမှတဆင့် စည်းရုံးလှုံ့ဆော်ခြင်းနှင့် အသိပညာပေးခြင်းဆိုင်ရာ လှုပ်ရှားမှုများအတွက် စုပေါင်းလုပ်ပိုင်ခွင့်ရရှိခြင်းအား ပိုမိုအားကောင်းလာစေသည်။

အဓိကညွှန်းကိန်းများ - ဘဝတူမသန်စွမ်းများမှနစ်စဉ် ကျန်းမာရေး၊ လူ့အခွင့်အရေးများနှင့် စီးပွားရေးစီမံခန့်ခွဲမှုစသည့် ခေါင်းစဉ်များကို မသန်စွမ်းသူ (၇၀၀)ဦးခန့်အား သင်ကြားလေ့ကျင့်ပေးခဲ့ပြီး မသန်စွမ်းသူ (၁၀၀)ဦးသည် ကိုယ်ပိုင်လုပ်ငန်း စီမံချက် များစတင်နိုင်ရန်အတွက် အထောက်အပံ့ ရရှိခဲ့သည်။ ၂၀၁၂ခုနှစ်တွင် လူပေါင်း (၁၆၀)ဦးသည် ရွေ့လျားသွားလာရေးအတွက် အထောက်အကူပြု (အားပြု) ကိရိယာများ လက်ခံရရှိခဲ့သည်။ ဤညွှန်းကိန်းများသည် မသန်စွမ်းသူများ (အသက်ရှင်ကျန်ရစ်သူများ အပါအဝင်)နှင့် သက်ဆိုင်ပြီး - အမှန်တကယ်အကျိုးရှိသူအများစုတွင် မိသားစုဝင်များလည်း ပါဝင်ပါသည်။

အလှူရှင် - နော်ဝေနိုင်ငံ အစိုးရ (GOVERNMENT OF NORWAY), INTERAMERICAN FOUNDATIONS, PROVICTIMIS FOUNDATION.

## ကိုးကားခြင်းများ

(1)WHO. INVESTING IN MENTAL HEALTH. 2003. (2), (4)HI. MENTAL HEALTH POLICY PAPER. 2012. (3), (5)ICBL-CMC. LANDMINE AND CLUSTER MUNITION MONITOR. 2012. (6)GICHD. ASSISTING LANDMINE AND ERW SURVIVORS IN THE CONTEXT OF DISARMAMENT, DISABILITY AND DEVELOPMENT. 2011. (7)FUNDACIÓN RED DE SOBREVIVIENTES Y PERSONAS CON DISCA-PACIDAD. EMAILS FROM JESÚS MARTÍNEZ, DIRECTOR. APRIL 2013; IFRC, REFERENCE CENTER FOR PSYCHOSOCIAL SUPPORT. PSYCHOSOCIAL INTERVENTIONS: A HANDBOOK. 2009; WHO, UNICEF, ILO, IDDC. COMMUNITY-BASED REHABILITATION HEALTH GUIDELINES. 2010

## ပညာရေးဆိုသည်မှာ အဘယ်နည်း။ (WHAT IS EDUCATION?)

**ပညာရေး၏ရည်မှန်းချက်မှာ** လူတိုင်းသည် မိမိတို့၏ဘဝတစ်လျှောက်တွင် မိမိတို့လိုအပ်သည်နှင့် လိုချင်သော အရာများအား **သင်ယူလေ့လာနိုင်ရန်**ဖြစ်သည်။ **လူတိုင်းအကျုံးဝင်သောပညာရေးဆိုသည်မှာ** ပညာရေးတွင် ပါဝင်ဆောင်ရွက်နိုင်မှု တိုးမြှင့်ရန်ဖြစ်စဉ်တစ်ခုဖြစ်ပြီး၊ တနည်းအားဖြင့် မိန်းကလေး၊ ယောကျ်ားလေးနှင့် **ထိခိုက်လွယ်သောအခြေအနေများ**တွင်ရှိသူများ (ဥပမာ - ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းမှုရှိသော ကလေးများ) အပါအဝင်သင်ယူသူအားလုံး၏ တစ်ဦးချင်း လိုအပ်ချက်များ ထိရောက်စွာတုန့်ပြန်နိုင်ခြင်း ဖြစ်သည်။ လူတိုင်းအကျုံးဝင်သော ပညာရေးသည် ၎င်းကိုယ်တိုင်အခွင့်အရေးတစ်ရပ်ဖြစ်ပြီး၊ အခြားအခွင့်အရေးများ (ကျန်းမာရေးအား ရယူသုံးစွဲနိုင်မှု၊ အလုပ်အကိုင်ရရှိရေးနှင့် နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်နိုင်မှု အစရှိသည်) အားနားလည်သဘောပေါက်စေရန် ပံ့ပိုးမှုပေးနိုင်သော နည်းလမ်းတစ်ခုလည်းဖြစ်သည်။ ပညာရေးသည် လူပုဂ္ဂိုလ်များ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ရပ်ရွာလူထုများ၏ ချမ်းသာသုခနှင့်ပြည့်စုံစေရန် အထောက်အပံ့ဖြစ်စေသည်။

### အမြန်လေ့လာနိုင်သော အချက်အလက်များ (QUICK FACTS)

- မိုင်းများ / စစ်အကြွင်းအကျန် ပေါက်ကွဲပစ္စည်းများ (ERW) ကြောင့်သေကြေဒဏ်ရာရသူများ၏ ၄၂%မှာ ကလေးသူငယ်များဖြစ်သည်။(၂)
- ပဋိပက္ခဖြစ်ပွားလျက်ရှိသော အခြေအနေများတွင် ယောကျ်ားလေးများအား ကလေးစစ်သားများအဖြစ် စုဆောင်းခြင်းခံရနိုင်ပြီး ကျောင်းတက်ရန် လက်လွှတ်ဆုံးရှုံးရလေ့ရှိသည်။ ၎င်းတို့အနက်မှ အနည်းဆုံး ၅% သောယောကျ်ားကလေးများသည် ချို့ယွင်းအားနည်းမှုများ ရရှိနိုင်ပြီး ပဋိပက္ခပြီးဆုံးသောအချိန်တွင် အခြေခံမူလတန်းကျောင်း တက်ရောက်ရန် အသက် ကြီးလွန်းနေပြီဖြစ်သည်။(၃)
- ကမ္ဘာ့အနှံ့အပြားတွင် ကလေးသူငယ်ပေါင်း ၇၂သန်းခန့်သည် ပညာရေးမှ ချန်လှပ်ပစ်ပယ်ထားခြင်းခံရသည်။ ၎င်းတို့အနက် သုံးပုံတစ်ပုံမှာ မသန်စွမ်း ကလေးသူငယ်များဖြစ်သည်။(၄)
- အိမ်ထောင်စုတစ်စု၏ ဆင်းရဲမွဲတေမှုအဆင့်သည် ကလေးသူငယ်များ၏ ကျောင်းအပ်ခြင်းအပေါ်တွင်များသောအားဖြင့် သက်ရောက်မှုရှိသည်။ ဆင်းရဲသော (သို့) ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများနှင့် ရင်ဆိုင်ကြုံတွေ့နေရသောအိမ်ထောင်စုများတွင် အများအားဖြင့် မိန်းကလေးများသည် ကျောင်းတက်ခြင်းမှ အရင်ဆုံး ရပ်နားခံရသူများဖြစ်သည်။

**ပညာရေးတွင်ပါဝင်သော အစိတ်အပိုင်းများမှာ(၁) –**

- **အစောပိုင်းကလေးဘဝ စောင့်ရှောက်မှုနှင့် ပညာရေး** - ကျန်းမာရေး၊ အစာအာဟာရနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အပါအဝင်အသက်ရှင်သန်မှုနှင့် ဖွံ့ဖြိုးမှုများအပေါ်တွင် ဦးတည်ဆောင်ရွက်သည်။ (၃နှစ်မှ ၆နှစ်)
- **အခြေခံအဆင့်ပညာရေး** - ပညာသင်ကြားခြင်း၏ ပထမဦးဆုံးအဆင့်ဖြစ်သည်။ ကုန်ကျစရိတ်များမှာ အခမဲ့ဖြစ်သင့်ပြီး ကလေးများအားလုံး (၆နှစ်မှ ၁၅နှစ်)အတွက် မတက်မနေရ ပညာရေးဖြစ်သင့်သည်။
- **ဒုတိယအဆင့်နှင့် အဆင့်မြင့် ပညာရေး** - မတက်မနေရပညာရေးအဆင့်အား ကျော်လွန်၍ အကျိုးဖြစ်ထွန်းပြီး ပြီးပြည့်စုံသောဘဝသို့ ဦးတည်နိုင်သော တံခါးပေါက်တစ်ခုဖြစ်သည်။ (၁၅နှစ်မှ ၂၄နှစ်)
- **ကျောင်းပြင်ပ ပညာရေး** - ရပ်ရွာလူထုအတွင်း၌ရှိသည့် ကျယ်ပြန့်သော ပညာရေးဆိုင်ရာအစပျိုးဆောင်ရွက်မှုများ - ဥပမာ။ ။အိမ်တွင်အခြေပြု၍ သင်ယူလေ့လာစေခြင်းနှင့် ရပ်ရွာလူထုမှဦးဆောင်သော အစပျိုးဆောင်ရွက်မှုများ) ဖြစ်သည်။
- **ဘဝတစ်သက်တာ သင်ယူလေ့လာခြင်း** - ဘဝဖြစ်စဉ်တစ်ခုလုံးတောက်လျှောက်တွင် ဖြစ်ပေါ်တည်ရှိနေပြီး အလုပ်အကိုင်ရရှိရေးအတွက် လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုတို့အပေါ်တွင် ဦးတည်ဆောင်ရွက်သည်။

## ဥပဒေနှင့်မူဝါဒဆိုင်ရာ မူဘောင်များ

**CCM:** လူမှုရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အကျုံးဝင်မှု အစိတ်အပိုင်းများတွင် အဓိပ္ပာယ်ပိုမို ပေါ်လွင်စေသည်။

**VIENTIANE** လုပ်ငန်း အစီအစဉ်၊ လုပ်ဆောင်ချက် #၂၃ နှင့် #၂၈။

**CARTAGENA** လုပ်ငန်း အစီအစဉ်၊ အခန်း ၄၊ စာပိုဒ် ၁၂။ လုပ်ဆောင်ချက် #၃၁။

**CRPD:** အပိုဒ် ၂၄ နှင့် ၂၆။

ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် **(CONVENTION ON THE RIGHTS OF THE CHILD)**၊ အပိုဒ် ၂၈။

**MDGs:** ရည်မှန်းချက် #၂။

**UNESCO:** အားလုံးအတွက်ပညာရေးရည်မှန်းချက်များ။

## မည်သူတွေသည် အဓိက အကျိုးတူပူးပေါင်း ပါဝင်သူများ ဖြစ်သနည်း။

အသက်ရှင်ကျန်ရစ်သူများ၊ မသန်စွမ်းသူများနှင့် မသန်စွမ်းကလေးသူငယ်များ၊မသန်စွမ်းသူများဆိုင်ရာအဖွဲ့အစည်းများ (DPOs)၊ မိဘများ၊ ကျောင်းသားများနှင့် ဆရာများ၏ အသင်းအဖွဲ့များ။

ဝန်ဆောင်မှုပေးသူများ - အထွေထွေနှင့် အထူးပြုသီးသန့်စာသင်ကျောင်းများ၊ တစ်သက်တာ ကိုယ်တိုင်သင်ယူပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဆရာများ အသင်းအဖွဲ့များ၊ ဆရာအတတ်သင်ကောလိပ်များ။ ဝန်ကြီးဌာနများ - ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးရာ။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ - UNESCO, UNICEF

## ဝင်ငွေနည်းတိုင်းပြည်များတွင် အများဆုံးကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှုများမှာ အဘယ်နည်း။

- မသန်စွမ်းကလေးများ ကျောင်းထားခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများအား မိသားစုဝင်များအနေဖြင့် နားလည်သဘောပေါက်မှုမရှိခြင်းနှင့် ထိုသို့မရှိခြင်းကြောင့် မိသားစုအတွင်းနှင့် ရပ်ရွာလူထုအတွင်းတွင် အထောက်အပံ့ပေးမှုများမရှိခြင်း။
- လူတိုင်းအကျုံးဝင်သောပညာရေး မြှင့်တင်ရန်အတွက် တိကျသောဥပဒေမရှိခြင်းနှင့် မသန်စွမ်းမှုရှိသော ကလေးများသည် မဖြစ်မနေ ကျောင်းတက်ရမည်ဟု ပြဋ္ဌာန်းထားသော ဥပဒေများမရှိခြင်း။
- ရပ်ရွာလူထုအဆင့်တွင် အားလုံးအကျုံးဝင်ပညာရေးဆိုင်ရာ မဟာဗျူဟာမရှိခြင်းနှင့် မတူကွဲပြားသော ပညာရေးပုံစံ များကြားတွင်လည်း ချိတ်ဆက်မှု အနည်းငယ်သာရှိခြင်း (သို့) လုံးဝမရှိခြင်း။
- မိန်းကလေးများနှင့် အခြားဘေးဖယ်ထားခြင်းခံရသော အုပ်စုများ (ဥပမာ - အသက်ရှင်ကျန်ရစ်သူ ကလေးသူငယ်များနှင့် အခြားမသန်စွမ်း ကလေးသူငယ်များ)အား အပျက်သဘောဆောင်သည့် ပုံသေမှတ်ယူခြင်းများပြုလုပ်ခြင်းကြောင့် ပညာရေးရယူအသုံးပြုနိုင်မှုတွင် ပိုမိုအကန့်အသတ်ဖြစ်စေပါသည်။
- ဆရာများ သင်ကြားလေ့ကျင့်ပေးမှု မရှိခြင်း (သို့) အရည်အသွေးနိမ့်ကျခြင်းကြောင့် ဆရာများသည် ပညာရေးတွင် အခြေခံအဆင့်သာ တတ်မြောက်ထားပြီး ကလေးသူငယ်များအားလုံးအား သင်ခန်းစာများကို သေချာလိုက်နိုင်စေရန်နှင့် ကျောင်းတွင်းနှင့် ရပ်ရွာတွင်းဘဝများတွင် ထည့်သွင်းပါဝင်လာစေရန် မည်သို့ဆောင်ရွက်ရမည်ကို အတွေ့အကြုံများ (သို့) သင်ကြားလေ့ကျင့်မှုများ မရရှိပေ။
- သင့်လျော်သော သင်ထောက်ကူပစ္စည်းများနှင့် အခြားလိုအပ်သော ပစ္စည်းကိရိယာများ မရှိခြင်း။
- "သင်ယူလေ့လာမှုမပြုနိုင်ခြင်း"သည် ပညာရေးစနစ်၏ ပြဿနာတစ်ခု အဖြစ်နားလည်ရမည့်အစား ကလေး၏ "အပြစ်"ဟုသာ ယူဆထားခြင်း။
- စာသင်ကျောင်းများတွင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ဘေးကင်းလုံခြုံရေးနှင့် ရေနှင့်သန့်ရှင်းရေးဆိုင်ရာ နေရာများရရှိအသုံးပြုနိုင်မှု မရှိခြင်းသည် မကြာခဏဆိုသလို ကျောင်းမှနုတ်ထွက်မှုနှုန်း (အထူးသဖြင့် မသန်စွမ်းသူမိန်းကလေးများတွင်) မြင့်မားခြင်းကို ဖြစ်စေခြင်း။

## လူတိုင်းအကျုံးဝင် ပညာရေးတွင် အောင်မြင်သောစီမံချက်များ (SUCCESSFUL PROJECTS)

အယ်လ်ဆာဗေဒါနိုင်ငံရှိ လူထုအခြေပြုပြန်လည်သန်စွမ်းရေး (CBR) ဝန်ထမ်းများသည် မသန်စွမ်းကလေးများနှင့်အတူ ပူးပေါင်းပါဝင်ပြီး ကစားနည်းများအပါအဝင် သင်ယူသူများ၊ ကလေးဗဟိုပြုနည်းလမ်းများဖြင့် သင်ကြားပေးခဲ့သည်။ တစ်နှစ်ကြာပြီးနောက်တွင် ဆရာများသည် အားလုံးပါဝိုင်သော သင်ကြားခြင်းနည်းစနစ်များ အသုံးပြုပါက လူတိုင်းပါဝင်လာနိုင်ကြောင်းကို ယုံကြည်လက်ခံလာခဲ့သည်။ ခရိုင်တစ်ခုအတွင်းရှိ ဆရာများအတွက် CBR စီမံကိန်းမှ သင်တန်းပေးခဲ့ပြီး နယ်လှည့်သင်ကြားသောဆရာတစ်ဦးအားလည်း ထပ်မံငှားရန်းကာ ပုံမှန်လုပ်ငန်းခွင်အတွင်း၌ လည်း ပံ့ပိုးမှုများပေးခဲ့သည်။ အယ်လ်ဆာဗေဒါရှိ စာသင်ကျောင်းတွင် ပထမဆုံးအနေဖြင့် လူတိုင်းအကျုံးဝင်သောစနစ်အား တည်ထောင်နိုင်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနမှ နည်းလှည့်ဆရာ ၃ဦးအား ခရိုင်အတွင်းရှိ မူလတန်းကျောင်းအားလုံးကို လှည့်လည်သင်ကြားနိုင်ရန်အတွက် ခန့်အပ်ပြီး သင်တန်းနှင့် လစာများပေးခဲ့သည်။[၇]

သီရိလင်္ကာနိုင်ငံတွင် ပြည်တွင်း CBR စီမံကိန်းတစ်ခုမှ မသန်စွမ်းကလေးများအား ရှာဖွေဖော်ထုတ်ခဲ့သည်။ ၎င်းတို့အား ထည့်သွင်းပါဝင်စေရန် အတွက် မူကြိုကျောင်း ညွှန်ကြားရေးမှူးမှ စိတ်ဝင်စားမှုရှိသော်လည်း ကျောင်းရှိဆရာများ၌ လိုအပ်သောကျွမ်းကျင်မှုများမရှိဟု ပြောကြားခဲ့သည်။ စီမံကိန်းမှ လူတိုင်းအကျုံးဝင်သော ပညာရေးဆိုင်ရာ သင်တန်းများပေးသော နိုင်ငံအတွင်းရှိ အရင်းအမြစ်များရှာဖွေခဲ့ပြီး ဆရာများ တက်ရောက်နိုင်ရန် ကုန်ကျစရိတ်များအားထောက်ပံ့ပေးခဲ့သည်။ ဆရာများ၊ CBR ဝန်ထမ်းများ၊ မိဘများနှင့် မသန်စွမ်းကလေးများပူးပေါင်း၍ အားလုံးအကျုံးဝင်ပါဝင်နိုင်ရန်အတွက် အစီအစဉ်တစ်ခု ရေးဆွဲပြုလုပ်ခဲ့သည်။ ထို့အပြင် အခြားသောကလေးသူငယ်များနှင့် ၎င်းတို့၏မိဘများနှင့် အတူ အသိပညာမြှင့်တင်ရန်နှင့် လူတိုင်းအကျုံးဝင်ခြင်း ဆောင်ရွက်မှုဖြစ်စဉ်တွင် အားလုံးပါဝင်ကူညီရန်လည်း ဆောင်ရွက်ခဲ့သည်။[၆]

**တိုဂိုနိုင်ငံ**တွင် HI သည် မသန်စွမ်းသူအဖွဲ့အစည်းများဆိုင်ရာ တိုဂိုလိစ် ဖယ်ဒရေးရှင်း (THE FEDERATION OF TOGOLESE DPOS)နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး မသန်စွမ်းကလေးများအတွက် တစ်ဦးချင်းစီအလိုက်ပံ့ပိုးမှုများ ပေးခဲ့ပြီး ပညာရေးရယူသုံးစွဲနိုင်ရန်၊ မိဘများနှင့် ရပ်ရွာလူထုများအကြားတွင် အသိပညာမြှင့်တင်ခြင်းများ ဆောင်ရွက်နိုင်ရန်၊ အထူးပြုထားသောစာသင်ကျောင်းများနှင့် အထွေထွေပုံမှန်စာသင်ကျောင်းများအကြား ချိတ်ဆက်မှုများ အားကောင်းလာစေရန်နှင့် ဆရာများအနေဖြင့် လူတိုင်းအကျုံးဝင်သောပညာရေး အကြောင်း သင်ကြားလေ့ကျင့်ပေးရန် ရည်ရွယ်သည်။ ထို့အပြင် စာသင်ကျောင်းများ လက်လှမ်းမီရယူသုံးစွဲနိုင်မှုနှင့် ကျောင်းများ၏ ပညာရေးဆိုင်ရာ သင်ကြားပို့ချမှုနည်းလမ်းများနှင့် အသုံးပြုရမည့်ကိရိယာများ တိုးတက်ကောင်းမွန်လာစေရန် နည်းပညာဆိုင်ရာ အထောက်အပံ့များပေးခဲ့သည်။ ရွေ့လျားသွားလာမည့်ဆရာများနှင့် စာသင်ကျောင်းများမှ ညွှန်ကြားရေးမှူးများ ပါဝင်သောအဖွဲ့တစ်ဖွဲ့အား လူတိုင်းပါဝင်နိုင်သောပညာရေး၊ မျက်မမြင်စာနှင့် သင်္ကေတပြ ဘာသာစကားတို့အား သင်ကြားလေ့ကျင့်ပေးခဲ့သည်။

ရလာဒ်အနေဖြင့် ကျောင်းပေါင်း (၁၆) ကျောင်းသည် ရုပ်ပိုင်းဆိုင်ရာ (သွားလာရလွယ်ကူသော အဆောက်အအုံ) လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်း၊ မိမိတို့၏ ကိုယ်ပိုင်ရပ်တည်နိုင်မှု တိုးတက်လာစေရန်အတွက် မသန်စွမ်းကလေး (၉၄၉)ဦးသည် ဆေးကုသမှုနှင့် ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများ ရယူသုံးစွဲခဲ့ခြင်းနှင့် ယခင်က ကျောင်းမနေသော မသန်စွမ်းကလေး (၃၁၈)ဦး ကျောင်းအပ်ခဲ့ခြင်းတို့အားတွေ့ရှိရသည်။ လူတိုင်းအကျုံးဝင်သောပညာရေးဆိုင်ရာ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးဖွဲ့တစ်ခု စတင်ထူထောင်နိုင်ခဲ့သည်။[၇]

## အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်သည့်အရာများ ပြုလုပ်နိုင်သနည်း။ (WHAT CAN STATES DO?)

### လူနေမှုဘဝအရည်အသွေး တိုးတက်မြင့်မားလာစေရန်

- မသန်စွမ်းကလေးသူငယ်များ တိုက်ရိုက်ပံ့ပိုးမှုများပေးခြင်းဖြင့် ၎င်းတို့ ကျောင်းတက်ရောက်နိုင်စေရန် - မသန်စွမ်းကလေးသူငယ်များအား ရှာဖွေဖော်ထုတ်ခြင်း၊ လွှဲပြောင်းညွှန်းပို့ခြင်းနည်းလမ်းများ၊ ကျောင်းတွင် ပါဝင်တက်ရောက်နိုင်မှုများ လွယ်ကူချောမွေ့မှုရှိစေရန် လိုအပ်နိုင်သော ကျန်းမာရေး၊ ပြန်လည်သန်စွမ်းရေးနှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရန် ထောက်ပံ့ပေးခြင်း။
- မိသားစုဝင်များနှင့်အတူယှဉ်တွဲ၍ ကလေးများကျောင်းထားနိုင်ရန်နှင့် ကျောင်းဆက်လက်တက်ရောက်နိုင်ရန် လက်တွေ့ကျကျမည်ကဲ့သို့ ပံ့ပိုးပေးရမည်ကို သိရှိရန်အတွက် ဆောင်ရွက်ခြင်း။
- ခွဲခြားဆက်ဆံလိုသည့် သဘောထားများနှင့် အပြုအမူများ ပယ်ဖျက်ရန်အတွက် ရပ်ရွာလူထုနှင့် ဆရာများအား မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများနှင့် အခွင့်အရေးများ အသိပညာမြှင့်တင်ပေးခြင်း။

### ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်မှု တိုးတက်ကောင်းမွန်စေရန် -

- ကလေးသူငယ်များ ပါဝင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပြင်ပအတားအဆီးများအား ရှာဖွေဖော်ထုတ်ရမည့်အစား မသန်စွမ်းကလေးသူငယ်များအား "ပြဿနာ" တစ်ခုအဖြစ်ယူဆသော ခံယူချက်သဘောထားများ စိန်ခေါ်မှုရှိခြင်း။
- ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းတည်ဆောက်ပုံ၊ ဆက်သွယ်မှုနည်းလမ်းများနှင့် သတင်းအချက်အလက်များ ရယူသုံးစွဲနိုင်မှု အစရှိသည့် လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းဆိုင်ရာ ဆောင်ရွက်မှုများ အကောင်အထည်ဖော်ခြင်း။
- အထွေထွေ၊ ရိုးရိုး (သို့) ပုံမှန်စာသင်ကျောင်းများနှင့် သီးသန့်၊ အထူးပြု စာသင်ကျောင်းများ တည်ရှိသောနေရာများအကြား ချိတ်ဆက်မှုများ ပြုလုပ်ပေးခြင်း။
- ကျောင်းအဖွဲ့များဖွဲ့စည်းပြီး လူတိုင်းအကျုံးဝင်သောပညာရေး သင်ကြားလေ့ကျင့်ပေးထားသည့် နယ်လှည့်သင်ကြားသောဆရာများဆိုင်ရာ အရင်းအမြစ်များကို အခြားစာသင်ကျောင်းများအကြား အလေ့အကျင့်ကောင်းများနှင့် အရင်းအမြစ်များ လုပ်ငန်းခွင်အတွင်း မျှဝေပံ့ပိုးမှုများ ပုံမှန် လေ့ကျင့်ပျိုးထောင်ပေးခြင်း။

### ဥပဒေများနှင့်မူဝါဒများ တိုးတက်ကောင်းမွန်လာစေရန်

- ပညာရေးနှင့်သက်ဆိုင်သော ဥပဒေများနှင့် မူဝါဒများအားလုံးသည် မသန်စွမ်းကလေးသူငယ်များ အတွက် အကျုံးဝင်ခြင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRPD)နှင့် အညီဖြစ်ခြင်း။ ဥပမာ- * ဆရာဖြစ်သင်တန်းသင်ရိုးညွှန်းတမ်းများဖြည့်စွက်ပြီး လူတိုင်းအကျုံးဝင် သောပညာရေးဆိုင်ရာ ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် သင်ကြားနည်းစနစ်များထည့်သွင်းခြင်း။ * မသန်စွမ်းဆရာ/မများအောင်မြင်စွာ သင်ကြားလေ့ကျင့်ပေးခြင်း၊ စုဆောင်းခြင်းအလုပ်ခန့်အပ်ခြင်းဖြင့် ပညာရေးစနစ်မြှင့်တင်ထူထောင်ပေးခြင်း။ * လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ မူဝါဒများ ရေးဆွဲနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအတွင်းရှိ စွမ်းဆောင်ရည်များမြှင့်တင်တည်ဆောက်ပေးခြင်း။ * စာသင်ကျောင်းများအတွက် လက်လှမ်းမီရယူသုံးစွဲနိုင်မှုဆိုင်ရာ စံနမူနာ များအားပျိုးထောင်ပေးခြင်း။

## တိုးတက်မှုကို မည်ကဲ့သို့တိုင်းတာမည်နည်း။ (HOW TO MEASURE PROGRESS)

အချက်အလက်စာစောင်များတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြောင်းလဲမှုကိုပြသနိုင်သော နယ်ပယ်အချို့အား ဖော်ပြထားသည်။ ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှုနှင့် ဥပဒေပြဌာန်းခြင်းနှင့် မူဝါဒများချမှတ်ခြင်းတို့တွင် တိုးတက်လာခြင်းသည် နောက်ဆုံး၌ လူနေမှုဘဝအရည်အသွေးတွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှု များအား ရရှိစေသင့်သည်။

### ➤ လူနေမှုဘဝအရည်အသွေး

*မသန်စွမ်းကလေးများ ကျောင်းထွက်နှုန်းသည် သာမန်ကလေးများ ကျောင်းထွက်မှု ပျမ်းမျှနှုန်းထားများနှင့် ယှဉ်လျှင် လျော့နည်းလာခြင်း။ *ကျောင်တက်ရောက်လျက်ရှိသည့် မသန်စွမ်းကလေး အရေအတွက်တိုးလာခြင်း။ *အားကစားနှင့် အပန်းဖြေရေးဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းတိုးတက်လာသည်ဟု အစီရင်တင်ပြသည့် မသန်စွမ်းကလေးများ အရေအတွက်တိုးလာခြင်း။ *မသန်စွမ်းကလေးများ၏ လူမှုရေးနှင့် ပညာသင်ကြားရေးဆိုင်ရာ ပါဝင်ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လာခြင်း။ *အခြေခံမူလတန်းအဆင့်ပညာရေး ပြီးမြောက်အောင်မြင်သူ မသန်စွမ်းကလေးများ အရေအတွက်တိုးလာခြင်း။

*ကျေးလက်နှင့် ဝေးလံခေါင်ဖျားသောဒေသများတွင် မူလတန်းကျောင်း တက်ရောက်နိုင်သည့် မသန်စွမ်းကလေးများ အရေအတွက် (ကျောင်းသင်ပညာရေး၊ ရွှေ့လျားဖွင့်လှစ်သော ကျောင်းများ စသည်) တိုးလာခြင်း။ *ပညာရေးစနစ်တွင် စံပြပုဂ္ဂိုလ်များ၊ ဆရာများ (သို့) ဆုံးဖြတ်ချက်ချမှတ်နိုင်သူများ အနေဖြင့် ပါဝင်လာနိုင်သော မသန်စွမ်းသူများ အရေအတွက် များလာခြင်း။

### ➤ ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု -

*မသန်စွမ်းကလေးများ ပုံမှန် (သို့) သာမန်ပညာရေးတွင် မည်ကဲ့သို့ပါဝင်လာအောင်ပြုလုပ်ရမည်ကို သင်ကြားလေ့ကျင့်ပေးခြင်းခံရသော ဆရာများအရေအတွက်တိုးလာခြင်း။ *လက်လှမ်းမီရယူနိုင်သော သင်ထောက်ကူပစ္စည်းများ အရေအတွက်နှင့် အမျိုးအစားများရရှိခြင်း။ *ရေနှင့်သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များအပါအဝင် လက်လှမ်းမီရယူသုံးစွဲနိုင်မှု စံသတ်မှတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေသော ကေင်းအရေအတွက်များလာခြင်း။ *ကျောင်းရှိကလေးများအားလုံး အတွက်မသန်စွမ်းကလေးများသည် မိမိတို့နှင့် တန်းတူဘဝတူအဖြစ် လက်ခံကြိုဆိုနိုင်စေရန်အတွက် မသန်စွမ်းမှုဆိုင်ရာအသိပညာပေးပြုလုပ်ခဲ့သော အကြိမ်အရေအတွက်များလာခြင်း။ *လူတိုင်းအကျုံးဝင်ပညာရေး နှင့်စပ်လျဉ်း၍ ဆရာ/မများနှင့် ရပ်ရွာလူထုဝင်များ၏ အသိပညာနှင့် ခံယူချက်သဘောထားများတွင် အပြုသဘောဆောင်သော ပြောင်းလဲမှုများတွေ့ရခြင်း။ *အမျိုးသားအဆင့်တာဝန်ရှိသူများ၊ ဆရာဆရာမများ၊ မိဘများ၊ မိဘများဆိုင်ရာ အသင်းအဖွဲ့များနှင့် မသန်စွမ်းအဖွဲ့အစည်းများ ပါဝင်သော ညှိနိုင်းဆောင်ရွက်မှု နည်းလမ်းများ ပေါ်ပေါက်လာခြင်း။

### ➤ ဥပဒေများ နှင့် မူဝါဒများ

*ကျောင်းတက်ရောက်နေသည့် မသန်စွမ်းကလေးများအရေအတွက်နှင့်ဆိုင်သော အချက်အလက်များကို ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခြင်း။ *ပညာရေးစနစ်တွင် ဆုံးဖြတ်ချက်ချမှတ်ပေးနိုင်သူများ၏ အသိပညာ၊ ခံယူချက်သဘောထားနှင့် အမူအကျင့်များ ပြောင်းလဲလာခြင်း။ *CRPD နှင့်အညီ ရေးဆွဲထားသည့် လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာ လုပ်ဆောင်ချက်အစီအစဉ်များ ရရှိနိုင်ခြင်း (ရပ်ရွာအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံအဆင့် များတွင်)။

## စီမံချက်နမူနာ - အီသီယိုးပီးယားတွင် မသန်စွမ်းကလေးများအတွက် လူတိုင်းအကျုံးဝင်ပညာရေး

ဖော်ထုတ်တွေ့ရှိသောပြဿနာ - မသန်စွမ်းကလေးများ ကျောင်းတက်နိုင်ရန်နှင့် ကျောင်းတွင် ဆက်လက်ပညာသင်ကြားနိုင်ရန် ရုပ်ပိုင်း၊ ခံယူချက်သဘောထားပိုင်းနှင့် ဆက်သွယ်ရေးပိုင်းဆိုင်ရာ အတားအဆီးများနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်း။

အဓိက ရည်ရွယ်ချက်များ - ၁။ ဆရာ/မများနှင့် အခြားပညာရေးဝန်ဆောင်မှုပေးသူများ၏ စွမ်းဆောင်ရည်များအား ပိုမိုတိုးတက်စေခြင်းဖြင့် မသန်စွမ်းကလေးများအား ၎င်းတို့၏ စီမံကိန်းများတွင် ထည့်သွင်းပါဝင်စေရန်။ ၂။ မသန်စွမ်းကလေးများ၏ မိသားစုများသည် မိမိတို့၏ကလေးများအတွက် ပညာရေးမှရရှိနိုင်သော အကျိုးကျေးဇူးများနှင့် ပတ်သက်၍အသိပညာတိုးပွားလာစေရန်။

လုပ်ဆောင်ချက်များ - ၁။ မသန်စွမ်းကလေးများ သင်ကြားပို့ပြင်မှုအရည်အသွေး တိုးတက်ကောင်းမွန် လာစေရန် ဆရာ/မများနှင့် သက်ဆိုင်ရာအကျိုးတူပူးပေါင်းပါဝင်သူများ၏ စွမ်းဆောင်ရည်များမြှင့်တင်ပေးခြင်း။ ၂။ လူတိုင်းအကျုံးဝင်ပညာရေးတွင် DPOများ၏ တက်ကြွစွာပါဝင်မှု အခန်းကဏ္ဍအား မြှင့်တင်ခြင်း။ ၃။ မသန်စွမ်း ကလေးများ၏ မိသားစုများအတွင်း အသိပညာမြှင့်တင်မှုများ လုပ်ဆောင်ခြင်း။ ၄။ လက်လှမ်းမီရယူသုံးစွဲနိုင်မှုဆိုင်ရာ အင်္ဂါရပ်များ၊ သင့်လျော်အောင်ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများနှင့် သင်ကြားထောက်ကူ ပစ္စည်းများဖြစ်ပေါ်လာစေရန် (သို့) တိုးတက်ကောင်းမွန်လာစေရန် စာသင်ကျောင်းများအတွက် နည်းပညာပံ့ပိုးမှုများ ပေးခြင်း။ ၅။ အဆင့်မြှင့်တင်ခြင်းနှင့် ထပ်ပွားပြုလုပ်ခြင်းကို အထောက်အကူဖြစ်စေရန် ပညာရေးဝန်ကြီးဌာနနှင့် USAID တို့နှင့်ပူးပေါင်း၍ သင်ခန်းစာယူစရာများနှင့် အလေ့အကျင့်ကောင်းများ ရှာဖွေဖော်ထုတ်ခြင်းနှင့် ဖြန့်ဝေခြင်း။

ရေရှည်တည်တံ့ရေး - စီမံချက်သည် အမျိုးသားအဆင့်နှင့်ဒေသဆိုင်ရာ ပညာရေးစနစ်နှင့် စာသင်ကျောင်းများ အပေါ်တွင် အခြေပြုဆောင်ရွက်သည်။ စီမံချက်မှ အစိုးရပညာရေးအရာရှိများ၊ ပညာရေးဝန်ထမ်းများ၊ ဒေသခံဆရာများနှင့် မသန်စွမ်းအဖွဲ့ အသင်းဝင်များအား သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် စီမံချက်ကာလကျော်လွန်သော်လည်း ၎င်းတို့တွင် အသိပညာနှင့် ကျွမ်းကျင်မှုများကျန်နေခဲ့သည်။ ပညာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ထပ်ပွားပြုလုပ်ခြင်း ကိုမြှင့်တင်ရန်နှင့် မူဝါဒချမှတ်ရေးတွင် အကြံပြုနိုင်ရန် သင်ခန်းစာယူစရာများနှင့် အလေ့အကျင့်ကောင်းများအား ဖြန့်ဝေသွားမည်ဖြစ်သည်။

အဓိကညွှန်းကိန်းများ - စီမံချက်ကာလတစ်ဝက်အတွင်း - စာသင်ကျောင်း (၆)ကျောင်းသည် လက်လှမ်းမီရယူနိုင်မှု ဆိုင်ရာ စစ်ဆေးခြင်းအား ခံယူခဲ့ပြီး ပြောင်းလဲရန်လိုအပ်သော အကြံပြုချက်များအား လက်ခံဆောင်ရွက်ခဲ့ခြင်း၊ ဆရာ/မ (၈၀)ဦးသည် သင်တန်းများတက်ရောက်ပြီးနောက် ပိုင်း ၎င်းတို့၏အလေ့အကျင့်များအား ပိုမိုတိုးတက်လာ စေခဲ့ခြင်း၊ အလုပ်သမားနှင့် လူမှုရေးရာဌာနနှင့် ဒေသဆိုင်ရာပညာရေးဌာနများမှ အရာရှိ (၈၀)ဦးသည် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ ကိရိယာများ၊ နည်းလမ်းများနှင့် ချဉ်းကပ်မှုများအပေါ်တွင် ၎င်းတို့၏ အသိပညာများ တိုးပွားလာခဲ့ခြင်း၊ မသန်စွမ်းသူများအဖွဲ့အစည်းမှ အသင်းဝင် (၂၁၀)ဦးသည် မသန်စွမ်းကလေးများနှင့် မသန်စွမ်းသူများ ပညာရေးတွင် လက်လှမ်းမီစေရန်အတွက် အထောက်အပံ့ပေးနိုင်ရန် ၎င်းတို့၏ကျွမ်းကျင်မှုများအား ပိုမိုတိုးတက်လာစေခဲ့သည်။

**ကာလ** - ၂နှစ် (ဆက်လက်ဆောင်ရွက်နေဆဲ)

**အကောင်အထည်ဖော်ဆောင်ရွက်သူများ** - HI၊ မိတ်ဖက်အဖွဲ့အစည်းများ - ပညာရေးဝန်ကြီးဌာန နှင့် DPOS

**အလှူရှင်** - USAID, CHARLEVILLE-MEZIÈRES COOPERATION.

## ကိုးကားခြင်းများ


(1)EFA GLOBAL MONITORING REPORT. 2010. (2)ICBL-CMC. LANDMINE AND CLUSTER MUNITION MONITOR. 2012. (3), (4), (5), 6WHO, UNESCO, ILO, IDDC. COMMUNITY BASED REHABILITATION EDUCATION GUIDELINES. 2010. (7)HI. LE SYSTÈME D'ENSEIGNANTS ITINÉRANTS – PROJET EDUCATION INCLUSIVE AU TOGO. 2011; WORLD VISION UK. EDUCATION'S MISSING MILLIONS: INCLUDING DISABLED CHILDREN IN EDUCATION THROUGH EFA FTI PROCESSES AND NATIONAL SECTOR PLANS. 2007; ATLAS ALLIANCE. INCLUSION EDUCATION WHERE THERE ARE NO RESOURCES. 2002; HI. LESSONS LEARNT FOR THE INCLUSIVE EDUCATION OF DISABLED CHILDREN IN CAMBODIA. 2009; HI. INCLUSIVE EDUCATION POLICY PAPER. 2012; UNESCO. EMBRACING DIVERSITY: TOOLKIT FOR CREATING LEARNER-FRIENDLY ENVIRONMENTS. 2004; OVERCOMING EXCLUSION THROUGH INCLUSIVE APPROACHES IN EDUCATION. 2003; UNDERSTANDING AND RESPONDING TO CHILDREN'S NEEDS IN INCLUSIVE CLASSROOMS:A GUIDE FOR TEACHERS. 2001.


HANDICAP INTERNATIONAL

## လူမှုရေးနယ်ပယ်တွင်ပါဝင်အကျုံးဝင်ခြင်း ဆိုသည်မှာ အဘယ်နည်း။ (WHAT IS SOCIAL INCLUSION?)

**လူမှုရေးနယ်ပယ်တွင်ပါဝင်အကျုံးဝင်ခြင်း**ဆိုသည်မှာ တစ်စုံတစ်ဦးအား သူ/သူမ၏ ဘဝတွင် ဦးတည်ရာရှာဖွေရရှိနိုင်ပြီး မိမိ၏ ရည်မှန်းချက်ပန်းတိုင်များကို နားလည်သိရှိလာစေရန်၊ သူ/သူမ၏ မိသားစုအတွင်း နေရာတစ်နေရာရရှိစေရန်နှင့် ရပ်ရွာလူထုအတွင်း ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်စေရန် အထောက်အပံ့ပေးခြင်း၏ ရလာဒ်ဖြစ်သည်။ လူမှုရေးနယ်ပယ်တွင်ပါဝင်အကျုံးဝင်ခြင်းသည် "အလွန်ခက်ခဲသည်" (သို့) မလိုအပ် ဟုထင်မြင်တတ်ကြသည်။ သို့သော် လူ့ဂုဏ်သိက္ခာ၊ ပါဝင်သက်ဆိုင်မှုနှင့် မိမိကိုယ်ကို တန်ဖိုးထားမှုတို့နှင့်ဆိုင်သော လူနေမှုဘဝအရည်အသွေး၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။

**လူမှုရေးနယ်ပယ်တွင်ပါဝင်အကျုံးဝင်ခြင်းဆိုင်ရာ လှုပ်ရှားလုပ်ဆောင်မှုများ၏ ပန်းတိုင်**မှာ လူတစ်ဦးသည် သူ/သူမကိုယ်တိုင်၏အကြောင်းနှင့် အတွင်းနှင့်အပြင် (ဥပမာ - မိသားစု၊ အိမ်နီးချင်းများ၊ ရပ်ရွာလူထု) နှစ်ခုလုံးရှိ သူ/သူမကိုယ်ပိုင်ဖြစ်သော အရင်းအမြစ်များအား မည်ကဲ့သို့စုစည်းရမည်နှင့် စပ်လျဉ်း၍ သိမြင်မှုများရရှိသေခြင်းဖြင့် လူတစ်ဦး၏ မိမိကိုယ်ကိုအားကိုးခြင်းတွင် တိုးတက်လာစေရန်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်ချင်းစီအား တန်ဖိုးထားပြီး လူသားများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံမှုများအားလည်း မြှင့်တင်ပေးခြင်းဖြင့် လူတိုင်းသည် မိမိတို့၏ဘဝအတွက် အစီအစဉ်များရေးဆွဲခြင်းတွင် တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်စေမည်ဖြစ်သည်။

### အမြန်လေ့လာနိုင်သော အချက်အလက်များ (QUICK FACTS)

- မတော်တဆထိခိုက်မှုဖြစ်ပွားပြီး အသက်ရှင်ကျန်ရစ်သူများသည် လူမှုရေးနယ်ပယ်မှ ထုတ်ပယ်ခြင်း (သို့) စွန့်ပစ်ခံရခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းမှာ ရပ်ရွာလူထုတစ်ခုလုံး၏ ကြီးစိုးထားသော ယုံကြည်မှုများကြောင့်ဖြစ်သည် ( ဥပမာ - ထိုသူများသည် ကံဆိုးစေသည်)။
- မသန်စွမ်းသူအများစုမှာ အပြုသဘောမဆောင်သော ခံယူချက်သဘောထားများကြောင့် ဆက်ဆံရေးများနှင့် မိသားစုဘဝတို့မှ ထုတ်ပယ်ထားခြင်းခံရသည်။
- အမျိုးသမီးမသန်စွမ်းသူများသည် အမျိုးသားမသန်စွမ်းသူများနှင့် နှိုင်းယှဉ်လျှင် အိမ်ထောင်ပြုမှုနှုန်း ပိုမိုနည်းပါးသည်။
- မသန်စွမ်းသူ အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့၏ မိသားစုများအတွင်းနှင့် ရပ်ရွာလူထု အတွင်းတွင် အနိုင်ကျင့်ခံရခြင်းနှင့် အဓမ္မပြုကျင့်ခံရခြင်းများအား အထူးသဖြင့် ပိုမိုကြုံတွေ့ခံစားရလေ့ရှိသည်။

## လူမှုရေးနယ်ပယ်တွင်အကျုံးဝင်ခြင်း၌ ပါဝင်သော အဓိကအစိတ်အပိုင်းများမှာ[၁]

- **တစ်ဦးချင်းစီအလိုက်လူမှုရေးဆိုင်ရာပံ့ပိုးမှုပေးခြင်း** - အံ့ဝင်ခွင်ကျဖြစ်စေသော လမ်းညွှန်မှုပေးခြင်းဖြင့် - တစ်စုံတစ်ဦးအား သူ/သူမ၏ဘဝတွင် ရွေးချယ်ထားသောနယ်ပယ်တစ်ခု၌ ပါဝင်ဆောင်ရွက်နိုင်မှု တိုးမြှင့်ရန် အတွက် ကြုံးပမ်းအားထုတ်ရာတွင် ရင်ဆိုင်ကြုံတွေ့ရသော ရုပ်ပိုင်း၊ လူမှုရေးပိုင်းနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ အတားအဆီးများကို လျှော့ချနိုင်ရန်နှင့် လူတစ်ဦးအတွက် အရေးပါသော လူမှုရေးဆိုင်ရာအခန်းကဏ္ဍတစ်ခု (သို့) နေ့စဉ်လုပ်ဆောင်မှုတစ်ခု (ဥပမာ - ကျောင်းသားတစ်ဦးဖြစ်ခြင်း၊ မိခင်တစ်ဦးဖြစ်ခြင်း၊ မိမိအိမ်အား ကြည့်ရှု စောင့်ရှောက်ခြင်း၊ အလုပ်လုပ်ခြင်း)တွင် ထိတွေ့လုပ်ဆောင်နိုင်စေရန် စီမံချက်တစ်ခု ရေးဆွဲဆောင်ရွက်ခြင်း။
- **ဆက်ဆံရေးများနှင့် မိသားစုဘဝ** - မိသားစုများနှင့် ရပ်ရွာလူထုများအပိုင်းတွင် အပြုသဘောမဆောင်သော ခံယူချက်သဘောထားများ ပြောင်းလဲခြင်းဖြင့် လူတိုင်းတွင် အပြုသဘောဆောင်သောဆက်ဆံရေးများ ရရှိစေခြင်းသည် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ အကြမ်းဖက်နှိပ်စက်ခြင်းမှ ကာကွယ်တားဆီးရန် ရည်ရွယ်သည်။
- **ယဉ်ကျေးမှု၊ အားကစားနှင့် အနားယူအပန်းဖြေခြင်း** - ဤလှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်မှု ပိုမိုတိုးတက်စေခြင်းဖြင့် ပုဂ္ဂိုလ်ရေးအသွင်အပြင်၊ ချမ်းသာသုခနှင့် ကျန်မာရေးသုခများရရှိစေရန်အတွက် အသုံးပြုခြင်း။ ထိုသို့အသုံးပြုခြင်းဖြင့် ရပ်ရွာလူထု၏ အပြုသဘောမဆောင်သော ခံယူချက်သဘောထားများကို စိန်ခေါ်ရန်နှင့် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စွမ်းဆောင်ရည်များအကြောင်း အသိပညာ မြှင့်တင်ရန် အထောက်အပံ့ဖြစ်စေခြင်း။

## ဥပဒေနှင့် မူဝါဒဆိုင်ရာ မှုဘောင်များ

CCM: အပိုဒ် ၅၊ စာပိုဒ် ၁။ အပိုဒ် ၆၊ စာပိုဒ် ၇။

VIENTIANE လုပ်ငန်း အစီအစဉ်၊ လုပ်ဆောင်ချက် #၂၅နှင့် #၂၈။

CARTAGENA လုပ်ငန်း အစီအစဉ်၊ အခန်း ၄၊ စာပိုဒ် ၁၂။

CRPD: အပိုဒ် ၁၉၊ ၂၁၊ ၂၃၊ ၂၈နှင့် ၃၀။

## အဓိက အကျိုးတူပူးပေါင်းပါဝင်သူများ မည်သူတွေဖြစ်နည်း။

အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ (မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်းများ - DPOS)၊ ၎င်းတို့၏ မိသားစုများ၊ သူငယ်ချင်းများနှင့် အိမ်နီးချင်းများ။

ဝန်ဆောင်မှုပေးသူများ - လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ။

ဝန်ကြီးဌာနများ - လူမှုရေးရာ၊ အမျိုးသမီးနှင့် ကလေးသူငယ်/ ကျား၊ မရေးရာ၊ လူငယ်နှင့် အားကစား။

အပြည်ပြည်ဆိုင်ရာ လူမှုရေးလုပ်သားသမဂ္ဂ။

## ဝင်ငွေနည်းတိုင်းပြည်များတွင် အများအားဖြင့်ကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှုများမှာ အဘယ်နည်း။

- ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများသည် လက်ရှိဝန်ဆောင်မှုများနှင့်ဆိုင်သည့် သတင်းအချက်အလက်များ ရရှိမှုနည်းပါးလျက်ရှိသည်။ သတင်းအချက်အလက်များအား ရရှိနိုင်သည့်တိုင်အောင် အများအားဖြင့် လုံလောက်မှုမရှိပါ။ ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူအများစု၊ အထူးသဖြင့် ထိခိုက်အလွယ်ဆုံးသောသူများမှာ ကိုယ်ပိုင်လုပ်ပိုင်ခွင့်များရယူနိုင်ရန်နှင့် မိမိတို့လိုအပ်သော ဝန်ဆောင်မှုများထံ သွားရောက်ချဉ်းကပ်နိုင်ပြီး ရယူနိုင်ရန်အတွက် တစ်ဦးချင်းစီအလိုက်ပံ့ပိုးမှုပေးခြင်းများ ရရှိရန်လိုအပ်သည်။
- နေ့စဉ်ဘဝမှ ထုတ်ပယ်ထားမှုခံရခြင်း၏ အကျိုးဆက်ကြောင့် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများသည် အများအားဖြင့် မိမိကိုယ်ကိုတန်ဖိုးထားလေးစားမှု နည်းပါးလာကာ လူမှုရေးဆိုင်ရာ လှုပ်ရှားမှုများနှင့် ပွဲလမ်းသဘင်များတွင် ပါဝင်ဆောင်ရွက်ရန် တွန့်ဆုတ်နေတတ်ခြင်းကြောင့် ထုတ်ပယ်ခြင်းဆိုင်ရာသံသရာအား တဖန်ထပ်၍ အားပေးသကဲ့ သို့ ဖြစ်စေသည်။
- အသက်ရှင်ကျန်ရစ်သူကလေးသူငယ်များအပါအဝင် မသန်စွမ်းကလေးများသည် အခြားကလေးများနှင့် တန်းတူညီမျှသော ချစ်ခြင်း၊ ကြင်နာခြင်း၊ လှုံ့ဆော်မှုများနှင့် အခွင့်အရေးများ လက်ခံရရှိလေ့မရှိခြင်း။
- အသက်ရှင်ကျန်ရစ်သူအမျိုးသမီးများအပါအဝင် မသန်စွမ်းသူအမျိုးသမီးများသည် ရံဖန်ရံခါတွင် အိမ်ထောင်ပြုခြင်းနှင့် မိဘဖြစ်ခြင်းကဲ့သို့သော လူမှုရေးဆိုင်ရာ အခန်းကဏ္ဍအချို့မှ ထုတ်ပယ်ထားခြင်းခံရသည်။ ထိုသူတို့သည် အမျိုးသမီး ဖြစ်နေခြင်းနှင့် မသန်စွမ်းဖြစ်နေခြင်းကြောင့် အများအားဖြင့် ခွဲခြားဆက်ဆံမှုအား နှစ်ဆပိုမိုရင်ဆိုင်နေရသည်။
- မသန်စွမ်းသူတစ်စုံတစ်ဦးနှင့် ဆွေမျိုးတော်စပ်နေသော မိသားစုဝင်များသည် ရှက်ဖွယ်ရာဖြစ်သည်ဟု ခံစားရသောကြောင့် ၎င်းတို့သည် ယဉ်ကျေးမှု၊ အားကစား၊ အနားယူအပန်းဖြေခြင်းနှင့် အခြားလူမှုရေးဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရန် အားပေးမှုမရှိခြင်း (သို့) အကန့်အသတ်များ ပြုလုပ်ကြသည်။
- မသန်စွမ်းသူများနှင့်ဆိုင်သော အဖွဲ့အစည်းများ(DPOs)တွင် အသင်းဝင်အဖြစ်ပါဝင်ရခြင်းသည် လူမှုရေးနယ်ပယ်တွင် ပါဝင်ဆောင်ရွက်မှုကို တိုးတက်စေရန် နည်းလမ်းတစ်ခုဖြစ်သည်။ သို့သော် DPOs များတွင် မသန်စွမ်းသူအမျိုးသားများ ဦးဆောင်လေ့ရှိတတ်သဖြင့် မသန်စွမ်းသူအမျိုးသမီးများအား အမှတ်မထင် ခွဲခြားဆက်ဆံမှုများရှိနိုင်ခြင်းကြောင့် မသန်စွမ်းအမျိုးသမီးများ၏ ပြောရေးဆိုခွင့်များအတွက် နေရာ အနည်းငယ်သာရခြင်းမှ လုံးဝမရခြင်းများ ကြုံတွေ့ရသည်။

## လူမှုရေးနယ်ပယ်တွင်ပါဝင်အကျုံးဝင်ခြင်း မြှင့်တင်ရာတွင် အောင်မြင်သောစီမံချက်များ

(SUCCESSFUL PROJECTS)

ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံများတွင် အားကစားနှင့် အနားယူအပန်းဖြေခြင်းဆိုင်ရာ လှုပ်ရှားမှုများသည် မသန်စွမ်းသူများအတွက် လူမှုရေးနယ်ပယ်တွင်ပါဝင်အကျုံးဝင်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာချမ်းသာသုခရရှိစေရန် ပံ့ပိုးမှုပေးရာ၌ အသုံးဝင်သောနည်းလမ်းတစ်ခုအဖြစ် အသိအမှတ်ပြုထားသည်။ မသန်စွမ်းသူအမျိုးသားများနှင့် အမျိုးသမီးများ အားလုံးပါဝင်နိုင်ရန် ထိုင်၍ကစားရသောဘောလီဘော၊ ဘီးတက်ကုလားထိုင်ဖြင့်ကစားရသောဘက်စကက်ဘော၊ ဘောလုံးနှင့် အားကစားလေ့ကျင့်ရေးအသင်းများရှိသည်။

ရီပပ့်ဘလစ်ကစရစ်စ်ကာ(REPUBLIKA SRPSKA)တွင် မသန်စွမ်းသူများအတွက် အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများ မြှင့်တင်ရန်အတွက် အားကစားနှင့်လူငယ်များဆိုင်ရာအတွင်းဝန်ရုံး၌ တာဝန်ခံတစ်ဦးထားရှိသည်။ လူတိုင်းပါဝင်နိုင်သော အားကစားလှုပ်ရှားမှုများအတွက် အစိုးရအနေဖြင့် နှစ်စဉ်ဘဏ္ဍာငွေများခွဲဝေပေးထားသည်။[၂]

မိုဇမ်ဘစ်နိုင်ငံတွင် ၂၀၁၁ခုနှစ်၌ မြေမြှုပ်မိုင်းများမှ အသက်ရှင်ကျန်ရစ်သူများအား အကူအညီပေးခြင်းကွန်ယက် (LANDMINE SURVIVORS ASSISTANCE NETWORK – RAVIM)နှင့် HI သည် အမျိုးသမီးနှင့်လူမှုရေးဆိုင်ရာ လှုပ်ရှားမှု ဝန်ကြီးဌာန (MINISTRY OF WOMEN & SOCIAL ACTION)နှင့် လူမှုရေးအကူအညီပေးခြင်းဆိုင်ရာ အမျိုးသားရေး အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ မသန်စွမ်းသူများနှင့် မသန်စွမ်းကလေးများ၏ လူမှုရေးနယ်ပယ်တွင် ပါဝင်အကျုံးဝင်ခြင်းအား ပံ့ပိုးနိုင်ရန် စီမံချက်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယနေ့အချိန်အထိ ကလေးသူငယ် (၁၁၈)ဦးအပါအဝင် လူပေါင်း (၃၂၈)ဦးအား ရှာဖွေဖော်ထုတ်ခဲ့ပြီး ၎င်းတို့၏ လိုအပ်ချက်များနှင့် ဦးစားပေးခြင်းများအား ဖော်ထုတ်သတ်မှတ်နိုင်ရန်နှင့် လက်လှမ်းမီရယူသုံးစွဲနိုင်သော ဝန်ဆောင်မှုများသို့ လွှဲပြောင်းညွှန်းပို့နိုင်ရန်အတွက် ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် ဝန်ဆောင်မှုပေးသူ (၆၅)ဦးကို မသန်စွမ်းသူများ၏အခွင့်အရေးများ၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုများ လက်လှမ်းမီရယူသုံးစွဲနိုင်မှု ပိုမိုလွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပုံအဆင့်ဆင့်တို့အပေါ်တွင် လေ့ကျင့်သင်ကြားပေးခဲ့သည်။

## အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်သည့်အရာများ ပြုလုပ်နိုင်သနည်း။ (WHAT CAN STATES DO?)

### လူနေမှုဘဝအရည်အသွေး တိုးတက်မြင့်မားလာစေရန် -

- ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များ၊ ကျွမ်းကျင်မှုများ၊ ဦးစားပေးခြင်းများ၊ အရင်းအမြစ်များနှင့် စိတ်ဝင်စားမှုများအား ရှာဖွေဖော်ထုတ်နိုင်ရန်နှင့် ၎င်းတို့၏ ပန်းတိုင်များသို့ (ဥပမာ - ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ လူနေမှုဘဝ) အောင်မြင်စွာရောက်ရှိရန်အတွက် ဖြစ်နိုင်သောလုပ်ဆောင်ချက်အစီအစဉ်တစ်ခု ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အထောက်အပံ့ပေးခြင်း။
- ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ ရပ်ရွာအတွင်း ပါဝင်ဆောင်ရွက်နိုင်ရန် ( ဥပမာ - ဒေသခံ အဖွဲ့အစည်းများဖြစ်သော အသက်ရှင်ကျန်ရစ်သူများအဖွဲ့အစည်း၊ DPOs (သို့) အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများသို့ ဝင်ရောက်ခြင်း) အတွက် အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ရာတွင် အထောက်အပံ့ပေးခြင်း။
- မသန်စွမ်းသူရှိသော မိသားစုများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် မိသားစုဝင်များ မည်ကဲ့သို့ ပိုမိုကောင်းမွန်စွာ ပံ့ပိုးပေးရမည်နှင့် အားပေးကူညီရမည်ကို သိရှိစေရန်နှင့် ၎င်းတို့၏ အခွင့်အရေးများအတွက် မည်ကဲ့သို့ စည်းရုံးလှုံ့ဆော်ရမည်ကို သင်ယူသိရှိလာနိုင်ပါသည်။

### ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု တိုးတက်ကောင်းမွန်စေရန် -

- ဒေသတွင်းအဆင့်တွင် တစ်ဦးချင်းစီအလိုက် လူမှုရေးဆိုင်ရာပံ့ပိုးမှုများ ပေးရန်အတွက် သင်ကြားလေ့ကျင့်ပေးရမည့် လူထုလုပ်သားများအား ရှာဖွေဖော်ထုတ်ခြင်း (CBR၊ လူမှုရေးနှင့် ကျန်းမာရေးလုပ်သားများ၊ အခြား)။
- တစ်ဦးချင်းစီအလိုက်လူမှုရေးဆိုင်ရာပံ့ပိုးမှုပေးခြင်းအား လူမှုရေးနှင့် ကျန်းမာရေးလုပ်သားများ၏ ပုံမှန်သင်ကြားရေး စီမံကိန်းတွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်စေခြင်း။
- ရပ်ရွာလူထုအတွင်းတွင် ဝန်ဆောင်မှုများနှင့်ဆိုင်သော သတင်းအချက်အလက်များအား ရှာဖွေဖော်ထုတ်ခြင်း၊ မြေပုံရေးဆွဲခြင်းနှင့် ဖြန့်ဝေပေးခြင်း။
- ရပ်ရွာလူထုအတွင်းရှိ ခေါင်းဆောင်များနှင့် အတူပူးတွဲလုပ်ဆောင်ခြင်းဖြင့် ဘေးဒုက္ခကျရောက်သူများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ လူထု၏အသိပညာအား မြှင့်တင်ရန်အတွက် အားပေးတိုက်တွန်းရန်၊ ခွဲခြားဆက်ဆံခြင်းအား စိန်ခေါ်ရန်နှင့် မသန်စွမ်းမှုအပေါ်တွင် လူထုဆွေးနွေးပွဲများပြုလုပ်ရန်အတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်။
- အသင်းအဖွဲ့များနှင့် အတူပူးတွဲလုပ်ဆောင်ခြင်းအားဖြင့် ၎င်းတို့၏လှုပ်ရှားလုပ်ဆောင်မှုများတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်နိုင်စေရန် မည်သို့ပြုလုပ်ရမည်နှင့်စပ်လျဉ်း၍ စိတ်ပါဝင်စားမှုများရှိလာခြင်းပြီး တတ်သိနားလည်လာခြင်း။ အထူးအားဖြင့် အမျိုးသမီးဆိုင်ရာအုပ်စုများနှင့် တွဲဖက်လုပ်ဆောင်ခြင်းဖြင့် မသန်စွမ်းသူအမျိုးသမီးများသည် ၎င်းတို့၏ လှုပ်ရှားလုပ်ဆောင်မှုများတွင် ပါဝင်လာနိုင်ခြင်း။
- အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာအသင်းအဖွဲ့များအား မသန်စွမ်းသူများ၏အခွင့်အရေးများနှင့် ၎င်းတို့အသုံးပြုသော ပစ္စည်းကိရိယာများ၊ ကစားပွဲစည်းမျဉ်းစည်းကမ်းများနှင့် ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံ နေရာများအား ဆီလျော်သင့်တော်အောင် လွယ်ကူစွာပြုလုပ်နည်းများနှင့်ပတ်သက်၍ သင်ကြားလေ့ကျင့် ပေးခြင်း။

## ဥပဒေများနှင့်မူဝါဒများ တိုးတက်ကောင်းမွန်လာစေရန် -

- ➤တစ်ဦးချင်းစီအလိုက် လူမှုရေးဆိုင်ရာပံ့ပိုးမှုပေးခြင်း၊ လူတိုင်းပါဝင်အကျုံးဝင်သော ယဉ်ကျေးမှု၊ အားကစားနှင့် အနားယူအပန်းဖြေခြင်းဆိုင်ရာ လှုပ်ရှားမှုများ အပါအဝင် ရပ်ရွာတွင်းဘဝနှင့်သက်ဆိုင်သော အဓိကလိုအပ်ချက်များအတွက် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ အကူအညီပေးနိုင်ရန်အတွက် အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်းများတွင် ထည့်သွင်းထားခြင်း။
- ➤လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ထင်မြင်ယူဆခွင့်အပေါ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာသဘောတူစာချုပ် (CRPD)နှင့်အညီ မသန်စွမ်းသူများ၏ ပြောဆိုအကြံပြုချက်များအား မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများတွင် ထည့်သွင်းစဉ်းစားမှုပြုလုပ်ခြင်း။
- ➤ဒေသတွင်း၊ နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာမှ အကျိုးတူ ပူးပေါင်းပါဝင်သူများအနေဖြင့် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများအား ၎င်းတို့၏ယဉ်ကျေးမှု၊ အနားယူအပန်းဖြေခြင်းနှင့် အားကစားခြင်းဆိုင်ရာမူဝါဒများနှင့် စီမံကိန်းများတွင် ပါဝင်လာစေရန် မည်သို့ဆောင်ရွက်ရမည်ကို အသိပေးခြင်းနှင့် အားပေးလှုံ့ဆော်ခြင်း။
- ➤မသန်စွမ်းသူများအား လူမှုရေးနယ်ပယ်တွင် ပါဝင်အကျုံးဝင်စေခြင်းမှ ခွဲခြားဆက်ဆံမှုကို အားပေးရာရောက်သော ချဉ်းကပ်မှုများ (သို့) အတားအဆီးများ ပါဝင်နိုင်သော လက်ရှိဥပဒေများနှင့်မူဝါဒများအား ပြန်လည် သုံးသပ်ခြင်း။

## တိုးတက်မှုကို မည်ကဲ့သို့တိုင်းတာမည်နည်း။ (HOW TO MEASURE PROGRESS)

အချက်အလက်စာစောင်များတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြောင်းလဲမှုကိုပြသနိုင်သော နယ်ပယ်အချို့အား ဖော်ပြထားသည်။ ဝန်ဆောင်မှုများအားရယူသုံးစွဲနိုင်မှုနှင့် ဥပဒေပြဋ္ဌာန်းခြင်းနှင့် မူဝါဒများချမှတ်ခြင်းတို့တွင် တိုးတက်လာခြင်းသည် နောက်ဆုံး၌ လူနေမှုဘဝအရည်အသွေးတွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှု များအား ရရှိစေသင့်သည်။

### လူနေမှုဘဝအရည်အသွေး -

*ကိုယ်ပိုင်ဖြစ်သော လုပ်ဆောင်ချက်အစီအစဉ်အတစ်ခု ရေးဆွဲထားပြီးဖြစ်သော လူပုဂ္ဂိုလ်အရေအတွက်။ *၎င်းတို့၏ အစီအစဉ်တွင် ပါဝင်သော ရည်ရွယ်ချက်များအား ရောက်ရှိအောင်ဆောင်ရွက်နိုင်သော လူပုဂ္ဂိုလ်အရေအတွက်။ *မိမိတို့၏မိသားစုအတွင်း ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ဆောင်ရွက်နိုင်မှုတိုးတက်လာသည်ဟု အစီရင်ခံတင်ပြ သူအရေအတွက်။ *မိမိတို့တန်ဖိုးထားသော လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်မှု တိုးတက်လာသည်ဟု အစီရင်ခံတင်ပြသူများ အရေအတွက်။ *ယဉ်ကျေးမှု၊ အားကစားနှင့် အနားယူအပန်းဖြေခြင်းဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်လာသူများ အရေအတွက်။

### ဝန်ဆောင်မှုများနှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုများအား ရယူသုံးစွဲနိုင်မှု -

*တစ်ဦးချင်းအလိုက် လူမှုရေးဆိုင်ရာပံ့ပိုးမှုပေးခြင်းအား လက်ခံရရှိသောသူများ အရေအတွက်။ *မသန်စွမ်းသူများသည် အိမ်ထောင်ပြုနိုင်ပြီး သားသမီးများလည်းရရှိနိုင်သည်ဟု လက်ခံလာသော ရပ်ရွာလူထုဝင်များ (သို့) ခေါင်းဆောင်များ အရေအတွက်။ *မိမိတို့၏ မသန်စွမ်းမှုများရှိသောမိသားစုဝင်များအား အိမ်ပြင်ပရှိ လူမှုဆက်ဆံရေး တွင် ဝင်ဆံ့နိုင်ရန်နှင့် ဆက်ဆံရေးများတည်ဆောက်နိုင်ရန်အတွက် အားပေးပြီး ထောက်ပံ့မှုများပေးသော မိသားစုများအရေအတွက်။ *မိမိတို့၏ အသင်းဝင်များထဲတွင် မသန်စွမ်းသူများ ပါဝင်လာစေသော ဘာသာရေးဆိုင်ရာ ဌာနများ အရေအတွက်။ *မသန်စွမ်းသူများထံသို့ရောက်ရှိစေရန် စီမံဆောင်ရွက်မှုများပြုလုပ်ထားသော ယဉ်ကျေးမှု၊ အားကစားနှင့် အနားယူအပန်းဖြေခြင်း ကျင်းပရာနေရာများ အရေအတွက်။ *မသန်စွမ်းသူများပါဝင်နိုင်ရန်အတွက် မိမိတို့၏ အသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးနည်းလမ်းများ၊ ကစားပွဲပုံစံ (သို့) စည်းကမ်းများအား ဆီလျော်သင့်တော်အောင် ပြုလုပ်ထားသည့် ယဉ်ကျေးမှု၊ အားကစားနှင့် အနားယူအပန်းဖြေခြင်းဆိုင်ရာဌာနများ အရေအတွက်။

### ဥပဒေများနှင့် မူဝါဒများ -

*ယဉ်ကျေးမှု၊ အနားယူအပန်းဖြေခြင်းနှင့် အားကစားဆိုင်ရာ မူဝါဒများနှင့်စီမံကိန်းများတွင် မသန်စွမ်းသူများ ပါဝင်အကျုံးဝင်မှုအား တိကျစွာဖော်ပြထားခြင်း။ *လူတိုင်းအကျုံးဝင်ပါဝင်နိုင်သော ယဉ်ကျေးမှု၊ အားကစားနှင့် အနားယူ အပန်းဖြေခြင်းဆိုင်ရာ မူဝါဒများအား အကောင်အထည်ဖော်နိုင်ရန်အတွက် အမျိုးသားအရင်းအမြစ်များအား စုဆောင်းခြင်း။ *မိသားစုအတွင်း မသန်စွမ်းမှုကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်းကို အားပေးရာရောက်စေသော ဥပဒေအား ပယ်ဖျက်ခြင်း။ *လှုပ်ရှားမှုများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ကျင်းပရာနေရာများသည် အဆင်ပြေလက်လှမ်းမီစွာ ဆီလျော်သင့်တော်စေရန် လုပ်ဆောင်ရမည်ကို မူဝါဒများတွင် ညွှန်ကြားပြသထားခြင်း။

## စီမံချက်နမူနာ - ယူဂန်ဒါတွင် ဘေးဒုက္ခကျရောက်သူများ လူမှုရေးနယ်ပယ်တွင်အကျုံးဝင်စေခြင်း။

**ပြဿနာဖော်ထုတ်တွေ့ရှိချက် -** ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများသည် လူမှုရေးနှင့်လုပ်ငန်းခွင်ဆိုင်ရာ ဘဝများတွင် အခြားသူများနည်းတူညီမျှစွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးသော အတားအဆီးများနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်း။

**အဓိကရည်ရွယ်ချက်များ -** ၁။ မြေမြှုပ်မိုင်းတားမြစ်ပိတ်ပင်ခြင်းဆိုင်ရာစာချုပ် (MBT)နှင့် ကာတာဂျီနာ လုပ်ငန်းစဉ် (CARTAGENA ACTION PLAN) တွင် ပါရှိသော ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်း (VA) ဆိုင်ရာ တာဝန်ခံချက်များအား ထမြောက်အောင်မြင်စေရန်အတွက် တာဝန်ရှိသူများအား အထောက်အပံ့ပေးရန်။ ၂။ ထိခိုက် ခံရမှုအမြင့်မားဆုံးဒေသနှစ်ခုရှိ ဘေးဒုက္ခကျရောက်သူများအား ရှာဖွေဖော်ထုတ်ရန်နှင့် ၎င်းတို့၏လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်ခြင်းကို တိုးတက်ကောင်းမွန်စေရန်။

**လုပ်ဆောင်ချက်များ -** (က) မူဝါဒ - ကျား/မရေးရာ၊ အလုပ်သမားရေးရာနှင့် လူမှုရေးရာဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နှင့်ပူးပေါင်း၍ အကျိုးတူပူးပေါင်းပါဝင်သူများ တက်ရောက်သော အလုပ်ရုံဆွေးနွေးပွဲတစ်ခု စီစဉ်ကျင်းပကာ VA ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်စေခဲ့ခြင်း။ (ခ) တစ်ဦးချင်းစီအလိုက်ပံ့ပိုးမှုပေးခြင်း - ဘေးဒုက္ခကျရောက်သူများအား လိုအပ်ချက်များနှင့်ဦးစားပေးခြင်းများကို ရှာဖွေသတ်မှတ်နိုင်ရန်နှင့် မိမိတို့၏ပန်းတိုင်များသို့ရောက်ရှိစေရန် အစီအစဉ် များရေးဆွဲနိုင်ရန် တစ်ဦးတစ်ယောက်ချင်းစီအား ပံ့ပိုးမှုများပေးခြင်း။ (ဂ) ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု - ကျန်းမာရေး၊ စိတ်ပိုင်းနှင့် အသက်မွေးဝမ်းကျောင်းမှုပိုင်းဆိုင်ရာ ဝန်ဆောင်မှုများအား၏ တည်နေရာအား ရှာဖွေ၍ မြေပုံရေးဆွဲခြင်းနှင့် လက်လှမ်းမီရယူနိုင်ရန် အဆိုပါဝန်ဆောင်မှုများ အထောက်အပံ့ပေးခြင်း (အသိပညာ မြှင့်တင်ခြင်းနှင့် သင်တန်းပေးခြင်း)။ လူမှုရေးဆိုင်ရာဝန်ဆောင်မှုများအနက် ကိုယ်ထူကိုယ်ထ အုပ်စုများအတွက် ဦးစားပေးလုပ်ငန်းဖြစ်သော အားကစားနှင့် အနားယူအပန်းဖြေခြင်းဆိုင်ရာ လှုပ်ရှားမှုများအား ဦးတည်ဆောင်ရွက်ခြင်း။ (ဃ) အားပေးမြှင့်တင်ခြင်း - ကိုယ်ထူကိုယ်ထအုပ်စုများအား အထောက်အပံ့ပေးခြင်းဖြင့် အားကစားနှင့် အနားယူအပန်းဖြေခြင်းများနှင့် သက်ဆိုင်သော ၎င်းတို့၏ စွမ်းဆောင်ရည်များနှင့် လှုပ်ရှားမှုများ (အားကစားနှင့် အနားယူအပန်းဖြေခြင်းဆိုင်ရာ စည်းကမ်းများနှင့် အသုံးအဆောင်များအား ရယူအသုံးပြုနိုင်ရန် ဆီလျော်အောင်ပြုလုပ် ထားခြင်း)အား စတင်ရန်နှင့် တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း။

**ရေရှည်တည်တံ့ရေး -** အဓိကပါဝင်သော အချက်များအပေါ်တွင်အခြေခံ၍ - ၁။ ဝန်ကြီးဌာနမှ ရှာဖွေသတ်မှတ် ထားသော လိုအပ်ချက်များအား တုန့်ပြန်ခြင်းနှင့် ဒေသခံအကျိုးတူပူးပေါင်းပါဝင်သူများအား စည်းရုံးလှုံ့ဆော်ခြင်း။ ၂။အလုပ်ရုံဆွေးနွေးပွဲများမှတဆင့် အမျိုးသားအဆင့်အကျိုးတူပူးပေါင်းပါဝင်သူများအား စည်းရုံးလှုံ့ဆော်ခြင်းဖြင့် အမျိုးသားအဆင့် ညှိနှိုင်းဆောင်ရွက်ခြင်းအား တိုးတက်ကောင်းမွန်စေရန်။ ၃။ ဦးတည်သတ်မှတ်ထားသော နယ်မြေ များအတွင်းရှိ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ဝန်ဆောင်မှုပေးသူများနှင့် ကိုယ်ထူကိုယ်ထအုပ်စုများ အား သင်တန်းများပေးခြင်းဖြင့် စီမံချက်ကာလကျော်လွန်သော်လည်း ၎င်းတို့အား လက်လှမ်းမီရယူနိုင်စေရန်။ ၄။ ထိခိုက်ဒဏ်ရာရသူများ၏ လူနေမှုဘဝအရည်အသွေးအား တိုးတက်ကောင်းမွန်စေရန်အတွက် တစ်ဦးချင်းစီအား ပံ့ပိုးမှုပေးခြင်း။

**အဓိကညွှန်းကိန်းများ -** *ထိခိုက်ဒဏ်ရာရသူ (၂၄၄၈)ဦးနှင့် မသန်စွမ်းသူ (၁၂၃၀)ဦးတို့အား ရှာဖွေဖော်ထုတ်နိုင် ခဲ့သည်။ *ထိခိုက်ဒဏ်ရာရသူနှင့် မသန်စွမ်းသူ (၉၀၀)ဦးသည် တစ်ဦးချင်းစီအလိုက်လူမှုရေးဆိုင်ရာပံ့ပိုးမှုအား လက်ခံရရှိခဲ့သည်။ စီမံချက်ကာလပြီးဆုံးသောအခါ အကျိုးသက်ရောက်မှုအား လေ့လာမှုတစ်ခုပြုလုပ်ခဲ့ပြီး အစာစားသုံးမှု၊ နေအိမ်အခြေအနေ၊ စုဆောင်းမှုများ၊ ကျွမ်းကျင်မှုများ၊ မိမိကိုယ်ကိုစောင့်ရှောက်နိုင်မှု နှင့် ရွှေ့လျားသွားလာနိုင်စွမ်းတို့အား ဆန်းစစ်အကဲဖြတ်ခဲ့ရာတွင် - ဖြေကြားသူများ၏ ၉၃%သည် ဤအခြေအနေ ၅ခုအနက် အနည်းဆုံးတစ်ခုတွင် တိုးတက်ကောင်းမွန်လာသည်ဟုပြောခဲ့ပြီး ၂၄%မှာ ၅ခုအနက် ၄ခုတွင် တိုးတက်မှုများရှိသည်ဟု အစီရင်ခံခဲ့သည်။ *ဝန်ဆောင်မှုပေးသူ (၂၀)ဦးသည် အသက်ရှင်ကျန်ရစ်သူများနှင့် အခြားမသန်စွမ်းသူများ ပိုမိုပါဝင်လာစေခဲ့သည်။ *ကိုယ်ထူကိုယ်ထအဖွဲ့ (၂၀)အား ၎င်းတို့၏ လူမှုရေးဆိုင်ရာ လှုပ်ရှားမှုများတွင် တိုးတက်ကောင်းမွန်စေရန် သင်ကြားလေ့ကျင့်ပေးခဲ့သည်။ * ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ စည်းဝေးပွဲအား အမျိုးသားအဆင့်တွင် (၄)ကြိမ်နှင့် ဒေသအဆင့်တွင် (၁)ကြိမ် ကျင်းပခဲ့သည်။

ကာလ - ၁၈လ။

အကောင်အထည်ဖော်ဆောင်ရွက်သူများ - HI၊ မိတ်ဖက်အဖွဲ့အစည်းများ - ယူဂန်ဒါ မြေမြှုပ်မိုင်းမှ အသက်ရှင်ကျန်ရစ်သူများအသင်းအဖွဲ့ (UGANDA LANDMINE SURVIVORS ASSOCIATION)၊ MOGLSD။

အလှူရှင် - AUSAID

## ကိုးကားခြင်းများ


(1)HI. PERSONALIZED SOCIAL SUPPORT: THOUGHTS, METHOD AND TOOLS FOR PROXIMITY SOCIAL SERVICES. 2010. (2)GICHD. ASSISTING LANDMINE/ ERW SURVIVORS IN THE CONTEXT OF DISARMAMENT, DISABILITY AND DEVELOPMENT. 2011; INTL ASSOCIATION OF SCHOOLS OF SOCIAL WORK. SOCIAL WORK IN THE CONTEXT OF POLITICAL CONFLICT. 2008; INCLUSION INTERNATIONAL. SUPPORTING CHILDREN WITH DISABILITY- PARENT AND FAMILY INFORMATION KIT. RIGHT TO PLAY. HARNESSING THE POWER OF SPORT FOR DEVELOPMENT:RECOMMENDATIONS TO GOVERNMENTS. 2008; WHO, UNICEF, ILO, IDDC. CBR GUIDELINES, SOCIAL INCLUSION COMPONENT. 2011.


HANDICAP INTERNATIONAL

# 6 ဘေးဒုက္ခကျရောက်သူများအားအကူအညီပေးခြင်း အကြောင်းအရာနယ်ပယ် - စီးပွားရေးနယ်ပယ်တွင် ပါဝင်အကျုံးဝင်ခြင်း ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ - အလုပ်အကိုင်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး

## စီးပွားရေးနယ်ပယ်တွင်ပါဝင်အကျုံးဂင်ခြင်း ဆိုသည်မှာ အဘယ်နည်း။

(WHAT IS ECONOMIC INCLUSION?)

**စီးပွားရေးနယ်ပယ်တွင်ပါဝင်အကျုံးဝင်ခြင်း**ဆိုသည်မှာ လူပုဂ္ဂိုလ်တိုင်းသည် ခွဲခြားဆက်ဆံမှုမရှိပဲ မိမိတို့ရပ်ရွာလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု - မှအကျိုးကျေးဇူးများရရှိခြင်း၊ - ပါဝင်ဆောင်ရွက်နိုင်ခြင်းနှင့် - အားအထောက်အပံ့ဖြစ်စေခြင်းကို ဆိုလိုသည်။ **၎င်း၏ပန်းတိုင်မှာ** လူတိုင်းသည် ပြည့်စုံလုံလောက်သော လူနေမှုအဆင့်အတန်းဖြင့် နေထိုင်နိုင်ရေးအတွက် အလုပ်အကိုင်ရရှိရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့မှတစ်ဆင့် လူတိုင်းလုံလောက်သောဝင်ငွေရရှိစေရန် အာမခံချက်ပေးနိုင်ရန်ဖြစ်သည်။

၎င်းသည် လူတစ်ဦးနှင့်သူ၏မိသားစု ဝင်ငွေအား တိုးပွားစေပြီး လူမှုရေးနယ်ပယ်တွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာချမ်းသာသုခရခြင်းတို့အား တိုးတက်ကောင်းမွန်စေသည်။ စီးပွားရေးနယ်ပယ်တွင် အကျုံးဝင်ခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ ၎င်း၏မိသားစုနှင့် ရပ်ရွာလူထု၏ စုပေါင်းဖွံ့ဖြိုးတိုးတက်မှုကိုသော်လည်းကောင်း အကျိုးကျေးဇူးဖြစ်ထွန်းစေသည်။ ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများ အများစုသည် စီးပွားရေး နယ်ပယ်တွင်အကျုံးဝင်ခြင်းအား ၎င်းတို့၏ ပထမဦးစားပေးအဖြစ် ဖော်ပြကြသည်။

### အမြန်လေ့လာနိုင်သော အချက်အလက်များ (QUICK FACTS)

- နိုင်ငံပေါင်း ၂၆ နိုင်ငံရှိ အသက်ရှင်ကျန်ရစ်သူ ၁၆၄၅ဦး စစ်တမ်းတစ်ခုကောက်ယူခြင်း၏ တွေ့ရှိချက်အရ အများစုသည် စီးပွားရေးနယ်ပယ်တွင် ပါဝင်အကျုံးဂင်ခြင်းကဏ္ဍမှာ ဖြတ်သန်းလာသောနှစ်များအတွင်း မိမိတို့တဂ အခြေအနေအား ပိုမိုဆိုးရွားလာစေသောကဏ္ဍတစ်ခုဖြစ်သည်ဟု ပြောကြားခဲ့သည်။ ၇၄%သည် မိမိတို့၏ အိမ်ထောင်စုဂင်ငွေမှာ လုံလောက်မှုမရှိကြောင်း ပြောခဲ့သည်။[၁]
- မသန်စွမ်းသူများအနက် ၂၀%အောက်သာလျှင် အလုပ်လုပ်ကြသည်။ ၎င်းတို့အား အလုပ်လုပ်ခြင်းမှ ထုတ်ပယ်ထားမှုကြောင့် လူ့အဖွဲ့အစည်းအနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁.၉၄ ကုဋေဆုံးရှုံးနေရသည် (မသန်စွမ်းမှုနှင့် ပတ်သက်၍ ဆုံးရှုံးလျက်ရှိသော ကမ္ဘာ့စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP)၏ တစ်နှစ်စာတန်ဖိုးစုစုပေါင်း)။[၂]
- မသန်စွမ်းသူများ၏ ၈၂%သည် တစ်နေ့လျှင် အမေရိကန်ဒေါ်လာ(၁) ဒေါ်လာထက်နည်းသောငွေဖြင့် အသက်ရှင်ရပ်တည်နေရသည်။[၃]
- မသန်စွမ်းသူများ၏ ၈၀%သည် သီးခြားတည်ရှိသောကျေးလက်ဒေသများတွင် နေထိုင်ကြသည်။

  မသန်စွမ်းသူအမျိုးသမီးများသည် မသန်စွမ်းသူအမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အလုပ်အကိုင်ရရှိနိုင်မှု ၅၀% ပိုမိုလျော့နည်းသည်။[၄]

### စီးပွားရေးနယ်ပယ်တွင်အကျုံးဂင်ခြင်း၌ ပါဂင်သောအဓိက အစိတ်အပိုင်းများမှာ[၄]

**(က) အလုပ်အကိုင် -**

- **ကိုယ်ပိုင်အလုပ်အကိုင်** - အလုပ်ရှင်ထံတွင်အလုပ်လုပ်ရမည့်အစား မိမိကိုယ်တိုင်အတွက် အလုပ်လုပ်သော သူကိုဆိုလိုသည်။ ၎င်းသည် အများအားဖြင့် ဝင်ငွေနည်းတိုင်းပြည်များတွင် ရရှိနိုင်သော အဓိကရွေးချယ်နိုင်ခွင့်တစ်ခု ဖြစ်သော်လည်း လူတိုင်းအတွက် အသင့်တော်ဆုံးသောနည်းလမ်းတစ်ခု မဟုတ်ပါ။
- **လခစားအလုပ်အကိုင်** - ဝင်ငွေရသောအလုပ်တစ်ခုအား စာချုပ်ချုပ်ဆို၍ လုပ်ဆောင်သောသူကိုဆိုလိုသည်။ အလုပ်အကိုင်ရရှိရန်အတွင် ကျွမ်းကျင်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ လိုအပ်ပါသည် - နည်းပညာပိုင်းနှင့် အသက်မွေးဝမ်းကျောင်းမှုပိုင်းဆိုင်ရာကျွမ်းကျင်မှုများ၊ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှုများနှင့် အဓိကဘဝတွက်ချက်တိုင်းတာကျွမ်းကျင်မှုများ (ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ခြင်း၊ အချိန်စီမံခန့်ခွဲမှု၊ ဆက်သွယ်ရေး စသည်)။ ထို့အပြင် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ (စုဆောင်မှုများ၊ ချေးငွေ၊ အာမခံနှင့် ငွေလွှဲခြင်းများ)သည် အထူးသဖြင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများအတွက် အရေးကြီးပါသည်။

**(ခ) လူမှုကာကွယ်စောင့်ရှောက်ရေး -** သည် လူမှုရေးဆိုင်ရာအာမခံခြင်းနှင့် လူမှုရေးဆိုင်ရာအကူအညီပေးခြင်း တို့ဖြင့် ဖွဲ့စည်းထားပြီး ထိခိုက်လွယ်သောအခြေအနေတွင် ရောက်ရှိနေသူများအတွက် ဘေးကင်းလုံခြုံမှုပိုက်ကွန် တစ်ခုပေးနိုင်မည့် စီစဉ်ဆောင်ရွက်မှုများလည်း ပါဝင်ဖွဲ့စည်းထားကာ အစားအသောက်၊ အဝတ်အထည်၊ အိမ်ရာ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအပါအဝင် အနိမ့်ဆုံးသော လူနေမှုအဆင့်အတန်းတစ်ခုအား ရရှိနိုင်စေသည်။

### ဥပဒေနှင့်မူဝါဒဆိုင်ရာ မူဘောင်များ

CCM: အပိုဒ် ၅၊ စာပိုဒ် ၁ နှင့် ၂။ အပိုဒ် ၆၊ စာပိုဒ် ၇။ အပိုဒ် ၇၊ စာပိုဒ် ၁ - ၄။

VIENTIANE ACTION PLAN: လုပ်ဆောင်ချက် #၂၅နှင့် #၂၈။

CARTAGENA ACTION PLAN: အခန်း ၄၊ စာပိုဒ် ၁၂။ လုပ်ဆောင်ချက် #၃၁။

CRPD: အပိုဒ် ၂၇ နှင့် ၂၄။

### မည်သူတွေသည် အဓိက အကျိုးတူပူးပေါင်း ပါဂင်သူများ ဖြစ်သနည်း။

အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ။

ဝန်ဆောင်မှုပေးသူများ - အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သင်တန်းဌာနများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ဆောင်မှုများ၊ အသေးစားငွေချေးခြင်း လုပ်ဆောင်သူများ၊

MDGS: ရည်မှန်းချက် #၁။

ILO CONVENTION 159, အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် အလုပ်အကိုင်။

လူမှုရေးဝန်ဆောင်မှုများ၊ အလုပ်အကိုင်ရှာဖွေပေးရေးဌာနများ၊ ကုန်သည်ကြီးများအသင်း၊ ကုန်သွယ်ရေးသမဂ္ဂများ၊ စီးပွားရေး လုပ်ငန်းရှင်များအဖွဲ့များ၊ အများပြည်သူနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသက်မွေးဝမ်းကျောင်းမှုနှင့် စီးပွားရေးစွမ်းဆောင်မှု ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ NGOနှင့် အခြားအဖွဲ့အစည်းများ။

ဝန်ကြီးဌာနများ - အလုပ်သမား၊ စိုက်ပျိုးရေး၊ လူမှုရေးရာ၊ ဘဏ္ဍာရေးနှင့် အသေးစားငွေချေးခြင်းနှင့်သက်ဆိုင်သော တာဝန်ရှိသူများ။

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ - ILO

## ဝင်ငွေနည်းတိုင်းပြည်များတွင် အများအားဖြင့်ကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှုများမှာ အဘယ်နည်း။

- အလုပ်အကိုင်ရရှိရေးစီမံကိန်းများသည် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ အများစုနေထိုင်လေ့ရှိသော ကျေးလက်နှင့်ခေါင်သည့် ဒေသများ ဦးတည်ရမည့်အစား အများအားဖြင့်မြို့ပြနှင့် မြို့ပြအနီးတဝိုက်တွင်သာ ဦးတည်ဆောင်ရွက်လေ့ရှိခြင်း။
- စီမံကိန်းများသည် ပြည်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုအား အောင်မြင်စွာထူထောင်ရန်အတွက် လိုအပ်နိုင်သောဝန်ဆောင်မှုများ (အသေးစားငွေချေးခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပံ့ပိုးမှုများပေးခြင်း၊ ဈေးကွက်များနှင့်ချိတ်ဆက်ပေးခြင်း စသည့်) အားလုံးကို ခြုံငုံလေ့လာစဉ်းစားရမည့်အစား ဝန်ဆောင်မှုတစ်ခုအား (ဥပမာ - သင်တန်းဌာနများ) ရယူသုံးစွဲရာတွင် လွယ်ကူချောမွေ့စေရန်ကိုသာ ဦးတည်ထားလေ့ရှိခြင်း။
- အသက်မွေးဝမ်းကျောင်းမှုသင်တန်းပေးခြင်းသည် ဈေးကွက်အားဦးဆောင်မှု အမြဲမရှိခြင်း။
- မသန်စွမ်းသူတစ်ဦးအတွက် အလုပ်ခွင်သည် ဆီလျော်သင့်တော်မှုရှိစေရန် မည်သို့ပြုလုပ်ရမည်နှင့်စပ်လျဉ်း၍ အသိပညာနည်းပါးခြင်း။ စင်စစ်တွင် လုပ်ငန်းခွင်အတွင်း၌ ကျွမ်းကျင်သူပညာရှင်၏ ပံ့ပိုးမှုမရရှိပါက ရပ်ရွာလူထုထဲရှိ အခြားမသန်စွမ်းသူများထံမှ အကြံဉာဏ်များရယူပြီး ဆန်းသစ်တီထွင်မှုများပြုလုပ်ခြင်းဖြင့် သင့်တော်အောင် ပြုပြင်နိုင်ပါသည်။
- ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ၏ ကျွမ်းကျင်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားတို့နှင့် စပ်လျဉ်း၍ မိသားစုများ၊ အလုပ်ရှင်များနှင့် ဝန်ဆောင်မှုပေးသူများအကြားတွင် ကြိုတင်ထင်မြင်ယူဆမှုအလွဲများ ခိုင်မြဲစွာရှိနေခြင်း။ အသိပညာ၊ ခံယူချက်သဘောထားနှင့် အမူအကျင့်များ ပြောင်းလဲလာစေရန် ရေရှည်လမ်းညွှန်ပြသပေးရန်လိုသော်လည်း ထိုသို့ပြုလုပ်မှုများ မရှိခြင်း။
- စီးပွားရေးနယ်ပယ်တွင်အကျုံးဝင်ခြင်းစီမံချက်များသည် လခစားအလုပ်အကိုင်အတွက် ဖြစ်နိုင်မည့်နည်းလမ်းများအား သတိမမူမိခြင်း။
- ဝင်ငွေနည်းတိုင်းပြည်များတွင် အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ယန္တရားများ အနည်းငယ်သာရှိခြင်း။
- စီးပွားရေးနယ်ပယ်တွင်အကျုံးဝင်ခြင်းစီမံကိန်းများတွင် အများအားဖြင့် ကျား/မရေးရာ ဆန်းစစ်ခြင်းအား ထည့်သွင်းထားမှုမရှိခြင်းကြောင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုကို ဦးတည်ရာ (သို့) အားပေးရာရောက်ခြင်း။
- အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စီမံကိန်းများတွင် မိုင်းများ/စစ်အကြွင်းအကျန်ပေါက်ကွဲပစ္စည်းများ (ERW)ကြောင့် အသက်ဆုံးရှုံးသူများ၏ မိသားစုများအား သတိမမူမိခြင်း။

## စီးပွားရေးနယ်ပယ်တွင်အကျုံးဝင်ခြင်းဆောင်ရွက်ရာ၌ အောင်မြင်သောစီမံချက်များ

(SUCCESSFUL PROJECTS)

အီသီယိုးပီးယားနိုင်ငံတွင် ILO၏အထောက်အပံ့ဖြင့် အီသီယိုးပီးယန်း မသန်စွမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုဌာန (THE ETHIOPIAN CENTER FOR DISABILITY AND DEVELOPMENT – ECCD) သည် စီးပွားရေး၊ စက်မှုလုပ်ငန်းနှင့် အများပြည်သူ ကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများအား မသန်စွမ်းမှုအပေါ်တွင် သင်တန်းများပေးခဲ့သည်။ ၎င်းဌာနသည် ကျေးလက်ဒေသ များတွင် အသေးစားချေးငွေ ထုတ်ပေးသူဖြစ်သော DESCIနှင့် တွဲဖက်လုပ်ဆောင်ခဲ့သည်။ ECCDနှင့် တိုင်ဂရေး မသန်စွမ်းသူစစ်မှုထမ်းဟောင်းများ အသင်းအဖွဲ့ (TIGRAY DISABLED VETERANS ASSOCIATION) တို့မှ သုတေသန လုပ်ငန်း၊ အသိပညာပေးစည်းရုံးလှုံ့ဆော်ခြင်းနှင့် သင်ကြားလေ့ကျင့်ပေးခြင်းတို့ကြောင့် DESCI သည် ယခုအခါတွင် ၎င်း၏ လုပ်ငန်းတွင် မသန်စွမ်းသူများကိုပါ ပါဝင်စေခဲ့သည်။ ၂၀၁၀ခုနှစ်တွင် DESCIမှ ဝန်ဆောင်မှုပေးသူများအနက် ၅% (လူပေါင်း ၉၀၀) မှာ မသန်စွမ်းသူများဖြစ်ပြီး DESCIတွင် ယခုအခါ ဒေသအတွင်း တိုးတက်လာမှုများအား တိုင်းတာနိုင်ရန်အတွက် စောင့်ကြည့်စစ်ဆေးခြင်းစနစ်တစ်ခု ရှိနေပြီဖြစ်သည်။[၇]

နီကာရာဂွာနိုင်ငံတွင် အသေးစားငွေချေးခြင်းဖွဲ့အစည်းတစ်ခုဖြစ်သော ပရိုမူဂျာ (PROMUJER)သည် ၎င်းတို့၏ အသေးစားချေးငွေဝန်ဆောင်မှုများတွင် မသန်စွမ်းသူအမျိုးသမီးများ ပါဝင်လာရန်အတွက် ဒေသခံမသန်စွမ်းသူများ ဆိုင်ရာအဖွဲ့အစည်းများ (DPOs)နှင့် လူမှုရေးဝန်ဆောင်မှုများအထိ ရောက်ရှိရန်ဆောင်ရွက်ခဲ့သည်။ PROMUJER သည် အများပြည်သူဆိုင်ရာဘဏ်များတွင် မသန်စွမ်းသူအမျိုးသမီးများအား ပါဝင်စေခဲ့ပြီး မသန်စွမ်းသူအမျိုးသမီး (၃၀)ဦးမှ စုစည်းတည်ထောင်ထားသော အများပြည်သူဆိုင်ရာဘဏ်တစ်ခုကိုလည်း ဝန်ဆောင်မှုများပေးခဲ့သည်။ ပါဝင်သူများသည် မျိုးဆက်ပွားကျန်းမာရေးနှင့် အိမ်တွင်းအကြမ်းဖက်မှုမှကာကွယ်ခြင်းဆိုင်ရာ ပညာပေးပွဲများသို့ လည်း တက်ရောက်ခဲ့ကြသည်။[၆]

ဖိလစ်ပိုင်နိုင်ငံတွင် အမျိုးသားသမဝါယမဖယ်ဒရေးရှင်း (NATIONAL FEDERATION OF COOPERATIVES)၏ အသင်းဝင် (၆၅၀)ဦးမှာ မသန်စွမ်းသူများဖြစ်သည်။ ထိုသူတို့သည် ပညာရေးဝန်ကြီးဌာနအတွက် ကျောင်းထိုင်ခုံများနှင့် စားပွဲခုံများအား ထုတ်လုပ်ရောင်းချသည်။ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းဆောင်ပုဒ်မှာ "သင်သည် ကျွန်ုပ်တို့၏ ထုတ်ကုန်များအား သနားဂရုဏာသက်သောကြောင့် ဝယ်ယူရခြင်း မဖြစ်စေလိုပါ။ ပိုမိုကောင်းမွန်ပြီးဈေးချိုသော ကြောင့်သာ ဖြစ်စေလိုပါသည်။"[၇]

## အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်သည့်အရာများ ပြုလုပ်နိုင်သနည်း။ (WHAT CAN STATES DO?)

### လူနေမှုဘဝအရည်အသွေး တိုးတက်မြင့်မားလာစေရန် -

- အလုပ်အကိုင်ရရှိရေးအတွက် ဖြစ်နိုင်ခြေရှိသော လုပ်ဆောင်ချက်အစီအစဉ် ရေးဆွဲရန်အတွက် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ ထောက်ပံ့မှုပေးခြင်း။
- ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ၊ သင်တန်းနှင့် အလုပ်ရှုံဆွေးနွေးပွဲများကဲ့သို့သော စီမံကိန်းများသည် ဦးတည်အုပ်စုများဖြစ်သော ရပ်ရွာလူထုနှင့် ၎င်းမိသားစုဝင်များ တတ်နိုင်သမျှလက်လှမ်းမှီ (သို့) အနီးဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်း။
- စီမံကိန်းထောက်ပံ့မှုသည် လူတစ်ဦး စီးပွားရေးလုပ်ငန်းတစ်ခု စတင်လိုက်သည် (သို့) အလုပ်ခန့်ထားခြင်းခံရယုံနှင့် မလုံလောက်ဘဲ အနည်းဆုံး ၆လအထိ ဆက်လက်ပံ့ပိုးမှုများ ပေးသင့်ခြင်း။
- စီမံကိန်းများ ပိုမိုအောင်မြင်စေရန် တစ်ဦးတစ်ယောက်တည်းအပေါ် ဦးတည်ဆောင်ရွက်မည့်အစား အစီအစဉ်ရေးဆွဲခြင်း၊ စီပွားရေးလုပ်ငန်း စီမံခန့်ခွဲခြင်း၊ ငွေကြေးစီမံခန့်ခွဲမှုသင်တန်းနှင့် ငွေပင်ငွေရင်းများ ရယူသုံးစွဲနိုင်ခြင်း လုပ်ငန်းစဉ်များတွင် မိသားစုများကိုပါ ထည့်သွင်းစဉ်းစားခြင်း။
- အလုပ်လုပ်နိုင်သောအသက်အရွယ်ရှိသည့် အမျိုးသမီးများကို အထူးဦးစားပေး စဉ်းစားလုပ်ဆောင်ပေးသင့်သည်။ အကြောင်းမှာ ၎င်းတို့သည် စီးပွားရေးနယ်ပယ်တွင်အကျုံးဝင်ခြင်း ဝန်ဆောင်မှုရရှိရန် ပိုမိုကြီးမားသော အတားအဆီးများနှင့် တွေ့ကြုံနေရသော်လည်း မိမိတို့၏မိသားစုလူနေမှု အခြေအနေများ တိုးတက်ကောင်းမွန်စေရန် အဓိကအခန်းကဏ္ဍမှ ပါဝင်နေခြင်းတို့ကြောင့်ဖြစ်သည်။

### ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု တိုးတက်ကောင်းမွန်စေရန် -

- အသေးစားငွေချေးခြင်းဆိုင်ရာအဖွဲ့အစည်းများနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သင်တန်းဌာနများ ကဲ့သို့သော အထွေထွေဝန်ဆောင်မှုများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် မသန်စွမ်းသူများ ပါဝင်လာစေရန်နှင့် လက်လှမ်းမှီနိုင်စေရန်အတွက် ဆောင်ရွက်ရာတွင် ၎င်းတို့အနေဖြင့် ရင်ဆိုင်ကြုံတွေ့ရသော အတားအဆီးများ ရှာဖွေဖော်ထုတ်ရန်အတွက် အထောက်အပံ့များပေးနိုင်ခြင်း။
- ၎င်းဝန်ဆောင်မှုများကို အချိန်ကာလတစ်ခုအတွင်း နည်းပြုလမ်းညွှန်မှုပေးခြင်းဖြင့် လူ့အခွင့်အရေးများနှင့် ဆိုင်သော အသိပညာ၊ အဖွဲ့အစည်း၏ ဝန်ထမ်းများထံမှ ခွဲခြားဆက်ဆံမှုမရှိသည့် ခံယူချက်သဘောထားများနှင့် အလေ့အကျင့်များ၊ ရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများနှင့် ဆက်သွယ်ရေးများတွင် လက်လှမ်းမှီရယူနိုင်စေရန် ထည့်သွင်းလုပ်ဆောင်ခြင်း၊ သင့်လျော်သော နေရာထိုင်ခင်း နှင့် ကုန်ကျစရိတ် တတ်နိုင်မှု အစရှိသည့် ရှုထောင့်များတွင် ၎င်းတို့၏ အလေ့အကျင့်များနှင့် မူဝါဒများအား တိုးတက်ကောင်းမွန်စေခြင်း။

- လုပ်ငန်းရှင်များနှင့် မိတ်ဖက်ပြုလုပ်ခြင်းဖြင့် ၎င်းတို့၏ ဝန်ထမ်းခေါ်ယူစုဆောင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း များအား ဆန်းစစ်အကဲဖြတ်ခြင်းကို ပြုလုပ်နိုင်ရန် နှင့် အလုပ်ခွင်အတွင်း ဆီလျော်သင့်တော်စေသော ပြောင်းလဲမှုများပြုလုပ်ခြင်းဖြင့် မသန်စွမ်းသူများအား ထည့်သွင်းပါဝင်လာနိုင်စေရန် ဝန်ထမ်းများအတွက် လက်လှမ်းမီရယူနိုင်မှု နှင့် သင်တန်းများကို တိုးမြှင့်ဆောင်ရွက်စေရန်။

## ဥပဒေများနှင့် မူဝါဒများ တိုးတက်ကောင်းမွန်လာစေရန် -

- အလုပ်အကိုင်နှင့် ဆင်ရဲမွဲတေမှုလျော့ချရေးဆိုင်ရာ ဥပဒေများနှင့်မူဝါဒများသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRPD) နှင့်အညီ ဖြစ်သင့်သည်။ ၎င်းသည် ဒေသအဆင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အစီအစဉ်များနှင့် ဘဏ္ဍာငွေများလည်း နောက်မှ လိုက်လံပံ့ပိုးပေးသင့်သည်။
- အများပြည်သူနှင့်ဆိုင်သော လုပ်ငန်းဌာနများတွင် မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်း။
- ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများသည် အမျိုးသားအဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် ရပ်ရွာအဆင့် စီးပွားရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းတို့၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေရန် အာမခံခြင်း။
- လူမှုရေးကာကွယ်စောင့်ရှောက်မှုနှင့် မသန်စွမ်းသူများ အလုပ်အကိုင်ရှာဖွေရာတွင် အထောက်အပံ့ပေးခြင်း ဆိုင်ရာ ဥပဒေများနှင့် စီမံကိန်းများအား တည်ထောင်ခြင်းနှင့် ဆက်လက်တည်ရှိစေခြင်း။

## တိုးတက်မှုကို မည်ကဲ့သို့တိုင်းတာမည်နည်း။ (HOW TO MEASURE PROGRESS)

အချက်အလက်စာစောင်များတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြောင်းလဲမှုကိုပြသနိုင်သော နယ်ပယ်အချို့အား ဖော်ပြထားသည်။ ဝန်ဆောင်မှုများရယူသုံးစွဲနိုင်မှု၊ ဥပဒေပြဌာန်းခြင်းနှင့် မူဝါဒများချမှတ်ခြင်းတို့တွင် တိုးတက်လာပြီး လူနေမှုဘဝအရည်အသွေးပါ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများ ရရှိစေသင့်သည်။

### လူနေမှုဘဝအရည်အသွေး -

*အိမ်ထောင်စု၏ ဝင်ငွေတိုးပွားလာခြင်း။ *မသန်စွမ်းသူလုပ်ငန်းရှင်များ၏ အမြတ်အစွန်းများ တိုးပွားလာခြင်း။ *နည်းပညာနှင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာခြင်း။ *တစ်နှစ်အကြာတွင် အလုပ်၌ ဆက်လက်လုပ်ကိုင်နေသောသူများ အရေအတွက်။ *စတင်ချိန်မှ တစ်နှစ်အကြာတွင် ဆက်လက်လည်ပတ်နေသော စီးပွားရေးလုပ်ငန်းအရေအတွက်။ *တစ်နှစ်တာပတ်လုံးတွင် အဟာရပြည့်ဝသောအစားအသောက်ရယူ သုံးဆောင်နိုင်ရန် စွမ်းဆောင်ရည်ပိုမိုကောင်းမွန်လာခြင်း။ *မိမိကိုယ်ကိုယုံကြည်ခြင်းနှင့် လူမှုရေးတွင်ပါဝင်ဆောင်ရွက်မှု တိုးတက်လာသည်ဟု အစီရင်ခံခြင်း။ *အိမ်ထောင်မိသားစုဝင်ငွေ စီမံခန့်ခွဲနိုင်ရန် စွမ်းဆောင်ရည်ပိုမိုကောင်းမွန်လာခြင်း။ *လူမှုရေးကာကွယ်စောင့်ရှောက်မှု စီမံကိန်းများတွင် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများအား လွှမ်းခြုံနိုင်မှု တိုးမြင့်လာခြင်း။

### ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု -

*ထိခိုက်ဒဏ်ရာရသူများအား အကျိုးခံစားခွင့်ရှိသူများအဖြစ် ထည့်သွင်းပါဝင်လာစေသော ဝန်ဆောင်မှုများအရေအတွက်။ *အသက်မွေးဝမ်းကျောင်းမှုသင်တန်း တက်ရောက်ပြီး ချေးငွေများ (သို့) ထောက်ပံ့ငွေများ လက်ခံရရှိသော ဘေးဒုက္ခကျရောက်သူများ အရေအတွက်။ *အလုပ်ခန့်ထားခြင်း ခံရသော ဘေးဒုက္ခကျရောက်သူများ အရေအတွက်။ *ပင်မဝန်ဆောင်မှုပေးသူများအတွက် မသန်စွမ်းမှုနှင့် အကျုံးဝင်ခြင်းဆိုင်ရာ အသိပညာမြှင့်တင်ခြင်းနှင့် သင်တန်းပေးခြင်း အကြိမ်အရေအတွက်။

### ဥပဒေများနှင့် မူဝါဒများ -

*မသန်စွမ်းမှုကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံမှုပြုလုပ်သော အလုပ်သမားဥပဒေအား ပယ်ဖျက်ခြင်း။ *အလုပ်အကိုင် ရရှိရေးအပေါ်တွင် အမျိုးသားအဆင့် ဥပဒေပြဋ္ဌာန်းချက်သည် CRPD စံသတ်မှတ်ချက်များနှင့်အညီဖြစ်ခြင်း။ *ဆင်းရဲမွဲတေမှုလျှော့ချခြင်းဆိုင်ရာ မူဝါဒများတွင် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများအတွက် တိကျသော အစီအစဉ်များ ပါဝင်ခြင်း။ *စီးပွားရေးနယ်ပယ်တွင်အကျုံးဝင်ခြင်းအား မြှင့်တင်ရန်အတွက် ရပ်ရွာဒေသအဆင့်တွင် အရင်းအမြစ်များအား ခွဲဝေချထားပေးခြင်း။ *ရပ်ရွာလူထုအဆင့်တွင် မူဝါဒနှင့်ဆုံးဖြတ်ချက်ချမှတ်ခြင်းများ၌ ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းများ တက်ကြွစွာပါဝင် ဆောင်ရွက်လာခြင်း။

## လာအိုနိုင်ငံတွင် မသန်စွမ်းသူများ၏ စီးပွားရေးနယ်ပယ်တွင်အကျုံးဝင်ခြင်း။

ဖော်ထုတ်တွေ့ရှိသောပြဿနာ - လာအိုနိုင်ငံတွင် အသက်ရှင်ကျန်ရစ်သူများအပါအဝင် မသန်စွမ်းသူများအတွက် အိမ်ထောင်စု၏ဝင်ငွေ တိုးပွားလာရေးသည် ဦးစားပေးကိစ္စရပ်တစ်ခုဖြစ်သည်။ သို့သော် လခစားအလုပ်အကိုင်နှင့် ကိုယ်ပိုင်အလုပ်အကိုင်များ ရရှိရန် ၎င်းတို့အတွက် အတားအဆီးများစွာရှိခြင်း။

ရည်ရွယ်ချက် - ၁။ မသန်စွမ်းသူများမှ လခစားအလုပ်အကိုင် လက်လှမ်းမှီ ရရှိမှုနှုန်းတိုးတက်လာစေရန်။ ၂။ မသန်စွမ်းသူများအား ချေးငွေလုပ်ငန်း၊ နည်းပညာနှင့် စီးပွားရေးကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပံ့ပိုးမှုပေးခြင်းတို့အား လက်လှမ်းမှီရယူနိုင်စေခြင်းဖြင့် ဝင်ငွေတိုးပွားစေသောလုပ်ငန်းများကို စတင်နိုင်ရန် (သို့) တိုးချဲ့နိုင်ရန်အတွက် ထောက်ပံ့ပေးရန်။

လုပ်ဆောင်ချက်များ - (က) လခစားအလုပ်အကိုင် - အလုပ်နေရာချထားရေးဌာနတစ်ခုအား တည်ထောင်ခြင်း။ မသန်စွမ်းမှုရှိသော အလုပ်ရှာဖွေသူများအား အထောက်အပံ့ပေးနိုင်ရန် လာအိုမသန်စွမ်းသူများအသင်းအဖွဲ့ (LDPA) ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း (သို့) ဖွံ့ဖြိုးတိုးတက်စေခြင်း။ အလုပ်ရှင်များအား အသိပညာမြှင့်တင်ပေးခြင်းနှင့် မိတ်ဖက်ဖွဲ့ခြင်း။ လခစားအလုပ်အကိုင် လျှောက်ထားနိုင်ရန်၊ ဝင်ရောက်နိုင်ရန်နှင့် တည်မြဲစွာလုပ်ကိုင်နိုင်ရန် မသန်စွမ်းသူများအတွက် တစ်ဦးချင်းစီအလိုက် ပံ့ပိုးပေးခြင်း။

(ခ) ကိုယ်ပိုင်အလုပ်အကိုင် - စီပွားရေးစီမံချက်များ ရေးဆွဲနိုင်ရန်၊ နည်းပညာနှင့် စီးပွားရေးကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများအား ရယူတက်ရောက်နိုင်ရန်နှင့် ငွေပင်ငွေရင်းများ (အသေးစားချေးငွေများနှင့် ထောက်ပံ့ငွေများ) လက်လှမ်းမှီရယူနိုင်ရန် မသန်စွမ်းသူတစ်ဦးချင်းစီအလိုက် ပံ့ပိုးမှုများပေးခြင်း။ ဦးတည်သတ်မှတ်ထားသော ခရိုင်များရှိ LDPA ဝန်ထမ်းများနှင့် အလုပ်သမားနှင့် လူမှုဝန်ထမ်းရုံး ဝန်ထမ်းများအား စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။

### အဓိကညွှန်းကိန်းများ -

ကိုယ်ပိုင်အလုပ်အကိုင် - လူပေါင်း(၃၂၁)ဦးမှ ချေးငွေများရယူနိုင်ခဲ့ခြင်း၊ (၂၀၂)ဦးသည် နည်းပညာဆိုင်ရာ သင်တန်းတွင် ပါဝင်တက်ရောက်ခဲ့ခြင်း၊ (၉၇)ဦး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသင်တန်းတွင် ပါဝင်ခဲ့ခြင်းနှင့် (၂၃၆)ဦးမှ ဘဏ္ဍာရေးဆိုင်ရာပညာပေးခြင်းသင်တန်း တက်ရောက်ခဲ့သည်။ လခစားအလုပ်အကိုင် - လူပုဂ္ဂိုလ် (၆၆)ဦး အလုပ်ခန့်ထားခြင်းခံရပြီး၊ လုပ်ငန်းရှင် (၁၇၂)ဦးမှ အလုပ်ခေါ်စာများ LDPAနှင့် မျှဝေခဲ့သည်။

ကာလ - ၄၂ လ။

အကောင်အထည်ဖော်ဆောင်ရွက်သူများ - HI, LDPA

အလှူရှင် - USAID, BELGIAN COOPERATION, EUROPEAN UNION.

## ကိုးကားခြင်းများ

(1) HI. VOICES FROM THE GROUND: MINE/ERW SURVIVORS SPEAK OUT ON VICTIM ASSISTANCE. 2009. (2)ILO. THE PRICE OF EXCLUSION. 2009; ILO. ASSISTING DISABLED PERSONS IN FINDING EMPLOYMENT. 2005. (3)WORLD BANK. POVERTY AND DISABILITY, A LITERATURE REVIEW. 1999. (4), (7)WHO, UNICEF, ILO, IDDC. COMMUNITY-BASED REHABILITATION LIVELIHOOD GUIDELINES. 2010. (5)ILO. ETHIOPIA: DISABILITY INCLUSION SUPPORT SERVICES CASE STUDY. 2010. (6)HI. GOOD PRACTICES FOR THE ECONOMIC INCLUSION OF PERSONS WITH DISABILITIES. 2006; CDPO. REPORT ON GOOD PRACTICES IN INCLUSIVE AGRICULTURAL SKILL TRAINING. 2011; ILO. DISABILITY IN THE WORKPLACE: COMPANY PRACTICES. 2010; PLACEMENT OF JOB-SEEKERS WITH DISABILITIES: AN EFFECTIVE SERVICE. 2003; TRAINING FOR SUCCESS: A GUIDE FOR PEER-TO-PEER TRAINING. 2008.

HANDICAP INTERNATIONAL

# 7 ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းနှင့် ဆက်စပ်သက်ဆိုင်သော ကိစ္စရပ်များ - ကျား/မရေးရာ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ - ကျား/မရေးရာ

## ကျား/မရေးရာ ဆိုသည်မှာ အဘယ်နည်း။ (WHAT IS GENDER?)

**ကျား / မရေးရာဆိုသည်မှာ** သတ်မှတ်ထားသောလူမှုအဖွဲ့အစည်းတစ်ခုမှ အမျိုးသားဖြစ်ခြင်း (သို့)အမျိုးသမီးဖြစ်ခြင်းနှင့် နီးနွယ်ဆက်စပ်ထားသော အခန်းကဏ္ဍများ၊ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများ၊ ဂိသေသလက္ခဏာများနှင့် အရည်အသွေးများ အစုအစည်းတစ်ခုဖြစ်သည်။ အဖွဲ့အစည်းများ၊ အယူဝါဒများ၊ ဘာသာရေးနှင့် တန်ဖိုးထားမှုများ အားလုံးသည် ကျား / မရေးရာ ခံယူချက်သဘောထားများအား ပုံသွင်းထားသည်။ ကျား/မရေးရာနှင့် သက်ဆိုင်သော အယူအဆများသည် အချိန်ကာလရွေ့လျားလာသည်နှင့်အမျှ ပြောင်းလဲတတ်ပြီး မတူခြားနားသော ယဉ်ကျေးမှုမလေ့ များအကြားတွင်လည်း ကွဲပြားလေ့ရှိသည်။ အခြားတစ်ဖက်တွင် - "လိင်" သည် အဖိုနှင့် အမဆိုင်ရာဇီဝဗေဒ ဂိသေသလက္ခဏာများအား ဆိုလိုသည်။

**အမျိုးသမီးများနှင့် အမျိုးသားများသည် တူညီသောအခြေအနေများအား ကွဲပြားခြားနားစွာ တွေ့ကြုံခံစားရသည်။** စင်စစ်တွင် ဆင်းရဲမွဲတေမှုနှုန်းနှင့် စီးပွားရေးအရ မှီခိုနေရမှုနှုန်းများမှာ အမျိုးသမီးများတွင် ပိုမိုမြင့်မားသည်။ ယေဘူယျအားဖြင့် အမျိုးသမီးများသည် မိမိတို့၏ လိင်မှုကိစ္စနှင့်မျိုးဆက်ပွားခြင်းဆိုင်ရာ ဘဝများအပေါ်တွင် လွှမ်းမိုးနိုင်သည့်အင်အား အကန့်အသတ်သာရှိပြီး အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အကြမ်းဖက်မှု၏ သားကောင်များ ပိုမိုဖြစ်နိုင်လေ့ရှိသည့်အပြင် ဆုံးဖြတ်ချက်ချမှတ်ရာ၌လည်း ပါဝင်လွှမ်းမိုးနိုင်မှု မရှိပါ။[၁]

### အမြန်လေ့လာနိုင်သော အချက်အလက်များ (QUICK FACTS)

- မိန်းကလေးများ၊ ယောက်ျားလေးများ၊ အမျိုးသမီးများနှင့် အမျိုးသားများ အားလုံးသည် မိုင်းများ/စစ်အကြွင်း အကျန်ပေါက်ကွဲပစ္စည်းများ(ERW)ကြောင့် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးဆက်များ တိုက်ရိုက်နှင့် သွယ်ဝိုက်၍ ထိခိုက်ခံစားရသူများဖြစ်သည်။ သို့သော် ထိခြောက်လန့်မှုကြောင့်ရရှိသော ၎င်းတို့၏ ထိခိုက်ခံစားရမှုများ မတူညီကြပါ။
- ၂၀၁၁ခုနှစ်တွင် သေကြေဒဏ်ရာရသူများ၏ ၉၀% မှာ (ယောက်ျား၊ မိန်းမ ခွဲခြား၍ရသောအခြေအနေတွင်) ယောက်ျား ဖြစ်သည်။ သေကြေဒဏ်ရာရသူ အရပ်သားများအားလုံး၏ ၄၂%မှာ သေကြေဒဏ်ရာရသူ ကလေးသူငယ်များ (အသက်အရွယ်ခွဲခြား၍ရသော အခြေအနေတွင်) ဖြစ်သည်။[၂]
- မိုင်းများ / ERW များကြောင့် မတော်တဆဖြစ်ပွားမှုတစ်ခုအပြီးတွင် မိန်းမများသေဆုံးမှုနှုန်းမှာ ၄၃% ရှိပြီး ယောက်ျားများသေဆုံးမှုနှုန်းမှာ ၂၉% ရှိသည်။[၃]
- ဝန်ဆောင်မှုများအား လက်လှမ်းမှီရယူရာတွင် မသန်စွမ်းသူ အမျိုးသမီးများသည် မသန်စွမ်းသူအမျိုးသားများနှင့် နှိုင်းယှဉ်လျှင် များသောအားဖြင့် ပိုမိုကြီးမားသော ခွဲခြားဆက်ဆံမှုနှင့် ရင်ဆိုင်ကြုံတွေ့ရသည်။[၄]
- မသန်စွမ်းသူ အမျိုးသမီးများနှင့် မိန်းကလေးများသည် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှုနှုန်းမြင့်မားပြီး မျိုးဆက်ပွားကျန်းမာရေးနှင့်ဆိုင်သော သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်မှု နည်းပါးသည်။[၅]
- လစာရရှိသောအလုပ်အကိုင်များတွင် အမျိုးသားများသည် အမျိုးသမီးများထက် အရေအတွက်ပိုမိုများပြားသည်။ အမျိုးသမီးများရရှိသော အလုပ်အကိုင်များမှာ အမျိုးသားများထက် လုံခြုံအာမခံနိုင်မှု ပိုမိုနည်းပါးသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ဝင်ငွေပိုမိုနည်းပါးပြီး လူမှုရေးကာကွယ်စောင့်ရှောက်မှု ရရှိခြင်းလည်း ပိုမိုနည်းပါးသည်။[၆]

**ကျား/မရေးရာ ချဉ်းကပ်မှုနည်းလမ်း၏ ပန်းတိုင်မှာ** ကျား/မ တန်းတူညီမျှဖြစ်ရေးအား ထမြောက်အောင်မြင်စေရန် - ဆိုလိုသည်မှာ - ထိခိုက်ဒဏ်ရာ ရသူများနှင့် မသန်စွမ်းသူများအနက် မိန်းကလေးများ၊ ယောက်ျားလေးများ၊ အမျိုးသမီးများနှင့် အမျိုးသားများအားလုံးသည် ၎င်းတို့၏ အတွေ့အကြုံများ၊ အသိပညာနှင့် စိတ်ဝင်စားမှုများအား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအစီအစဉ်အတွင်းသို့ ဆောင်ကျဉ်းသယ်ယူလာနိုင်စေရန်နှင့် ၎င်းတို့၏ လူနေမှုဘဝ အရည်အသွေး တိုးတက်ကောင်းမွန်စေရေး၌ အထောက်အပံ့ဖြစ်စေပြီး အကျိုးခံစားခွင့်များ အညီအမျှရရှိစေရန်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန်အတွက် မိန်းကလေးများ၊ ယောက်ျားလေးများ၊ အမျိုးသမီးများ၊ အမျိုးသားများနှင့် အတူတွဲဖက်၍ ဆန်းစစ်အကဲဖြတ်မှုပြုလုပ်ရန်နှင့် လိုအပ်ပါက အိမ်၊ ကျောင်း၊ လုပ်ငန်းခွင်အတွင်းနှင့် ရပ်ရွာလူထုအတွင်းရှိ ခံယူချက်သဘောထားများ၊ အမူအကျင့်များ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ ပြောင်းလဲလာစေရန် လုပ်ဆောင်ရမည်။ ကျား/မရေးရာ ချဉ်းကပ်မှုနည်းလမ်း အသုံးမပြုပါက ရရှိတွင် အရင်းအမြစ်များ ရယူအသုံးပြုနိုင်မှု မမျှတမှု၊ လွတ်လပ်မှုဆိုင်ရာအခွင့်အရေးနှင့် အမျိုးသားနှင့်အမျိုးသမီး နှစ်ဖက်လုံး၏ လူနေမှုဘဝအရည်အသွေးများ ဆက်လက်၍ယိုင်နဲ့နေပေလိမ့်မည်။ လူပုဂ္ဂိုလ်တိုင်း၏ လူနေမှု ဘဝအရည်အသွေး တိုးတက်ကောင်းမွန်လာခြင်းသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအား အကျိုးကျေးဇူးဖြစ်ထွန်းစေသည်။

## ဥပဒေနှင့် မူဝါဒဆိုင်ရာ မူဘောင်များ

CCM: အပိုဒ် ၅၊ စာပိုဒ် ၁။ အပိုဒ် ၅၊ စာပိုဒ် ၇။ အပိုဒ် ၇၊ စာပိုဒ် ၁ (ဋ)။

VIENTIANE ACTION PLAN: လုပ်ဆောင်ချက် #၂၂ နှင့် #၃၀။

CARTAGENA ACTION PLAN: အခန်း ၃၊ လုပ်ဆောင်ချက် #၁၉။ အခန်း ၄၊ စာပိုဒ် ၁၂။ လုပ်ဆောင်ချက် #၂၉။ အခန်း ၅၊

## အဓိက အကျိုးတူပူးပေါင်းပါဝင်သူများ မည်သူတွေ ဖြစ်သနည်း။

အသက်ရှင်ကျန်ရစ်သူများ၊ မသန်စွမ်းသူများ၊ မသန်စွမ်းမှုရှိသော အမျိုးသမီးများနှင့် အမျိုးသားများ၏ အဖွဲ့အစည်းများ။

ဝန်ဆောင်မှုပေးသူများ - ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်း(VA) နှင့် သက်ဆိုင်သော ကဏ္ဍများအားလုံးရှိ ဝန်ဆောင်မှုပေးသူများ။

လုပ်ဆောင်ချက် #၄၁။

CRPD: အပိုဒ် ၃၊ ၆ နှင့် ၁၆။

MDGS: ရည်မှန်းချက် #၃။

အမျိုးသမီးများအား ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေး သဘောတူစာချုပ် CONVENTION ON THE ELIMINATION OF ALL FORMS OF DISCRIMINATION AGAINST WOMEN (CEDAW)

ဝီကျင်းလုပ်ငန်းစဉ်ကြေငြာချက် အခန်း ၁၄၃ (င)။

ကုလသမ္မဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၂၅။

ဝန်ကြီးဌာနများ - ကျား/မရေးရာ၊ ဝန်ကြီးဌာနများအားလုံး။

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ - UNWOMEN

## ဝင်ငွေနည်းတိုင်းပြည်များတွင် အများအားဖြင့်ကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှုများမှာ အဘယ်နည်း။

➤ အနည်းစုသော ဝန်ကြီးဌာနများနှင့် ဝန်ဆောင်မှုပေးသူများတွင်သာ ၎င်းတို့၏ မူဝါဒများ၊ စီမံကိန်းများနှင့် ဝန်ထမ်းခေါ်ယူစုဆောင်းခြင်း လုပ်ငန်းစဉ်များ၌ ကျား/မရေးရာ ချဉ်းကပ်မှုနည်းလမ်းကို အတည့်အလင်း ထည့်သွင်း ဖော်ပြထားသည်။

➤ အများအားဖြင့် အမျိုးသမီးများသည် ကျန်းမာရေး၊ ပြန်လည်သန်စွမ်းရေး၊ လူမှုရေးနှင့် အလုပ်အကိုင် ရရှိရေးဆိုင်ရာ ဝန်ဆောင်မှုများ၌ ခန့်ထားသော အလုပ်သမားများ၏ အနည်းငယ်သော အချိုးအစားကိုသာ ကိုယ်စားပြုသည်။ ထို့ကြောင့် အချို့သောအမျိုးသမီးများအနေဖြင့် အဆိုပါဝန်ဆောင်မှုများ ချဉ်းကပ်သွားရောက်ရန်နှင့် အသုံးပြုရန် အဟန့်အတား (သို့) စိတ်မသက်သာမှုပို၍ဖြစ်ခြင်းများ ဖြစ်စေသည်။

➤ ထိခိုက်ခံရသောဒေသများသည် အများအားဖြင့် ဝေးလံခေါင်ဖျားသည်။ အဓိကမြို့များတွင်ရှိသော ဝန်ဆောင်မှုများ သွားရောက်ရယူရန် အချိန်နှင့် ကုန်ကျစရိတ်များ ပေးရမည်ဖြစ်သောကြောင့် အမျိုးသမီးများ အများစုအတွက် ၎င်းတို့ထံသို့ သွားရောက်ရယူနိုင်ခြင်း မရှိပေ။ အကြောင်းမှာ အမျိုးသမီးများသည် မိမိတို့၏မိသားစုအား ထားခဲ့၍ထွက်သွားရန်မဖြစ်နိုင်ခြင်း (သို့) ဝင်ငွေအား အကန့်အသတ်ဖြင့်သာ အသုံးပြုရခြင်းတို့ကြောင့် သွားလာရေးနှင့် နေထိုင်ရေးတို့အတွက် ခက်ခဲခြင်း တို့ကြောင့်ဖြစ်သည်။

➤ အချို့သောနိုင်ငံများတွင် မိုင်းများ/ERWများကြောင့် မတော်တဆထိခိုက်မှုဖြစ်ပွားပြီးနောက် စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာသည့်အခါ အမျိုးသားအချို့သည် သတင်းပေးပို့ချက်များအရ ရန်လိုလာကြကာ မိသားစုဝင်များ ဦးတည်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ပြုလုပ်လာကြသည်။ အသက်ရှင်ကျန်ရစ်သူအမျိုးသမီးများသည် အခြားမသန်စွမ်းသူအမျိုးသမီးများကဲ့သို့ပင် အိမ်တွင်းအကြမ်းဖက်မှု၏ သားကောင်များအဖြစ် အခြားမသန်စွမ်းမဟုတ်သော အမျိုးသမီးများနှင့် နှိုင်းယှဉ်လျှင် ပိုမိုအကြမ်းဖက်ခံရလေ့ရှိသည်။ (၇)

➤ အမျိုးသားများသည် မိသားစုအား ငွေကြေးအရထောက်ပံ့ပေးရမည်ဟု မျှော်လင့်ယူဆထားလေ့ရှိသော အခြေအနေ မျိုးရှိသည့်နေရာများတွင် မိုင်းများ/ERWများနှင့် မတော်တဆထိခိုက်မှုခံရပြီး ဝင်ငွေဆုံးရှုံးခြင်းကြောင့် ရရှိသောစိတ်ပိုင်းဆိုင်ရာထိခိုက်မှုအကျိုးဆက်အား အမျိုးသားများအနေဖြင့် ပိုမိုကြီးမားစွာရင်ဆိုင်ခံစားရလေ့ရှိသည်။ (၈) အသက်ရှင်ကျန်ရစ်သူအမျိုးသမီးများသည် ကွဲပြားခြားနားသော စိတ်ပိုင်းဆိုင်ရာစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ ရသည်။ မြင်နိုင်သော ဒဏ်ရာများ (သို့) ချို့ယွင်းအားနည်းမှုများရှိသော အမျိုးသမီးများသည် စွန့်ပစ်ခံရလေ့ (သို့) အိမ်ထောင်ပြုရန်အတွက် မျှော်လင့်ချက်များအားလုံး ဆုံးရှုံးရလေ့ရှိသည်။ အခြားအမျိုးသမီးများသည် ပံ့ပိုးမှု အနည်းငယ် (သို့) လုံးဝ မရရှိဘဲ မိမိတို့ ပုံမှန်လုပ်ဆောင်နေကျဖြစ်သော အိမ်ထောင်မှုထိန်းသိမ်းသည့်အခန်းကဏ္ဍများ ဆက်လက်လုပ်ဆောင်ရန် မျှော်လင့်ထားခြင်းခံရသည်။

➤ မိုင်းများ/ERWများကြောင့် အမျိုးသားများထိခိုက်ဒဏ်ရာရခြင်း (သို့) အသက်ဆုံးရှုံးခြင်းများကြုံတွေ့ပါက ဝင်ငွေရရှိရန်နှင့် မိသားစုနှင့် ကလေးများ အသက်ရှင်ရပ်တည်ရေးနှင့် ချမ်းသာသုခရရှိရေးတို့အတွက်အာမခံနိုင်ရန် စသောတာဝန်များသည် အမျိုးသမီးများအပေါ်သို့ ကျရောက်လေ့ရှိပြီး ထိုအမျိုးသမီးသည်ပင်လျှင် ဒဏ်ရာနှင့် အသက်ရှင်ကျန်ရစ်သောအမျိုးသားအား အဓိကပြုစုစောင့်ရှောက်သူလည်းဖြစ်သည်။

## ကျား/မ တန်းတူညီမျှဖြစ်ရေးအား မြှင့်တင်ခြင်းတွင် အောင်မြင်သောစီမံချက်များ

(SUCCESSFUL PROJECTS)

ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံများတွင် မြေမြှုပ်မိုင်းမှ အသက်ရှင်ကျန်ရစ်သူများ ဦးဆောင်လှုပ်ရှားမှုအဖွဲ့ (LANDMINE SURVIVORS INITIATIVES – LSI)သည် ၎င်း၏ လုပ်ငန်းဆောင်တာများ လုပ်ကိုင်ရာတစ်လျှောက်တွင် ကျား/မရေးဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းအား ထည့်သွင်းအသုံးပြုခဲ့သည်။

LSI သည် အသက်ရှင်ကျန်ရစ်သူအမျိုးသမီးများအား ရှာဖွေဖော်ထုတ်ရန်နှင့် ထိုအမျိုးသမီးများထံရောက်ရှိနိုင်ရန် ကြိုးပမ်းခဲ့သည်။ LSI နှင့် ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့သည် အမျိုးသားများဦးဆောင်သော စစ်မှုထမ်းဟောင်းများအဖွဲ့အစည်းဖြစ်သဖြင့် အမျိုးသမီးများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များအား ဦးစားပေးစုဆောင်းခဲ့ခြင်းမရှိသောကြောင့် ထိုကြိုးပမ်းမှုမှာ ခက်ခဲသည်။ LSI သည် အသက်ရှင်ကျန်ရစ်သူအမျိုးသမီးများအနေဖြင့် မိမိတို့၏ ပြန်လည်ကျန်းမာသန်စွမ်းရေးနှင့် ပတ်သက်သော ရည်ရွယ်ချက်များ ရရှိရန်ဆောင်ရွက်ရာတွင် အထောက်အပံ့ပေးနိုင်ရန်အတွက် လုံလောက်သောအရင်း မြစ်များ ခွဲဝေချထားခြင်းများရှိစေရန် ဆောင်ရွက်ခဲ့သည်။ ဥပမာအားဖြင့် အမျိုးသားများဖြစ်သော LSI အဝေးရောက် လုပ်သားများအား အမျိုးသမီးလူမှုရေးလုပ်သားတစ်ဦးဖြင့် အစားထိုးခြင်းဖြစ်သည်။ LSI သည် အမျိုးသမီးများအား အားပေးလှုံ့ဆော်ရန် (မသန်စွမ်းသူများ၏ အခွင့်အရေးများ၊ ဘဝတူချင်းပံ့ပိုးမှုပေးခြင်းနှင့် စီးပွားရေးဆိုင်ရာလုပ်ပိုင် ခွင့်များအား ဆွေးနွေးရန်အတွက် အသက်ရှင်ကျန်ရစ်သူအမျိုးသမီးများသာပါဝင်သော အစည်းအဝေးများကို စုရုံး ကျင်းပပေးပခြင်း) အဓိကရည်ရွယ်၍ အစပျိုးလုပ်ရှားမှုများ အကောင်အထည်ဖော်ခဲ့သည်။ အသက်ရှင်ကျန်ရစ်သူများ၏ ဇနီးမယားများသည် မိမိတို့၏ ခင်ပွန်းသည် ပြန်လည်ကျန်းမာသန်စွမ်းရန်နှင့် အကျိုးဝင်ပါဝင်နိုင်ရန် ဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်စေခဲ့သည်။ LSI အနေဖြင့် အသေးစားမိသားစု စီးပွားရေးလုပ်ငန်းများ စတင်ဖွင့်လှစ်သည့် အခါ (သို့) တိုးချဲ့ဆောင်ရွက်သည့်အခါများတွင် အမျိုးသမီးများ၏ ပြောဆိုအကြံပြုချက်များအား သေချာစွာ တန်ဖိုးထားမှတ်ယူစေရန် ဆောင်ရွက်ပေးသည်။[၉]

**တာဂျစ်ကစ်စတန်နိုင်ငံ**တွင် ကုလသမဂ္ဂ မိုင်းလှုပ်ရှားမှု ညှိနှိုင်းရေးမှူး (THE UN MINE ACTION COORDINATOR) သည် ရွာပေါင်း (၃၃၁)ရွာအား လွှမ်းခြုံထားသော အမျိုးသမီးအိမ်ထောင်ဦးစီး (၈၀)ဦးပါဝင်သည့် ကွန်ယက်တစ်ခုအား ထောက်ပံ့ပေးခဲ့သည်။ ထိုအမျိုးသမီးများသည် နယ်စပ်ဒေသများအပါအဝင် လုံခြုံရေးအခြေအနေစိတ်မချရသော နယ်မြေများနှင့် ဝေးလံခေါင်ဖျားသော ဒေသများတွင် အဓိကဆက်သွယ်ရမည့်တာဝန်ခံများအနေဖြင့် ဆောင်ရွက်သည်။ ၎င်းတို့သည် မိမိတို့၏ရွာများအတွင်းရှိ ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်းဆိုင်ရာ လူထုအခြေပြု အသိပညာမြှင့်တင်ရေးလှုပ်ရှားမှုမ ဆောင်ရွက်နိုင်ရန် အဝေးမှ ပံ့ပိုးပေးမှုများ လက်ခံရရှိခဲ့သည်။[၁၀]

## အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်သည့်အရာများ ပြုလုပ်နိုင်သနည်း။ (WHAT CAN STATES DO?)

### လူနေမှုဘဝအရည်အသွေး တိုးတက်မြင့်မားလာစေရန် -

- စီမံချက်များနှင့် စီမံကိန်းများသည် အသက်ရှင်ကျန်ရစ်သူများ (အများအားဖြင့် အမျိုးသားများနှင့် ယောကျ်ားလေးများ)အား ထည့်သွင်းပါဝင်စေသကဲ့သို့ သွယ်ဝိုက်၍ထိခိုက်ခံရသူများဖြစ်သော - ၎င်းတို့ကို ပြုစုစောင့်ရှောက်သူများနှင့် မိသားစုဝင်များ (အများအားဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ) လည်း ပါဝင်စေသင့်သည်။
- ဝန်ဆောင်မှုများသည် အမျိုးသားများနှင့် အမျိုးသမီးများ၊ ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ ကွဲပြားခြားနားသော လိုအပ်ချက်များအားလုံးကို ဖြည့်စည်း တုန့်ပြန်နိုင်ရန် ဆောင်ရွက်ထားရမည်။ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် ကျွမ်းကျင်ပညာရှင်အမျိုးသမီးဝန်ထမ်းများ ရှိနေရမည်ဖြစ်ပြီး လူနာများအား ရုပ်ပိုင်းဆိုင်ရာ ကျနးမာရေးစစ်ဆေးခြင်းများ ပြုလုပ်ချိန်တွင် ၎င်းတို့အတွက် သီးသန့် အကာအကွယ်နေရာရှိစေရန် ဆောင်ရွက်ရမည်။ အသက်မွေးဝမ်းကျောင်းမှုနှင့် စီးပွားရေးဆိုင်ရာ သင်တန်းတွင် အမျိုးသားများနှင့် အမျိုးသမီးများနှစ်ဖက်လုံး ပါဝင်တက်ရောက်နိုင်ရန်အတွက် သင်တန်းအချိန် သတ်မှတ်ခြင်းကို ဆီလျော်အောင်လုပ်ဆောင်ရမည်။

### ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်မှု တိုးတက်ကောင်းမွန်စေရန် -

- အချက်အလက်များ စုဆောင်းကောက်ယူခြင်းနှင့် အမျိုးသမီးများအားဦးတည်သောဝန်ဆောင်မှုများ (ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုနှင့် မိခင်ကျန်းမာရေး) ကဲ့သို့သော ကလေးသူငယ်များ ဦးတည်သော ဝန်ဆောင်မှုများ (ကာကွယ်ဆေးထိုးခြင်း လှုပ်ရှားမှုများ) အပါအဝင် ဝန်ဆောင်မှုများအ လက်လှမ်းမီ ရယူနိုင်သော ထိခိုက်ဒဏ်ရာရသူများ (အမျိုးသားများ၊ အမျိုးသမီးများ၊ ယောကျ်ားလေးများနှင့် မိန်းကလေးများ) အရေအတွက်အား အစီရင်ခံတင်ပြခြင်း။
- အမျိုးသမီးများနှင့် အမျိုးသားများအပါအဝင် ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများတွင် ကွဲပြား ခြားနားသောအုပ်စုများ၏ အခန်းကဏ္ဍများနှင့် ၎င်းတို့၏ အရင်းအမြစ်များအပေါ်တွင် ရယူသုံးစွဲနိုင်မှုနှင့် ထိန်းချုပ်စီမံနိုင်မှု အခွင့်များအားဆန်းစစ်အကဲဖြတ်ရာတွင် ရှင်းနီးမြုပ်နှံခြင်း။
- အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောကျ်ားလေးများနှင့် အမျိုးသားများ၏ တိကျသောလိုအပ်ချက်များအား အကောင်းဆုံး ဖြေရှင်းပေးနိုင်ရန်အတွက် ကျန်းမာရေးလုပ်သားများနှင့် အကြံပေးသူများအကြားတွင် ကျား/မ အရေအတွက် မျှတမှုရှိစေခြင်း။

➤သင့်တော်သောနေရာထိုင်ခင်းများပေးနိုင်ရန်အတွက် အစီအစဉ်များပြုလုပ်ခြင်းဖြင့် အသက်ရှင်ကျန်ရစ်သူ အမျိုးသမီးများနှင့် ကလေးသူငယ်များအနေဖြင့် (အထူးသဖြင့် အိမ်မှ မဖြစ်မနေခရီးနှင်လာရမည်ဆိုပါက) ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်စေခြင်း။

➤စီမံကိန်းများနှင့် မူဝါဒများအား အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများတွင် အမျိုးသားများနှင့် အမျိုးသမီးများအား တိုင်ပင်ဆွေးနွေးခြင်းနှင့် ပါဝင်ဆောင်ရွက်စေခြင်း။

## ဥပဒေများနှင့်မူဝါဒများ တိုးတက်ကောင်းမွန်လာစေရန် -

➤လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများတွင် ကျား/မရေးရာ ချဉ်းကပ်မှုနည်းလမ်းအား ထည့်သွင်းနိုင်ရန် ဘဏ္ဍာငွေခွင့်ပြုထားခြင်းများ ရှိရမည် - အမျိုးသားများနှင့် အမျိုးသမီးများ၏ လိုအပ်ချက်များနှင့်အခွင့်အရေးများနှင့် အညီ အများပြည်သူဆိုင်ရာ အရင်းအမြစ်များအား ခွဲဝေနေရာချထားပေးခြင်းနှင့် အကယ်၍လိုအပ်ပါက အမျိုးသမီးများအား အားပေးလှုံ့ဆော်ရန်အတွက် တိကျသော အစပျိုးလှုပ်ရှားမှုများအား အကောင်အထည် ဖော်ဆောင်ရွက်ခြင်း။

➤လက်ရှိ အခွန်ဘဏ္ဍာများ၊ အသုံးစရိတ်များနှင့် ခွဲဝေချထားပေးမှုများတွင် အမျိုးသားများ၊ အမျိုးသမီးများ၊ ယောက်ျားလေးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များနှင့် ထောက်ပံ့ခြင်းများအား ဆန်းစစ်အကဲဖြတ်ခြင်း။ အကယ်၍ လိုအပ်ပါက အုပ်စုများအားလုံးအတွက် အကျိုးဖြစ်ထွန်းစေရန် ဘဏ္ဍာငွေအား ကိုက်ညီအောင်ပြင်ဆင်ခြင်း။

## တိုးတက်မှုကို မည်ကဲ့သို့တိုင်းတာမည်နည်း။ (HOW TO MEASURE PROGRESS)

အချက်အလက်စာစောင်များတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြောင်းလဲမှုကိုပြသနိုင်သော နယ်ပယ်အချို့အား ဖော်ပြထားသည်။ ဝန်ဆောင်မှုများအားရယူသုံးစွဲနိုင်မှုနှင့် ဥပဒေပြဋ္ဌာန်းခြင်းနှင့် မူဝါဒများချမှတ်ခြင်းတို့တွင် တိုးတက်လာခြင်းသည် နောက်ဆုံး၌ လူနေမှုဘဝအရည်အသွေးတွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများအား ရရှိစေသင့်သည်။

### လူနေမှုဘဝအရည်အသွေး -

မိသားစုနှင့် ရပ်ရွာလူထုအဆင့်တွင် ဆုံးဖြတ်ချက်များချမှတ်ရာ၌ မသန်စွမ်းသူ အမျိုးသမီးများနှင့် အမျိုးသားများ ပါဝင်ဆောင်ရွက်လာမှု တိုးတက်လာခြင်း။

*မိုင်းများ/ERWများကြောင့် သေကြေဒဏ်ရာရသူ အမျိုးသမီးများ သေဆုံးမှုနှုန်း လျော့နည်းလာခြင်း။ *အသက်ရှင် ကျန်ရစ်သူ အမျိုးသမီးများအနက် မိခင်သေဆုံးမှုနှုန်း ကျဆင်းလာခြင်း။ *ထိခိုက်ဒဏ်ရာရသူများအကြားတွင် အိမ်တွင်းအကြမ်းဖက်မှု လျော့နည်းလာခြင်း။

### ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု -

*ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ ပြန်လည်သန်စွမ်းရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီရယူနိုင်သော အမျိုးသမီးများ၊ အမျိုးသားများ၊ ယောက်ျားလေးများနှင့် မိန်းကလေးများ၏ ရာခိုင်နှုန်း။ *အများပြည်သူနှင့် နှိုင်းယှဉ်လျှင် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုများအား လက်လှမ်းမီရယူ နိုင်သော အသက်ရှင်ကျန်ရစ်သူ အမျိုးသမီးများ အရေအတွက်။ *အမျိုးသားဝန်ထမ်းများနှင့် ယှဉ်လျှင်ရှိသော အမျိုးသမီးဝန်ထမ်းများ အရေအတွက်။ *အကြမ်းဖက်ခြင်းခံရသော မသန်စွမ်းသူအမျိုးသမီးများအတွက် အထောက်အပံ့များပေးလျက်ရှိသော စီမံကိန်းများ အရေအတွက်။

### ဥပဒေများနှင့် မူဝါဒများ

*ကျား/မ ဖြစ်ခြင်းကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံမှုပြုသော ဥပဒေများနှင့် မူဝါဒများအား ပယ်ဖျက်ခြင်း။ *ဖို၊ မလိင်ဆိုင်ရာနှင့် အသက်အရွယ်ဆိုင်ရာ ခွဲခြားကောက်ယူထားသော ကနဦးအခြေခံအချက်အလက်များ တည်ရှိခြင်း။ *အမျိုးသမီးများ လုပ်ပိုင်ခွင့်ရရှိရေးဆိုင်ရာ အစပျိုးလှုပ်ရှားမှုများအတွက် ဘဏ္ဍာငွေများ ရှိခြင်း။

## စီမံချက်နမူနာ - ကမ္ဘောဒီးယားရှိ ကျား/မရေးရာ ချဉ်းကပ်မှုနည်းလမ်း။

**ဖော်ထုတ်တွေ့ရှိသောပြဿနာ -** ကမ္ဘောဒီးယားတွင်၊ အခြားနိုင်ငံအများအပြားကဲ့သို့ပင်၊ မသန်စွမ်းသူများသည် ခွဲခြားဆက်ဆံမှုနှင့် ရင်ဆိုင်ကြုံတွေ့နေကြသည်။ အတိအကျအားဖြင့် ကျေးလက်ဒေသများရှိ မသန်စွမ်းသူအမျိုးသမီး များသည် UNESCAP ၏ အသုံးအနှုန်းဖြစ်သော "ခွဲခြားဆက်ဆံမှု သုံးဆ" - အမျိုးသမီးဖြစ်ခြင်း၊ ဆင်းရဲခြင်းနှင့် မသန်စွမ်းမှုရှိခြင်းနှင့် ရင်ဆိုင်ကြုံတွေ့နေကြသည်။ ရင်ဆိုင်ကြုံတွေ့နေကြသည်။ မိမိတို့၏အခွင့်အရေးများအား ရယူကျင့်သုံးရန်နှင့် မိမိတို့၏ လိုအပ်ချက်များအား တုန့်ပြန်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၎င်းတို့အနေဖြင့် ရင်ဆိုင်ကြုံတွေ့ရသောအတားအဆီး များမှာရှုပ်ထွေးပြီး ကျား/မရေးရာ ချဉ်းကပ်မှုနည်းလမ်းအား စီမံချက်များတွင် ထည့်သွင်းထားခြင်းမရှိလျှင် ထိုရှုပ်ထွေးမှုများသည် ဆက်လက်တည်ရှိနေမည် (သို့) ပိုမိုအားဖြည့်ပေးသကဲ့သို့ဖြစ်စေသည်။

**စီမံချက်၏ ရည်ရွယ်ချက်များ -** ၁။ ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူ အမျိုးသားများနှင့် အမျိုးသမီးများအား အံဝင်ခွင်ကျဖြစ်စေသော ပံ့ပိုးမှုများ ပေးခြင်းဖြင့် မိမိကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ စတင်နိုင်စေခြင်းနှင့် မိမိတို့၏ လူနေမှုဘဝအရည်အသွေး တိုးတက်ကောင်းမွန်လာစေခြင်း။
၂။ မသန်စွမ်းသူများအား ထည့်သွင်းဆောင်ရွက်နိုင် စေရန် တာဝန်ရှိသူများနှင့် ဝန်ဆောင်မှုများအား သင်ကြားလေ့ကျင့်ပေးခြင်း။

**ကျား/မရေးရာချဉ်းကပ်မှုနည်းလမ်း -** စီမံချက်သည် -

၁။ အမျိုးသမီးများနှင့် အမျိုးသားများတွင် တန်းတူပြောဆိုခွင့်များနှင့် အခွင့်အရေးများရရှိစေရန်နှင့် ၎င်းတို့၏ မတူညီသော အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများအား ထည့်သွင်းစဉ်းစားစေရန်အတွက် အားလုံးပါဝင်ဆောင် ရွက်စေသော ချဉ်းကပ်မှုအား အသုံးပြုခြင်း။

၂။ အသက်မွေးဝမ်းကျောင်းမှုနှင့် စီပွားရေးဆိုင်ရာသင်တန်းများကို အမျိုးသားများနှင့် အမျိုးသမီးများ နှစ်ဖက်လုံးမှ ရယူတက်ရောက်နိုင်ရန်အတွက် သင်တန်းချိန်များအား သင့်လျော်အောင်ပြုလုပ်ပေးခြင်း။

၃။ အမျိုးသားများနှင့် အမျိုးသမီးများမှ သတ်မှတ်ထားသော လူနေမှုဘဝအရည်အသွေးဆိုင်ရာ စံရှိန်စံနှုန်းများ ပေါ်တွင်အခြေခံ၍ အချက်အလက်များအား ဖိုမလိုင်ဆိုင်ရာ၊ အသက်အရွယ်နှင့် လူမှုစီးပွားရေးဆိုင်ရာညွှန်းကိန်း များဟူ၍ ကောက်ယူခြင်း၊ ခွဲခြားစာရင်းသွင်းထားခြင်းနှင့် အစီရင်ခံတင်ပြခြင်း။

၄။ ဝန်ထမ်းများထဲတွင် နေရာများအားလုံး၌ အမျိုးသားများနှင့် အမျိုးသမီးများ နှစ်ဦးလုံးပါဝင်စေခြင်း။

၅။ စီမံချက်၏ အကျိုးခံစားခွင့်ရှိသူများအားလုံးအနက် ၄၅%မှာ အမျိုးသမီးများဖြစ်စေရန်လျာထားပြီး - ၄၉% အထိ ထမြောက်အောင်မြင်ခဲ့ခြင်း။

၆။ အမျိုးသမီးများအနေဖြင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် မျိုးဆက်ပွားကျန်းမာရေး အပါအဝင် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူသုံးစွဲရာ၌ လွယ်ကူချောမွေ့မှုရှိစေခြင်းနှင့် အမျိုးသားများနည်းတူ အမျိုးသမီးများပါ အကျိုးရှိနိုင်မည့် အိမ်တွင်းအကြမ်းဖက်မှုကာကွယ်တားဆီးရေး စီမံကိန်းများအား ရယူသုံးစွဲနိုင်ရာတွင် အကူအညီများ ပေးခြင်း။

**ရေရှည်တည်တံ့ရေး -** ဒေသခံ NGO တစ်ခုတွင် လုပ်ကိုင်လျက်ရှိသော ကွင်းဆင်းအရာရှိများနှင့် မသန်စွမ်းသူ ဝန်ထမ်းများအပါအဝင် ၎င်းတို့သည် ထိခိုက်ခံရမှုအများဆုံးဖြစ်သော နယ်ပယ်ဒေသများတွင် အခြေပြုကာ လုပ်ငန်းဆောင်ရွက်ချိန် တစ်လျှောက်လုံး ကျား/မရေးရာ ချဉ်းကပ်မှုနည်းလမ်းအား ထည့်သွင်း ဆောင်ရွက်ခဲ့သည်။ ဒေသခံ တာဝန်ရှိသူများနှင့် ဝန်ဆောင်မှုပေးသူများအား သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ၎င်းတို့၏ ဝန်ဆောင်မှုများကို မသန်စွမ်းသူများ ရယူသုံးစွဲနိုင်စေရန် ဆောင်ရွက်ခဲ့သည်။ အောင်မြင်မှုအခွင့်အလမ်းများ တိုးမြင့်လာစေရန် အတွက် စီပွားရေးလုပ်ငန်းများ စတင်သည့်အချိန်မှ တစ်နှစ်အတွင်းတွင် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ပံ့ပိုးမှုများ ပေးခဲ့သည်။

**အဓိကညွှန်းကိန်းများ -** စီမံချက်တွင် လူပုဂ္ဂိုလ် (၅၆ဝ)ဦး ပါဝင်ဆောင်ရွက်ခဲ့သည်။ ပထမနှစ်အတွင်းတွင် ၇၈% သည် ၎င်းတို့၏ဝင်ငွေများကို တိုးပွားလာစေခဲ့သည်။ ၁ဝဝ% သည် လူနေမှုဘဝအရည်အသွေး (ဝင်ငွေ၊ အစားအသောက်၊ ကျောင်း၊ ကျန်းမာရေးဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှုနှင့် လူမှုနယ်ပယ်တွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းများ အပါအဝင်) တိုးတက်မြင့်မားလာသည်ဟု အစီရင်ခံတင်ပြခဲ့သည်။ အမျိုးသမီးများနှင့် ထိခိုက်အလွယ်ဆုံးအခြေအနေရှိ အမျိုးသားများသည် မိမိတို့၏ ဘဝအရည်အသွေးတွင် အသိသာအထင်ရှားဆုံး တိုးတက်ကောင်းမွန်လာခဲ့သည်ဟု အစီရင်ခံခဲ့သည်။ အထူးသဖြင့် အမျိုးသမီးများသည် သင့်တော်သောယောကျ်ားတစ်ဦးနှင့် တွေ့ဆုံနိုင်ပြီး မိသားစုတစ်ခုစတင်ရန်အတွက် ၎င်းတို့တွင် ရွေးချယ်မှုများ ပိုမိုများပြားလာခဲ့သည့် အချက်အား တန်ဖိုးထားကြသည်။

ကာလ နှင့် စီမံချက်၏ အလှူရှင် - ၃၀ လ၊ EUROPEAN UNION မှ ဘဏ္ဍာငွေထောက်ပံ့ခဲ့သည်။

အကောင်အထည်ဖော်ဆောင်ရွက်သူများ - HI နှင့် ဒေသခံ NGO OEC ။ ဒုတိယအဆင့်တွင် ကမ္ဘောဒီးယား မသန်စွမ်းသူများအဖွဲ့အစည်း (DPO) မှ ပါဝင်ဆောင်ရွက်ခဲ့သည်။

## ကိုးကားခြင်းများ

[1] UNESCAP INCHEON STRATEGY TO MAKE THE RIGHT REAL FOR PERSONS WITH DISABILITIES IN THE ASIA PACIFIC. 2012. [2] ICBL, CMC. LANDMINE AND CLUSTER MUNITION MONITOR. 2012 REPORT. [3] [7] [8] SWISS CAMPAIGN TO BAN LANDMINES. GENDER AND LANDMINES: FROM CONCEPT TO PRACTICE. 2008. [4] COMMITTEE ON THE ELIMINATION OF DISCRIMINATION AGAINST WOMEN. RECOMMENDATION 18 – DISABLED WOMEN. 1991. [5] UNHCHR. THEMATIC STUDY ON THE ISSUE OF VIOLENCE AGAINST WOMEN AND GIRLS AND DISABILITY. 2012. [6] UNDP. FACTH-SEET MDG GOAL 3: PROMOTE GENDER EQUALITY AND THE EMPOWERMENT OF WOMEN. 2010. [9] LANDMINE SURVIVOR INITIATIVES WEBSITE (ACCESSED MARCH 2013) AND EMAIL EXCHANGES. MARCH 2013. [10] UN. GENDER GUIDELINES FOR MINE ACTION PROGRAMS. 2010. [11] HI. GOOD PRACTICES FROM THE PROJECT TOWARDS INCOME GENERATING ACTIVITIES. 2010; UNDP, UNIFEM. A GUIDE TO GENDER-SENSITIVE INDICATORS IN BASIC SERVICE DELIVERY. 2009.

# 8 ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းနှင့် ဆက်စပ်သက်ဆိုင်သော ကိစ္စရပ်များ - လုပ်ပိုင်ခွင့်ရရှိရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ - လုပ်ပိုင်ခွင့်ရရှိရေး

## လုပ်ပိုင်ခွင့်ရရှိရေး ဆိုသည်မှာ အဘယ်နည်း။ (WHAT IS EMPOWERMENT?)

**လုပ်ပိုင်ခွင့်ရရှိရေးဆိုသည်မှာ** လူပုဂ္ဂိုလ်များသည် မိမိတို့၏ အခွင့်အရေးများ နားလည်စေရန်နှင့် ရယူနိုင်စေရန်၊ ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန်၊ လွတ်လပ်စွာပြောဆိုနိုင်စေရန်နှင့် ရပ်ရွာအတွင်းရှိ ကဏ္ဍများအားလုံးတွင် ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် မိမိတို့၏ ယုံကြည်မှု၊ စွမ်းဆောင်ရည်နှင့် မိမိကိုယ်ကိုတန်ဖိုးထားလေးစားမှုများ တည်ဆောက်ခြင်းဖြစ်စဉ်တစ်ခုဖြစ်သည်။[၁] ၎င်း၏ပန်းတိုင်မှာ ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများသည် မိမိကိုယ်တိုင်ဆုံးဖြတ်လုပ်ဆောင်နိုင်မှု ကျင့်သုံးနိုင်ရန်နှင့် မိမိတို့၏အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများအား အခြားသူများနှင့်တန်းတူညီမျှစွာမွေ့လျော်နိုင်ရန်အတွက် အာမခံပေးနိုင်ရန်ဖြစ်သည်။

### အမြန်လေ့လာနိုင်သော အချက်အလက်များ (QUICK FACTS)

- လုပ်ပိုင်ခွင့်ရရှိရေးဆိုသည်မှာ ရှုပ်ထွေး၍ရှည်လျားသော ဖြစ်စဉ်တစ်ခုဖြစ်ပြီး ၎င်းမှာ ရက်အနည်းငယ်အတွင်း ဖြစ်နိုင်သောအရာတစ်ခု မဟုတ်သကဲ့သို့ တစ်စုံတစ်ဦးအား ပေးလိုက်နိုင် သောအရာတစ်ခုလည်း မဟုတ်ပါ။[၅]
- လုပ်ပိုင်ခွင့်ရရှိရေးတွင် လူပုဂ္ဂိုလ်များအနေဖြင့် ပေါ်ပေါက်လာသော အခွင့်အရေးများအပေါ်တွင် အခွင့်ကောင်းယူ၍အသုံးချနိုင်စေရန်အတွက် လိုအပ်သော သတင်းအချက်အလက်များအား ရယူသုံးစွဲနိုင်ခြင်း၊ ဝန်ဆောင်မှုများ အား ရယူအသုံးပြုနိုင်ခြင်း၊ မိမိတို့၏ အခွင့်အရေးများအား လိုက်နာကျင့်သုံးနိုင်ခြင်း၊ ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်နိုင်ခြင်းနှင့် တာဝန်ယူဆောင်ရွက်သူများအား တာဝန်ခံမှုရှိစေခြင်းတို့ ပါဝင်ပါသည်။[၆]

**၎င်းသည် တစ်ဦးတစ်ယောက်ချင်းစီ** အလိုက်အဆင့်တွင် လူတစ်ဦးအား သူ (သို့) သူမ၏ဘဝအတွက် ကိုယ်တိုင်တာဝန်ယူနိုင်ခြင်းနှင့် မိမိတို့၏ ရသင့်သော အခွင့်အရေးများအား ရရှိခံစားနိုင်စေခြင်းအလို့ငှာ ကိုယ်တိုင်လုပ်ဆောင်နိုင်ခြင်း (ဥပမာ - ရပ်ရွာလူထုထဲတွင်အခြားသူများနည်းတူညီမျှသော ရွေးချယ်မှုများနှင့် ပါဝင်ဆောင်ရွက်နိုင်ခြင်း) များဖြစ်ပေါ်စေသည်။ အစုအဝေးအလိုက်အဆင့်တွင် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ၏ ဒီမိုကရေစီနည်းလမ်းကျသော ကိုယ်စားပြုသောလှုပ်ရှားမှုကြီးထွားလာခြင်းသည် အစိုးရများ၊ ဝန်ဆောင်မှုပေးသူများနှင့် လူမှုအဖွဲ့အစည်းများမှ ၎င်းတို့၏ လိုအပ်ချက်များနှင့် အခွင့်အရေးများအား တုန့်ပြန်ဆောင်ရွက်ပေးခြင်းများရှိစေရန်အတွက် အခြေခံကျသော အခြေအနေတစ်ခုဖြစ်သည်။ ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများဆိုင်ရာဥပဒေများ၊ မူဝါဒများနှင့် စီမံကိန်းများရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့တွင် ၎င်းတို့အား ထည့်သွင်းပြီးတက်ကြွစွာပါဝင်ဆောင်ရွက်လာစေရန်အတွက်လည်း အာမခံချက်ပေးသည်။[၂] ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများ တစ်ဦးချင်းစီအလိုက်နှင့်အစုအဝေးအလိုက် လုပ်ပိုင်ခွင့်ရရှိစေရေးသည် လူတိုင်းအကျိုးဝင်သောဖွံ့ဖြိုးတိုးတက်မှုသို့ ရောက်ရှိစေရန်ဆောင်ရွက်သော နည်းလမ်းနှစ်သွယ်ဖြင့် တပြိုင်နက်တည်းချဉ်းကပ်လှုပ်ရှားမှုမှ နည်းလမ်းတစ်ခုဖြစ်သည်။

## လုပ်ပိုင်ခွင့်ရရှိရေးတွင် ပါဝင်သော အစိတ်အပိုင်းများမှာ -

တစ်ဦးချင်းစီအလိုက်လုပ်ပိုင်ခွင့်ရရှိရေး - ထိခိုက်လွယ်မှုအမြင့်ဆုံးဖြစ်သောဘေးဒုက္ခကျရောက်သူများအနေဖြင့် ၎င်းတို့၏ ကိုယ်တိုင်ဆုံးဖြတ်ချက်ချလုပ်ဆောင်နိုင်မှု ပိုမိုအားကောင်းလာစေရန်နှင့် ဘဝရည်မှန်းချက်ပန်းတိုင်များ ရောက်ရှိစေရန်အတွက် လိုအပ်သည့် အံဝင်ခွင်ကျဖြစ်စေသော (သို့) တစ်ဦးချင်းစီအလိုက် ပံ့ပိုးမှုပေးခြင်းဖြစ်သည်။ ဤလုပ်ဆောင်မှုဖြစ်စဉ်သည် လူတစ်ဦးအား သူ(သို့)သူမ၏ စွမ်းဆောင်ရည်များ မြှင့်တင်တည်ဆောက်နိုင်ရန်နှင့် မိမိကိုယ်ကိုယ်ယုံကြည်မှု၊ မိမိကိုယ်ကိုတန်ဖိုးထားလေးစားမှုနှင့် စတင်လှုပ်ရှားဆောင်ရွက်လိုစိတ်များ တိုးတက်လာ စေခြင်းနှင့် မိမိ၏ဘဝကို ကိုယ်တိုင်ထိန်းကျောင်းပဲ့ပြင်နိုင်စေခြင်းခြင့် ဆုံးဖြတ်ချက်များချမှတ်နိုင်သည့် အင်အားများ တည်ဆောက်နိုင်ရန်အတွက် အထောက်အကူဖြစ်စေသည်။[၃]

အစုအဝေးအလိုက်လုပ်ပိုင်ခွင့်ရရှိရေး - မသန်စွမ်းသူများမှ ဖွဲ့စည်းတည်ထောင်ထားပြီး ဦးဆောင်လျက်ရှိသော အသက်ရှင်ကျန်ရစ်သူများအဖွဲ့အစည်းများနှင့် မသန်စွမ်းသူများအဖွဲ့အစည်း (DPO)များ၊ အသင်းအဖွဲ့များ၊ ကိုယ်ထူကိုယ်ထအဖွဲ့များနှင့် အဖွဲ့ချုပ်များကဲ့သို့သော ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ ဆိုင်ရာ အစုအဖွဲ့များမှ ဘဝတူသူများအချင်းချင်း ကိုယ်စားပြုနိုင်ရန်နှင့် လှုံ့ဆော်စည်းရုံးနိုင်ရန် အတွက် ၎င်းတို့၏ စွမ်းဆောင်ရည်များအား ဖွံ့ဖြိုးတိုးတက်စေခြင်း၊ မူဝါဒများနှင့် အလေ့အကျင့်များတွင် အပြောင်းအလဲများဖြစ်ပေါ်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ လူ့အခွင့်အရေးလှုပ်ရှားမှုများ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ၎င်းတို့၏အသင်းဝင်များ အားပေးလှုံ့ဆော်ခြင်း အစရှိသည်များ ဆောင်ရွက်သည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ ထိုသို့သော အဖွဲ့အစည်းများသည် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများ အပြည့်အဝနားလည် သဘောပေါက်စေပြီး လူတိုင်းအကျုံးဝင်သည့်လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေခြင်းကို မြှင့်တင်ရာတွင် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။[၄] အသက်ရှင်ကျန်ရစ်သူအဖွဲ့အစည်းများ အပါအဝင် DPO များသည်လည်း ဝန်ဆောင်မှုများအားရယူသုံးစွဲနိုင်မှု တိုးတက်စေရန် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

## ဥပဒေနှင့် မူဝါဒဆိုင်ရာ မူဘောင်များ

VIENTIANE ACTION PLAN: လုပ်ဆောင်ချက် #၃၀၊ #၃၁ နှင့် #၃၂ တွင် အဓိပ္ပာယ်ပိုမိုပေါ်လွင်စေသည်။

CARTAGENA ACTION PLAN။ အခန်း ၄၊ လုပ်ဆောင်ချက် #၂၃။

CRPD: အပိုဒ် ၃ တွင် အဓိပ္ပာယ်ပိုမိုပေါ်လွင်စေသည်။

## မည်သူတွေသည် အဓိက အကျိုးတူပူးပေါင်း ပါဝင်သူများ ဖြစ်သနည်း။

အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ၊ အခြားလူထုအခြေပြုလူမှု အဖွဲ့အစည်းများဖြစ်သော အမျိုးသမီးအဖွဲ့များ။

ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်းနှင့် သက်ဆိုင်သော ကဏ္ဍများအားလုံးရှိ ဝန်ဆောင်မှုပေးသူများ။ ဝန်ကြီးဌာနများ - လူမှုရေးရာ (သို့) မသန်စွမ်းမှုနှင့် ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းအား တာဝန်ခံဆောင်ရွက်သောဝန်ကြီးဌာန။

အပြည်ပြည်ဆိုင်ရာ ကွန်ယက်များ - အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများအသင်း (INTERNATIONAL DISABILITY ALLIANCE), အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနှင့် ဖွံ့ဖြိုးရေး အဖွဲ့များ (INTERNATIONAL DISABILITY AND DEVELOPMENT CONSORTIUM), အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ (DISABLED PEOPLES' INTERNATIONAL). အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ - မသန်စွမ်းသူများ ဆိုင်ရာအခွင့်အရေးသဘောတူညီမှုစာချုပ် အတွင်းရေးမှူးရုံး (SECRETARIAT FOR THE CRPD) နှင့် အခြားသက်ဆိုင်သော UN AGENCIES (ကိုယ်စားလှယ်ရုံးများ)။

## ဝင်ငွေနည်းတိုင်းပြည်များတွင် အများအားဖြင့်ကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှုများမှာ အဘယ်နည်း။

- မသန်စွမ်းသူအများအပြားသည် မိသားစုနှင့် ရပ်ရွာလူထုအတွင်းတွင် လုပ်ပိုင်ခွင့်မရရှိခြင်းများ တွေ့ကြုံခံစားနေရသည်။ ထိုသူတို့သည် မိမိတို့၏မိသားစုများမှ အခိုင်အမာပံ့ပိုးပေးမှုများကို ရရှိသော်လည်း အလွန်အကျွံအကာအကွယ်ပေးမှု ခံရခြင်း၊ (သို့) ရပ်ရွာတွင်းလူနေမှုဘဝများမှ ငြင်းပယ်ခံရခြင်းနှင့် ထုတ်ပယ်ခံရခြင်းများ ကြုံတွေ့ရပြီး ပြောင်းလဲမှု၏ ကိုယ်စားလှယ်များ အဖြစ်ခံစားရမည့်အစား ထိခိုက်ခံရသူများအဖြစ် ခံစားရမှုအား ပိုမိုအားပေးသကဲ့သို့ ဖြစ်စေသည်။
- အများပြည်သူဆိုင်ရာဝန်ဆောင်မှုများနှင့် အခြားဝန်ဆောင်မှုပေးသူများ၏ ဝန်ထမ်းများအနေဖြင့် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများ သိမြင်နားလည်မှု မရှိနိုင်ခြင်းနှင့် ၎င်းတို့ပေးနေသော ဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်ရန် ကျိုးကြောင်းဆီလျော်သော ပြုပြင်မှုများ လက်တွေ့မည်ကဲ့သို့ပြုလုပ်ရမည်ကို မသိခြင်းများ ဖြစ်လေ့ရှိသည်။

- အစိုးရဝန်ထမ်းများအနေဖြင့် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ အသိပေးခြင်း (သို့) သိရှိနားလည်စေရန်နှင့် တက်ကြွစွာပါဝင်ဆောင်ရွက်လာစေရန်မှာ ၎င်းတို့၏တာဝန်ဖြစ်သည်ဟု မသိရှိခြင်းများ ဖြစ်လေ့ရှိသည်။ အစိုးရဝန်ထမ်းများသည် ထိုသို့သော ပါဝင်ဆောင်ရွက်လာမှုအား မည်ကဲ့သို့ ဆွဲထုတ်ရယူရမည်ကို မသိရှိခြင်း (သို့) လူတစ်ဦး (သို့) အဖွဲ့အစည်းတစ်ခုသည် မည်သည့်အတိုင်းအတာအထိ ကိုယ်စားပြုမှုနှင့် တာဝန်ခံမှုရှိသည်ကို မသိရှိဘဲထိုသူ (သို့) ထိုအဖွဲ့အစည်းနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်းတို့ တွေ့ရှိရလေ့ရှိသည်။
- အချို့နိုင်ငံများတွင် DPO များသည် လူမှုအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းပါဝင်သူ အသစ်များဖြစ်သောကြောင့် အများအားဖြင့် ကိုယ်စားပြုမှု၊ ဒီမိုကရေစီနည်းလမ်းတကျ အုပ်ချုပ်မှု၊ အသင်းဝင်များအား လှုံ့ဆော်စည်းရုံးနိုင်မှု၊ သတင်းအချက်အလက်နှင့် အသိပညာများ မျှဝေပေးမှုနှင့် ရေရှည်တည်တံ့ရေးနည်းဗျူဟာများနှင့် စပ်လျဉ်း၍ ၎င်းတို့၏ စွမ်းဆောင်ရည်များ တိုးတက်ကောင်းမွန်လာစေရန် လိုအပ်သည်။

## လုပ်ပိုင်ခွင့်ရရှိရေး မြှင့်တင်ပေးခြင်းတွင် အောင်မြင်သောစီမံချက်များ (SUCCESSFUL PROJECTS)

**ကိုလံဘီယာနိုင်ငံတွင်** ဒေသခံအစိုးရတစ်ရပ်သည် ၎င်းတို့၏ လူထုအခြေပြုပြန်လည်ထူထောင်ရေး (COMMUNITY BASED REHABILITATION – CBR) လုပ်ငန်းများ၌ ရပ်ရွာလူထုမှ မိမိတို့ကိုယ်ပိုင်ဖြစ်သည်ဟုခံယူမှု မရှိကြောင်းကို သဘောပေါက် နားလည်ခဲ့သည်။ ထို့ကြောင့် မသန်စွမ်းသူများ၏အဖွဲ့အစည်း (FOUNDATION OF PERSONS WITH DISABILITIES – FUNDISCA) တည်ထောင်ခြင်းအား ပံ့ပိုးပေးခဲ့ပြီး မသန်စွမ်းသူများ၏ လုပ်ပိုင်ခွင့်များရရှိစေရေးတွင် အကူအညီဖြစ်စေရန်အတွက် - CBR စီမံကိန်းတွင် ခေါင်းဆောင်မှုအခန်းကဏ္ဍများ၌ ဝင်ရောက်ဆောင်ရွက်နိုင်ရန်နှင့် မိမိတို့၏ဘဝအား မိမိကိုယ်တိုင် စီစဉ်၍ ထိန်ကျောင်းပဲ့ပြင်ရာတွင် တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားနိုင်ရန်အတွက် သင်ကြားလေ့ကျင့်ပေးခြင်းနှင့် အားပေးတိုက်တွန်းခြင်းများ ဆောင်ရွက်ခဲ့သည်။ FUNDISCA သည် မသန်စွမ်းသူများ၊ မိဘများ၊ ပြုစုစောင့်ရှောက်သူများ၊ ယာယီရွှေ့ပြောင်းနေထိုင်ရသောသူများ၊ တိုင်းရင်းသားလူမျိုးများ၊ ရပ်ရွာလူထုများ ရပ်ရွာလူထုခေါင်းဆောင်များအား စည်းရုံးလှုံ့ဆော်ခဲ့သည်။ FUNDISCA တွင် မိမိကိုယ်ကို တန်ဖိုးထားလေးစားမှု၊ မိသားစုအတွင်း အကျုံးဝင်ခြင်း၊ ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်မှုနှင့် ဒေသခံတာဝန်ရှိသူ အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးမှုများအား မြှင့်တင်ပေးလျက်ရှိသော အသင်းဝင်ပေါင်း (၂၁၈)ဦးနှင့် CBR ဝန်ထမ်းပေါင်း (၂၀)ဦး ရှိသည်။[၇]

**ယူဂန်ဒါနိုင်ငံ**တွင် ယူဂန်ဒါ မြေမြှုပ်မိုင်းမှအသက်ရှင်ကျန်ရစ်သူများအသင်းအဖွဲ့ (UGANDA LANDMINE SURVIVORS ASSOCIATION - ULSA)သည် ၂၀၀၅ ခုနှစ်မှစတင်ကာ လူမှုစိတ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးခြင်းနှင့် ခေါင်းဆောင်မှုသင်တန်းများပေးခြင်းဖြင့် အသက်ရှင်ကျန်ရစ်သူများ၏ စွမ်းဆောင်ရည်များမြင့်တက်လာစေရန်အတွက် - ဘဝတူချင်း ပံ့ပိုးမှုပေးခြင်း၊ လဲလှယ်သွားလာသော လေ့လာရေးခရီးများ၊ အပန်းဖြေခြင်းဆိုင်ရာ လှုပ်ရှားမှုများ၊ အသက်မွေး ဝမ်းကျောင်းဆိုင်ရာ စီမံကိန်းများနှင့် ဆေးကုသမှုနှင့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများသို့ လွှဲပြောင်းညွှန်းပို့ခြင်း စနစ်အစရှိသည့် လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ ထောက်ပံ့ပေးခြင်း ယန္တရားများ တည်ထောင်ပေးခြင်းဖြင့် ဆောင်ရွက်ခဲ့သည်။ ULSA သည် မြေမြှုပ်မိုင်းများအားတားမြစ်ပိတ်ပင်ခြင်းဆိုင်ရာစာချုပ် (THE MINE BAN TREATY – MBT)၊ စစ်လက်နက်ပစ္စည်းများ အစုအပြုံလိုက်ထားရှိခြင်းနှင့် စပ်လျဉ်းသောသဘောတူစာချုပ် (THE CONVENTION ON CLUSTER MUNITIONS – CCM)နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRPD)များနှင့် ပတ်သက်၍ အသိပညာမြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး မိုင်းလှုပ်ရှားမှုနှင့်ဆိုင်သော သတင်းအချက်အလက်များ စုဆောင်းကောက်ယူခြင်းနှင့်ဖြန့်ဝေခြင်းများပြုလုပ်ခဲ့သည်။ ULSA ၏ မိတ်ဖက်အဖွဲ့အစည်းများတွင် ယူဂန်ဒါမသန်စွမ်းသူများ၏ အမျိုးသားသမဂ္ဂ (THE NATIONAL UNION OF DISABLED PERSONS IN UGANDA)နှင့် မသန်စွမ်းမှု ဆိုင်ရာအမျိုးသားကောင်စီ (THE NATIONAL COUNCIL FOR DISABILITY)နှင့် ကျား/မရေးရာ၊ အလုပ်သမားနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (THE MINISTRY OF GENDER, LABOUR & SOCIAL DEVELOPMENT) တို့ပါဝင်ခဲ့သည်။ စတင်ဖွဲ့စည်းစဉ်ကာလမှစ၍ ULSA သည် အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ လူဦးရေ (၄၀၀)ကျော်နှင့် အတူလုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ထိုအထဲတွင် ကစီးစီး (KASESE)၊ လိုင်ရာ (LIRA)နှင့် အေဂါဂို/ပေဒါ (AGAGO/PADER) ဒေသများရှိ အသက်ရှင်ကျန်ရစ်သူများအား တိုက်ရိုက်ထောက်ပံ့မှုများ ပေးခဲ့သလို ယူဂန်ဒါ၏ ခရိုင် (၁၀)ခုမှ ခေါင်းဆောင်ပေါင်း (၄၀)ကျော်ကိုလည်း ခေါင်းဆောင်မှုသင်တန်းများ သင်ကြားလေ့ကျင့်ပေးခဲ့သည်။[၈]

## အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်သည့်အရာများ ပြုလုပ်နိုင်သနည်း။ (WHAT CAN STATES DO?)

တစ်ဦးချင်းစီအလိုက်လုပ်ပိုင်ခွင့်ရရှိရေး၌ တိုးတက်ကောင်းမွန်လာစေရန် -

➤ဘေးဒုက္ခကျရောက်သူများသည် ၎င်းတို့၏ လိုအပ်ချက်များနှင့် အရင်းအမြစ်အင်အားများအား ရှာဖွေဖော်ထုတ် နိုင်ရန်နှင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်များ ရောက်ရှိနိုင်ရန် လုပ်ဆောင်မှုအစီအစဉ်များ ရေးဆွဲနိုင်ရန်အတွက် တစ်ဦးချင်စီအလိုက်လူမှုရေးဆိုင်ရာ ပံ့ပိုးမှုများပေးခြင်း။

➤မိသားစုများနှင့် အတူလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မသန်စွမ်းမှုရှိသောမိသားစုဝင်တစ်ဦးအား ပံ့ပိုးပေးခြင်းနှင့် လုပ်ပိုင်ခွင့်ပေးခြင်းများကို မည်ကဲ့သို့ဆောင်ရွက်ရမည်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် အသိပေးစည်းရုံးခြင်းအား မည်ကဲ့သို့အတူတကွ လုပ်ဆောင်ရမည်ကို သင်ယူနိုင်ခြင်း။

➤အသက်ရှင်ကျန်ရစ်သူများနှင့်/သို့မဟုတ် မသန်စွမ်းသူများဆိုင်ရာ ဒေသခံအဖွဲ့အစည်းများနှင့် အခြား အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် ဆက်သွယ်ပါဝင်နိုင်ရန်အတွက် ဘေးဒုက္ခကျရောက်သူများ အထောက်အပံ့ပေးခြင်း။

### အစုအဝေးအလိုက်လုပ်ပိုင်ခွင့်ရရှိရေး၌ တိုးတက်ကောင်းမွန်လာစေရန် -

➤DPO များသည် မိမိတို့၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန်လိုအပ်သော နယ်ပယ်များကို ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းများ ပြုလုပ်နိုင်ရန် ပံ့ပိုးပေးခြင်း။

➤ရပ်ရွာအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံအဆင့်တွင်ရှိသော DPO များ၏အသင်းဝင်များအား သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များကို ဖွံ့ဖြိုးတိုးတက်စေခြင်း။ ထိုအထဲတွင် စီမံချက်များစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရင်းအမြစ်များ ဖော်ထုတ်စုဆောင်းခြင်းဆိုင်ရာ သင်တန်းများလည်းပါဝင်ပြီး ၎င်းသည် DPO အများစုအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေဆဲပင် ဖြစ်သည်။ ထို့အပြင် ဥပဒေပြဋ္ဌာန်းခြင်းများတွင် လွှမ်းမိုးနိုင်ရန်နှင့် မူဝါဒများချမှတ်ရန် အသိပညာပေးစည်းရုံးခြင်း၊ အသိပညာမြှင့်တင်ခြင်း၊ လူထုအတွင်း ဟောပြောနိုင်ခြင်း၊ သတင်းဌာနများအား စည်းရုံးလှုံ့ဆော်နိုင်ခြင်းနှင့် အဆိုပါတတ်ကျွမ်းမှု စွမ်းရည်များ အသိပညာပေး စည်းရုံးခြင်း၏ ပန်းတိုင်များနှင့် အညီနည်းဗျူဟာကျကျ မည်ကဲ့သို့အသုံးပြုရမည်ကို သိရှိခြင်း တို့လည်းပါဝင်သည်။

➤လူ့အခွင့်အရေးများ၊ CRPDနှင့် အမျိုးသားအဆင့် လူ့အခွင့်အရေးများဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်းများ အစရှိသည့်နယ်ပယ်များတွင် သင်တန်းအခွင့်အလမ်းများနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များပေးခြင်း။

➤DPO များအား ကိုယ်စားပြုအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏လုပ်ဆောင်မှုများကို ပိုမိုအားကောင်းစေရန် အတွက် ပံ့ပိုးပေးခြင်း - အုပ်ချုပ်မှု၊ သတင်းအချက်အလက်ဖြန့်ဝေခြင်းနှင့် တာဝန်ခံမှု။

➤ DPO များအချင်းချင်အကြား၌ သင်ယူလေ့လာမှုခရီးစဉ်များ (သို့) လဲလှယ်သွားလာသောလေ့လာရေး ခရီးများစုပေါင်းစီစဉ်ခြင်း (ခရီးစဉ်များ ဦးတည်သတ်မှတ်ခြင်း၊ သတင်းအချက်အလက်များမျှဝေခြင်းနှင့် ပြန်ရောက်သောအခါတွင် အလေ့အကျင့်ကောင်းများအား အတုယူဆောင်ရွက်ခြင်းများ အပါအဝင်) ထောက်ပံ့ပေးခြင်း။

➤ရပ်ရွာအဆင့်၊ ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့်များတွင် MBT, CCM နှင့် CRPD များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း ကဏ္ဍများအားလုံး၌ ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများအား ကိုယ်စားပြုခြင်းတွင် ပံ့ပိုးကူညီပေးခြင်း။

➤ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများဆိုင်ရာအဖွဲ့အစည်းများသည် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်နှင့် ရပ်ရွာအဆင့်များ၌ မူဝါဒများချမှတ်ခြင်းနှင့် စီမံကိန်း အစီအစဉ်များရေးဆွဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းများနှင့်စပ်လျဉ်း၍ နားလည်သိရှိပြီး တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်စေရန် ပြုလုပ်ခြင်း။ ထိုသို့ပြုလုပ်ရာတွင် ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်း (VA)နယ်ပယ် တစ်ခုတည်း မဟုတ်ဘဲ ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ငန်းစဉ်များနှင့် အခန်းကဏ္ဍများအားလုံးတွင် အခြားလူမှု အဖွဲ့အစည်းများမှ အသင်းဝင်များနှင့်အတူ ဆောင်ရွက်ရန်ဖြစ်သည်။

## တိုးတက်မှုကို မည်ကဲ့သို့တိုင်းတာမည်နည်း။ (HOW TO MEASURE PROGRESS)

အချက်အလက်စာစောင်များတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြောင်းလဲမှုကိုပြသနိုင်သော နယ်ပယ်အချို့အားဖော်ပြထားသည်။ ဝန်ဆောင်မှုများအားရယူသုံးစွဲနိုင်မှုနှင့် ဥပဒေပြဌာန်းခြင်းနှင့် မူဝါဒများချမှတ်ခြင်းတို့တွင် တိုးတက်လာခြင်းသည် နောက်ဆုံး၌ လူနေမှုဘဝအရည်အသွေးတွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှု များအား ရရှိစေသင့်သည်။

### ➤တစ်ဦးချင်းစီအလိုက်လုပ်ပိုင်ခွင့်ရရှိရေး -

*ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများသည် မိမိကိုယ်ကိုယုံကြည်မှုနှင့် ၎င်းတို့၏မိသားစုအတွင်းနှင့် ရပ်ရွာလူထုအတွင်း ပါဝင်ဆောင်ရွက်နိုင်မှု တိုးတက်လာသည်ဟု အစီရင်ခံတင်ပြခြင်း။ *မိမိတို့၏ ရည်မှန်းချက် ပန်းတိုင်များသို့ရောက်ရှိရန် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများတွင် စွမ်းဆောင်ရည်များ ရရှိလာခြင်း။ *မိမိတို့၏အခွင့်အရေးများကို သိရှိနားလည်ပြီး တောင်းဆိုနိုင်သော ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများ အရေအတွက်။ * ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများမှ မိမိတို့၏ ရပ်ရွာထဲတွင်ရှိသော ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှုတိုးတက်လာသည်ဟု သတင်းပို့ခြင်း။ * ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများသည် ကိုယ်စားပြု အုပ်စုများနှင့် အဖွဲ့အစည်းများတွင် ဆက်သွယ်ပါဝင်လာခြင်း။

### အစုအဝေးအလိုက်လုပ်ပိုင်ခွင့်ရရှိရေး -

* စီမံချက်ပြီးဆုံးသွားချိန်ကာလတွင် စီမံချက်စီမံခန့်ခွဲမှု၊ အသိပညာပေးစည်းရုံးခြင်း၊ လူ့အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေ ရှာဖွေစုဆောင်းခြင်းနှင့် ရန်ပုံငွေပံ့ပိုးနိုင်သော အရင်းအမြစ်များနှင့်ပတ်သက်သည့် စွမ်းဆောင်ရည်များ တိုးတက်လာသော DPO အသင်းဝင်များနှင့် ဝန်ထမ်းများ ရာခိုင်နှုန်း။ * DPO များ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်ကောင်းမွန်လာခြင်း - အစည်းအဝေးကျင်းပသည့် အကြိမ်ရေ၊ ပွင့်လင်းမြင်သာမှုရှိသော ဆုံးဖြတ်ချက်ချခြင်း ယန္တရားများနှင့် စာရင်းစစ်ဆေးခြင်း။

* DPO ဝန်ထမ်းများနှင့် အသင်းဝင်များအကြားနှင့် DPO ကွန်ယက် အတွင်းတွင် သတင်းအချက်အလက်မျှ မျှဝေရန်အတွက် ရိုးရှင်းသော နည်းလမ်းများတည်ရှိခြင်း။ *အားလုံးပါဝင်၍ ပြည့်စုံသော အသိပေးစည်းရုံးပြောကြားခြင်းဆိုင်ရာ စီမံကိန်းတစ်ခု DPO များနှင့် အခြားလူမှုအဖွဲ့အစည်းများအကြားတွင် ညှိနှိုင်းဆောင်ရွက်မှုနည်းလမ်းကို အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ * DPOများ အသင်းဝင်အဖြစ် ပါဝင်လျက်ရှိသော တရားဝင်ဆုံးဖြတ်ချက်ချမှတ်ရေး အဖွဲ့အစည်းများနှင့် ကော်မတီများ အရေအတွက်များလာခြင်း။

* DPOများ ပါဝင်တက်ရောက်ခဲ့သော၊ ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများနှင့် စီမံကိန်းမရေးဆွဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းတို့နှင့် စပ်လျဉ်းသော အစည်းအဝေးပွဲများ အရေအတွက်။

## စီမံချက်နမူနာ - တားမြစ်ပိတ်ပင်ခြင်းအား ထောက်ခံသူများ။ (BAN ADVOCATES)[၉]

တားမြစ်ပိတ်ပင်ခြင်းအား ထောက်ခံသူများ (BAN ADVOCATES - BA)ဆိုသည်မှာ နိုင်ငံပေါင်း (၁၂) နိုင်ငံမှ စစ်လက်နက်ပစ္စည်းများ အစုအပြုံလိုက်ထားရှိခြင်းကြောင့် ထိခိုက်ဒဏ်ရာရသူများမှ ဖွဲ့စည်းထားသော စည်းရုံးရေးအုပ်စုတစ်ခု ဖြစ်သည်။ ၎င်းသည် HI ၏ အထောက်အပံ့ဖြင့် ၂၀၀၇ ခုနှစ်တွင် စတင်လှုပ်ရှားခဲ့သည်။

ဖော်ထုတ်တွေ့ရှိသောပြဿနာ - စစ်လက်နက်ပစ္စည်းများ အစုအပြုံလိုက်ထားရှိခြင်းအား တားမြစ်ပိတ်ပင်ခြင်း လုပ်ငန်းစဉ်တွင် ထိခိုက်ဒဏ်ရာရသူများမှ (အသက်ရှင်ကျန်ရစ်သူများ၊ ထိခိုက်ခံရသူများနှင့် အသက်ဆုံးရှုံးသူများ၏ မိသားစုဝင်များ၊ ထိခိုက်ခံရသောရပ်ရွာလူထုအတွင်း နေထိုင်သောသူများ) စနစ်တကျဖြစ်၍ သိရှိနားလည်ထားပြီး ဖြစ်သော ပါဝင်ဆောင်ရွက်မှုမရှိခြင်း။

ရည်ရွယ်ချက် - ဘေးဒုက္ခကျရောက်သူများအား လုပ်ပိုင်ခွင့်များပေးနိုင်ရန် - (ဘေးဒုက္ခကျရောက်သူများသည် မိမိတို့ကိုယ်ကို BA များဟုလည်း ခေါ်ဆိုကြသည်) - မိမိတို့၏ အခွင့်အရေးများသိရှိရန်နှင့် အသိပေးလှုံ့ဆော်နိုင်ရန်။ ကမ္ဘာ့တစ်ဝှမ်းတွင် စစ်လက်နက်ပစ္စည်းများ အစုအပြုံလိုက်ထားရှိခြင်းအား ဖယ်ရှားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာမှ အားစိုက်ထုတ်မှုများ အထောက်အပံ့ပေးရန်။ စစ်လက်နက်ပစ္စည်းများ အစုအပြုံလိုက်ထားရှိခြင်းကြောင့် လူသားများအပေါ်တွင်ကျရောက်နိုင်သော သက်ရောက်မှုများနှင့်စပ်လျဉ်း၍ အသိပညာပေးရန်။ တစ်နိုင်ငံလုံးနှင့် အပြည်ပြည်ဆိုင်ရာတွင် လုံးဝတားမြစ်ပိတ်ပင်မှုများအတွက် စည်းရုံးလှုံ့ဆော်ရန်။

လုပ်ဆောင်ချက်များ - ၁။ ထိခိုက်ခံရသော နိုင်ငံများတွင် ဘေးဒုက္ခကျရောက်သူများအား ရှာဖွေဖော်ထုတ်ခြင်းနှင့် အသိပညာပေးခြင်း။ ၂။ BA များအား ဘဝတူချင်းပံ့ပိုးမှုပေးခြင်းနှင့် သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ၎င်းတို့၏ စိတ်ပိုင်း ဆိုင်ရာ ချမ်းသာသုခ ပိုမိုရရှိစေခြင်းနှင့် ထိရောက်သော အသိပေးလှုံ့ဆော်ခြင်းအား ဆောင်ရွက်နိုင်ရန် မိမိတို့၏ စွမ်းဆောင်ရည်များအား တိုးတက်ကောင်းမွန်လာစေခြင်း။ ၃။ အခြားထိခိုက်ဒဏ်ရာရသူများ၊ DPOများနှင့် လူထုအခြေပြုလူမှုကွန်ယက်များနှင့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီးကွန်ယက်ပြုလုပ်နိုင်ရန် BAအား ထောက်ပံ့ခြင်း။ ၄။ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့်ရှိ BA၏ အသိပေးလှုံ့ဆော်စည်းရုံးခြင်း လှုပ်ရှားမှုများအား လွယ်ကူချောမွေ့စေရန် နည်းပညာပိုင်း၊ ထောက်ပံ့ပို့ဆောင်ရေးပိုင်းနှင့် ဘဏ္ဍာငွေပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ပေးခြင်း

ရေရှည်တည်တံ့ရေး - BA သည် ဘဝတူချင်းပံ့ပိုးမှုပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး CCM၊ MBTနှင့် CRPD ဆိုင်ရာ သင်တန်းများနှင့် အသိပေးစည်းရုံးခြင်းနှင့် စီမံခန့်ခွဲခြင်း သင်တန်းများတွင်လည်း ပါဝင်တက်ရောက်ခဲ့သည်။ BA သည် အခြားလူမှုအဖွဲ့အစည်းများနှင့် ၎င်းတို့၏ကွန်ယက်အား တိုးချဲ့ခဲ့ပြီး အစိုးရတာဝန်ရှိသူများမှ ထိုသူတို့အား ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းကို ကိုယ်စားပြုသောအသင်းဝင်များအဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ BA များသည် ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့်များတွင် မူဝါဒဆိုင်ရာတွေ့ဆုံဆွေးနွေးမှုများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ BA ၏ အားလုံးလွှမ်းခြုံနိုင်ရေးနှင့် CCMနှင့် MBT အား အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ကတိကဝတ်များအား စွဲမြဲစွာလုပ်ဆောင်လျက်ရှိပြီး အထူးသဖြင့် VA နှင့်ပတ်သက်၍ ဆောင်ရွက်ကာ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများအား အသိပေးလှုံ့ဆော်ရန်အတွက်လည်း အကျယ်တဝင့်ဆောင်ရွက်သည်။

အဓိကညွှန်းကိန်းများ - *နိုင်ငံ (၁၂)နိုင်ငံတွင် BA ပေါင်း (၃၂) အုပ်စုရှိပြီး (၁၁) အုပ်စုမှာ အမျိုးသမီးများဖြစ်သည်။ BA သည် CCMနှင့် MBT တို့နှင့် စပ်လျဉ်းသော ညီလာခံပေါင်း (၂၅) ခုတွင် တက်ကြွစွာပါဝင်တက်ရောက်ခဲ့ပြီး ကျွမ်းကျင်သောပံ့ပိုးမှုများပေးခဲ့သည့်အပြင် VA နှင့်သက်ဆိုင်သော ဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ (၄)ခုတွင်လည်း ပါဝင်ခဲ့သည်။ ၎င်းတို့၏သက်ဆိုင်ရာနိုင်ငံများတွင် အသိပေးလှုံ့ဆော်စည်းရုံးခြင်းဆိုင်ရာ အားထုတ်မှုများအား ဆက်လက်လုပ်ဆောင်ခဲ့သည်။ BA သည် တရားဝင်သင်တန်းများ (၇)ခုနှင့် ညီလာခံတစ်ခုချင်းစီမတိုင်မီ ပြုလုပ်သော ရှင်းလင်းပွဲများတွင်လည်း ပါဝင်ခဲ့သည်။

ကာလနှင့် အလှူရှင်များ - ၆ နှစ်၊ ၂၀၁၃ခုနှစ် မတ်လအထိ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန (NORWWEGIAN MINISTRY OF FOREIGN AFFAIRS)နှင့် ဘယ်လဂျီယံနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန (BELGIAN MINISTRY OF FOREIGN AFFAIRS)၊ နိုင်ငံခြားကုန်သွယ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအသင်း (FOREIGN TRADE AND DEVELOPMENT COOPERATION)။ ယခင်က ပံ့ပိုးပေးခဲ့သူများ - ဝေလမင်းသမီး ဒိုင်ယာနာ အောက်မေ့ခြင်း အလှူငွေ၊ နယ်သလန်နိုင်ငံ၊ ဩစတြေးလျ၊ အိုင်ယာလံနှင့် ဩစတြီးယားနိုင်ငံ (THE DIANA PRINCESS OF WALES MEMORIAL FUND, THE NETHERLANDS, AUSTRALIA, IRELAND AND AUSTRIA)

## ကိုးကားခြင်းများ

[1][4] HI POLICY PAPER. SUPPORT THE ORGANIZATIONS REPRESENTATIVE OF PERSONS WITH DISABILITIES. 2011. [2] DEPARTMENT FOR INTERNATIONAL DEVELOPMENT (DFID, UK). DISABILITY, POVERTY AND DEVELOPMENT. 2000. [3] HI. PERSONALIZED SOCIAL SUPPORT: THOUGHTS, METHODS AND TOOLS FOR PROXIMITY SERVICES. 2010. [5][6][7] WHO, UNESCO, ILO, IDDC. CBR EMPOWERMENT GUIDELINES. 2010. [8] UGANDA LANDMINE SURVIVOR ASSOCIATION WEBSITE AND EMAILS. WWW.UGANDA-SURVIVORS.ORG | [9] HI. BAN ADVOCATES PROJECT EVALUATION. 2009; HI. ADVOCACY WITH VICTIMS: GOOD PRACTICES AND LESSONS LEARNED IN INFLUENCING POLICY. 2013

HANDICAP INTERNATIONAL

# 9 ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းနှင့် ဆက်စပ်သက်ဆိုင်သော ကိစ္စရပ်များ - လက်လှမ်းမှီရယူသုံးစွဲ နိုင်ခြင်း ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ - လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်း၊ ဂန်ဆောင်မှုများ ရယူသုံးစွဲနိုင်မှု

## လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်း ဆိုသည်မှာ အဘယ်နည်း။ (WHAT IS ACCESSIBILITY?)

**လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်း**ဆိုသည်မှာ လူတိုင်းသည် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ရှိရမည်ဖြစ်ပြီး မည်သည့်အသက်အရွယ်၊ ကျား/မ၊ မသန်စွမ်းမှုမျိုးရှိသည်ဖြစ်စေ ဝန်ဆောင်မှုတစ်ခုကို ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ခြင်းဖြစ်သည်။[၁] ၎င်းသည် အားလုံးအသုံးပြုနိုင်သောပုံစံ၏ သဘောတရားနှင့် ချိတ်ဆက်လျက်ရှိသည် -ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုပြုပြင်ပြောင်းလဲမှုများ (သို့)သီးသန့်ထုတ်လုပ်ရသောပုံစံများလိုအပ်ခြင်းမရှိဘဲ ဖြစ်နိုင်သမျှအမြင့်ဆုံး အတိုင်းအတာအထိ လူတိုင်းအနေဖြင့် အသုံးပြုနိုင်ရမည်။[၂] (ဥပမာ - ကောင်းမွန်စွာဆောက်လုပ်ထားသော ဆင်ခြေလျှော်တစ်ခုသည် လူတိုင်း အလွယ်တကူရယူအသုံးပြုနိုင်ပြီး မသန်စွမ်းမဟုတ်သူများအတွက် လှေကားထစ်များ ထပ်ထည့်ရန် မလိုအပ်ပါ။) ၎င်း၏ ရည်ရွယ်ချက်ပန်းတိုင်မှာ လူတိုင်းသည် ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်နှင့် သတင်းအချက်အလက်များအား ရုပ်ပိုင်း၊ ဆက်သွယ်ရေးပိုင်းနှင့် ခံယူချက်သဘောထားပိုင်းဆိုင်ရာ အတားအဆီးများ မရှိဘဲ ဂုဏ်သိက္ခာရှိပြီး အမှီအခိုကင်းမှု ဖြစ်နိုင်သမျှအမြင့်ဆုံးအတိုင်းအတာဖြင့် ရယူသုံးစွဲနိုင်စေရန်ဖြစ်သည်။ ၎င်းသည် မသန်စွမ်းသူများ၏ ပါဝင်ဆောင်ရွက်မှု၊ ရွေ့လျားသွားလာနိုင်မှု နှင့် ဆက်သွယ်ဆောင်ရွက်နိုင်မှုများအား တိုးတက်စေခြင်းဖြင့် လူနေမှုဘဝအရည်အသွေး တိုးတက်ကောင်းမွန်လာစေရန် အကူအညီပေးသည့်အပြင် လူမှုအဖွဲ့ အစည်းတစ်ရပ်လုံးအနေဖြင့်လည်း အကျိုးကျေးဇူးများရရှိစေပြီး အသက်အရွယ်ကြီးသူများ၊ ယာယီရုပ်ယွင်းအားနည်းမှုရှိသူများ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပါဝင်လာစေသည်။ ထို့ကြောင့် လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းသည် အကန့်အသတ်တစ်ခု မဟုတ်ဘဲထပ်ဆင့်ရရှိသော တန်ဖိုးတစ်ခုသာ ဖြစ်သည်။ လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းသည် လူနေမှုဘဝအရည်အသွေး တိုးတက်ကောင်းမွန်လာစေခြင်း၌ အရေးကြီးသော ပံ့ပိုးမှုများပြုလုပ်နိုင်ခြင်းကြောင့် အထူးသဖြင့် ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်မှုအပေါ်တွင် ကြီးစွာသော အလေးပေးမှုကို ထားရှိသည်။ ရယူသုံးစွဲနိုင်မှုဆိုင်ရာ သဘောတရားသည် စံနှုန်း(၆)ခု အပေါ်တွင်အခြေခံပြီး ၎င်းစံနှုန်းများမှာ - ရရှိနိုင်မှု၊ လက်လှမ်းမှီရယူသုံးစွဲနိုင်မှု၊ ကုန်ကျစရိတ်တတ်နိုင်မှု၊ လက်သင့်ခံနိုင်မှု၊ တာဝန်ခံမှုနှင့် နည်းပညာဆိုင်ရာ အရည်အသွေးကောင်းမွန်မှု တို့ဖြစ်သည်။(၃) မိုင်းများ/စစ်အကြွင်းအကျန်ပေါက်ကွဲပစ္စည်းများ(ERW)ကြောင့် ထိခိုက်ခံရသော နေရာဒေသများရှိ ဝန်ဆောင်မှုများအပါအဝင် ဝန်ဆောင်မှုများအားလုံးသည် လက်လှမ်းမှီ ရယူသုံးစွဲနိုင်ခြင်း၏ စံနှုန်း (၆)ခုနှင့် ကိုက်ညီမှုရှိသင့်သည်။

> **အမြန်လေ့လာနိုင်သော အချက်အလက်များ (QUICK FACTS)**
>
> - ၂၀၁၁ခုနှစ်တွင် အနည်းဆုံး နိုင်ငံပေါင်း(၁၂)နိုင်ငံ၌ အသက်ရှင်ကျန်ရစ်သူများအနေဖြင့် ဂန်ဆောင်မှုများအား **လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းတွင် ဆုတ်ယုတ်မှုများ**ဖြစ်ပေါ်ခဲ့သည်။ အဓိကအကြောင်းမှာ အပြည်ပြည်ဆိုင်ရာ ကူညီပံ့ပိုးမှုများလျော့ကျသွားခြင်းနှင့် အသစ်(သို့)ပိုမိုပြင်းထန်သော ပဋိပက္ခများဖြစ်ပွားခြင်းကြောင့် ဖြစ်သည်။[၄]
> - လူပုဂ္ဂိုလ်တစ်ဦးသည် ဆင်းရဲပြီး မသန်စွမ်းမှုတစ်ခု ရှိသောအခါတွင် **ဂန်ဆောင်မှုများ ရယူသုံးစွဲရာ၌ သိသာထင်ရှားသော အတားအဆီးများနှင့် ရင်ဆိုင်ကြုံတွေ့ရသည်။** တဖန် ထိုသို့ကြုံတွေ့ရမှုများသည် သူ၏ဆင်းရဲ မွဲတေမှုအဆင့်အား လျော့ချနိုင်ရန်အတွက် အခွင့်အလမ်းများ ကန့်သတ်ထားသကဲ့သို့ ဖြစ်စေသည်။[၅]
> - **မသန်စွမ်းမှုကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံမှုပြုလုပ်ခြင်း**၏ အကျိုးသက်ရောက်မှုသည် အထူးသဖြင့် ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ အိမ်ရာနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် အပြင်းထန်ဆုံးဖြစ်သည်။[၆]

**ဝန်ဆောင်မှုများ အလွယ်တကူရယူသုံးစွဲနိုင်စေရန်နှင့် မသန်စွမ်းသူများအကျုံးဝင်စေရန်အတွက် အောက်ဖော်ပြပါ ဆောင်ရွက်သည့်နည်းလမ်းများမှ ပံ့ပိုးပေးနိုင်သည် -**

- **ဆန်းစစ်အကဲဖြတ်ခြင်း -** လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုပေးသူများအနေဖြင့် ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများနှင့် ၎င်းတို့၏ ဦးစားပေးအစီအစဉ်များ ပိုမိုနားလည်သဘောပေါက်စေခြင်း။
- **သတင်းအချက်အလက် -** မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် လိုအပ်ချက်များအပေါ်တွင် ဝန်ဆောင်မှုပေးသူများ၏ အသိပညာများ ပိုမိုတိုးတက်လာစေခြင်း။
- **အသိပညာမြင့်မားရေး -** မသန်စွမ်းသူများအပေါ်၌ထားရှိသော ဝန်ဆောင်မှုပေးသူများ၏ အပြုသဘောမဆောင်သည့် ခံယူချက်သဘောထားများ ပြောင်းလဲခြင်း။
- **သင်တန်းပေးခြင်း/ သင်ကြားလေ့ကျင့်ပေးခြင်း -** မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုများလက်လှမ်းမှီ ရယူသုံးစွဲနိုင်ခြင်း တိုးမြှင့်စေရန် ဝန်ဆောင်မှုပေးသူများ၏ လက်တွေ့ကျသောကျွမ်းကျင်မှုများ တိုးတက်ကောင်းမွန်လာစေခြင်း။ ထိုသို့ဆောင်ရွက်ရာတွင် လူအများစုအတွက် (ရုပ်ပိုင်းဆိုင်ရာနှင့် အခြားသောချို့ယွင်းအားနည်းမှုများရှိသူများအပါအဝင်) ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်အား အလွယ်တကူရယူအသုံးပြုနိုင်ရန် မည်သို့ဆောင်ရွက်ရမည်နှင့် အကြားအာရုံ၊ အမြင်အာရုံနှင့် အသိဉာဏ်ပညာပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းမှုရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းအား လွယ်ကူချောမွေ့စေရန်နှင့် တိုးတက်ကောင်းမွန်လာစေရန် မည်သို့ပြုလုပ်ရမည်တို့ကို သင်ကြားလေ့ကျင့်ပေးခြင်းများ ပါဝင်ပါသည်။

- **အသိပေးစည်းရုံးလှုံ့ဆော်ခြင်း** - မသန်စွမ်းသူများ အကျုံးဝင်ခြင်းအတွက် ဝန်ဆောင်မှုပေးသူများ (သို့) သက်ဆိုင်ရာ တာဝန်ရှိအာဏာပိုင်များ၏ မူဝါဒများ ပြောင်းလဲခြင်း။
- **လမ်းညွှန်ပြသခြင်း** - ရေရှည်တည်တံ့စေသောနည်းလမ်းဖြင့် ဝန်ဆောင်မှုပေးသူများအား ဆက်တိုက်ပံ့ပိုးမှုများပေးခြင်းဖြင့် ဝန်ထမ်းများအကြားတွင် အဆင့်တိုင်း၌ အသိပညာ၊ ခံယူချက်သဘောထား၊ လက်တွေ့ကျသောကျွမ်းကျင်မှုများနှင့် မူဝါဒများ တိုးတက်ကောင်းမွန်လာစေခြင်း။

## ဥပဒေနှင့် မူဝဒါဒဆိုင်ရာ မူဘောင်များ

CCM: အပိုဒ် ၅၊ စာပိုဒ် ၁၊ ၂(က)။ အပိုဒ် ၇၊ စာပိုဒ် ၁(ဌ)။
VIENTIANE ACTION PLAN: လုပ်ဆောင်ချက် #၂၂ နှင့် #၂၅။
CARTAGENA ACTION PLAN: အခန်း ၄၊ လုပ်ဆောင်ချက် #၂၅။
CRPD: အပိုဒ် ၃ နှင့် ၉။

## မည်သူတွေသည် အဓိက အကျိုးတူပူးပေါင်း ပါဝင်သူများ ဖြစ်သနည်း။

အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ အဖွဲ့အစည်းများ။
ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းနှင့် သက်ဆိုင်သော ကဏ္ဍများအားလုံးရှိ ဝန်ဆောင်မှုပေးသူများ။
ဝန်ကြီးဌာနများ - ဆောက်လုပ်ရေး (MINISTRY OF INFRASTRUCTURE)၊ အခြား ဝန်ကြီးဌာနများအားလုံး။
အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ - INTERNATIONAL ORGANIZATION FOR STANDARDIZATION နှင့် အခြားသက်ဆိုင် သော UN အဖွဲ့အစည်းများ။

## ဝင်ငွေနည်းတိုင်းပြည်များတွင် အများအားဖြင့်ကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှုများမှာ အဘယ်နည်း။

- အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများသည် ဝန်ဆောင်မှုများ ရယူသုံးစွဲရာတွင် ဖော်ပြပါ အတားအဆီးများနှင့် အများအားဖြင့် ကြုံတွေ့ရသည်ဟု သတင်းပေးပို့ခဲ့သည် - ငွေကြေးအင်အား မလုံလောက်မှုကြောင့် ဝန်ဆောင်မှုများ၏ ကုန်ကျစရိတ်အားမတတ်နိုင်ခြင်း၊ ပထဝီအနေအထားအရ ခရီးကွာဝေးခြင်း၊ ဝန်ဆောင်မှုပေးသူများမှ မသန်စွမ်းသူများအပေါ်တွင် အပြုသဘောမဆောင်သော သဘောထားအမြင်များရှိခြင်း၊ ဝန်ဆောင်မှုများအား ရုပ်ပိုင်းဆိုင်ရာအရ လက်လှမ်းမှီရယူသုံးစွဲနိုင်မှုမရှိခြင်း၊ ဆက်သွယ်ဆောင်ရွက်ရာ၌ အခက်အခဲများရှိခြင်း၊ အလွန်ရှုပ်ထွေးသော စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများရှိခြင်းနှင့် လက်ရှိရရှိနိုင်သော ဝန်ဆောင်မှုများနှင့် ဆိုင်သောသတင်းအချက်အလက်များ မရှိခြင်း။
- အချို့သောအဖွဲ့အစည်းများသည် ဝန်ဆောင်မှုပေးသူများ လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်း တိုးမြှင့်လုပ်ဆောင်ရန်အတွက် အသိပညာမြင့်မားရေး ဟောပြောပွဲများပြုလုပ်သော်လည်း ဝန်ဆောင်မှုများ အဆင့်တိုင်းတွင် အလွယ်တကူရရှိနိုင်ခြင်းနှင့် လူတိုင်းအကျုံးဝင်ခြင်းများအထိ ဖြစ်လာစေရန်နှင့် ဆက်လက်ရပ်တည်နေစေရန် အတွက် ပုံမှန်အထောက်အပံ့ပေးခြင်းနှင့် လက်တွေ့ကျသောနည်းပညာဆိုင်ရာအကြံပေးခြင်းများ လိုအပ်သည်ကို ထည့်သွင်းစဉ်းစားထားမှုမရှိခြင်း။
- ဝန်ဆောင်မှုပေးသူများသည် မသန်စွမ်းသူများအနေဖြင့် "သီးသန့်အထူးပြုလုပ်ထားသော ဝန်ဆောင်မှုများ"ကိုသာ လိုအပ်သည်ဟူသော လွဲမှားသောအယူအဆများရှိနေခြင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် လိုအပ်ချက်များ မသိရှိခြင်း (သို့) လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းသည် "ဖိမ်ခံခြင်း" (သို့) ဒုတိယအဆင့်ဟုထင်မြင်ထားခြင်း။ စင်စစ်တွင် လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းသည် အခွင့်အရေးတစ်ရပ်ဖြစ်ပြီး ဝန်ဆောင်မှုများသည် ၎င်းတို့စတင်သောအချိန်မှစ၍ အများပြည်သူ အားလုံးမှအလွယ်တကူ ရယူအသုံးပြုနိုင်စေရန်အတွက် လွယ်ကူသင့်လျော်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ထားရန်ဖြစ်သည်။[၇]
- အချို့သောအခြေအနေများတွင် ဝန်ဆောင်မှုပေးခြင်းသည် တန်းတူညီမျှဖြစ်မှုပေါ်တွင် အခြေခံခြင်းမရှိဘဲ အများပြည်သူတို့အနက် အချို့သောအုပ်စုများကိုသာ မျက်နှာသာပေးခြင်းများ ဖြစ်လေ့ရှိသည်။ အစိုးရ၏ အသိပညာ၊ စွမ်းဆောင်ရည်နှင့် စိတ်အားထက်သန်မှုများ မရှိခြင်းကြောင့် (သို့) ပဋိပက္ခများဖြစ်ပွားလျက်ရှိခြင်းကြောင့် ထိခိုက်လွယ်သောသူများအတွက် ဝန်ဆောင်မှုများပေးရန် အားပေးလှုံ့ဆော်သောအရာများသည် ယိုယွင်းလျက်ရှိသည်။[၈]
- လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များသည် ဥပဒေများနှင့် မူဝါဒများတွင်ပါရှိမနေခြင်းများ ဖြစ်လေ့ရှိသည်။

ပါရှိနေသော်လည်း လက်ရှိစံသတ်မှတ်ချက်များနှင့် အလေ့အကျင့်ကောင်းများအား ထည့်သွင်းစဉ်းစားထားမှုမရှိခြင်း (သို့) အခြေအနေကိုလိုက်၍ လျော်ညီစွာပြုပြင်ထားမှု မရှိခြင်း (ဥပမာ - ကျေးလက် (သို့) ဝေးလံခေါင်ဖျားသောဒေသများ)နှင့် အကျယ်တဝင့်သိရှိစေခြင်းနှင့်ဖြန့်ဝေထားမှု မရှိခြင်းများ ဖြစ်လေ့ရှိသည်။

ဝန်ဆောင်မှုများ လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းအား တိုးတက်ကောင်းမွန်စေခြင်းသည် လုံလောက်မှုမရှိခြင်း - ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများအနေဖြင့် မိမိတို့လိုအပ်သော ဝန်ဆောင်မှုများ ရှာဖွေရောက်ရှိနိုင်ရန်နှင့် ရယူအသုံးပြုနိုင်ရန်အတွက် လုပ်ပိုင်ခွင့်များအား မြှင့်တင်ပေးနိုင်မည့် လူမှုရေးလုပ်ငန်းများ (သို့) တစ်ဦးချင်းစီ အလိုက်လူမှုရေးပံ့ပိုးမှုပေးခြင်းများ မရရှိနိုင်ခြင်း။

## လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းနှင့် ဂန်ဆောင်မှုများရယူသုံးစွဲနိုင်မှုအား မြှင့်တင်ခြင်းတွင် အောင်မြင်သောစီမံချက်များ (SUCCESSFUL PROJECTS)

ထိုင်းနိုင်ငံတွင်ရှိသော ဗမာဒုက္ခသည်စခန်းများတွင် နေထိုင်သူများ၏ ရာခိုင်နှုန်းအတော်များများသည် အသက်ရှင် ကျန်ရစ်သူများအပါအဝင် မသန်စွမ်းသူများဖြစ်သည်။ ၎င်းတို့သည် အခြားဒုက္ခသည်များ (ပြင်းထန်သောစိန်ခေါ်မှု အများအပြားနှင့် ရင်ဆိုင်နေရသူများ)နှင့် နှိုင်းယှဉ်လျှင် ရွှေ့လျားသွားလာမှု၊ ဆက်သွယ်ဆောင်ရွက်မှုနှင့် ဂန်ဆောင်မှုများ ရယူသုံးစွဲနိုင်မှုများတွင် အခက်အခဲများနှင့် ပိုမိုရင်ဆိုင်ကြုံတွေ့ရသည်။ HI သည် ညစ်ပေ၍ ချောနေသော ဆင်ခြေလျှောများ ရိုးရှင်းသောပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းဖြင့် ဒုက္ခသည်စခန်းများအတွင်းနှင့် မသန်စွမ်းသူများ၏ တဲများအတွင်းတွင် လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်း တိုးတက်ကောင်းမွန်လာစေခဲ့သည်။ HI သည် ကျန်းမာရေးစောင့်ရှောက်မှု၊ ရေနှင့် ပတ်ဂန်းကျင်သန့်ရှင်းရေး စသည်ဖြင့်ဆောင်ရွက်လျက်ရှိသော အခြားအဖွဲ့အစည်းများအား အလွယ်တကူရယူအသုံးပြုနိုင်ခြင်း ရှိလာစေရန် သင်ကြားလေ့ကျင့်ပေးခဲ့သည်။ မိတ်ဖက်အဖွဲ့အစည်း NGO တစ်ခုဖြစ်သော ZOA သည် အသက်ရှင်ကျန်ရစ်သူများအား ဉယျာဉ်စိုက်ပျိုးရေးနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် ပါဂင်ဆောင်ရွက်နိုင်ရန် ၎င်းတို့အသုံးပြုသော ကိရိယာပစ္စည်းများအား ဆီလျော်အောင် ပြုပြင်ပြောင်း လဲရာ၌ ပံ့ပိုးမှုများပေးခဲ့သည်။

ယူဂန်ဒါနိုင်ငံတွင် ယူဂန်ဒါ ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းမှု အမျိုးသားလှုပ်ရှားမှု (UGANDA NATIONAL ACTION ON PHYSICAL DISABILITY) အဖွဲ့အစည်းသည် ကျား/မရေးရာ၊ အလုပ်သမားနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဂန်ကြီးဌာနနှင့်အတူ မသန်စွမ်းမှုဆိုင်ရာအမျိုးသားအဆင့် မူဂါဒအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက် လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ ရေးဆွဲသတ်မှတ်ခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။ ဤသတ်မှတ်ချက်များသည် ဗိသုကာပညာရှင်များ၊ ဂန်ဆောင်မှုပေးသူများနှင့် မူဂါဒချမှတ်သူများအား ဆောက်လုပ်ရေးစီမံချက်များတွင် စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ကာလများ၌ လက်တွေ့ကျသောလမ်းညွှန်ပြသမှုများကို ပေးခဲ့သည်။

## အဖွဲ့ဂင်နိုင်ငံများအနေဖြင့် မည်သည့်အရာများ ပြုလုပ်နိုင်သနည်း။(WHAT CAN STATES DO?)

### လူနေမှုဘဂအရည်အသွေး တိုးတက်မြင့်မားလာစေရန် -

- ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အဆောက်အအုံနေရာများ အပါအဝင် အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ၏ နေအိမ်များတွင် လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းဆိုင်ရာ ပြဿနာရှာဖွေဆန်းစစ်ခြင်းနှင့် ဖြေရှင်းနည်းများပေးခြင်း။
- အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများသည် မိမိတို့လိုအပ်သော ဝန်ဆောင်မှုများအားလုံးအကြောင်း သိရှိနေစေရန်နှင့် ထိုဝန်ဆောင်မှုများရယူသုံးစွဲနိုင်သော လုပ်ပိုင်ခွင့်များရရှိနေစေရန်အတွက် အံဝင်ခွင်ကျဖြစ်သော/တစ်ဦးချင်းစီအလိုက် ပံ့ပိုးမှုများပေးခြင်း။

### ဂန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှု တိုးတက်ကောင်းမွန်စေရန် -

- အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများသည် လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းအား တိုးတက်ကောင်းမွန် စေရန်လုပ်ဆောင်သော အားထုတ်မှုများတွင် အကြံပြုပံ့ပိုးမှုများပေးခြင်းနှင့် မတူညီသောချွတ်ယွင်းအားနည်းမှုများရှိသော မသန်စွမ်းသူများ (အမြင်၊ အကြား၊ စကားပြောခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိဉာဏ်ပညာပိုင်းဆိုင်ရာနှင့် ချို့ယွင်းအားနည်းမှုတစ်ခုထက်ပို၍ဖြစ်နေသော) အားလည်း ကိုယ်စားပြုနိုင်ခြင်း။

ဝန်ဆောင်မှုပေးသူများ၏ လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းဆိုင်ရာ အသိပညာ၊ ခံယူချက်သဘောထားနှင့် အလေ့အကျင့်များအား အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ၎င်းတို့၏ဝန်ဆောင်မှုများ လက်လှမ်းမီရယူသုံးစွဲနိုင်မှု တိုးတက်လာစေရန်အတွက် အံဝင်ခွင်ကျဖြစ်စေသော နည်းဗျူဟာတစ်ခု အတူတကွပူးတွဲ၍ ရေးဆွဲခြင်း။

- လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းဆိုင်ရာ အသိပညာမြင့်မားရေးဟောပြောပွဲများအား တိကျပြီးသက်သေပြနိုင်သော ရည်ရွယ်ချက်များနှင့် ညွှန်းကိန်းများကိုအသုံးပြု၍ ဆောင်ရွက်ခြင်း။ အသိပညာမြင့်မားရေး လှုပ်ရှားမှုများသည် ဦးတည်ချက်များရှိပြီး သတ်မှတ်ထားသော လူပုဂ္ဂိုလ်များနှင့် ဆက်စပ်မှုရှိခြင်း - ဗိသုကာပညာရှင်များ၊ တာဝန်ရှိသူအာဏာပိုင်များ၊ ဝန်ဆောင်မှုပေးသူများ အစရှိသဖြင့်။
- ဝန်ဆောင်မှုပေးသူများ အလွယ်တကူရယူအသုံးပြုနိုင်ခြင်းနှင့် လူတိုင်းအကျုံးဝင်သော ဝန်ဆောင်မှုများ လက်တွေ့အခြေအနေတွင် မည်သို့သောအဓိပ္ပာယ်ရှိသည်နှင့် ၎င်းတို့၏ သက်ဆိုင်ရာကဏ္ဍများနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော နေရာဒေသများတွင် မည်သို့သောအဓိပ္ပာယ်ရှိသည်ကို သင်ကြား လေ့ကျင့်ပေးခြင်း။
- ရောက်ရှိနေသောအခြေအနေနှင့် ကိုက်ညီမှုရှိစေရန်ပြုလုပ်ထားသော လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းဆိုင်ရာ လက်တွေ့ကျသော လမ်းညွှန်ချက်များနှင့် ကဏ္ဍအလိုက်ပြုစုထားသော (ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင် အစရှိသဖြင့်) လမ်းညွှန်ချက်များအား ရေးဆွဲပြင်ဆင်ခြင်းနှင့် ခင်းကျင်းပြသဖြန့်ဝေခြင်း။ ဤလမ်းညွှန်ချက်များတွင် လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းအား ရုပ်ပိုင်း၊ ခံယူချက်သဘောထားပိုင်းနှင့် ဆက်သွယ်ဆောင်ရွက်မှု ပိုင်းဆိုင်ရာ အမြင်များအရ ထည့်သွင်းရေးဆွဲသင့်သည်။
- ဆန်းသစ်တီထွင်ထားသော အလေ့အကျင့်များ ရှာဖွေဖော်ထုတ်ခြင်းနှင့် ထိုအလေ့အကျင့်များအား ပြန့်ပွားစေခြင်း။
- လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းအား တိုးတက်ကောင်းမွန်စေရေးအတွက် အားစိုက်ထုတ်မှုများသည် ရေရှည်တည်တံ့စေသော အကျိုးသက်ရောက်မှုများရရှိစေရန် အာမခံဆောင်ရွက်ခြင်း - ဦးတည်ရွေးချယ်ထားသော ဝန်ဆောင်မှုပေးသူများအတွက် အဆောက်အအုံပိုင်းဆိုင်ရာ၊ ဆက်သွယ်ဆောင်ရွက်မှုများနှင့် အဖွဲ့အစည်းတစ်ခုလုံးနှင့် ဝန်ထမ်းများ၏ ခံယူချက်သဘောထားများ တိုးတက်ကောင်းမွန်လာစေရန် အသိပညာ မြှင့်တင်ခြင်း၊ သင်ကြားလေ့ကျင့်ပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းများပါဝင်သော လမ်းညွှန်ပြသခြင်းနှင့် (၆)လအကြာတွင် အဆိုပါအားစိုက်ထုတ်မှုများ၏ ရလာဒ်များအား နောက်ဆက်တွဲလိုက်လံလေ့လာမှုများ ပြုလုပ်ခြင်း။

## ဥပဒေများနှင့် မူဝါဒများ တိုးတက်ကောင်းမွန်လာစေရန် -

- လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များအပါအဝင် ကဏ္ဍများအားလုံးရှိ ဥပဒေများနှင့် မူဝါဒများတွင် အလေ့အကျင့်ကောင်းများအပေါ်၌ အခြေခံ၍ရေးဆွဲ ထည့်သွင်းပါဝင်စေခြင်း။
- ခရိုင်လူထုအဆင့်တွင် လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းသည် စီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို နည်းပညာပိုင်းနှင့် ငွေကြေးပိုင်းဆိုင်ရာ အထောက်အပံ့များ ပေးခြင်း။

## တိုးတက်မှုကို မည်ကဲ့သို့တိုင်းတာမည်နည်း။ (HOW TO MEASURE PROGRESS)

အချက်အလက်စာစောင်များတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြောင်းလဲမှုကိုပြသနိုင်သော နယ်ပယ်အချို့အား ဖော်ပြထားသည်။ ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်မှု၊ ဥပဒေပြဌာန်းခြင်းနှင့် မူဝါဒများချမှတ်ခြင်းတို့တွင် တိုးတက်လာခြင်းသည် လူနေမှုဘဝအရည်အသွေးတွင် အပြုသဘောဆောင်သော မှန်ကန်သည့် အကျိုးသက်ရောက်မှု များရရှိစေသင့်သည်။

### ➤ လူနေမှုဘဝအရည်အသွေး -

*လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းဆိုင်ရာ ပြုပြင်မွမ်းမံခြင်းများလုပ်ဆောင်ပြီးနောက် အသက်ရှင်ကျန်ရစ်သူများ မိမိတို့၏နေအိမ်အတွင်း ရွေ့လျားသွားလာနိုင်မှုတိုးတက်လာသည်ဟု သတင်းပေးပို့မှုအရေအတွက်များလာခြင်း။

* ပထမဆုံးအကြိမ်အဖြစ် သတ်မှတ်ထားသော ဝန်ဆောင်မှုတစ်ခုအား ရယူအသုံးပြုနိုင်သည်ဟု သတင်းပေးပို့လာသော ဘေးဒုက္ခကျရောက်သူများ အရေအတွက်များလာခြင်း။ *ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှုကြောင့် လူနေမှုဘဝ အရည်အသွေး တိုးတက်ကောင်းမွန်လာသည်ဟု သတင်းပေးပို့လာသော ဘေးဒုက္ခကျရောက်သူများ အရေအတွက်များလာခြင်း။

## ➤ ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်မှု -

*သတ်မှတ်ထားသော ဝန်ဆောင်မှုတစ်ခု အသုံးပြုသူများအားလုံးအနက်မှ မသန်စွမ်းသူများ၏ ရာခိုင်နှုန်း တိုးတက်လာခြင်း။ *လက်လှမ်းမှီ ရယူသုံးစွဲနိုင်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုပေးသူများ၏ အသိပညာ၊ ခံယူချက် သဘောထားများနှင့် အလေ့အကျင့်များ တိုးတက်ကောင်းမွန်လာခြင်း။ *လက်လှမ်းမှီရယူသုံးစွဲနိုင်မှု တိုးတက်ကောင်းမွန်လာစေရန်အတွက် အဆိုပါအကြောင်းအရာဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ သင်တန်းဆင်းများ ပါဝင်ဆောင်ရွက်သူ အရေအတွက်။ *မသန်စွမ်းသူများမှ မိမိတို့၏ဝန်ဆောင်မှုများ လက်လှမ်းမှီ ရယူသုံးစွဲနိုင်မှုရှိစေရန်အတွက် ဆက်တိုက်လမ်းညွှန်ပြသမှုများ လက်ခံရရှိသော ဝန်ဆောင်မှုပေးသူများ အရေအတွက်။ *လက်ရှိ ဗိသုကာပညာ၊ မြို့ပြစီမံကိန်းရေးဆွဲရေးနှင့် မြို့ပြအင်ဂျင်နီယာပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းများတွင် လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းအား ထည့်သွင်းထားခြင်း။

## ➤ ဥပဒေများနှင့် မူဝါဒများ -

*မသန်စွမ်းသူများ၏ ပါဝင်ဆောင်ရွက်မှုဖြင့် လုပ်ဆောင်ထားသော လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်များအပေါ်တွင် အစိုးရ၏စစ်ဆေးမှုများရှိခြင်းနှင့် အရေအတွက်။ *အဆောက်အဦးများအားလုံးသို့ အတားအဆီးကင်းမဲ့စွာ သွားလာနိုင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ရသော နည်းပညာပိုင်းဆိုင်ရာ စံသတ်မှတ်ချက် များ တည်ရှိခြင်း။

## ✓ စီမံချက်နမူနာ - စီနီဂယ်တွင် အသေးစားစီးပွားရေးလုပ်ငန်းရှင် အယ်လီဘီ (ELIBY)အား လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်း

**ဖော်ထုတ်တွေ့ရှိသောပြဿနာများ -** ကာဆာမန့်စ် (CASAMANCE)ရှိ မိုင်းများကြောင့် ထိခိုက်ခံရသောနေရာဒေသများတွင် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းများမရှိခြင်း (အလုပ်လက်မဲ့များ၏ ၆ဝ%)၊ အလုပ်ရှင်များအနေဖြင့်လည်း မိမိတို့၏ ဝန်ဆောင်မှုများသည် မသန်စွမ်းသူများ (အထူးသဖြင့် ဆင်းရဲသော မသန်စွမ်းသူအမျိုးသမီးများ)မှ အလွယ်တကူရယူအသုံးပြုနိုင်ရန်နှင့် အကျိုးဝင်ခြင်းရှိစေရန် မည်သို့ ဆောင်ရွက်ရမည်ကို သိရှိနားလည်မှုမရှိခြင်း။

**စီမံချက်၏ ရည်ရွယ်ချက် -** ၁။ ဒေသခံ အသေးစားသီဟိုဠ်စေ့ထုတ်လုပ်သောလုပ်ငန်းရှင်တစ်ဦးထံသို့ လက်လှမ်းမှီရယူသုံးစွဲနိုင်ခြင်းအား တိုးတက်ကောင်းမွန်လာစေရန်။ ၂။ အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများအား သင့်လော်သော အခြေအနေရှိသည့် အလုပ်များတွင် အခြားသူများနှင့်တန်းတူညီမျှသော လခစားအလုပ်အကိုင် ရရှိနိုင်စေရန် အထောက်အပံ့များပေးခြင်း။

**လုပ်ဆောင်ချက်များ -** ၁။ အသိပညာမြင့်မားရေးဟောပြောပွဲများလုပ်ဆောင်ခြင်းမှတဆင့် အသေးစားစီးပွားရေး လုပ်ငန်းဝန်ထမ်းများနှင့် ရပ်ရွာအဆင့်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စွမ်းဆောင်ရည်များဆိုင်ရာ အသိပညာနှင့် ခံယူချက်သဘောထားများ တိုးတက်ကောင်းမွန်လာစေခြင်း။ ၂။ သင့်လျော်သောအလုပ်အကိုင်အတွက် ILO ၏ စံသတ်မှတ်ချက်များနှင့်အညီ မသန်စွမ်းသူများအား အလုပ်အကိုင်ရရှိစေရန်အတွက် မည်ကဲ့သို့ လုပ်ဆောင်ရ မည်ကို သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် အသေးစားစီးပွားရေးလုပ်ငန်းပိုင်ရှင် အလေ့အကျင့်များ တိုးတက်ကောင်းမွန်လာခြင်း။ ၃။ သီဟိုဠ်စေ့ထုတ်လုပ်သောစက်ရုံ၏ ရုပ်ပိုင်း/အဆောက်အဦးပိုင်းဆိုင်ရာ လက်လှမ်းမှီရယူနိုင်မှု တိုးတက်ကောင်းမွန်လာစေရန် နည်းပညာပံ့ပိုးမှုများပေးခြင်း (အဆောက်အဦးများ၏ ဝင်ပေါက်၊ သေးငယ်သော စက်ရုံအတွင်း လှည့်ပတ်သွားလာနိုင်မှု၊ အလုပ်နေရာများ ဆီလျော်အောင်ပြုပြင်မှုများ၊ ဘီးတပ် ကုလားထိုင်အသုံးပြုသူများအနေဖြင့် အိမ်သာများနှင့် အခြားပစ္စည်းကိရိယာများ အသုံးပြုနိုင်မှု)။ ၄။ အသေးစား စီးပွားရေးလုပ်ငန်းရှင်များ မျှတသောကုန်သွယ်မှုကွန်ယက်နှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် ထောက်ပံ့ပေးခြင်း။ ၅။ လခစားအလုပ်အကိုင်များအား ရရှိလုပ်ကိုင်နိုင်ရန် မသန်စွမ်းသူများအတွက် တစ်ဦးချင်း အလိုက်ပံ့ပိုးမှုများပေးခြင်း (တစ်ဦးချင်းစီအလိုက် လူမှုရေးဆိုင်ရာ ပံ့ပိုးမှုပေးခြင်း၊ ပြန်လည်သန်စွမ်းရေးဝန်ဆောင်မှုများ၊ အားပြုကိရိယာများရရှိနိုင်သောနေရာများနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သင်တန်းများ ထံသို့လွှဲပြောင်းညွှန်းပို့ခြင်း)။

**ရေရှည်တည်တံ့ရေး -** စီမံချက်အား အသေးစား ဒေသခံစီးပွားရေးလုပ်ငန်းတစ်ခုနှင့် တွဲဖက်၍အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

နိုင်ငံတွင်းနှင့်   အပြည်ပြည်ဆိုင်ရာဈေးကွက်များသို့  ချိတ်ဆက်မှုများပြုလုပ်ရာတွင် လွယ်ကူချောမွေ့စေရန် မျှတသောကုန်သွယ်မှုကွန်ယက်နှင့်လည်း အဆက်အသွယ်များ ပြုလုပ်ခဲ့သည်။ အလေ့အကျင့်ကောင်းများ ဖြန့်ဝေရန်အတွက် အသိပညာမြှင့်တင်ခြင်း ဗီဒီယိုတစ်ခုအား ပြင်ဆင်ထုတ်လုပ်ခဲ့သည်။

**အမိကညွှန်းကိန်းများ** - မသန်စွမ်းသူအယောက် (၄၀)ကျော်အား အသေးစားစီးပွားရေးလုပ်ငန်းနှင့် ၎င်း၏မိတ်ဖက် အဖွဲ့အစည်းများမှ အလုပ်ခန့်ထားခဲ့ပြီး၊ ထိုအရေအတွက်သည် ၎င်းတို့၏ အလုပ်သမားအင်အား၏ အနည်းဆုံး ၁၀% အား ကိုယ်စားပြုသည်။

**စီမံချက်ကြာမြင့်ချိန်ကာလ** - ၃ နှစ်။

**အလှူရှင်** - နယ်သာလန်နိုင်ငံသံရုံး (EMBASSY OF THE NETHERLANDS)။

**အကောင်အထည်ဖော်ဆောင်ရွက်သူများ** - HI, ENTERPRISEWORKS, ELIBY

## ကိုးကားခြင်းများ


(1)(2) HI. ACCESSIBILITY POLICY PAPER. 2009. (3)(7) HI. ACCESS TO SERVICES FOR PERSONS WITH DISABILITIES IN CHALLENGING ENVIRONMENTS. 2010. (4) ICBL, CMC. LANDMINE AND CLUSTER MUNITION MONITOR. 2012. (5) IDDC. MAKE DEVELOPMENT INCLUSIVE WEBSITE. ACCESSED MARCH 2013. (6) HI. HOW TO BUILD AN ACCESSIBLE ENVIRON-MENT IN DEVELOPING COUNTRIES. 2008. (8) OECD. SERVICE DELIVERY IN FRAGILE SITUATIONS. 2008


HANDICAP INTERNATIONAL

# 10 ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းနှင့် ဆက်စပ်သက်ဆိုင်သော ကိစ္စရပ်များ - အချက်အလက် ကောက်ယူခြင်း ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ - စာရင်းဇယားနှင့် အချက်အလက်ကောက်ယူခြင်း

## အချက်အလက်ကောက်ယူခြင်း ဆိုသည်မှာ အဘယ်နည်း။

(WHAT IS DATA COLLECTION?)

အချက်အလက် ကောက်ယူခြင်း ဆိုသည်မှာ သတ်မှတ်ထားသောပိုင်နက်နယ်မြေ တစ်ခုတွင် သတင်းအချက် အလက်များ စုဆောင်းခြင်း၊ ဆန်းစစ်သုံးသပ်ခြင်းနှင့် မျှဝေခြင်းတို့ကိုဆိုလိုသည်။ ဤအရာသည် ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းဆိုင်ရာ အခြေအနေတွင်ထိခိုက်ဒဏ်ရာရသူများ၏ အရေအတွက်၊ အခြေအနေနှင့် လူနေမှုဘဝအရည်အသွေးအပေါ်တွင် ကောက်ယူရသော အချက်အလက်များကို ဆိုလိုသည်။

၎င်း၏ရည်မှန်းချက်ပန်းတိုင်မှာ - ၁။ထိခိုက်ဒဏ်ရာရသူများ၏ အရေအတွက်၊ လိင်၊ အသက်အရွယ်၊ အခြေအနေ၊လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်များဆိုင်ရာ သတင်းအချက်အလက်များအား နားလည်ရန်၊အစီရင်ခံတင်ပြရန်နှင့် ဖြန့်ဝေရန်။ - ၂။ ထိခိုက်ဒဏ်ရာရသူများ၏ အခွင့်အရေးများနှင့် လိုအပ်ချက်များအား တုန့်ပြန်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနများနှင့် အခြားအကျိုးတူပူးပေါင်းပါဝင်သူများအား မူဝါဒများ၊ အစီအစဉ်များနှင့် စီမံကိန်းများအား ရေးဆွဲပြဌာန်းခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းများ ဆောင်ရွက်နိုင်စေရန်။ ဆက်စပ်သက်ဆိုင်ပြီး တိကျသော အချက်အလက်များ မရှိပါက ထိရောက်သောမူဝါဒဆိုင်ရာ ရွေးချယ်မှုများအား အဆိုပြုရန်၊တိုးတက်မှုကို တိုင်းတာရန်အတွက် အခြေခံအချက်အလက်ပိုင်ဆိုင်ထားရန်၊အရင်းအမြစ်များအား စုဆောင်းလှုံ့ဆော်ရန်နှင့် ယေဘူယျအားဖြင့် ဘေးဒုက္ခကျရောက်သူများအကူအညီပေးခြင်း (VA)အား ထိရောက်စွာနှင့်နည်းဗျူဟာကျစွာ အစီအစဉ်ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန် လုံးဝမဖြစ်နိုင်ပါ။

### အမြန်လေ့လာနိုင်သော အချက်အလက်များ (QUICK FACTS)

- ➤ ၂၀၁၁ခုနှစ်တွင် ကမ္ဘာတစ်ဝှမ်း၌ မိုင်းများ/စစ်အကြွင်းအကျန်ပေါက်ကွဲပစ္စည်း (ERW) များကြောင့် သေကြေ ဒဏ်ရာရသူပေါင်း (၄၂၈၆)ဦးရှိကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။(၄)
- ➤ စစ်အတွင်း(သို့)မတော်တဆဖြစ်မှုကြောင့်သေကြေဒဏ်ရာရသူများဆိုင်ရာ အချက်အလက်များသည် IMSMA အား အသုံးပြုသောနိုင်ငံများတွင် ပို၍စနစ်တကျရှိသော်လည်း VA အား စီမံကိန်းရေးဆွဲရန်နှင့် စောင့်ကြည့်စစ်ဆေးရန်အတွက်မှာမူ အခြားဆောင်ရွက်သည့်နည်းလမ်းများသည် ပို၍ပြီးပြည့်စုံမှုရှိသည်။
- ➤ ထိခိုက်ခံရသောနိုင်ငံအများစုတွင် ထိခိုက်ဒဏ်ရာရသူများ၏ လူနေမှုဘဝ အရည်အသွေးနှင့်စပ်လျဉ်းသော အခြေခံသတင်းအချက်အလက်များ မရှိခြင်းကြောင့် တိုးတက်မှုကိုတိုင်းတာရန်အတွက် ခက်ခဲသည်။
- ➤ နိုင်ငံ (၁၀)နိုင်ငံတွင်သာ အတန်အသင့်ပြည့်စုံမှုရှိသော VAဆိုင်ရာ လိုအပ်ချက်များအား ဆန်းစစ်အကဲဖြတ်ခြင်း များ ပြုလုပ်ခဲ့သည်။(၅)

အဓိက ဆောင်ရွက်သည့်နည်းလမ်းများတွင် အောက်ဖော်ပြပါနည်းလမ်းများ ပါဝင်သည် -

➤ စစ်အတွင်း(သို့)မတော်တဆဖြစ်မှုကြောင့် သေကြေဒဏ်ရာရသူများဆိုင်ရာ အချက်အလက်ကောက်ယူခြင်း - ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း၊ ရှင်းလင်းခြင်းနှင့် မြေယာများ ပြန်လည်ထုတ်ပေးခြင်းနှင့်ဆိုင်သော စီမံကိန်းများရေးဆွဲနိုင်ရန် အဓိကရည်ရွယ်၍ စစ်အတွင်း (သို့) မတော်တဆဖြစ်မှုကြောင့် သေကြေဒဏ်ရာရသူများဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း။ ဤရည်ရွယ်ချက်ဖြင့်ပင် မိုင်းလှုပ်ရှားမှုဌာနများနှင့် တာဝန်ရှိသူအာဏာပိုင်များ (MINE ACTION CENTERS & AUTHORITIES) သည် မိုင်းလှုပ်ရှားမှုအတွက် သတင်းအချက်အလက်စီမံခန့်ခွဲခြင်းစနစ် (INFORMATION MANAGEMENT SYSTEM FOR MINE ACTION – IMSMA) တစ်ခုကို အများအားဖြင့် အသုံးပြုလေ့ရှိသည်။(၁)

➤ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်များအား အကဲဖြတ်ခြင်းနှင့် ရရှိနိုင်သောဝန်ဆောင်မှုများ စာရင်းပြုစုခြင်း - ဤဆောင်ရွက်မှုနည်းလမ်းများသည် သတ်မှတ်ထားသောနယ်မြေတစ်ခုအတွင်းရှိ အခြေအနေအား နားလည်သဘော ပေါက်စေရန်နှင့် အားလုံးပါဝင်ဆောင်ရွက်ခြင်းနည်းလမ်းဖြင့် အရင်းအမြစ်များအားခွဲဝေနေရာချထားခြင်း အပါအဝင် စီမံကိန်းများ အစီအစဉ်ရေးဆွဲနိုင်ရန်နှင့် ဦးစားပေး လုပ်ဆောင်နိုင်ရန်အတွက် သက်ဆိုင်သောအချက်အလက်များအား စုဆောင်းခြင်းဖြစ်သည်။ ကောက်ယူခဲ့သောအချက်အလက်များမှာ - (က) ဦးတည်သတ်မှတ်ထားသော လူထု၏ - လိုအပ်ချက်များ၊ တောင်းဆိုချက်များ၊ စွမ်းဆောင်ရည်များနှင့် အရင်းအမြစ်အင်အားများနှင့် (ခ) ပတ်ဝန်းကျင်ရှိ - ဘေးဒုက္ခကျရောက်သူများ၏ လူနေမှုဘဝအရည်အသွေးတိုးတက်စေရန် ပံ့ပိုးမှုပေးသူ (သို့) အတားအဆီးဖြစ်စေသော ဝန်ဆောင်မှုပေးသူများ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများနှင့် အခြေခံအဆောက်အအုံများ ဖြစ်သည်။(၂)

➤ တစ်ဦးချင်းစီအလိုက်ပံ့ပိုးမှုပေးနိုင်ရန်အတွက် ပြဿနာရှာဖွေဆန်းစစ်ခြင်း - ထိခိုက်လွယ်မှုအမြင့်မားဆုံးဖြစ်သော ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ၏ လူနေမှုဘဝအရည်အသွေး တိုးတက်မြင့်မားလာစေရေးအတွက် အထောက်အပံ့များပေးနိုင်ရန်ဟူသော တိကျသည့် ရည်ရွယ်ချက်ဖြင့် ၎င်းတို့နှင့်စပ်လျဉ်းသော သတင်းအချက်အလက်များ ကောက်ယူခြင်းဖြစ်သည်။ ထိုသို့ကောက်ယူရာတွင် လူတစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ဦးစားပေးခြင်းများနှင့် ထိုသူတို့၏ မိသားစုများနှင့် ကျန်းမာရေးနှင့်လူမှုရေးလုပ်သားများ ကဲ့သို့သော ကျွမ်းကျင်ပညာရှင်များထံမှ တုန့်ပြန် အကြံပြုချက်များအား ထည့်သွင်းကောက်ယူခဲ့ပြီး ထိုသူတို့၏ ပတ်ဝန်းကျင်တွင်ရှိသော အတားအဆီးများနှင့် ပံ့ပိုးမှု ပေးနိုင်သော အရာများကိုလည်း ရှာဖွေဖော်ထုတ်ပေးသည်။[၃]

## ဥပဒေနှင့် မူဝါဒဆိုင်ရာ မူဘောင်များ

CCM: အပိုဒ် ၅၊ စာပိုဒ် ၁၊ ၂ (က)။ အပိုဒ် ၇၊ စာပိုဒ် ၁(ဌ)။

Vientiane Action Plan: လုပ်ဆောင်ချက် #၂၂ နှင့် #၂၅။

Cartagena Action Plan: အခန်း ၄၊ လုပ်ဆောင်ချက် #၂၅။

CRPD: အပိုဒ် ၃၁။

## မည်သူတို့သည် အဓိက အကျိုးတူပူးပေါင်း ပါဝင်သူများ ဖြစ်သနည်း?

အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ အဖွဲ့အစည်းများ။

ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းနှင့် သက်ဆိုင်သော ကဏ္ဍများအားလုံးရှိ ဝန်ဆောင်မှုပေးသူများ။

ဝန်ကြီးဌာနများ - လူမှုရေးရာ၊ မသန်စွမ်းမှု တာဝန်ယူ ဆောင်ရွက်သောဗဟိုဌာန၊ အခြားသော ဝန်ကြီးဌာနများ အားလုံး။

မိုင်းလှုပ်ရှားမှုဌာနများ (Mine Action Centers – MAC)နှင့် တာဝန်ရှိသူအာဏာပိုင်များ (Mine Action Authorities - MAA)

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ - ကုလသမဂ္ဂ စာရင်းအင်းဌာန၊ ဂျီနီဗာ နိုင်ငံသကာ လူသားချင်းစာနာထောက်ထားသည့် မိုင်းရှင်းလင်းရေး ဗဟို (The UN Statistics Division, theGeneva International Centre for Humanitarian Demining)

## ဝင်ငွေနည်းတိုင်းပြည်များတွင် အများအားဖြင့်ကြုံတွေ့လေ့ရှိသော စိန်ခေါ်မှုများမှာ အဘယ်နည်း။

➤ နိုင်ငံအများစုတွင် စာရင်းဇယား၊ အချက်အလက်ကောက်ယူခြင်းနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ယန္တရားများအား မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRPD)၏ စံသတ်မှတ်ချက်များနှင့်အညီ တည်ထောင်ထားမှု မရှိသေးခြင်း။

➤ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင်ရှိသော ကျန်းမာရေး သတင်းအချက်အလက်စုဆောင်းရေးစနစ်များအားနည်းခြင်း။[၆]

➤ သတင်းအချက်အလက်ကောက်ယူခြင်းဆိုင်ရာ နည်းလမ်းများဆောင်ရွက်ရန်အတွက် အရင်းအမြစ်အင်အားများနှင့် သင်ကြားလေ့ကျင့်ပေးထားသော ဝန်ထမ်းများ အကန့်အသတ်ဖြင့်သာရှိခြင်းနှင့် ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများ မည်ကဲ့သို့တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ရမည်ကို မသိရှိခြင်း။ တာဝန်ရှိသူအာဏာပိုင်များ၊ ဝန်ဆောင်မှုပေးသူများနှင့် မသန်စွမ်းသူများဆိုင်ရာအဖွဲ့အစည်းများ (DPO) အချင်းချင်းညှိနှိုင်းဆောင်ရွက်မှုအနည်းငယ်ဖြင့် အချက်အလက်များစုဆောင်းလျက်ရှိပြီး ရရှိလာသောအချက်အလက်များအား စနစ်တကျစုစည်းတင်ပြရန်အတွက် နည်းစနစ်၊ ယန္တရားတစ်ခု မရှိခြင်းများဖြစ်နိုင်သည်။ ထိုသို့သောအချက်အလက်များသည် နှိုင်းယှဉ်ပြသနိုင်ရန် အလွန်ဖြစ်ခဲသောကြောင့် ကမ္ဘာ့တစ်ဝှမ်းရှိအခြေအနေများကို နားလည်သဘောပေါက်နိုင်ရန်အတွက် အသုံးပြုရန် ခက်ခဲသည်။

- အချို့သောအခြေအနေများတွင် ကောက်ယူရရှိလာသော အချက်အလက်များ ဘေးဒုက္ခကျရောက်သူများ၏ လူနေမှု ဘဝအရည်အသွေး တိုးတက်မြင့်မားလာစေရန်အတွက် စီမံကိန်းများရေးဆွဲခြင်းတွင် အသုံးပြုခြင်းမရှိသောကြောင့် မျှော်လင့်ချက်များသာပေးထားခြင်း၏ အပြုသဘောမဆောင်သော နောက်ဆက်တွဲ ဆိုးကျိုးများကိုရရှိစေသည်။
- အချက်အလက်ကောက်ယူခြင်း နည်းလမ်းများ၊ ရည်ရွယ်ချက်များနှင့် အသုံးပြုမှုတို့နှင့်စပ်လျဉ်း၍ MAC ၊ MAA နှင့် ဝန်ကြီးဌာနများအကြားတွင် လုံလောက်သောညှိနှိုင်းဆောင်ရွက်မှုများ မရှိခြင်း။
- မသန်စွမ်းမှုနှင့်စပ်လျဉ်း၍ သင့်လျော်သောမေးခွန်းများ မည်ကဲ့သို့ပြင်ဆင်ရမည်ကို မသိရှိခြင်း - အစဉ်အလာ အတိုင်းဖြစ်နေသော မေးခွန်းများကို အိမ်ထောင်စုဝင်များ မေးသည့်အခါ ၎င်းတို့သည် "နားပင်းခြင်း၊ မျက်စိကန်းခြင်း၊ ကိုယ်အင်္ဂါချို့တဲ့ခြင်း/ဒုက္ခိတ (သို့) ဉာဏ်မမှီခြင်း" များဖြစ်နေသလားဟူ၍ ဝေါဟာရအဟောင်းများ အသုံးပြုခြင်းနှင့် ထိုဝေါဟာရများသည် တိမ်ကောနေပြီဖြစ်သော ယခင်က ဆေးပညာအမြင်အား အခြေခံထားပြီး ကန့်သတ်ခြင်းရှိ၍ ဘက်လိုက်သောအသုံးအနှုန်းများသာဖြစ်သည်။ ဤသို့သောချဉ်းကပ်နည်းအား အသုံးပြုပါက ရှာဖွေတွေ့ရှိနိုင်သော မသန်စွမ်းသူများအရေအတွက်မှာ နည်းပါးပြီး အစိုးရများအနေဖြင့် ထိုအရေအတွက်အား လျစ်လျူရှုခြင်း (သို့) မသန်စွမ်းသူများနှင့်သက်ဆိုင်သော မူဝါဒများနှင့် စီမံကိန်းများအား အဆင့်လျှော့ချ၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများကိုသာ ပေးခြင်းများ ပြုလုပ်နိုင်သည်။[၇]

## အချက်အလက်ကောက်ယူခြင်းတွင် အောင်မြင်သောစီမံချက်များ (Successful Projects)

အယ်လ်ဘေးနီးယားနိုင်ငံတွင် စီမံကိန်းရေးဆွဲခြင်းနှင့် သတင်းအချက်အလက်များမျှဝေခြင်းတွင် အသုံးပြုရန်အတွက် အချက်အလက်ကောက်ယူခြင်းအား ကျယ်ပြန့်စွာလုပ်ဆောင်ခဲ့ခြင်းသည် ၂၀၀၅ခုနှစ် မှ ၂၀၀၉ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော VA စီမံကိန်း အောင်မြင်စေရန်အတွက် အထောက်အပံ့ဖြစ်ခဲ့သည်။ ၂၀၁၁ခုနှစ်တွင် DPO တစ်ခု ဖြစ်သော ALB-AIDသည် ၎င်း၏အသင်းဝင်များအကြားတွင် အသက်ရှင်ကျန်ရစ်သူများအားလုံး၏ အချက်အလက် များအား ထိန်းသိမ်းထားခဲ့သည်။ အယ်လ်ဘေးနီးယားနိုင်ငံကြက်ခြေနီအသင်း (The Albanian Red Cross Society)သည်ခရိုင် (၁၂)ခုတွင် သေကြေဒဏ်ရာရသူများနှင့် ဆိုင်သော အချက်အလက်များကောက်ယူခဲ့သည်။ အချက် အလက်များအား အသက်အရွယ်၊ လိင် စသည်တို့အလိုက် ခွဲခြားကောက်ယူထားပြီး IMSMA အချက်အလက် စုဆောင်းမှု (database)ထဲတွင် မှတ်တမ်းတင်ထားခဲ့သည်။[၈]

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၅ခုနှစ် အမျိုးသားအဆင့်မသန်စွမ်းမှုစစ်တမ်းကောက်ယူခြင်း (2005 National Disability Survey) ပြုလုပ်ခဲ့ခြင်းကြောင့် အသက်ရှင်ကျန်ရစ်သူများအပါဝင် မသန်စွမ်းသူများ၏ အရေအတွက်နှင့် ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ နယ်ပယ်များတွင် ၎င်းတို့၏ လိုအပ်ချက်များနှင့် ဦးစားပေးခြင်းများအား ပိုမိုသိရှိနားလည်လာခဲ့သည်။[၉]

ကမ္ဘောဒီးယားနိုင်ငံတွင် HI မှဆောင်ရွက်လျက်ရှိသော စီမံချက်တစ်ခု၊ ဒေသခံ NGO တစ်ခုဖြစ်သော OECနှင့် ကမ္ဘောဒီးယား DPO (Cambodian DPO) တစ်ခုတို့သည် စီမံချက်မစတင်မီနှင့် စီမံချက်ပြီးဆုံးချိန်၌ ထိခိုက်ဒဏ်ရာရ သူများ၏ အခြေခံလိုအပ်ချက်များ၊ စွမ်းဆောင်ရည်များနှင့် ရပ်ရွာအတွင်း၊ လူမှုရေးရာနှင့် နိုင်ငံရေးရာတို့တွင် ပါဝင် ဆောင်ရွက်မှုများ အပေါ်တွင် အချက်အလက်များအား ကောက်ယူခဲ့သည်။ ထိုသို့ကောက်ယူခဲ့ခြင်းကြောင့် လူနေမှု ဘဝအရည်အသွေးတွင် တိုးတက်ကောင်းမွန်လာမှုများအား တိုင်းတာနိုင်ခဲ့ပြီး အစီရင်ခံရေးသား တင်ပြနိုင်ခဲ့သည်။[၁၀]

နီကာရာဂွာနိုင်ငံတွင် နိုင်ငံတဝှမ်းလုံး၌ လုပ်ဆောင်လျက်ရှိသော မသန်စွမ်းမှုဆိုင်ရာ လူထုစစ်တမ်းကောက်ယူခြင်း (Disability Community Surveys)၏ အစိတ်အပိုင်းတစ်ခုအဖြစ် အသက်ရှင်ကျန်ရစ်သူများနှင့်ဆိုင်သော သတင်းအချက်အလက်များအား ကောက်ယူခဲ့သည်။[၁၁]

## ၂၅ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်သည့်အရာများ ပြုလုပ်နိုင်သနည်း။ (What can States do?)

### အမျိုးသားအဆင့်တွင် -

- IMSMA မှတဆင့်သေကြေဒဏ်ရာရသူများဆိုင်ရာ အချက်အလက် ကောက်ယူခြင်းသည် လူတိုင်းအကျုံးဝင် သောဖွံ့ဖြိုးတိုးတက်မှုနှင့် VA တွင် ဦးစားပေးမှုများ သတ်မှတ်ရာ၌ အသုံးပြုခြင်းထက်စာလျှင် ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးခြင်း၊ ရှင်းလင်းခြင်းနှင့် မြေယာများပြန်လည်ထုတ်ပေးခြင်းတွင် ဦးစားပေးအဆင့်များသတ်မှတ်ရာ၌ အသုံးပြုပါက ပိုမိုသင့်လျော်သည်။
- VA တွင် MAC မှ ဦးဆောင်သောအခါ၌ ယာယီသဘောသာဖြစ်သင့်ပြီး အသိပညာမြင့်မားရေး၊ စည်းရုံးလှုံ့ဆော်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဦးဆောင်မှုတာဝန်ထမ်းဆောင်နိုင်ရန်အတွက် (အထူးသဖြင့် မသန်စွမ်းမှုအတွက် တာဝန်ရှိသောဝန်ကြီးဌာနတစ်ခုတည်ရှိပြီးဖြစ်ပါက) အထောက်အပံ့ပေး ရေးတို့အား ဦးတည်ဆောင်ရွက်သင့်သည်။
- မသန်စွမ်းသူများအတွက် VA လုပ်ဆောင်မှုများအား တိုးတက်ကောင်းမွန်လာစေရန်နှင့် ဝန်ဆောင်မှုများအား ရယူအသုံးပြုနိုင်စေရန် ရည်ရွယ်ချက်ဖြင့် အချက်အလက်ကောက်ယူခြင်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအား လမ်းညွှန်ပြသခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့တွင် တာဝန်ယူ ဆောင်ရွက်မည့် ဝန်ကြီးဌာန၊ အာဏာပိုင် အဖွဲ့အစည်း (သို့) ကော်မတီတစ်ခုအား သတ်မှတ်ပေးခြင်း။
- VA နှင့်သက်ဆိုင်သော မူဝါဒများ၊ အစီအစဉ်များနှင့် စီမံကိန်းများအား ရေးဆွဲသတ်မှတ်ရန်အတွက် အသုံးပြုမည့် အချက်အလက်များသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ (ကျန်းမာရေး၊ လူမှုရေးရာ၊ အလုပ်အကိုင်၊ အစရှိသည်)၏ အဓိကတာဝန်ဝတ္တရား အောက်တွင်သာ ရှိနေသင့်သည်။

### ကွင်းဆင်းဆောင်ရွက်မှုအဆင့်တွင် -

- အသင့်လျော်ဆုံးဖြစ်သော ဆောင်ရွက်သည့်နည်းလမ်းများ ရွေးချယ်အသုံးပြုနိုင်ရန်အတွက် အားလုံးပါဝင်ဆောင်ရွက်သောနည်းကိုအသုံးပြု၍ ကွဲပြားခြားနားသော အချက်အလက်ကောက်ယူခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် ရည်ရွယ်ချက်များအား ရှာဖွေသတ်မှတ်ခြင်း။ ဆောင်ရွက်သည့် နည်းလမ်း တစ်ခုတည်း (ဥပမာ-ထိခိုက်ဒဏ်ရာရခြင်းအား စောင့်ကြည့်မှု၊ အသက်ရှင်ကျန်ရစ်သူများ၏ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်များအား အကဲဖြတ်ခြင်းစသည်) အားသုံးခြင်းဖြင့် မိုင်းလုပ်ရှားမှုစီမံကိန်း (Mine Action programs)များ၏ လိုအပ်ချက်များ၊ VA ဆိုင်ရာမူဝါဒရေးဆွဲခြင်း၊ (သို့) ထိခိုက်ဒဏ်ရာရသူများ၏ လူနေမှုဘဝအရည်အသွေး တိုးတက်မြင့်မားလာမှုများအား တိုင်းတာခြင်းနှင့် အစီရင်ခံတင်ပြခြင်းများအား တန်းတူညီမျှစွာ တုန့်ပြန်ဆောင်ရွက်နိုင်မည် မဟုတ်ပေ။
- အသက်ရှင်ကျန်ရစ်သူများနှင့်သက်ဆိုင်သော အချက်အလက်များကောက်ယူခြင်းအား တိုးတက်ကောင်းမွန် စေရန်အတွက် ကြိုးပမ်းအားထုတ်မှုများအားလုံးသည် မသန်စွမ်းသူများအားလုံးနှင့်သက်ဆိုင်သော အချက်အလက်များကောက်ယူရန်အတွက် ပိုမိုကြီးမားသောအားထုတ်ဆောင်ရွက်မှုများနှင့် ချိတ်ဆက်မှုရှိရမည်။
- အချက်အလက်ကောက်ယူသူများအား ထိရောက်သောအချက်အလက်ကောက်ယူခြင်းဆိုင်ရာ နည်းလမ်းများ၊ ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် မတူညီသောချွတ်ယွင်းအားနည်းမှုများ ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်ရေးနည်းလမ်းများ အပေါ်တွင် သင်ကြားလေ့ကျင့်ပေးခြင်း။
- တွေ့ဆုံမေးမြန်းခြင်းခံရသော ထိခိုက်ဒဏ်ရာရသူများအနေဖြင့် အချက်အလက်ကောက်ယူခြင်း၏ ရည်ရွယ်ချက်အား နားလည်သဘောပေါက်မှု ရှိစေရန် ဆောင်ရွက်ခြင်း။
- ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများနှင့်သက်ဆိုင်သော အချက်အလက်များအား လျှို့ဝှက်သိုသိပ်မှုနှင့် အတွင်းရေးလုံခြုံမှုအားလေးစားမှု ရှိစေရန် အကာအကွယ်ပေးမှုများအား တည်ဆောက်ခြင်း။

မေးခွန်းလွှာများတွင် မသန်စွမ်းမှုနှင့်စပ်လျဉ်း၍ သင့်လျော်သော ဝေါဟာရအသုံးအနှုန်းများကိုသာ အသုံးပြု စေခြင်း - ဆိုလိုသည်မှာ - ခွဲခြားဆက်ဆံသည့် သဘောသက်ရောက်စေသော အသုံးအနှုန်းများကို ရှောင်ရှားရန် - ဥပမာ - ကိုယ်အင်္ဂါချို့တဲ့နေသူ/ဒုက္ခိတ။ မေးခွန်းများနှင့် ဝေါဟာရအသုံးအနှုန်းများသည် လှုပ်ရှားလုပ်ဆောင်မှု ဆိုင်ရာ အပြည်ပြည်ဆိုင်ရာခွဲခြားသတ်မှတ်ချက် (International Classification of Functioning)အရ ရေးသားပြုစုထားသော ကုလသမဂ္ဂ စာရင်းအင်းဌာန (UN Statistics Division)၏ ထောက်ခံ အကြံပြုချက်များအား အခြေပြုထားသင့်သည်။ ဤလုပ်ဆောင်မှုအား မည်သို့ပေါင်းစပ်ဖွဲ့စည်း ဆောင်ရွက်သည်နှင့်ဆိုင်သော ဥပမာများသည် အာရှနိုင်ငံများ၏ သန်းခေါင်စာရင်းကောက်ယူမှုများတွင် တွေ့နိုင်သည်။[၁၂]

## တိုးတက်မှုကို မည်ကဲ့သို့တိုင်းတာမည်နည်း။ (How to measure progress)

အချက်အလက်စာစောင်များတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြောင်းလဲမှုကိုပြသနိုင်သော နယ်ပယ်အချို့အားဖော်ပြထားသည်။ ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှုနှင့် ဥပဒေပြဌာန်းခြင်းနှင့် မူဝါဒများချမှတ်ခြင်းတို့တွင် တိုးတက်လာခြင်းသည် နောက်ဆုံး၌ လူနေမှုဘဝအရည်အသွေးတွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှု များအား ရရှိစေသင့်သည်။

- အမျိုးသားအဆင့်သန်းခေါင်စာရင်းကောက်ယူခြင်းတွင် မသန်စွမ်းမှုဆိုင်ရာ အချက်အလက်များအား ကုလသမဂ္ဂ စာရင်းအင်းဌာန (UN Statistics Division)၏ လမ်းညွှန်ချက်များအရ သက်ဆိုင်သောမေးခွန်းများနှင့် တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ ချဉ်းကပ်နည်းများအားအသုံးပြုခြင်းဖြင့် ထည့်သွင်းကောက်ယူခြင်း။
- အမျိုးသားအဆင့် ထိခိုက်ဒဏ်ရာရခြင်းအား စောင့်ကြည့်မှုစနစ်သည် မိုင်းများ/ERW ကြောင့်မတော်တဆဖြစ်မှုများမှ ရရှိသောဒဏ်ရာများအပါအဝင် မတူညီသောအကြောင်းတရားများနှင့် ထိခိုက်ဒဏ်ရာအမျိုးအစားများအား ခွဲခြား မှတ်သားခြင်း။
  သေကြေဒဏ်ရာရသူများနှင့်စပ်လျဉ်းသော IMSMA အချက်အလက်များသည် ထိခိုက်ဒဏ်ရာရသူများအား ရှာဖွေဖော်ထုတ်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများထံသို့ စနစ်တကျဖြန့်ဝေရန်အတွက် ပထမအဆင့်အနေဖြင့် အသုံးပြုခြင်း။
- မသန်စွမ်းသူများဆိုင်ရာ အချက်အလက်ကောက်ယူခြင်းယန္တရားတစ်ခု တည်ရှိပြီး ၎င်းသည် CRPD နှင့်အညီဖြစ်၍ အသက်ရှင်ကျန်ရစ်သူများနှင့် ဆိုင်သော အချက်အလက်များအားလည်း ထည့်သွင်းကောက်ယူထားခြင်း။
- မတူကွဲပြားသော ယန္တရားများနှင့် ဆောင်ရွက်သည့်နည်းလမ်းများ (ထိခိုက်ဒဏ်ရာရခြင်းအား စောင့်ကြည့်မှု၊ IMSMA၊ အသက်ရှင်ကျန်ရစ်သူများ၏ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်များအားအကဲဖြတ်ခြင်း အစရှိသည်) အပါအဝင် VA နှင့်သက်ဆိုင်သော အချက်အလက်ကောက်ယူခြင်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအားလုံးကို လမ်းညွှန်ချက်ပေးရန် နှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်အတွက် တာဝန်ခံဗဟိုဌာန (သို့) ကော်မတီတစ်ခု တည်ရှိခြင်း။
- အချက်အလက်ကောက်ယူသူများအား ဆောင်ရွက်သည့်နည်းလမ်းများနှင့် ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူ များအား အဓိပ္ပာယ်ပြည့်ဝပြီး လေးစားမှုရှိစွာ ဆက်သွယ်ဆောင်ရွက်တတ်စေရန် သင်ကြားလေ့ကျင့်ပေးခြင်း။
- လူနေမှုဘဝအရည်အသွေးနှင့် ပါဝင်ဆောင်ရွက်ခြင်းအား အဓိကထား၍ VA ဆိုင်ရာ တိုးတက်မှုများကို တိုင်းတာရန်နှင့် အစီရင်ခံရေးသားတင်ပြရန်အတွက် အားလုံးပါဝင်သောနည်းဖြင့် အခြေခံအချက်အလက်များ ကောက်ယူထား ခြင်း။
- သက်ဆိုင်သော အကျိုးတူပူးပေါင်းပါဝင်သူများထံသို့ ဆီလျော်သောအချက်အလက်များအား ဖြန့်ဝေခြင်းနှင့် ရရှိစေခြင်း။ တစ်ချိန်တည်းမှာပင် ထိခိုက်ဒဏ်ရာရသူများအတွက် လျှို့ဝှက်သိုသိပ်မှုရှိစေခြင်း။

## စီမံချက်နမူနာ - ကမ္ဘောဒီးယား မိုင်းများ / ERW များကြောင့် ထိခိုက်ဒဏ်ရာရသူများဆိုင်ရာ သတင်းအချက်အလက် စုဆောင်းရေးစနစ်[၁၃] [၁၄]

ဖော်ထုတ်တွေ့ရှိသောပြဿနာ - ကမ္ဘောဒီးယားတွင် မိုင်းများ/ERW များကြောင့် သေကြေဒဏ်ရာရသူများနှင့်စပ်လျဉ်းသည့် စနစ်တကျဖြစ်သော၊ နှိုင်းယှဉ်ပြသနိုင်သော၊ နောက်ဆုံးရရှိထားသော တိကျသည့် သတင်းအချက်အလက် မရှိခြင်း။
ရည်ရွယ်ချက် - ကမ္ဘောဒီးယားတွင် မြေမြှုပ်မိုင်းများ၊ မပေါက်ကွဲသေးသော အမြောက်ဆံများနှင့် အခြားစစ်အကြွင်း အကျန်ပေါက်ကွဲပစ္စည်းများကြောင့် သေကြေဒဏ်ရာရသူများနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များအား စနစ်တကျကောက်ယူခြင်း၊ ဆန်းစစ်သုံးသပ်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဖြန့်ဝေခြင်းများ ပြုလုပ်ပေးရန်။

**လုပ်ဆောင်ချက်များ** - သက်မှတ်ထားသော ပထဝီအနေအထားရှိသည့်နယ်မြေနှင့်ဆိုင်သော အသိပညာရှိပြီး၊ CMVIS ပုံစံများအား မည်ကဲ့သို့ဖြည့်သွင်းရမည်ကို သင်ကြားလေ့ကျင့်ထားပြီးဖြစ်သော အချက်အလက်စုဆောင်းသူများမှ ကမ္ဘောဒီးယား မိုင်းများ / ERW များကြောင့် ထိခိုက်ဒဏ်ရာရသူများဆိုင်ရာ သတင်းအချက်အလက်စုဆောင်ရေးစနစ် (CMVIS) ၏ စီမံခန့်ခွဲမှုကွင်းဆက်များအား ဖွဲ့စည်းတည်ဆောင်ခဲ့သည်။ ထိုသူများသည် ခရိုင်ညှိနှိုင်းရေးမှူး (Provincial Coordinator)တစ်ဦးထံသို့ သတင်းပေးပို့ပြီး ၎င်းမှတဆင့် မြို့တော်သို့ အချက်အလက်များ ပေးပို့လျက်ရှိ သည်။ CMVIS သည် မိုင်းများ/ERWများ ပျံ့ကြဲမှုနည်းပါးသည့် နေရာဒေသများတွင် စေတနာ့ဝန်ထမ်းများကွန်ယက် အပေါ်၌အားထား လုပ်ဆောင်ခဲ့သည်။

**ရေရှည်တည်တံ့ရေး** - HI နှင့် UNICEF ထံမှ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုများဖြင့် ကမ္ဘောဒီးယားနိုင်ငံ ကြက်ခြေနီအသင်း (the Cambodian Red Cross)သည် ၁၉၉၄ခုနှစ်တွင် CMVISအား စတင်တည်ထောင်ခဲ့သည်။ ကမ္ဘောဒီးယား မိုင်းလှုပ်ရှားမှုနှင့် ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်းဆိုင်ရာ တာဝန်ရှိသူအာဏာပိုင် များ (the Cambodian Mine Action & Victim Assistance Authority – CMAA)အား လွှဲပြောင်းပေးခြင်းလုပ်ငန်းစဉ် သည် ၂၀၀၉ခုနှစ်တွင် ပြီးဆုံးခဲ့သည်။

**အဓိကညွှန်းကိန်းများ** - သတင်းအချက်အလက်စုဆောင်ရေးစနစ်အား CMAA မှ အပြည့်အဝစီမံခန့်ခွဲလျက်ရှိသည်။ CMVIS သည် ကမ္ဘောဒီးယားနိုင်ငံ အစိုးရအား ဤသို့စီမံခန့်ခွဲစေနိုင်ရန်အတွက် ၁၉၇၉ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ အချက်အလက်များအရ မိုင်းများ/ ERWများကြောင့် သေကြေဒဏ်ရာရသူ စုစုပေါင်း (၆၄,၂၁၄)ဦး ရှိကြောင်း ပြသနိုင်ခဲ့ သည်။ ၂၀၁၃ခုနှစ် ဇန်နဝါရီလ၏ မှတ်တမ်းများအရ သေကြေဒဏ်ရာရသူများ၏ ၃၀%မှာ မတော်တဆဖြစ်မှု အပြီးတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လှုပ်ရှားမှုများ၌ ပါဝင်လာနိုင်ခဲ့ခြင်း၊ သေကြေဒဏ်ရာရသူများ၏ ၇၈%မှာ ဒဏ်ရာရရှိပြီး ၂၂%မှာ အသက်ဆုံးရှုံးခြင်းနှင့် ၃၁%မှာ ကလေးသူငယ်များဖြစ်ကြောင်း သိရှိရသည်။ ဤသတင်း အချက်အလက်များသည် မိုင်းလှုပ်ရှားမှုလုပ်ဆောင်ချက်များဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်းနှင့် ဦးစားပေးအဆင့် သတ်မှတ်ခြင်းများအား ပြုလုပ်နိုင်စေခဲ့ပြီး အခြားသောအချက်အလက်များနှင့်အတူ VA ဆိုင်ရာ စီမံကိန်းများ ရေးဆွဲရန် အတွက် သတင်းပေးနိုင်ခဲ့သည်။

**စီမံခန့်ခွဲသူများ** - ကမ္ဘောဒီးယား မိုင်းလှုပ်ရှားမှုနှင့် ဘေးဒုက္ခကျရောက်သူများအားအကူအညီပေးခြင်းဆိုင်ရာ တာဝန်ရှိသူအာဏာပိုင်များ (the Cambodian Mine Action & Victim Assistance Authority)။

## ကိုးကားခြင်းများ


[1] [9] [11] GICHD. Assisting Landmine/ERW survivors in the context of disarmament, disability and development. 2011 | [2] HI. Inclusive local developement policy paper. 2009 | [3] HI. Personalized social support : methods, approaches, tools. 2009 | [4] [5] [8] ICBL-CMC. Landmine and Cluster Munition Monitor. 2012 | [6] World Health Assembly. Strengthening of health information systems. 2007 | [7] UNESCAP. Results of the Testing of the ESCAP Extended Question Set on Dis-ability. 2011 | [10] HI. Good practices from the project Towards Income Generating Activities in Cambodia. 2010 | [12] WHO, UNESCAP. Training Manual on Disability Sta-tistics. 2008 | [13] Cambodia Mine Action and Victim Assistance Authority Website. | [14] GICHD. CMVIS External Evaluation Report. 2006; James Madison University Mine Action Information Center. Landmine Casualty Data: Best Practices Guide. 2008; WHO. Guidelines for conducting community surveys on injuries and violence. 2004.


HANDICAP INTERNATIONAL

# 11 ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်း ဆက်စပ်သက်ဆိုင်သော ကိစ္စရပ်များ - အမျိုးသားအဆင့်စီမံကိန်းများ၊ ညှိနှိုင်းဆောင်ရွက်ခြင်း ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ - အမျိုးသားအဆင့်စီမံကိန်းများ၊ ညှိနှိုင်းဆောင်ရွက်ခြင်း

## အမျိုးသားအဆင့်စီမံကိန်းများ ဆိုသည်မှာ အဘယ်နည်း။

(WHAT ARE NATIONAL ACTION PLANS?)

မိတ်ဖက် (လက်တွဲဖက်အဖွဲ့ဝင်) နိုင်ငံများ၊ အထူးသဖြင့် ဘေးဒုက္ခကျရောက်သူအများအပြား၏ ချမ်းသာသုခနှင့်ပြည့်စုံစေရေးတွင် တာဝန်ခံထားသောနှင့် တာဝန်ရှိသော နိုင်ငံများသည် ထိခိုက်ဒဏ်ရာ ရသူများအား အကူအညီပေးနိုင်ရန်အတွက် အမျိုးသားအဆင့်စီမံကိန်းတစ်ခုအား အကျယ်တဝင့်ရေးသားပြင်ဆင်ရန် ကတိသစ္စာပြုထားခြင်းဖြစ်သည်။ ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်မှာ နည်းဗျူဟာကျသောညှိနှိုင်းဆောင်ရွက်မှု မူဘောင်တစ်ခုအား ထူထောင်ရန်ဖြစ်ပြီး ထိုမူဘောင်မှတဆင့် - (က) ဝန်ကြီးဌာနများအားလုံးနှင့် အခြားအကျိုးတူပူးပေါင်းပါဝင်သူများသည် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် လိုအပ်ချက်များအပေါ်တွင် ၎င်းတို့၏ အသိပညာများအား တိုးမြင့်လာစေခြင်း။ (ခ) ဘေးဒုက္ခကျရောက်သူများအား အကူအညီပေးခြင်း (VICTIM ASSISTANCE – VA)နှင့် / သို့မဟုတ် မသန်စွမ်းမှုဆိုင်ရာ တာဝန်ခံဗဟိုဌာန/ကော်မတီတစ်ခုအား ထူထောင်ခြင်း။ (ဂ) VA နှင့်စပ်လျဉ်း၍ လုံလောက်စွာကိုင်တွယ်ဖြေရှင်းမှုများရှိစေရန် ရှင်းလင်းပြီးတိကျသော တာဝန်ဝတ္တရားများအား သတ်မှတ်ထားခြင်း။ (ဃ) VA မသန်စွမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လုပ်ဆောင်လျက်ရှိသော အကျိုးတူပူးပေါင်းပါဝင်သူများ အကြားတွင် ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်း။ (င) သည် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများသည် လုပ်ပိုင်ခွင့်များရရှိထားပြီး ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ပါဝင်ဆောင်ရွက်လာခြင်း။ (စ) တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် VA လုပ်ငန်း၏ တိုးတက်မှုအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်းတွင် အသုံးပြုနိုင်သော အခြေခံအချက်အလက်များတည်ရှိခြင်း။ (ဆ) နိုင်ငံတွင်းနှင့် လိုအပ်ပါက နိုင်ငံတကာမှ မည်သည့်အရင်းအမြစ်အင်အားများ စုဆောင်းလှုံ့ဆော်ရမည်နှင့် စပ်လျဉ်းသောအခြေခံသဘောတူညီမှုထားရှိခြင်း အစရှိသည်တို့အား ဆောင်ရွက်နိုင်သည်။

> **အမြန်လေ့လာနိုင်သော အချက်အလက်များ[၁]**
> **(QUICK FACTS)**
>
> - ၂၀၁၁ခုနှစ်တွင် MBT ၏ အဖွဲ့ဝင်နိုင်ငံ အနည်းဆုံး (၁၉)နိုင်ငံတွင် VA အား ကိုင်တွယ်ဖြေရှင်းနိုင်သော အမျိုးသားအဆင့်ညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာ ယန္တရားများ ရှိသည်။
> - MBT၏ အဖွဲ့ဝင်နိုင်ငံ အနည်းဆုံး (၁၇)နိုင်ငံတွင် အသက်ရှင်ကျန်ရစ်သူများ အတိအလင်းထည့်သွင်းထားသော VA(သို့) မသန်စွမ်းမှုဆိုင်ရာစီမံကိန်းများ ရှိသည်။
> - မကြာသေးမီနှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် ၂၀၁၁ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအများစု၏ VA ကဏ္ဍအားလုံး အစီရင်ခံစာများ (အရေအတွက်နှင့် အရည်အသွေး) နှစ်ခုလုံး လျော့ကျလာသည်ကိုတွေ့ရသည်။

ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်းများသည် - (က) မသန်စွမ်းမှု/ လူတိုင်းအကျုံးဝင်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပိုမိုကျယ်ပြန့်သောစီမံကိန်းများရှိခဲ့ပါက ၎င်းတို့နှင့် ချိတ်ဆက် ထားခြင်း (သို့) ၎င်းတို့အထဲတွင်ထည့်သွင်းပါဝင်စေခြင်း။ (ခ) ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများမှ နားလည်သိရှိထားပြီးပါဝင်ဆောင်ရွက်ခြင်းဖြင့် မူကြမ်းများအားရေးဆွဲထားခြင်း။ (ဂ) အသက်ရှင်ကျန်ရစ်သူများ၏ လိုအပ်ချက်များအား အကဲဖြတ်ခြင်းနှင့် ရရှိနိုင်သောဝန်ဆောင်မှုများအား စာရင်းပြုစုခြင်းမှ ကောက်ယူရရှိသော အချက်အလက်များအပေါ်တွင် အခြေခံထားခြင်း။ (ဃ) မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRPD)၊ CCM၊ THE VIENTIANE & CARTAGENA ACTION PLANS များတွင် ပြဋ္ဌာန်းထားသော စံသတ်မှတ်ချက်များနှင့် လမ်းညွှန်ချက်များနှင့် အညီ ဖြစ်ခြင်း။ (င) ကွဲပြားသောကဏ္ဍအသီးသီးမှ - ဆိုလိုသည်မှာ - ကျန်းမာရေး၊ ပြန်လည် ထူထောင်ရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးခြင်း အပါအဝင် စိတ်ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးနယ်ပယ်အတွက် အကျုံးဝင်မှု စသောကဏ္ဍများမှ အလေ့အကျင့်ကောင်းများအပေါ်တွင် အခြေခံ၍တည် ဆောက်ထားခြင်း။ (စ) ကျား/မရေးရာနှင့် အသက်အရွယ်အား အလေးထားဂရုပြုသော ချဉ်းကပ်မှုနည်းလမ်းများအား ပေါင်းစည်းထည့်သွင်းထားခြင်း အစရှိသည်တို့ ပါဝင်သင့်သည်။

ထိခိုက်ဒဏ်ရာရသူများအား အကူအညီပေးခြင်းဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်းများအား ရေးသားပြဋ္ဌာန်းခြင်းသည် အမျိုးသားအဆင့်မသန်စွမ်းမှုဆိုင်ရာ ပြောင်းလဲမှုများအား စတင်နိုင်ပြီး၊ အထူးသဖြင့်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ထားခြင်းမရှိသေးသောနိုင်ငံများတွင်၊ အမျိုးသားရေးပိုင်ဆိုင်မှုတစ်ခုအဖြစ် တိုးတက်လာခြင်းအား အထောက်အပံ့ ဖြစ်စေခြင်း၊ VA လုပ်ငန်းများနှင့် မသန်စွမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်ခြင်းလုပ်ငန်းများတွင် ရေရှည်တည်တံ့ရေးနှင့် အကျိုး သက်ရောက်မှုများရရှိရေးတွင် ပံ့ပိုးပေးခြင်းနှင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီတွင် အားလုံးပါဝင်ဆောင်ရွက်စေသော နည်းဖြင့်မိမိတို့၏ ဦးစားပေးလုပ်ငန်းများနှင့် ရည်မှန်းချက်များအား ရှာဖွေသတ်မှတ်နိုင်ရန် ခွင့်ပြုပေးခြင်း တို့လည်း ဖြစ်နိုင်ပါသည်။

အမျိုးသားစီမံကိန်းများတွင် အနည်းဆုံးအားဖြင့် အောက်ပါအချက်များပါဝင်သင့်သည်။ -

- VA မသန်စွမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများနှင့် သက်ဆိုင်သော လက်ရှိတည်ရှိသည့် ဥပဒေများနှင့်မူဝါဒများအား ဆန်းစစ်သုံးသပ်ခြင်း။
- သက်ဆိုင်သော အကျိုးတူပူးပေါင်းပါဝင်သူများအား ဆန်းစစ်သုံးသပ်ခြင်း။
- ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းနှင့် သက်ဆိုင်သောကဏ္ဍတစ်ခုချင်းစီ၏ လက်ရှိအခြေအနေအား ဆန်းစစ်သုံးသပ်ခြင်း။
- မည်ကဲ့သို့သော အချက်အလက်များမှာ ကောက်ယူရန်/နောက်ဆုံးရရှိထားခြင်းဖြစ်ရန် လိုအပ်နေသေးသည်ကို ရှင်းလင်းဖော်ပြခြင်း။
- ကဏ္ဍတစ်ခုချင်းစီအလိုက် ရိုးရှင်းတိကျပြီးတိုင်းတာ၍ရနိုင်သော (SMART) ရည်ရွယ်ချက်များ ရရှိနိုင်ရန် လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် တိုးတက်မှုကိုတိုင်းတာနိုင်ရန် ညွှန်းကိန်းများနှင့်တကွ ချမှတ်ခြင်း။
- ရရှိပြီးဖြစ်သောနှင့် ရရှိရန်လုပ်ဆောင်ရမည်ဖြစ်သော နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ အရင်းအမြစ်အင်အားများ အပါအဝင် စီမံကိန်းအား အကောင်အထည်ဖော်ရန်၊ စောင့်ကြည့်စစ်ဆေးရန် နှင့် သုံးသပ်အကဲဖြတ်ရန်အတွက် လိုအပ်သော အရင်းအမြစ်အင်အားများအား အနှစ်ချုပ်တင်ပြထားခြင်း။
- စီမံကိန်း၏ စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ယန္တရားအား အနှစ်ချုပ်တင်ပြထားခြင်း။

## ဥပဒေနှင့် မူဝါဒဆိုင်ရာ မူဘောင်များ

CCM: အပိုဒ် ၅၊ စာပိုဒ် ၂ (ဂ)။

VIENTIANE ACTION PLAN: လုပ်ဆောင်ချက် #၂၁၊ #၂၄၊ #၃၃ နှင့် #၅၆။

CARTAGENA ACTION PLAN: အခန်း ၄၊ လုပ်ဆောင်ချက် #၂၇။ အခန်း ၅၊ လုပ်ဆောင်ချက် #၃၄။

CRPD: အပိုဒ် ၃၃။

## မည်သူတွေသည် အဓိက အကျိုးတူပူးပေါင်းပါဝင်သူများ ဖြစ်သနည်း။

အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ၊ အမျိုးသမီးနှင့် မသန်စွမ်းသူအမျိုးသမီးများ၏ အဖွဲ့အစည်း များအပါအဝင် လူထုအခြေပြုနှင့် လူမှုအဖွဲ့အစည်းများ။

ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းနှင့် သက်ဆိုင်သော ကဏ္ဍများအားလုံးရှိ ဝန်ဆောင်မှုပေးသူများ။

ဝန်ကြီးဌာနများ - ကျန်းမာရေး၊ အလုပ်သမား၊ လူမှုရေးရာနှင့် VA၊ မသန်စွမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် သက်ဆိုင်သော အခြား ဝန်ကြီးဌာနများ။

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ - ICRC, UN AGENCIES နှင့် VAနှင့်သက်ဆိုင်သော အခြားအဖွဲ့အစည်းများ။

## မြေမြှုပ်မိုင်း၊ ပေါက်ကွဲတတ်သော စစ်ကြွင်းကျန်ပစ္စည်းများဒဏ်ခံရသော တိုင်းပြည်များတွင် အများအားဖြင့်ကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှုများမှာ အဘယ်နည်း။

- သတ်မှတ်ထားသော VAဆိုင်ရာ အကြောင်းအရာတစ်ခုချင်းစီတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ (ကျန်းမာရေး၊ အလုပ်သမား၊ လူမှုရေးရာစသည်တို့) အသိပညာ၊ ပါဝင်ပတ်သက်မှုနှင့် ကတိပြုဆောင်ရွက်မှုများ လုံးဝမရှိ (သို့) အနည်းငယ်သာရှိသည်။ ၎င်းအား သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုချင်းစီ၏ တာဝန်ဝတ္တရားဖြစ်သည်ဟု ထည့်သွင်း စဉ်းစားထားရမည့်အစား မိုင်းလုပ်ရှားမှုဆိုင်ရာ အကျိုးတူပူးပေါင်းပါဝင်သူများ၏ (MINE ACTION STAKEHOLDERS) အဓိကတာဝန်ဖြစ်သည်ဟုသာ ယူဆထားဆဲဖြစ်သည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ရှေ့တိုးဆောင်ရွက်ရန်အတွက် VA ဆိုင်ရာအားထုတ်မှုများနှင့် မူဘောင်များအကြားတွင် ချိတ်ဆက်မှုများ (သို့) ညှိနှိုင်းဆောင်ရွက်မှုများ လုံလုံလောက်လောက်မရှိခြင်း။

- အသက်ရှင်ကျန်ရစ်သူများ၏ လိုအပ်ချက်များနှင့် ရရှိနိုင်သော ဝန်ဆောင်မှုများနှင့်ဆိုင်သည့် လုံလောက်သော၊ နောက်ဆုံးရရှိထားသော၊ သက်ဆိုင်မှုရှိသောနှင့် နှိုင်းယှဉ်ပြသနိုင်သော အချက်အလက်များမရှိခြင်းနှင့် VA ဆိုင်ရာ ဆက်စပ်နီးနွယ်မှုရှိပြီး ဖြစ်နိုင်သော အမျိုးသားအဆင့် စီမံကိန်းအား ရေးဆွဲနိုင်ရန်အတွက် အချက်အလက်များအား ဆန်းစစ်သုံးသပ်ထားမှုမရှိခြင်း။
- အမျိုးသားအဆင့်စီမံကိန်းများအား ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် သုံးသပ် အကဲဖြတ်ခြင်းတို့၌ ဦးစီးဆောင်ရွက်ရန်အတွက် လူအင်အားနှင့် နည်းပညာဆိုင်ရာ အရင်းအမြစ်အင်အားများ လုံလောက်မှု မရှိခြင်း။

စီမံကိန်းအား အတည်ပြုပြီးနောက်တွင် ပုံမှန်အားဖြင့် ပြုပြင်မွမ်းမံမှုများပြုလုပ်ရန်၊ စောင့်ကြည့်စစ်ဆေးရန်နှင့် သုံးသပ်အကဲဖြတ်ရန်အတွက်

- ကတိပြုဆောင်ရွက်ခြင်းများ (သို့) စွမ်းဆောင်ရည်များ လုံလောက်မှုမရှိခြင်း။

## ဘေးဒုက္ခကျရောက်သူများအားအကူအညီပေးခြင်းနှင့် မသန်စွမ်းမှုဆိုင်ရာ အမျိုးသားအဆင့် စီမံကိန်းများ၏ ဥပမာများ

အယ်လ်ဘေးနီးယားနိုင်ငံတွင် ကာတာဂျီနာလုပ်ငန်းစဉ် (CARTAGENA ACTION PLAN)၏ ထောက်ခံအကြံပြုချက်များနှင့်အညီ ရေးသားပြဌာန်းထားသော VAဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်းတစ်ခုရှိသည်။ ထိုစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်မှုကို အယ်လ်ဘေးနီးယား မိုင်းနှင့် စစ်လက်နက်ပစ္စည်းများဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးရုံး (THE ALBANIAN MINE AND MUNITIONS COORDINATION OFFICE)မှ စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိ သောကြောင့် အယ်လ်ဘေးနီးယားနိုင်ငံအနေဖြင့် ၎င်း၏ VAဆိုင်ရာ အားထုတ်မှုများအား အသေးစိတ်အစီရင်ခံ တင်ပြနိုင်ခဲ့သည်။ စီမံကိန်း၏ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း အဆင့်များအားလုံး၌ အသက်ရှင်ကျန်ရစ်သူများအား ကိုယ်စားပြုစေခဲ့သည်။[၂]

ဂျော်ဒန်နိုင်ငံတွင် VA အား မသန်စွမ်းမှုဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာတွင် ထည့်သွင်းရေးဆွဲခဲ့သည်။ မသန်စွမ်းသူများရေးရာ အဆင့်မြင့်ကောင်စီ (THE HIGHER COUNCIL FOR THE AFFAIRS OF PERSONS WITH DISABILITIES) သည် VA ဆိုင်ရာ အမျိုးသားအဆင့် တာဝန်ခံဗဟိုဌာနဖြစ်သည်။ အသက်ရှင်ကျန်ရစ်သူများနှင့် ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှတဆင့် VA လုပ်ငန်းများအား ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ထိုကော်မတီတွင် အသက်ရှင်ကျန်ရစ်သူများ၊ အစိုးရနှင့် အစိုးရမဟုတ်သော ကိုယ်စားလှယ်များ ပါဝင်သည်။ VA သည် အမျိုးသားအဆင့်မိုင်းလှုပ်ရှားမှုစီမံကိန်း (NATIONAL MINE ACTION PLAN) ၂၀၁၀-၂၀၁၅ တွင်လည်း ပါဝင် ခဲ့သည်။[၃]

ချက်နိုင်ငံတွင် ၂၀၁၂ခုနှစ်၌ VAဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်းအား အတည်ပြုခဲ့သည်။ ၎င်းသည် ကာတာဂျီနာ လုပ်ငန်းစဉ် (CARTAGENA ACTION PLAN) နှင့်အညီဖြစ်ပြီး ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများအကြားတွင် ခွဲခြားဆက်ဆံမှုမရှိခြင်း၏ အခြေခံမှုအား အသိအမှတ်ပြုထားသည်။ ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အားထုတ်မှုများအား မိုင်းလှုပ်ရှားမှုဌာန (MINE ACTION CENTER)မှ ဦးစီးဆောင်ရွက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ (အထူးသဖြင့် လူမှုရေးရာ)၊ ICRC ၊ NGO များနှင့် အသက်ရှင်ကျန်ရစ်သူများပါဝင်သော မသန်စွမ်းသူများဆိုင်ရာအဖွဲ့အစည်း (DISABLED PEOPLE'S ORGANIZATION)များမှ တက်ကြွစွာအတူပါဝင်ဆောင်ရွက်ခဲ့သည်။ ဤဖြစ်စဉ်အတွက် နည်းပညာဆိုင်ရာပံ့ပိုးမှုအား ကုလသမဂ္ဂ(UNITED NATIONS)မှ HI နှင့် မိတ်ဖက်ပြုလုပ်၍ ထောက်ပံ့ပေးခဲ့သည်။

## အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမျိုးသားအဆင့်စီမံကိန်းတစ်ခုအား မည်ကဲ့သို့ ပြင်ဆင်နိုင်သနည်း။

ဤအပိုင်းသည် အေပီ မြေမြှုပ်မိုင်းများတားမြစ်ပိတ်ပင်ခြင်းဆိုင်ရာ သဘောတူစာချုပ်အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် အထောက်အပံ့ပေးသောဌာနစိတ် (AP MINE BAN CONVENTION IMPLEMENTATION SUPPORT UNIT) မှ ရေးသားထုတ်လုပ်ထားသော "VAတွင် အထောက်အပံ့ဖြစ်စေရန် မဟာဗျူဟာချဉ်းကပ်မှုနည်းလမ်း တစ်ဆယ့်သုံးဆင့်" ("THE THIRTEEN-STEP STRATEGIC APPROACH TO ASSISTANCE VA")အား အခြေခံထားသည်။[၄] ၎င်းအား နိုင်ငံအများအပြားတွင် အမျိုးသားအဆင့်စီမံကိန်းများနှင့် လူတိုင်းအကျုံးဝင်သော ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲရာ၌ ပါဝင်ပံ့ပိုးပေးခဲ့သော HI ၏ လတ်တလောအတွေ့အကြုံများ အပေါ်တွင် အခြေခံ၍ ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်ထားပါသည်။ ထို့အပြင် HI [၅] [၆]နှင့် နိုင်ငံတကာ မသန်စွမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့ (THE INTERNATIONAL DISABILITY AND DEVELOPMENT CONSORTIUM)[၇] တို့မှ ရေးသားထုတ်ဝေထားသည့် လူတိုင်းအကျုံးဝင်သော ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု နှင့်စပ်လျဉ်းသည့် မူဝါဒဆိုင်ရာစာစောင်များနှင့် စာတမ်းများ အပေါ်တွင်လည်း အခြေတည်ထားသည်။ ဤအပိုင်းသည် လုပ်ဆောင်ရမည့်ဖြစ်စဉ်၏ ခြုံငုံသုံးသပ်ချက်သာဖြစ်သည် - နိုင်ငံတစ်နိုင်ငံချင်းစီသည် မိမိတို့၏အနေအထားနှင့် ကိုက်ညီစေသောပြောင်းလဲမှုများအား လုပ်ဆောင်ရန်လိုအပ်ပြီး VA ဆိုင်ရာလုပ်ငန်းများနှင့် မသန်စွမ်းသူများအားလုံး၏အခွင့်အရေးများအတွက် ရှေ့တိုးဆောင်ရွက်ရန် အားထုတ်မှု များအကြားတွင် ထပ်မံလုပ်ဆောင်မိခြင်းများ လုံးဝမရှိစေရန် ဆောင်ရွက်ရမည်။

၁။ အဓိကကျသောဝန်ကြီးဌာနများနှင့် အခြားသက်ဆိုင်သော အကျိုးတူပူးပေါင်းပါဝင်သူများ အကြားတွင် VAဆိုင်ရာ မူဘောင်နှင့် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် လိုအပ်ချက်များနှင့်ဆိုင်သော အသိပညာများအား မြှင့်တင်ခြင်း။ သတင်းအချက်အလက်ဆိုင်ရာ အထောက်အကူပစ္စည်းများအား အလွယ်တကူရယူ အသုံးပြုနိုင်သော ပုံစံများဖြင့် ပြုလုပ်ထားခြင်း။ လုပ်ငန်းစဉ်စတင်သည့်အချိန်မှစ၍ အသိပညာမြင့်မားရေး လုပ်ဆောင်မှုများနှင့် အမျိုးသားအဆင့်စီမံကိန်းရေးဆွဲခြင်းတွင် ထိမိုက်ဒဏ်ရာရသူများအား မိတ်ဖက်များအနေဖြင့် ထည့်သွင်းပါဝင်စေခြင်း။

၂။ အမျိုးသားအဆင့်စီမံကိန်း မူကြမ်းရေးဆွဲခြင်းလုပ်ငန်းဖြစ်စဉ်အတွက် တာဝန်ဝတ္တရားများ ပေးအပ်ထားခြင်း။ ဤတာဝန်ဝတ္တရားများသည် မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် တာဝန်ရှိသည့် (သို့) တာဝန်ခံဗဟိုဌာန၏ တာဝန်များသာဖြစ်သင့်သည် - ဥပမာ - လူမှုရေးရာဝန်ကြီးဌာန (သို့) ကျား/မရေးရာနှင့် လူငယ်ရေးရာဝန်ကြီးဌာန။ အကယ်၍ တာဝန်ခံဆောင်ရွက်နေသောဗဟိုဌာန မရှိခဲ့ပါက ဤဖြစ်စဉ်အဆင့်ဆင့်အား ယာယီအားဖြင့် ဦးစီးဆောင်ရွက်မည့် မိုင်းလုပ်ရှားမှုဌာန (သို့) တာဝန်ရှိအာဏာပိုင် (MINE ACTION CENTER OR AUTHORITY) အပါအဝင်အခြား ဖြစ်နိုင်ချေရှိသောအဖွဲ့အစည်းများရှာဖွေသင့်သည်။ နောက်ဆုံးတွင် အဆိုပါတာဝန်ဝတ္တရားများသည် သက်ဆိုင်ရာ အနီးစပ်ဆုံး ဝန်ကြီးဌာန လက်အောက်တွင်ရှိသင့်သည်။

၃။ လုပ်ငန်းဖြစ်စဉ်တစ်ခုလုံးအား ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအတွင်း/ကဏ္ဍအတွင်း ကော်မတီတစ်ခုအား ခန့်အပ်တာဝန်ပေးထားခြင်း။ ဤအုပ်စုသည် VA ဆိုင်ရာကဏ္ဍများအားလုံးအား (ဥပမာ - ကျန်းမာရေး၊ စီပွားရေးနယ်ပယ်တွင် အကျုံးဝင်ခြင်း) ကိုယ်စားပြုသင့်ပြီး ဝန်ကြီးဌာနများ၊ ဝန်ဆောင်မှုပေးသူများနှင့် အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း ပါဝင်သင့်သည်။ ကော်မတီအနေဖြင့် တရားဝင်လုပ်ပိုင်ခွင့်အာဏာနှင့်တကွ လုံလောက်သောအရင်းအမြစ် အင်အားများနှင့် သတ်မှတ်ထားသောတာဝန်များ ရှိထားသင့်သည်။

၄။ အခြေအနေအား ပဏာမဆန်းစစ်သုံးသပ်မှု လုပ်ဆောင်ခြင်း။ သက်ဆိုင်ဆီလျော်သော စီမံကိန်းတစ်ခု ရေးဆွဲနိုင်ရန်အတွက် VA ဆိုင်ရာကဏ္ဍများအားလုံးတွင် ဝန်ဆောင်မှုပေးခြင်းနှင့်ဆိုင်သည့် ဖော်ပြပါအချက်များအား နားလည်သဘောပေါက်ရန်လိုအပ်ပါသည်။ (က) လက်ရှိတွင်ရှိထားသော ဥပဒေနှင့် မူဝါဒဆိုင်ရာအခြေအနေ။ (ခ) ဘေးဒုက္ခကျရောက်သူများ၏ လတ်တလောအခြေအနေ (လိုအပ်ချက်များ၊ တောင်းဆိုချက်များ၊ စွမ်းဆောင်ရည်များ၊ အရင်းအမြစ်အင်အားများနှင့် ဦးစားပေးခြင်းများ)။ (ဂ) အကျိုးတူပူးပေါင်းပါဝင်သူများအား ဆန်းစစ်သုံးသပ်မှုပြုလုပ်ခြင်း - မည်သူက မည်သည့်အရာကို မည်သည့်နေရာတွင် လုပ်ကိုင်နေသနည်း။ အကယ်၍ လိုအပ်ပါက စီမံကိန်းအတွင်း၌ပင် အတွင်းကျကျလေ့လာခြင်း ဆောင်ရွက်ရန်အတွက် ထည့်သွင်းရေးဆွဲနိုင်သည်။

၅။ မသန်စွမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးများဆိုင်ရာ မူဘောင်များတွင် ဝင်ဆံ့လာနိုင်စေရေးအတွက် VA ဆိုင်ရာ အကြောင်းအရာအား စတင်မိတ်ဆက်ပေးရန်၊ အခြေအနေကို ပဏာမဆန်းစစ်သုံးသပ်ခြင်းအား ပြန်လည် စစ်ဆေးပြီး အပြီးသတ်လုပ်ဆောင်ရန်နှင့် ရှေ့ဆက်လုပ်ဆောင်ရမည့် ဖြစ်နိုင်သောနည်းလမ်းများအား စတင်ဆွေးနွေး မှုများ ပြုလုပ်နိုင်ရန် အတွက် ပထမအကြိမ်အဖြစ် အမျိုးသားအဆင့် အလုပ်ရုံစည်းဝေးပွဲကျင်းပခြင်းနှင့် ညှိနှိုင်းတိုင်ပင် ခြင်း။ ဤအလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်သောအကျိုးတူပူးပေါင်းပါဝင်သူများအားလုံး တက်ရောက်ပါဝင်သင့်သည်။

၆။ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း (ပြန်လည်ထူထောင်ရေး၊ ပညာရေး၊ အစရှိသည်)နှင့် ရိုးရှင်းတိကျပြီးတိုင်းတာ၍ ရနိုင်သော (SMART) ရည်ရွယ်ချက်များ၊ ညွှန်းကိန်းများနှင့် လုပ်ဆောင်ချက်များအား ရေးဆွဲချမှတ်ခြင်း။ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ တစ်ဖွဲ့ချင်းစီအနေဖြင့် ဆွေးနွေးမှုများအားဦးဆောင်ရန်နှင့် လုပ်ငန်းဖြစ်စဉ် တလျှောက်လုံးတွင် အဖွဲ့တစ်ခုချင်းစီ၏ လုပ်ငန်းလုပ်ဆောင်မှုများအား အစီရင်ခံတင်ပြနိုင်ရန်အတွက် အဖွဲ့အစည်း တစ်ခု/တာဝန်ခံဗဟိုဌာနတစ်ခုအား ရွေးချယ်သတ်မှတ်ထားသင့်သည်။ မှတ်သားထားရန်မှာ လုပ်ဆောင်ချက်များ (သို့) စီမံချက်များအား အစတည်းကပင် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်း၏ ရည်ရွယ်ချက်များကိုရောက်ရှိစေရန် အတွက် အထောက်အပံ့ ဖြစ်စေခဲ့သည်ဆိုပါက ၎င်းတို့အားလည်း စီမံကိန်းထဲတွင် ထည့်သွင်းရေးဆွဲသင့်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသော အားထုတ်မှုများအား အပြည့်အဝထည့်သွင်း စဉ်းစားထားမှုရှိကြောင်းနှင့် နောင်တွင်ဆောင်ရွက်မည့် လုပ်ဆောင်ချက်များသည် ရှိပြီးဖြစ်သော အစပျိုးလှုပ်ရှားမှုများ အပေါ်တွင် အခြေခံထားခြင်းဖြစ်ကြောင်း အာမခံချက်ပေးနိုင်သည်။ စီမံကိန်းတွင် နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ အရင်းအမြစ်အင်အားများနှင့် ရရှိပြီးဖြစ်သောနှင့် ရရှိနိုင်ခြေရှိသော ရန်ပုံငွေများသေချာစွာရှင်းလင်းဖော်ပြထားသော ဘဏ္ဍာငွေစာရင်းတစ်ခု ပါဝင်သင့်သည်။

၇။ အုပ်စုအဖွဲ့တစ်ခုချင်းစီ၏ လုပ်ငန်းလုပ်ဆောင်မှုများအား ပေါင်းစည်းရန်၊ အမျိုးသားအဆင့်စီမံကိန်းအား ဦးစားပေး အဆင့်များသတ်မှတ်ရန်နှင့် အပြီးသတ်ရန်တို့အတွက် ဒုတိယအကြိမ် အမျိုးသားအဆင့် အလုပ်ရုံစည်းဝေးပွဲ ကျင်းပခြင်း။ အုပ်စုအဖွဲ့များအားလုံး၏ လုပ်ငန်းဆောင်တာများအား စုစည်းတင်ပြခြင်းနှင့် လက်ရှိတည်ရှိနေသော အရင်းအမြစ်အင်အားများ ရရှိနိုင်မှုအပေါ်တွင် မူတည်၍ ရည်ရွယ်ချက်များနှင့် သက်ဆိုင်ရာလုပ်ဆောင်ချက်များအား ဦးစားပေးသတ်မှတ်ခြင်း။

၈။ နောက်ဆုံးအနေဖြင့်မှတ်ချက်များနှင့် ခွင့်ပြုချက်များရရှိနိုင်ရန်အတွက် စီမံကိန်းမူကြမ်းအား သက်ဆိုင်ရာအကျိုးတူ ပူးပေါင်းပါဝင်သူများအားလုံးထံသို့ ဖြန့်ဝေပေးခြင်းနှင့် စီမံကိန်းအတည်ပြုနိုင်ရန်တွက် လိုအပ်သောနည်းလမ်း များ လိုက်နာဆောင်ရွက်ခြင်း။

၉။ ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် စီမံကိန်းအား အကောင်အထည်ဆောင်ရွက်ရာ၌ တိုးတက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသောစိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းများအား ပုံမှန်လုပ်ဆောင်ခြင်း။ ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများသည် စီမံကိန်းအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းတို့တွင် တက်ကြွစွာပါဝင် ဆောင်ရွက်သင့်ပြီး အခြားသောအဆင့်များတွင်လည်း ပါဝင်သင့်သည်။

၁၀။ စီမံကိန်းသည် ဆက်လက်၍ကျိုးကြောင်းသက်ဆိုင်လျက်ရှိနေစေရန်နှင့် ကြုံတွေ့ရသောစိန်ခေါ်မှုများအားလုံး ကိုလည်စေခါနိုင်သမျှအစောဆုံး ကိုင်တွယ်ဖြေရှင်းနိုင်ရန်စီမံကိန်းအား ပြုပြင်မွမ်းမံမှုများပြုလုပ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းအား နည်းဆုံးတစ်နှစ်လျှင်တစ်ကြိမ် လုပ်ဆောင်ခြင်း။

## ✓ ပြင်ဆင်ရမည့်လုပ်ငန်းဖြစ်စဉ် - အာဖဂန်နစ္စတန်နိုင်ငံရှိ အမျိုးသားအဆင့်စီမံကိန်း

**ဖော်ထုတ်တွေ့ရှိသောပြဿနာ -** အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် မိုင်းများ/ERWများကြောင့် ထိခိုက်ဒဏ်ရာ ရသူအများဆုံးရှိသော နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။ ဘေးဒုက္ခကျရောက်သူများအားအကူအညီပေးခြင်း (VA)နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်မှုများမရှိခြင်းနှင့် စနစ်တကျချဉ်းကပ်ဆောင်ရွက်သော နည်းလမ်းမရှိခြင်းတို့ကြောင့် ထိခိုက်ဒဏ်ရာရသူများ၏ (ယေဘုယျအားဖြင့် မသန်စွမ်းသူများ) အခွင့်အရေးများနှင့် လိုအပ်ချက်များအား တုန့်ပြန် ဆောင်ရွက်ပေးနိုင်ရန်အတွက် အတားအဆီးဖြစ်စေသည်။

**ရည်ရွယ်ချက် -** စီမံကိန်း၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ "အာဖဂန်နစ္စတန် အမျိုးသားအဆင့်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (AFGHANISTAN NATIONAL DEVELOPMENT STRATEGY)နှင့် မြေမြှုပ်မိုင်းများအားတားမြစ်ပိတ်ပင်ခြင်းဆိုင်ရာ စာချုပ် (MBT) တို့၏ မူဘောင်များအတွင်းမှနေ၍ မိုင်းမှအသက်ရှင်ကျန်ရစ်သူများအပါအဝင် မသန်စွမ်းသူများအားလုံး ၏ အခွင့်အရေးများနှင့် လိုအပ်ချက်များအား ကိုယ်တွယ်ဖြေရှင်းပေးနိုင်ရန်" ဖြစ်သည်။

**ဆောင်ရွက်သည့်နည်းလမ်းများ -** MDGs၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (THE NATIONAL DEVELOPMENT STRATEGY)များနှင့် ချိတ်ဆက်လျက် အလုပ်သမား၊ လူမှုရေးရာ၊ အာဇာနည်သူရဲကောင်းများနှင့် မသန်စွမ်းသူများဆိုင်ရာ ဝန်ကြီးဌာန (MINISTRY OF LABOR, SOCIAL AFFAIRS, MARTYRS & DISABLED)၏ ဦးစီးဆောင်ရွက်မှုအောက်တွင် တိုင်ပင်ဆွေးနွေးမှုများ အဆင့်ဆင့်ပြုလုပ်ခြင်းဖြင့် အာဖဂန်နစ္စတန် အမျိုးသားအဆင့်မသန်စွမ်းမှုဆိုင်ရာ စီမံကိန်း ၂၀၀၈-၂၀၁၁ (THE AFGHANISTAN'S NATIONAL DISABILITY ACTION PLAN 2008-2011)အား မူကြမ်းရေးဆွဲခဲ့သည်။ ဤမူကြမ်းရေးဆွဲခြင်းအား အသိပညာမြင့်မားရေးလုပ်ဆောင်မှုများနှင့် အလုပ်ရုံဆွေးနွေးပွဲများမှတဆင့် ဆောင်ရွက်ခဲ့ပြီး လတ်တလောအခြေအနေ၊ ၂၀၀၆ခုနှစ်မှ ရည်ရွယ်ချက်များ၊ ၂၀၀၈ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ထားသော ရည်ရွယ်ချက်များနှင့် ထိုရည်ရွယ်ချက်များအောင်မြင်စေရန်အတွက် လုပ်ဆောင်ချက်များ ပြန်လည်သုံးသပ်ခြင်းကိုလည်း ထည့်သွင်းဆောင်ရွက်ခဲ့သည်။

တိုင်ပင်ဆွေးနွေးမှုများနှင့် MBTနှင့် အမျိုးသားအဆင့် ဦးစားပေးမှုများအပေါ်တွင် အခြေခံ၍ အောက်ဖော်ပြပါကဏ္ဍများအား စီမံကိန်းတွင် ပါဝင်သော အကျုံးဝင်ခြင်းနှင့် ဆီလျော်ကိုက်ညီမှုရှိသည်ဟု ဖော်ထုတ်သတ်မှတ်ခဲ့သည်။

၁။ အချက်အလက်ကောက်ယူခြင်း။ ၂။ အရေးပေါ်နှင့် ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း။ ၃။ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ခြင်း။ ၄။ စိတ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးခြင်းနှင့် လူမှုရေးနယ်ပယ်တွင် ပြန်လည်ဝင်ဆံ့စေခြင်း။ ၅။ စီးပွားရေးနယ်ပယ်တွင် ပြန်လည်ဝင်ဆံ့စေခြင်း။ ၆။ လူထုအခြေပြု ပြန်လည်သန်စွမ်းရေး။ ၇။ လူတိုင်း အကျုံးဝင်သောပညာရေး။ ၈။ ဥပဒေများနှင့် အများပြည်သူဆိုင်ရာမူဝါဒများ။ ဤစီမံကိန်းသည် လတ်တလောတွင် ပြန်လည်သုံးသပ်ခြင်းနှင့် ပြုပြင်မွမ်းမံမှုခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ရေရှည်တည်တံ့ရေး - အမျိုးသားအဆင့်စီမံကိန်းသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဦးဆောင်၍ မူကြမ်းရေးဆွဲခဲ့ပြီး နိုင်ငံတကာ အကျိုးတူပူးပေါင်းပါဝင်သူများထံမှ နည်းပညာပံ့ပိုးမှုများ ရယူခဲ့သည်။ ထိုစီမံကိန်းအား အစကတည်းမှပင် အမျိုးသားအဆင့် မသန်စွမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များနှင့် ချိတ်ဆက်ထားခဲ့သည်။ စီမံကိန်းသည် နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ အကျိုးတူပူးပေါင်းပါဝင်သူများအားလုံး၊ အထူးသဖြင့် အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများအား တိုင်ပင်ဆွေးနွေးမှုများ အဆင့်ဆင့်ပြုလုပ်ခြင်းတွင် ပါဝင်ဆောင်ရွက်စေခြင်းဖြင့် ရေးဆွဲခဲ့သည်။

ဦးစီးဆောင်ရွက်သူ - အလုပ်သမား၊ လူမှုရေးရာ၊ အာဇာနည်သူရဲကောင်းများနှင့် မသန်စွမ်းသူများဆိုင်ရာ ဝန်ကြီးဌာန (MINISTRY OF LABOR, SOCIAL AFFAIRS, MARTYRS & DISABLED)

## ကိုးကားခြင်းများ


[(1)(2)(3)] ICBL-CMC. LANDMINE AND CLUSTER MUNITION MONITOR. 2012 | [(4)] GICHD. ASSISTING LANDMINE AND OTHER ERW SURVIVORS IN THE CONTEXT OF DISABILITY, DEVELOPMENT AND DISARMAMENT. 2011 | [(5)] HI. RECOMMENDATIONS FOR NATIONAL ACTION PLANS ON VICTIM ASSISTANCE . 2011-2015. 2010 | [(6)] HI. INCLUSIVE LOCAL DEVELOP-MENT POLICY PAPER. 2009 | [(7)] IDDC. A GUIDANCE PAPER ON INCLUSIVE LOCAL DEVELOPMENT POLICY. 2009 | [(8)] MINISTRY OF LABOR, SOCIAL AFFAIRS, MARTYRS AND DISABLED/AFGHANISTAN. AFGHANISTAN NATIONAL DISABILITY ACTION PLAN 2008-2011 TO ADDRESS THE RIGHTS AND NEEDS OF PERSONS WITH DISABILITIES, INCLUDING MINE SURVIVORS. 2008.


HANDICAP INTERNATIONAL

## နိုင်ငံတကာနှင့်ပူပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီပေးခြင်း ဆိုသည်မှာအဘယ်နည်း။

(WHAT IS INTERNATIONAL COOPERATION AND ASSISTANCE?)

**နိုင်ငံတကာနှင့်ပူပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီပေးခြင်း**ဆိုသည်မှာ ထိခိုက်ခံရသော အဖွဲ့ဝင်နိုင်ငံများနှင့် အကျိုးတူပူးပေါင်းပါဝင်သောနိုင်ငံများ၊ ဒေသဆိုင်ရာ (သို့) နိုင်ငံတကာအဖွဲ့အစည်းများမှ ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်း (VA) ဆိုင်ရာ လုပ်ငန်းများကို ထိရောက်သော၊ အကျိုးရှိသောနှင့် ရေရှည်တည်တံ့စေသော နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ပေးအပ်သော **အထောက်အပံ့များအားလုံး**ကို ရည်ညွှန်းပါသည်။
အဆိုပါကူညီထောက်ပံ့မှုသည် နိုင်ငံများအကြား ၊ ဒေသဆိုင်ရာနှင့် ဘက်ပေါင်းစုံ နည်းယန္တရားများ အသုံးပြုခြင်းအပါအဝင် ကမ္ဘာ့တောင်ပိုင်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကုလသမဂ္ဂကိုယ်စားလှယ်ရုံးများ၊ ICRC, NGOs ဝန်ဆောင်မှုပေးသူများ၊ အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအစရှိသည့် အပြန်အလှန်ဆက်သွယ်သောနည်းလမ်းများမှတဆင့်ထောက်ပံ့ပေးလျက်ရှိသည်။

> ### အမြန်လေ့လာနိုင်သော အချက်အလက်များ
> ### (QUICK FACTS)
>
> - ၂၀၁၁ခုနှစ်တွင် အနည်းဆုံး နိုင်ငံပေါင်း(၁၂)နိုင်ငံ၌ အသက်ရှင်ကျန်ရစ်သူများအတွက် ဝန်ဆောင်မှုများအား လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းတွင် ဆုတ်ယုတ်လာမှုများ ဖြစ်ပွားခဲ့ပြီး အများစုမှာ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း လျော့နည်းသွားသောကြောင့်ဖြစ်သည်။[၁]
> - မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် လိုအပ်ချက်များအား ကိုင်တွယ်ဖြေရှင်းခြင်းသည် နိုင်ငံရေး၊ ဘဏ္ဍာရေးနှင့် ကုန်ပစ္စည်းများရရှိရေး စသည့်အဆင့်များတွင် ရေရှည်စွဲမြဲစွာပြုလုပ်ရမည့် ကတိကဝတ်တစ်ခုဖြစ်သည်။[၂]
> - ၂၀၁၁ခုနှစ်တွင် မိုင်းလှုပ်ရှားမှု (MINE ACTION)အတွက် ရန်ပုံငွေထောက်ပံ့မှုမှာ အများဆုံးဖြစ်ခဲ့ပြီး ယူရို (၅၇၈)သန်းနီးပါး ရှိခဲ့သော်လည်း ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်း(VA)အတွက် ရန်ပုံငွေမှာ မိုင်းလှုပ်ရှားမှုအတွက် ထောက်ပံ့မှုစုစုပေါင်း၏ ၆% သာရှိခဲ့သည်။

အကျိုးသက်ရောက်မှု (သို့) ထိခိုက်ခံရသောနိုင်ငံများတွင် VAဆိုင်ရာ လျှင်မြန်ပြီးထိရောက်မှုရှိသော အကောင်အထည်ဖော်ဆောင်ရွက်မှုများအား အဟန့်တားဖြစ်စေနိုင်သောစိန်ခေါ်မှုများဖြစ်သည့် ပဋိပက္ခဆက်လက်ဖြစ်ပွားနေခြင်း၊ ဆင်းရဲမွဲတေမှုကျယ်ပြန့်စွာ ဖြစ်ပွားနေခြင်းနှင့် လူအင်အား၊ နည်းပညာနှင့် ငွေကြေးဆိုင်ရာ အရင်းအမြစ်များလုံလောက်မှုမရှိခြင်း အစရှိသည်တို့နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ထို့ကြောင့် နိုင်ငံတကာနှင့်ပူပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီပေးခြင်း၏ ရည်မှန်းချက်ပန်းတိုင်မှာ VAဆိုင်ရာ တာဝန်ခံချက်များအား လိုက်နာဆောင်ရွက်နိုင်ရန်အတွက် လုံလောက်သော အရင်းအမြစ်အင်အားများမရှိသည့် အဖွဲ့ဝင်နိုင်ငံများအား အထောက်အပံ့များပေးရန်နှင့် ထိုသို့ပေးခြင်းကြောင့် ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများ ပြဌာန်းနိုင်ရန်နှင့် ၎င်းတို့၏ လူနေမှုဘဝအရည်အသွေးများ တိုးတက်ကောင်းမွန်လာစေရန် သေချာဆောင်ရွက်နိုင်မည်ဖြစ်သည်။
နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီပေးခြင်းသည် အကယ်၍ ထိခိုက်ခံရသောအဖွဲ့ဝင်နိုင်ငံများမှ ၎င်းတို့၏ အမျိုးသားအဆင့် စီမံကိန်းများတွင်သတ်မှတ်ထားသော ဦးစားပေးလုပ်ငန်းများအား တုန့်ပြန်ဆောင်ရွက်ပေးနိုင်ပါက ပိုမိုအကျိုးသက်ရောက်မှုများရှိနိုင်သည်။ ထိုအကြောင်းများကြောင့် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည် မြေမြှုပ်မိုင်းများအားတားမြစ်ပိတ်ပင်ခြင်းဆိုင်ရာစာချုပ် (MINE BAN TREATY – MBT)နှင့် စစ်လက်နက်ပစ္စည်းများ အစုအပြုံလိုက်ထားရှိခြင်းနှင့် စပ်လျဉ်းသောသဘောတူစာချုပ် (CONVENTION ON CLUSTER MUNITIONS – CCM)တို့၏ အခြေခံမဏ္ဍိုင်များအနက်မှ တစ်ခုဖြစ်ပြီး ကာတာဂျီနာလုပ်ငန်းစဉ် (CARTAGENA ACTION PLAN)နှင့် ဗီယန်တီယန်လုပ်ငန်းစဉ် (VIENTIANE ACTION PLAN) များတွင် ထည့်သွင်းဖော်ပြထားသည်။

### ပါဝင်သောနည်းလမ်းများမှာ -

- **နည်းပညာဆိုင်ရာအထောက်အပံ့ပေးခြင်း -** အမျိုးသားအဆင့်စီမံကိန်းရေးဆွဲခြင်း (သို့) လိုအပ်ချက်များ ဆန်းစစ် အကဲဖြတ်ခြင်းနှင့် ရရှိနိုင်သောအရင်းအမြစ်များ စာရင်းပြုစုခြင်း အစရှိသကဲ့သို့သော တိကျသည့်စီမံချက်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်း အထောက်အပံ့များပေးခြင်း။
- **စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေခြင်း -** တာဝန်ရှိအာဏာပိုင်များ (သို့) ဝန်ဆောင်မှုပေးသူများအား သတ်မှတ်ထား သောအကြောင်းအရာတစ်ခုအပေါ်တွင် ၎င်းတို့၏ အသိပညာ၊ ခံယူချက်သဘောထားများ၊ အလေ့အကျင့်များနှင့် ကျွမ်းကျင်မှုများ တိုးတက်ကောင်းမွန်လာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် အချိန်အတိုင်းအတာကာလတစ်ခုအတွင်း ပုံမှန်အားဖြင့် သင်ကြားလေ့ကျင့်ပေးခြင်းနှင့် လမ်းညွှန်ပြသပေးခြင်း။ ၎င်းသည် ကဏ္ဍတစ်ခုတည်းကိုသာ သတ်မှတ်၍ လည်းကောင်း (ဥပမာ - ပြန်လည်ထူထောင်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအား သင်တန်းပေးခြင်း) သို့မဟုတ် မူဝါဒများနှင့် စီမံကိန်းများအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းကဲ့သို့သော ရှုထောင့်များအပေါ်တွင် လည်းကောင်း ဖြစ်နိုင်သည်။
- **ငွေကြေးဆိုင်ရာအထောက်အပံ့ပေးခြင်း -** အပြန်အလှန် (နှစ်နိုင်ငံကြား)၊ ဒေသဆိုင်ရာနှင့် ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်သော နည်းယန္တရားများမှတဆင့် အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ဒေသခံ NGOများ၊ အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသူများထံသို့ဘဏ္ဍာငွေထောက်ပံ့မှုများ ပေးခြင်း။

## ဥပဒေနှင့်မူဝါဒဆိုင်ရာ မူဘောင်များ

CCM: အပိုဒ် ၆၊ စာပိုဒ် ၇။

VIENTIANE ACTION PLAN: လုပ်ဆောင်ချက် #၃၃ - ၃၈၊ #၄၁၊ #၄၂၊ #၄၇၊ #၅၆ နှင့် #၅၉။

CARTAGENA ACTION PLAN: အခန်း ၄၊ လုပ်ဆောင်ချက် #၃၂။ အခန်း ၅၊ လုပ်ဆောင်ချက် #၃၅၊ #၃၆၊ #၃၇၊ #၃၉၊ #၄၁၊ #၄၇၊ #၄၈၊ #၅၀၊ #၅၁ နှင့် #၅၂ ။

CRPD: အပိုဒ် ၃၂။

## အဓိက အကျိုးတူပူးပေါင်းပါဝင်သူများ မည်သူတို့ဖြစ်သနည်း။

အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ။ ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းနှင့် သက်ဆိုင်သော ကဏ္ဍများအားလုံးရှိ ဝန်ဆောင်မှုပေးသူများ။ ဝန်ကြီးဌာနများ - ထိခိုက်ခံရသောနိုင်ငံများရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများအားလုံး။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ - UN AGENCIES, GICHD, ICRC, နိုင်ငံတကာ NGO။

ဒေသဆိုင်ရာနှင့် ဘက်ပေါင်းစုံပါဝင်သော အသိပညာဆွေးနွေးဖလှယ်ပွဲများ။ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိုယ်စားလှယ်ရုံးများ ဖြစ်သည့် -

ADA, AUSAID, AFD, BMZ, CIDA, DFID, DGDC, JICA, NORAD, SIDA, USAID, WRA

နိုင်ငံတကာနှင့်ပူပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီပေးခြင်းအား လက်ခံလုပ်ဆောင်ရန်ကတိပြုထားသော နိုင်ငံများ၏နိုင်ငံခြားရေးရာ ဝန်ကြီးဌာနများ။

## ဂင်ငွေနည်းတိုင်းပြည်များတွင် အများအားဖြင့်ကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှုများမှာ အဘယ်နည်း။

- ထိခိုက်ခံရသူများ၏ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်များ၊ လက်ရှိရနိုင်သောဝန်ဆောင်မှုများနှင့် အရင်းအမြစ်များနှင့် ကွာဟချက်များအား တုန့်ပြန်ဖြည့်ဆည်းပေးနိုင်သော အမျိုးသားအဆင့်အားစိုက်ထုတ်မှုများနှင့် စပ်လျဉ်း၍ သက်သေအထောက်အထားကို အခြေခံပြီး ဆောင်ရွက်ထားသော လေ့လာမှုများ အနည်းငယ်သာရှိသောအခါတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအား ဦးစားပေးလုပ်ဆောင်ရန် ခက်ခဲသည်။
- ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများ၏ ရှုထောင့်များအားလုံးတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခြင်းအား ဟန့်တားထားသော အတားအဆီးများစွာ ရှိနေသေးသည်။ VA ဆိုင်ရာ အားစိုက်ထုတ်မှုများသည် မသန်စွမ်းသူများအကျုံးဝင်ပါဝင်လာစေရန် အားစိုက်ထုတ်မှုများအပေါ်တွင် အခြေခံရန် (သို့) ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ပြုလုပ်ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိနေသေးသည်။
- နိုင်ငံတကာနှင့်ပူပေါင်းဆောင်ရွက်ခြင်းအား လက်ခံလုပ်ဆောင်ရန်ကတိပြုထားသောနိုင်ငံများနှင့် ထိခိုက်ခံရသော နိုင်ငံများတွင် မတူညီသော ဦးစားပေးလုပ်ငန်းများရှိနိုင်သည်။
- မတူညီသောနိုင်ငံများသည် ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့်ပူးပေါင်း ဆောင်ရွက်ခြင်းမှရရှိသော အလေ့အကျင့်ကောင်းများကောင်းစွာမှတ်တမ်းတင်ထားခြင်း မရှိသေးသောကြောင့် အရှိန်အဟုန်မြင့်ဆောင်ရွက်ရန်အတွက် အခက်အခဲဖြစ်စေသည်။

## နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းတွင် အောင်မြင်သောစီမံချက်များ (SUCCESSFUL PROJECTS)

အာဖဂန်နစ္စတန်နိုင်ငံတွင် အာဖဂန်နစ္စတန် မြေမြှုပ်မိုင်းမှ အသက်ရှင်ကျန်ရစ်သူဆိုင်ရာ အဖွဲ့အစည်း (AFGHANISTAN LANDMINE SURVIVOR ORGANIZATION - ALSO)သည် ဘဝတူချင်းပံ့ပိုးမှုပေးခြင်း၊ အသိပညာမြှင့်တင်ခြင်း၊ လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်း၊ အကျုံးဝင်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် လုပ်ပိုင်ခွင့်ရရှိစေခြင်းဆိုင်ရာ စီမံချက်များအား အကောင်အထည်ဖော်လျက်ရှိသည်။ ထိုလုပ်ဆောင်မှုများအား WRA မှတဆင့် CLEAR PATH INTERNATIONAL (CPI)နှင့် OSI, CIDA, နော်ဝေ (NORWAY), ဖင်လန် (FINLAND)နှင့် ဩစတြေးလျသံရုံးများ (AUSTRALIA'S EMBASSIES)မှ ထောက်ပံ့ပေးလျက်ရှိပြီး အသေးစားထောက်ပံ့ငွေများအားလည်း ICBL, CMC နှင့် HI တို့ထံမှ ရရှိခဲ့သည်။ CPI သည် ALSO၏ အစောပိုင်း လုပ်ရှားလုပ်ဆောင်မှုများအတွက် ၁။ ပထမဆုံး ဘဝတူခြင်းပံ့ပိုးမှုပေးခြင်းစီမံချက်အား ရန်ပုံငွေ ပေးခြင်း။ ၂။ ALSO ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စရိတ်စကများအား အကုန်အကျခံခြင်း။ ၃။ လုပ်ငန်းဆောင်ရွက်သည့်နှစ်များတလျှောက် ထောက်ပံ့မှုများ ဆက်တိုက်ပေးခြင်း။ ၄။ ALSO ၏ လူအင်အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် စာရင်းအင်းပညာ၊ စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကြီးမားသောပြောင်းလဲမှုတစ်ခုအား ပြုလုပ်ခဲ့သည်။ ၎င်း၏စီမံချက်များမှ တဆင့် ALSOသည် အသက်ရှင်ကျန်ရစ်သူ အမျိုးသမီးများအပါအဝင် မသန်စွမ်းသူအမျိုးသမီးပေါင်း ရာကျော်အား လုပ်ပိုင်ခွင့်များပေးခဲ့ခြင်း၊ စာသင်ကျောင်း (၁၀၀)နီးပါးနှင့် အခြားအများပြည်သူဆိုင်ရာနေရာများအား အလွယ်တကူ ရယူအသုံးပြုနိုင်စေခဲ့ခြင်း၊ အာဖဂန်နစ္စတန်တွင် ဘဝတူချင်းပံ့ပိုးမှုပေးခြင်း အတွေးအခေါ်သစ်တစ်ခုအနေဖြင့် စတင်လုပ်ဆောင်နိုင်ခဲ့ခြင်း၊ လူပေါင်းများစွာအားကျောင်းတွင် စာရင်းသွင်း၍အပ်နိုင်ရန်နှင့် အလုပ်များ ရှာဖွေနိုင်ရန် ထောက်ပံ့ပေးခဲ့ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ ALSO သည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRPD)နှင့် CCM တို့အား အတည်ပြုလက်မှတ်ရေးထိုးရာတွင် ပါဝင်ကူညီပေးခဲ့သည်။[၃]

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (THE DEMOCRATIC REPUBLIC OF CONGO)တွင် ကုလသမဂ္ဂ မိုင်းလှုပ်ရှားမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးဌာန (UN MINE ACTION COORDINATION CENTER – UNMACC)သည် VAအား ညှိနှိုင်းဆောင်ရွက် နိုင်ရန်နှင့် အကောင်အထည်ဖော်နိုင်ရန်အတွက် အမျိုးသားအဆင့် တာဝန်ရှိသူအာဏာပိုင်များနှင့် မိုင်းလှုပ်ရှားမှု အဖွဲ့အစည်းများ (MINE ACTION ORGANIZATIONS)အား အထောက်အပံ့များပေးခဲ့သည်။ UNMACC သည် အရင်းအမြစ် အင်အားများ စုဆောင်းလှုံ့ဆော်ခြင်း၊ CRPD အား အတည်ပြုလက်မှတ်ရေးထိုးရန်အတွက် အသိပေးစည်းရုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရသူများဆိုင်ရာ အချက်အလက်စုဆောင်းမှု (DATABASE)အား ဆက်လက်တည်ရှိရန် လုပ်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့သည်။ အလှူရှင်များတွင် ဂျပန် (JAPAN), AUSAID နှင့် MONUSCO တို့ပါဝင်ခဲ့သည်။ ၂၀၁၁-၂၀၁၃ ခုနှစ်ကာလများတွင် UNMACC သည် VAစီမံချက်များ၊ အထူးသဖြင့် စီးပွားရေးနယ်ပယ်တွင်အကျိုး ဝင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် နိုင်ငံအတွင်းရှိ NGO အား တဆင့်ထောက်ပံ့ငွေများပေးခဲ့ခြင်း၊ VAဆိုင်ရာ စစ်တမ်းကောက်ယူခဲ့ခြင်း၊ ထိခိုက်ဒဏ်ရာရသူများဆိုင်ရာ အချက်အလက်စုဆောင်းမှု (DATABASE)အား နောက်ဆုံး သတင်းအချက်အလက်များဖြင့် ထည့်သွင်းပြုပြင်ပေးခဲ့ခြင်းနှင့် မိုင်းလှုပ်ရှားမှုဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၂- ၂၀၁၆ (THE NATIONAL STRATEGIC MINE ACTION PLAN 2012-2016)အား မူကြမ်း ရေးဆွဲရန်အားထုတ်မှုများတွင် ဦးဆောင်ခဲ့ခြင်းများ ပြုလုပ်ခဲ့သည်။ ထို့အပြင် မိုင်းများ/စစ်အကြွင်းအကျန် ပေါက်ကွဲတတ်သောပစ္စည်းများ (ERW)ကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် အခြားမသန်စွမ်းသူများအတွက် အကူအညီပေးခြင်းဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် ၂၀၁၀-၂၀၁၂ (THE NATIONAL STRATEGIC PLAN FOR ASSISTANCE FOR MINE/ERW VICTIMS AND OTHER PWD 2010-2012)အား ရေးဆွဲပြဌာန်းရာတွင် မိတ်ဖက်အဖွဲ့အစည်းများအား ဦးဆောင်ခြင်း၊ ပံ့ပိုးပေးခြင်း၊ ထောက်ပံ့ပေးခြင်းနှင့် အတူတကွလုပ်ဆောင်ခြင်းများ ပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ခဲ့ခြင်း ကြောင့် အသက်ရှင်ကျန်ရစ်သူ (၁၂၄၃)ဦးအား ရှာဖွေတွေ့ရှိခဲ့ပြီး (၂၂၈)ဦးမှာ ဝင်ငွေရရှိစေသောလုပ်ငန်းများတွင် လုပ်ဆောင်လျက်ရှိ၍ ၎င်းတို့၏ အိမ်ထောင်စုဝင်ငွေမှာ တိုးတက်လာခဲ့ခြင်း၊ (၁၃၅)ဦးမှာ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်သန်စွမ်းရေးဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ခဲ့ခြင်း၊ VA ဆိုင်ရာ ဆီလျော်ညီညွတ်သော သတင်းအချက်အလက်များ ရရှိလာခဲ့ခြင်းနှင့် နောက်ဆုံးရရှိသောအချက်အလက်များအား အချက်အလက်စုဆောင်းမှု (DATABASE)သည် ကောင်းစွာအလုပ်လုပ်လျက်ရှိခြင်း အစရှိသောရလာဒ်များရရှိခဲ့သည်။ UNMACC သည် ရုပ်ပိုင်းဆိုင်ရာ ပြန်လည် ထူထောင်ခြင်း၊ လူမှုစိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ပေးခြင်းနှင့် စီးပွားရေးနယ်ပယ်တွင် အကျိုးဝင်ခြင်း စသည်တို့ ပါဝင်သော ဘက်စုံချဉ်းကပ်မှု နည်းလမ်းတစ်ခုကို အသုံးပြုသည့် စီမံချက်များအား အားပေးမြှင့်တင်လျက်ရှိပြီး ထိုသို့သော စီမံချက်များသည် အသက်ရှင်ကျန်ရစ်သူများ၏ လူနေမှု ဘဝအရည်အသွေးတွင် ပိုမိုကြာရှည်ခံပြီး သိသာ ထင်ရှားသော တိုးတက်ကောင်းမွန်လာမှုများရရှိစေရန် အာမခံချက်ပေးနိုင်သည်။[၄]

## အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်သည့်အရာများ ပြုလုပ်နိုင်သနည်း။ (WHAT CAN STATES DO?)

ဤအပိုင်းတွင် ထိခိုက်ခံရသောအဖွဲ့ဝင်နိုင်ငံများအနေဖြင့် VA၊ မသန်စွမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးများအတွက် ရရှိနိုင်သော နိုင်ငံတကာမှ အရင်းအမြစ်အင်အားများအား ပိုမိုထိရောက်စွာ စုဆောင်း လှုံ့ဆော်နိုင်ရန် အကြံပြုထောက်ခံချက်များနှင့် နိုင်ငံတကာနှင့်ပူပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီပေးခြင်းအား လက်ခံလုပ်ဆောင်ရန်ကတိပြုထားသော နိုင်ငံများအတွက် CCMနှင့် MBT တို့တွင်ပါဝင်သော VA ဆိုင်ရာပြဌာန်းချက် များအား CRPDနှင့်အညီ ကျေပွန်စွာဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့မှုရှိစေရန်အတွက် အကြံပြုထောက်ခံချက်များပါဝင်ပါသည်။ VA ဆိုင်ရာ ကဏ္ဍတစ်ခုချင်းစီအပေါ်တွင် (သို့) ကဏ္ဍများ/နယ်ပယ်များအားလုံးနှင့် ဆက်စပ်သက်ဆိုင် သောကိစ္စရပ်များအပေါ်တွင် သတ်မှတ်ထားရှိသည့် တိကျသောအကြံပြုထောက်ခံချက်များအတွက် ကျေးဇူးပြု၍ အချက်အလက် စာစောင် ၁ မှ ၁၁ သို့ ပြန်လည်ရည်ညွှန်းကြည့်ရှုပါ။

### ထိခိုက်ခံရသော အဖွဲ့ဝင်နိုင်ငံများအတွက် အကြံပြုထောက်ခံချက်များ

- ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်များ၊ လက်ရှိတွင်ရှိထားသော အရင်းအမြစ်အင်အားများနှင့် ဝန်ဆောင်မှုပေးသူများနှင့် CCM နှင့် MBT တို့တွင်ပါဝင်သော VA ဆိုင်ရာပြဌာန်းချက်များအား CRPD နှင့်အညီ ကျေပွန်စွာဆောင်ရွက်ရာတွင် အမျိုးသားအဆင့်ကြိုးပမ်းအားထုတ်မှုများ စသည်တို့နှင့် စပ်လျဉ်းသော သက်သေအထောက်အထားကို အခြေခံပြီးရရှိသည့် သတင်းအချက်အလက်များ ကောက်ယူခြင်း၊ ဆန်းစစ်သုံးသပ်ခြင်းနှင့် ဖြန့်ဝေခြင်း။
- သေးဒုက္ခကျရောက်သူများ (သို့) ထိခိုက်ဒဏ်ရာရသူများ အကူအညီပေးရန်နှင့်/သို့မဟုတ် မသန်စွမ်းမှုဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်းတစ်ခု ရေးဆွဲပြဌာန်းခြင်း၊ အခြေအနေနှင့် ကွာဟချက်များအား အကဲဖြတ်သုံးသပ်ခြင်းတစ်ခု အပြီးသတ်လုပ်ဆောင်ရန်၊ ရိုးရှင်းတိကျပြီးတိုင်းတာ၍ရနိုင်သော (SMART) ရည်ရွယ်ချက်များနှင့် ၎င်းတို့နှင့်သက်ဆိုင်ရာ လုပ်ဆောင်ချက်များနှင့် ဘဏ္ဍာငွေများ ချမှတ်ထားခြင်း။
- နိုင်ငံတကာနှင့်ပူပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီပေးခြင်းအား တောင်းခံသောအခါတွင် ထိခိုက်ဒဏ်ရာရသူများအား အကူအညီပေးရန် နှင့်/သို့မဟုတ် မသန်စွမ်းမှုဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်း၏ SMART ရည်ရွယ်ချက်များ အနက်တစ်ခု (သို့) တစ်ခုထက်ပို၍ ထမြောက်အောင်မြင်စေရန် မည်ကဲ့သို့ ပံ့ပိုးလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းကို ရှင်းလင်းဖော်ပြရမည်။ တူညီသောရည်ရွယ်ချက်ကိုပင် လက်ရှိတွင်ကတိပြုလုပ်ဆောင်လျက်ရှိသော နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ ကြိုးပမ်းအားထုတ်မှုများအားလည်း ဖော်ပြရမည်။

- VA ဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ လုပ်ပိုင်ခွင့်ရရှိရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးခြင်း အစရှိသကဲ့သို့သော အခြားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လှုပ်ရှားလုပ်ဆောင်မှုများနှင့် ချောမွေ့စွာပူးပေါင်းဆောင်ရွက်မှုများရှိစေရန် သေချာဆောင်ရွက်ခြင်း။ တစ်ချိန်တည်း မှာပင် VA ပိုမို ကျယ်ပြန့်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရန်ပုံငွေများအတွင်း ထည့်သွင်းစဉ်းစားထားမှုမရှိသည့် ကာလတစ်လျှောက်လုံး၌ ရန်ပုံငွေကွာဟချက်များ ဖြစ်ပေါ်ခြင်းမှ ရှောင်ရှားနိုင်ရန် မိုင်းလှုပ်ရှားမှုအတွက် ရည်ရွယ်နှစ်မြှုပ်ထားသော ဘဏ္ဍာငွေများ၏ တစ်စိတ်တစ်ဒေသအား VA၏ စဉ်ဆက်မပြတ်ရန်ပုံငွေအဖြစ် သေချာသတ်မှတ် ထားရမည်။ နိုင်ငံအနေဖြင့် မိုင်းနှင့် စစ်လက်နက်ပစ္စည်းအစုအဝေးများ ရှင်းလင်းသွားပြီဖြစ်ကြောင်း ကြေငြာချက် ထုတ်ပြီးသည့်တိုင်အောင် ထိခိုက်ဒဏ်ရာရသူများ၏ လူနေမှုဘဝအရည်အသွေးသည် ကျန်ရှိသော အခြားပြည်သူများ၏ လူနေမှုဘဝအရည်အသွေးနှင့် တန်းတူညီမျှမဖြစ်သေးပါက VAဆိုင်ရာ သီးခြားသတ်မှတ်ထားသော ဘဏ္ဍာငွေများသည် ဆက်လက်ရရှိနေသင့်သည်။
- ရန်ပုံငွေအထောက်အပံ့များဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ အားလုံးသည် မသန်စွမ်းမှုအား အကျုံးဝင်ခြင်းရှိစေရန် သေချာဆောင်ရွက်ရမည်။ ရန်ပုံငွေလျှောက်ထားမှုများအား အကဲဖြတ်ခြင်း အတွက် တာဝန်ရှိသော ဝန်ထမ်းအသစ်များနှင့် လက်ရှိဝန်ထမ်းများအား သင်ကြားလေ့ကျင့်ပေးခြင်း။
- ကဏ္ဍများအားလုံးမှ နိုင်ငံတကာနှင့်ပူပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီပေးမှုများ လက်ခံရရှိသူများထံမှ ဘေးဒုက္ခကျရောက်သူများနှင့် မသန်စွမ်းသူများအနေဖြင့် အခြားသူများနှင့်တန်းတူညီမျှစွာ အကျိုးခံစားနိုင်စေခြင်းမှာ ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆိုင်သော ၎င်းတို့၏ကြိုးပမ်းအားထုတ်မှုများသည် လူတိုင်းအကျုံးဝင်နိုင်စေရန်အတွက် မည်သည့် နည်းလမ်းများအသုံးပြု၍ ဆောင်ရွက်သွားမည်နှင့်ဆိုင်သော သတင်းအချက်အလက်များတောင်းဆိုရမည်။
- ထိခိုက်ခံရသောနိုင်ငံများတွင် ရန်ပုံငွေရရှိမှုနည်းပါးသည့် ကဏ္ဍများဖြစ်သော စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ပေးခြင်း စီမံချက်များ၊ အသက်ရှင်ကျန်ရစ်သူအဖွဲ့အစည်းများ၊ မသန်စွမ်းသူများဆိုင်ရာအဖွဲ့အစည်းများနှင့် အမျိုးသားအဆင့် တာဝန်ရှိသူအာဏာပိုင်များအား ရေတိုနှင့်ရေရှည် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရေး အစရှိသည်တို့အပါအဝင် ဖော်ထုတ်တွေ့ရှိသော လိုအပ်ချက်များနှင့်ကွာဟချက်များ အပေါ်တွင် ပြောင်းလွယ်ပြင်လွယ်မှုရှိစေခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ပေးခြင်း။

## နိုင်ငံတကာနှင့် ပူပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီပေးခြင်းအား လက်ခံလုပ်ဆောင်ရန်ကတိပြုထားသော နိုင်ငံများနှင့် အဖွဲ့အစည်းများနှင့် ထိခိုက်ခံရသောအဖွဲ့ဝင်နိုင်ငံများအတွက် အကြံပြုထောက်ခံချက်များ

- ပိုမိုကျယ်ပြန့်သော မသန်စွမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးများဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများနှင့် VAဆိုင်ရာ ပံ့ပိုးဆောင်ရွက်မှုများအား ချိတ်ဆက်ဆောင်ရွက်နိုင်ရန် နည်းဗျူဟာများချမှတ်ခြင်း အပါအဝင် VA နှင့် ဆိုင်သော အမျိုးသားအဆင့် ကြိုးပမ်းအားထုတ်မှုများအား နိုင်ငံတကာနှင့် ပူပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီပေးခြင်းမှ မည်သို့အထောက်အပံ့ပေးခဲ့သည်နှင့် စပ်လျဉ်းသော အလေ့အကျင့်ကောင်းများနှင့် ရရှိခဲ့သည့်သင်ခန်းစာများ မှတ်တမ်းတင်ခြင်းနှင့် ဖြန့်ဝေခြင်း။
- ခေါင်းဆောင်ပိုင်းစီမံခန့်ခွဲမှုအပါအဝင် အဆင့်တိုင်း၌ မသန်စွမ်းသူများနှင့် တိုင်ပင်နှီးနှောခြင်းနှင့် အလုပ်ခန့်အပ်ခြင်း။ VA နှင့် မသန်စွမ်းမှုအတွက် သက်ဆိုင်ရာလူပုဂ္ဂိုလ်များအား တိကျသောတာဝန်ဝတ္တရားများသတ်မှတ်၍ အလုပ်ခန့်ထားခြင်း။ ထိုသူများအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသတ်မှတ်ခြင်းတွင် ဩဇာလွှမ်းမိုးနိုင်ရန် အခွင့်အာဏာများရှိသင့်သည်။
- ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ၏ သုတေသနလုပ်ငန်းများ၊ အချက်အလက်ကောက်ယူခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းအားလုံးအတွက် အချက်အလက်များအား လိင်၊ မသန်စွမ်းမှု၊ အသက်အရွယ် စသည်တို့ အလိုက် ခွဲခြားကောက်ယူသင့်သည်။
- နောင်တွင်ပြုလုပ်မည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် ထိခိုက်ဒဏ်ရာရသူများ၏ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်များအား အသိအမှတ်ပြုပြီး သက်ဆိုင်ရာကြိုးပမ်းအားထုတ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် သေချာလုပ်ဆောင်ရမည်။ ပူးပေါင်းဆောင်ရွက်ခြင်းနည်းဗျူဟာများတွင် အလေ့အကျင့်ကောင်းများနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာနှင့် နှစ်နိုင်ငံကြား သိပညာဖလှယ်ခြင်းအား အဓိကအစိတ် အပိုင်းတစ်ခုအဖြစ် မြှင့်တင်ခြင်း။

MBT နှင့်/သို့မဟုတ် CCM တို့၏အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အပိုဒ် (၇)တွင် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီပေးခြင်းသည် VAအား မည်သို့အကူအညီဖြစ်စေသည်နှင့် ပိုမိုကျယ်ပြန့်သော မသန်စွမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ နည်းဗျူဟာများတွင် မည်သို့ပေါင်းစည်ပါဝင်လျက်ရှိသည်ကို အစီရင်ခံစာတင်ပြရမည်။ ထို့အပြင် ရရှိနိုင်သောနှင့် အလွယ်တကူရယူသုံးစွဲနိုင်သော ဝန်ဆောင်မှုများအား လူတိုင်းအကျုံးဝင်ခြင်းရှိစေသော စနစ်တစ်ခုကို ထူထောင်ခြင်းနှင့် ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများ၏ လူနေမှုဘဝအရည်အသွေး တိုးတက်ကောင်းမွန်လာစေခြင်းတို့တွင် မည်သို့အထောက်အပံ့ဖြစ်စေသည်ကိုလည်း အစီရင်ခံတင်ပြရမည်။

## စီမံချက်နမူနာ - ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်းအတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

**စီမံချက်** - HI သည် ၂၀၀၉ခုနှစ် မှ ၂၀၁၂ခုနှစ်အထိ လေးနှစ်တာစီမံချက်တစ်ခုအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၎င်းသည် အာရှနှင့် အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်း၊ အာဖရိကအလယ်ပိုင်းနှင့် အရှေ့ပိုင်းအာရှအလယ်ပိုင်းဒေသများ၌ ဘေးဒုက္ခကျရောက်သူများ အကူအညီပေးခြင်း (VA) အပေါ်တွင် ကမ္ဘာ့တောင် ပိုင်းပူးပေါင်းဆောင်ရွက်မှု ၊(South - South Coorperation) အားမြှင့်တင်ပေးနိုင်ခဲ့သည်။ VA နှင့် မသန်စွမ်းမှုအပေါ်တွင် အသိပညာမြင့်မားစေရန်၊ ထိုမှပိုမိုကျယ်ပြန့်စွာဖြင့် VA/မသန်စွမ်းမှုဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်းတစ်ခုအား မည်ကဲ့သို့ ပြင်ဆင်ရေးဆွဲရမည်နှင့် စပ်လျဉ်းသော အသိပညာတိုးတက်လာစေရန်နှင့် ထိခိုက်ခံရသောအဖွဲ့ဝင်နိုင်ငံများနှင့် အလှူရှင်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် အလေ့အကျင့်ကောင်းများ ဖလှယ်နိုင်ရန်နှင့် ပေါ်ပေါက်လာ သောအခွင့်အလမ်းများပေါ်တွင် အရင်းအနှီးပြုရပ်တည်နိုင်ရန်အတွက် ဆက်သွယ်ရေးလမ်းကြောင်းနေရာတစ်ခုပေးနိုင်ရန် ရည်ရွယ်၍ ဒေသဆိုင်ရာ VA အလုပ်ရုံဆွေးနွေးပွဲများအား လေးကြိမ်ကျင်းပခဲ့ပါသည်။ အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲများတွင် သတ်မှတ်ထားသော ဒေသတစ်ခုချင်းစီရှိ သက်ဆိုင်ရာအကျိုးတူပူးပေါင်းပါဝင်သူများအားလုံး ပါဝင်တက်ရောက်ခဲ့ပြီး ၎င်းတို့မှာ မိုင်းများ/ERW များကြောင့် ထိခိုက်ခံရသောနိုင်ငံများမှ ဝန်ကြီးဌာနများနှင့် မိုင်းလှုပ်ရှားမှုဌာနများ၏ ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းအား လက်ခံလုပ်ဆောင်ရန် ကတိပြုထားသော နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် အသက်ရှင် ကျန်ရစ်သူများဆိုင်ရာ အဖွဲ့အစည်းများ THE ICRC, UN AGENCIES, THE ILO, ITF, THE GICHD, THE ICBL နှင့် CMC ဖြစ်ပါသည်။ အဆိုပါ ဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများအား ဘန်ကောက် (BANGKOK)၊ အမ်မန် (AMMAN)၊ နိုင်ရိုဘီ (NAIROBI)၊ ဒူရှန်ဘီ (DUSHANBE)နှင့် ဗီယန်တီယိန်း (VIENTIANE) မြို့များတွင် ကျင်းပပြုလုပ်ခဲ့သည်။

**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း** - (က) ရန်ပုံငွေ - ပြင်သစ်နိုင်ငံမှ သီးခြားသတ်မှတ်ထားသော ရန်ပုံငွေတစ်ခု မှတဆင့်လူမှုအဖွဲ့အစည်းများအား ပိုမိုနိုင်မာအားကောင်းလာစေရန်အတွက် နှင့် ပြင်သစ်နိုင်ငံမှ AGENCE FRANCAISE DE DEVELOPMENT (AFD) မှတဆင့်။ နော်ဝေနိုင်ငံမှ ၎င်း၏နိုင်ငံခြားရေးရာဝန်ကြီးဌာနမှတဆင့်။ ဥရောပသမဂ္ဂမှ ၎င်း၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းသောပညာရေးအတွက် ရန်ပုံငွေ

**စီမံချက်၏ရလာဒ်များ** - *အာရပ်(IRAQ)နိုင်ငံတွင် ဘဝတူချင်းပံ့ပိုးမှုပေးခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်း။ *မိုင်းများ/ERW များကြောင့် ဘေးဒုက္ခကျရောက်သူများနှင့် အခြားမသန်စွမ်းသူများ အကူအညီပေးနိုင်ရန်အတွက် အမျိုးသားဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၀-၂၀၁၂ (THE NATIONAL STRATEGIC PLAN FOR ASSISTANCE FOR MINE/ERW VICTIMS & OTHER PWD: 2010-2012)အား ရေးဆွဲပြဌာန်းခြင်း လုပ်ငန်းစဉ်တွင် လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော DRC မှ သိရှိနားလည်ပြီး အစွမ်းထက်စွာပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်း။ *လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများ အကြားတွင် အသက်မွေးဝမ်းကြောင်းမှုနှင့်စပ်လျဉ်း၍ အသိပညာဖလှယ်ရေးခရီးစဉ်များ နောက်ဆက်တွဲအနေဖြင့် လုပ်ဆောင်နိုင်ခဲ့သည်။

# ကိုးကားခြင်းများ

[1] ICBL-CMC. LANDMINE AND CLUSTER MUNITION MONITOR. 2012 | [2] [7] GICHD. ASSISTING LANDMINE AND OTHER ERWSURVIVORS IN THE CONTEXT OF DISABILITY, DEVELOPMENT AND DISARMAMENT. 2011 | [3] EMAILS FROM FIROZ ALIZADA, OF THE BOARD OF DIRECTORS OF ALSO. 2013 | [4] EMAILS FROM UNMACC STAFF. 2013 | [5] EUROPEAN DISABILITY FORUM. POLICY PAPER DISABILITY AND DEVELOPMENT COOPERATION. 2002 | [6] IDDC. A GUIDANCE PAPER ON INCLUSIVE LOCAL DEVELOPMENT POLICY. 2009; AUSAID. DEVELOPMENT FOR ALL: TOWARDS A DISABILITY-INCLUSIVE AUSTRALIAN AID PROGRAM 2009-2014. 2008; JICA. THEMATIC GUIDELINES ON DISABILITY. 2009; NORWEGIAN AGENCY FOR DEVELOPMENT COOPERATION. REPORT ON MAINSTREAMING DISABILITY IN DEVELOPMENT COOPERATION. 2011; SIDA. HUMAN RIGHTS FOR PEOPLE WITH DISABILITIES: SIDA'S PLAN FOR WORK; WORLD BANK. DISABILITY AND INTERNATIONAL COOPERATION AND DEVELOPMENT: A REVIEW OF POLICIES AND PRACTICES.